
www.burmeseclassic.com
BURMESE CLASSIC
လမင်းမိုမို
မင်းမရှိရင်မြဲနေချင်
L လင်း
www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## မင်းမရှိရင် မနေချင်

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၃၀၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၈၅၀၆၀၉

၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ
ပထမအကြိမ်
တန်ဖိုး - ၁၀၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃
လမင်းမိုမို
မင်းမရှိရင်မနေချင်/လမင်းမိုမို-ရန်ကုန်။
စေတနာစာပေ၊ ၂၀၀၉။
၂၈၈- စာ၊ ၁၂×၁၈ စင်တီ။
(၁) မင်းမရှိရင်မနေချင်

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







## ၁

"လာပြီ ... အစ်ကိုရေ၊ လာပြီ ခုပဲ ထွက်ပါပြီ"

လေးလေးစိုးရဲ့ အသံကြီးကြောင့် ညှော်ခန်းမှာ လှုပ်တုတ်လှုပ်တုတ် ထွက်လာနေပြီဖြစ်တဲ့ "မိုးမေခ"ရဲ့မျက်နှာက လေးက ရှုပုပ်သွားပြန်ကာ ...

"အဲဒီ ဖေဖေကလည်း တစ်ချိန်လုံး လောနေတာပဲ၊ မမီမှာကျနေတာပဲ တစ်ခါတည်း၊ ရင်ရင် ... ငါ့ကို တစ်ရှူးပေးဦး၊ ရှူးရှူး ... လက်ကိုင်ပန်းရော ပန်း"

"အန်တီချစ် ဆီမှာ"

"ဒီမှာ ဒီမှာ မိမိုးရေ၊ ဘာမှမပူနဲ့ ရှေ့ကထွက်၊ ညည်းကားပေါ်ထိုင်ပြီးမှ ငါ လှမ်းပေးမယ်"

"မောင်ရော ... မောင်"

"ညည်းမောင် ကားဘေးရောက်နေပြီ"

www.burmeseclassic.com

"မှမောင် ဒီမှာ မိုး"

ဆေါ်တီကိုအောက်က သတို့သား သတို့သမီးစီးမည့် မင်္ဂလာကားနံဘေးမှာ သတို့သား "မာန်မင်း"က ရောက်နေပါပြီ။ မင်္ဂလာကားကို မောင်းပေးမည့် မိုးမေခရဲ့ဦးလေး လေးလေးစိုးက လည်း နောက်ခန်းတံခါးကို ဖွင့်လှစ်ပေးလျက် အသင့်။

"တီ ... တီ ... တီ"

"ဩော် ... ဖုန်းက လာပြန်ပြီ"

"အဲဒါ ဖေတို့ မေတို့ပဲ နေမှာ၊ တစ်ယောက်ပြီးတစ်ယောက် ဆက်နေတာပဲ"

"စိတ်ပူလို့ပေါ့ဟယ်၊ အချိန်က ကပ်နေပြီဟာ"

အန်တီချစ်က ဖုန်းကိုဖွင့်ပြီး ...

"ဟယ်လို"

"... ... ..."

"ဟုတ်တယ် မမရေ၊ လာပါပြီ၊ ခုပဲ ထွက်ပါပြီ"

"... ... ..."

"ဟုတ်ကဲ့ ... ခုမှ ထွက်မှာ ခုမှ"

"... ... ..."

"ဟုတ်တယ် မမ၊ ခုမှပြီးတာ၊ မိမိုးလေ ရှုံဒိုးနဲ့ နှုတ်ခမ်းနီ ကို အားလုံးပြီးမှ ပြန်ဖျက်ဦးဆိုပြီး အရောင်ပြောင်းနိုင်း





တာ၊ ရှင့်ဒွှာလို့တဲ့၊ အဖျော့ပြန်လုပ်ခိုင်းတော့ ဖျက်ရင်း ပြုရင်းနဲ့ နာရီဝက်လောက် ထပ်ကြာသွားတာ မမရေ့၊ ခုပဲ ထွက်တော့မှာ ကားပေါ်တက်ပြီ၊ ဒါပဲနော်"

မိုးမေခက မျက်နှာကိုပုပ်ကာ ...

"အဲလို လော်နေရင် သိပ်စိတ်ရှုပ်တာပဲ၊ နောက်ကျလည်း ဘာဖြစ်လဲ၊ ရောက်မလာမှာမှ မဟုတ်တာ၊ ဖေဖေတို့ မေမေတို့က ရောက်မလာမယ့်အတိုင်းကို လှမ်းခေါ်နေတော့ တာ"

"ဟဲ့ ... အဲလိုစကားမျိုး မပြောနဲ့ ... ဖွ ... ဖွ၊ ညည်း စကားက"

"မိုး"

မိုးမေခက ကားနံဘေးက မာန်မင်းကို လှမ်းကြည့် လိုက်ပါသည်။ မာန်မင်းသည် လှလွန်းအားကြီးသော သူ့ချစ်သူ သတို့သမီးလေးကို တမြတ်တနိုး ပြုံးကြည့်ရင်း ...

"မျက်နှာလေး ပြုံးလိုက်ဦး မိုး၊ ဒီလိုလေး"

"စိတ်က ရှုပ်နေတာ၊ ဖေတို့က ဘာမှန်းမသိဘူး"

"လူကြီးတွေဆိုတော့ ပူတာပေါ့ မိုးရဲ့၊ မောင့်အမေလည်း ဆက်တာ နှစ်ခါရှိပြီ၊ ဆက်ဆက်ပေါ့၊ မိုးစိတ်ကို ကြည် ကြည်လေး ရွှင်ရွှင်လေးထား"

www.burmeseclassic.com



"ဒီသတို့သားနဲ့ သတို့သမီး ရောက်မှ ဒီမင်္ဂလာပွဲကို စလို့ရမှာပဲဟာ၊ စိတ်ရှည်ရှည်စောင့်ပေါ့လို့၊ တစ်ချိန်တော့ ရောက်လာမှာပေါ့၊ ပွဲထုတ်နည်းနည်း နောက်ကျတော့ရော ဘယ်ညည့်သည်က ထပြန်မှာမို့လဲ"

"ဟိုရောက်ရင် ညည်းတို့ပဲ ကတိုက်ကရိုက် တန်းထွက်ရပြီး ကသီလင်တဖြစ်မှာ စိုးရိမ်ကြလို့ပေါ့ မိမိုးရယ်၊ ညည်းကို လျှာရှည်တာ၊ ဟိုတယ်မှာပဲ ထုံးစံအတိုင်း ပြင်လိုက်ပြီးရော၊ ဒီအက်ဖ်အမ်မ်အိုင်အိမ်မှာ ပြင်ချင်တယ်၊ အိမ်ကို ဗီဒီယိုရိုက်မယ်၊ ကားအထွက်ရိုက်မယ်နဲ့ ဖြစ်ချင်တာတွေက ရှုပ်နေတာ"

"အဲလိုရိုက်ချင်တာ ဘာဖြစ်လို့လဲ"

"အင်းပါ ... ကဲပါ ... ရိုက်ပါ၊ ဗီဒီယိုအဖွဲ့ရေ ရပြီလား"

"သတို့သမီး ပြုံးဖို့လိုပါတယ်"

မိုးမေခက ဗီဒီယိုကင်မရာဘက်လှည့်ကာ တမင်တကာ စူပုပ်ရှုံ့တွပြလိုက်ပါသည်။ ဗီဒီယိုအဖွဲ့ကတော့ မီးမပိတ်စတမ်း တောက်လျှောက်ရိုက်ယူနေခဲ့တာပင်။

"ကားထဲဝင်ထိုင်ပါ၊" သတို့သားရော တက်တော့ခင်ဗျ"

"မီးကြိုးတွေရှင်းဦး၊ ကားဘီးတက်ကြိတ်တော့မယ်"

"ကားထဲကနေ သတို့သား သတို့သမီး လက်ပြပါ"



အက်ဖ်အမ်အိုင် အိမ်ရာဝင်းထဲက မိုးမေခ မိဘများ လက်ဖွဲ့ထားတဲ့ တိုက်ရဲ့ရှေ့မှာ လူတွေရှုပ်ရှုပ် ကားတွေရှုပ်ရှုပ်။

"အန်တီချစ် ... လာ၊ ဒီနောက်ကားကိုတက်တော့၊ သမီးတို့နဲ့တူတူ"

"ငါက အဲဒီကားနဲ့ လိုက်ရမှာလား"

"ဟုတ်တယ်လေ၊ ဒီစူပါဆလွန်းမှာ သမီးရယ်၊ ဝါဝါရယ်၊ အန်တီချစ်ရယ်"

"အေး အေး၊ လူကုန်ပြီနော်"

သတို့သမီး သတို့သားစီးတဲ့ မာ့ခ်တူးငွေရောင်ကားကြီးကတစ်စီး၊ နောက်က အရုံနှစ်စုံတွဲ လိုက်ပါလာမယ့် **Hiace super custom** ရွှေရောင်ကတစ်စီး၊ နောက်က အန်တီချစ်နှင့် မိုးမေခသူငယ်ချင်းအရင်းနှစ်ယောက် စီးမည့် ဆူပါလွန်းကားက တစ်စီး၊ ကင်မရာအဖွဲ့အတွက် တောင်းအေ့စ်ဗစ်ကပ်က တစ်စီး။

"လမ်းကျရင် ကျွန်တော်တို့ကားက ကျော်တက်မယ်နော်၊ ရှေ့က ဘေးက ရိုက်ဦးမှာ"

ကင်မရာဆရာကို လေးလေးစိုးက ခေါင်းညိတ်ပြရင်း ...

"နည်းနည်းပါးပါးပဲ ရိုက်ပါတော့ကွာ၊ ဟိုမှာလည်းစောင့်နေကြပြီ၊ ကားမောင်းရတာလည်း နေးလိုက် မြန်လိုက်နဲ့ ခရီးဖင့်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ဘုရင့်နောင်လမ်းပေါ်က သွားနော်၊ ရွှေပုန်းညက်တို့ ဘာတို့ ရှေ့နားမှာ တစ်ချက်လောက်ပဲ ရိုက်တော့တာပေါ့၊ ပြီးရင် ထရိတ်ဒါးစ်သာ တန်းမောင်းတော့၊ ဟိုတယ်ဝင်ခါနီးရင်တော့ တစ်ချက်ရိုက်ဦးမယ်၊ ကျွန်တော်တို့ကားက ဟိုတယ်ကို ကြို့မောင်းနှင့်မယ်"

"ကောင်းပြီ၊ ကောင်းပြီ"

ဒီလိုနှင့် မင်္ဂလာသတို့သား သတို့သမီးရဲ့ ကားတန်းကြီးဟာ ဖြည်းဖြည်းချင်း အက်ဖ်အမ်မ်အိုင်ဝင်းထဲက ထွက်လာပါတော့သည်။

"မိုး"

"အင်"

"ပြုံးပြုံးလေး နေလေ"

"မပြုံးချင်ပါဘူး"

"ပြုံးပါ မိုးရဲ့၊ မျက်နှာကြီး ပုပ်မထားပါနဲ့"

"ဟိုတယ်နားရောက်တော့ ပြုံးမှာပေါ့ မောင်ရာ"

"အဲဒီကျမှ ကတိုက်ကရိုက် ကပ်ပြုံးရင် အပြုံးက တောင့်နေလိမ့်မယ်၊ အသက်ပါမှာ မဟုတ်ဘူး မိုးရဲ့"

မာန်မင်းက မိုးမေခရဲ့ လက်ဖျားလေးတစ်ဖက်ကို ဆုပ်ကာ ညှစ်ကာ သူ့ချစ်သူ ပြုံးလာအောင် ချော့နေပါသည်။

"လေးလေးစိုးနော်၊ မှန်ထဲကနေ ဘာကြည့်တာလဲ"





"ဟော ...၊ ငါ့ဘက်လှည့်ဂျီဦးမယ်၊ နောက်ကြည့်မှန်က ကြည့်မိတာပဲ တစ်ပြစ်"

"တစ်ပြစ်ပေါ့၊ မကြည့်နဲ့"

"ညည်း မကြည့်ပါဘူး၊ မာန်မင်းကို ကြည့်တာ"

"မောင်က ဘာဖြစ်နေလို့ ကြည့်တာလဲ"

"အဲ့ဒီ့ မာန်မင်း ရှေ့ကလုပ်သမျှက နောက်ကနေ ယောက်ျားထုသိက္ခာကျဖို့ ဖြစ်ဖြစ်နေလို့ပေါ့ ရှင်းပလား၊ မာန်မင်းရေ ... မိန်းမကို အလိုလိုက်တယ်ဆိုတာ ကြည့်ကျက်ပြီး ထိုက်သင့်သလောက် လိုက်ရတာယ်ကွ၊ ရှေ့မကြည့် နောက်မကြည့် စွတ်စွတ်အလိုလိုက်ရတာမျိုး မဟုတ်ဘူး၊ မင်းနဲ့တော့ မဟုတ်သေးပါဘူး"

"လေးလေးစိုးနော်"

"ရည်းစားမဖြစ်ခင်ကတည်းက သူ့မျက်နှာရိပ် မျက်နှာကဲပဲ ကြည့်နေရတာ၊ ရည်းစားလည်းဖြစ်ရော ပိုဆိုးရော၊ ဟော ... အခု မင်္ဂလာလည်းဆောင်မယ်ကြရော သူ့စိတ်သူ့သဘောချည်း ဖြစ်နေရော၊ မင်းတော့ကွာ မမိုက်ပါဘူး"

"လေးလေးစိုးနော်၊ အန်တီချစ်ကို ခုပဲ ဖုန်းဆက်တိုင်လိုက်ရမလား၊ ဟွန်း ... မိုးရဲ့ဦးလေး မဟုတ်ဘဲ မောင့်ဦးလေးသာဆိုရင် ဘယ်လောက်များ မြှောက်ထိုးပင့်ကော် လုပ်မယ် မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ဦးလေးဖြစ်ဖြစ် ငါက ဟုရားမျှတတဲ့ဘက်ကပဲ မိမိုးရဲ့ ... ဟဲ ဟဲ"

"လေးလေးစိုး ကွယ်ရာမှာသာ ဒါမျိုးပြောရဲတာပါနော်၊ အန်တီချစ် ရှေ့ဆိုရင် ချစ်ချစ်ရေ ... ချစ်ချစ်ရေနဲ့"

"ညည်းအဒေါ်နာမည် ချစ်ချစ်ကို ကျုပ်က ချစ်ချစ်ရေ မခေါ်လို့ ဘယ်လိုခေါ်ရမှာတုန်း၊ ညည်းအဒေါ်နဲ့ ငါနဲ့ တစ်သဘောတည်းရယ်၊ ဘယ်သူဖြစ်ဖြစ်ပါ၊ ညည်းတို့စုံတွဲကို ကြည့်လိုက်ရင် မာန်မင်းက တစ်ဖက်သတ်အလျှော့ တွေပေး အလိုလိုက် အချစ်ပိုတာ သိကိုသိသာနေတာ"

"အမယ် ... မိုးလည်း ချစ်ပါတယ်နော်၊ မိုးက စိတ်ထဲက ချစ်လို့ပြ၊ မိုးက အပြင်ကို မပြတတ်လို့ပါနော်၊ မိုးလည်း သူ့တစ်ယောက်တည်းကိုပဲ ချစ်ဖူးတာပဲဟာ၊ အချစ်ဦး ... အချစ်ဆုံး ... အားလုံး မောင်ပဲ"

"အမယ်လေးဟာ မှားပါတယ်၊ နင့်စကားတွေက ငါ့ အသည်းကို ကလိထိုးနေသလို အသည်းတွေ ယားလိုက်တာ၊ ဟိုကင်မရာအဖွဲ့ကားကလည်း ရှေ့က ကျော်မရိုက် သေးဘူးလား မသိဘူး၊ ငါက ထရိတ်ဒါးစ်ကို မြန်မြန်နင်း ချင်နေပြီ၊ နေးတုံ့ နေးတုံ့ လုပ်နေရတာ စိတ်မရှည်ပါဘူး ကွာ"



"ဖြည်းဖြည်းပဲမောင်းပါ လေးလေးစိုးရာ"

"အေးပါ မာန်မင်းရာ"

"လေးလေးစိုး ... ဟိုမှာ ရှေ့မှာ ကွန်တိန်နာကားကြီး အလယ်လိုင်းကျော်နေတယ် ဖြည်းဖြည်း"

✧ ❤ ✧

www.burmeseclassic.com

www.burmeseclassic.com



## ၂

"မိဇုံ"

"ရှင်"

"ဟိုမှာ အဆောင်ကျောင်းသားတွေ တစ်ဝိုင်းကျလာတယ်၊ သွားမေး ဘာစားမလဲ သွားမေး၊ မြန်မြန်သွား"

"ဒေါ်ဒေါ်နုကလည်း မိဇုံချည်းပဲ၊ ဟိုမယ် မိနှင်းတို့ အား နေတာကို၊ သူတို့က ထမင်းစားပြီးပြီ၊ မိရုံက မစားရသေး ဘူး၊ တစ်နာရီတောင်ကျော်ပြီ ဗိုက်ဆာလှပြီး ဒေါ်ဒေါ်နု ရဲ့"

"သွားပါအေ၊ ဟိုဝိုင်း အရင်မေးချည်ပါဦး၊ ညည်းက အပြောအဆို တတ်တယ်၊ ညည်း ခရီးဦးကြိုပြုရင်ကို ပိုမှ ကြတယ်၊ အဲဒါပြီးမှ ဝင်စား"

ဇုံက နှုတ်ခမ်းလှလှကလေးကိုတွန့်ကာ ...



"ဟွန့် ... လူခေါ်တော်တယ်ပေါ့လေ ဒေါ်ဒေါ်နု ဆိုချင် တာက"

ဆိုင်ရှင် ဒေါ်ဒေါ်နုက ရွှေလက်ကောက်ကြီးတွေ ဆင့်ဝတ်ထားတဲ့လက်နှင့် ယပ်တဖျပ်ဖျပ်ခတ်ရင်း ပြုံးစိစိနှင့် ...

"ဒါပေါ့အေ၊ ကိုယ့်အကြောင်း ကိုယ်အသိဆုံးနေမှာပေါ့၊ ညည်းကို လခပေးခေါ်ထားတာ အဓိက ဒါပဲအေ"

ဇုံက မချိုမချဉ်ကလေးနှင့် ခြေလှမ်းပြင်ကာ ...

"အဲဒါကြောင့် ဒေါ်ဒေါ်နုကို 'ဂျင်'က ပြောတာ"

"ဘာတဲ့လဲ ဒီကောင်က"

"ဒေါ်ဒေါ်နုက သူ့ဆိုင်က ထမင်းနဲ့ ဇုံနဲ့ တွဲရောင်းစား နေတာတဲ့"

"အောင်မာ ... ရာရာစစ သင်းကများ ငါ့ကို အဲလိုပြော သလား၊ နေပေ့စေဦး၊ တွေ့ဦးမယ်၊ ညည်းကကော ဒီကောင် ဒီလိုပြောတာ ခံစံရလားအေ့၊ ဒါ ညည်းကိုပါ ချိုးဖဲ့ပြီး ပြောတာပဲလေ"

ဇုံကဘာမှပြန်မပြောတော့ဘဲ အဆောင်နေတက္ကသိုလ် ကျောင်းသားငါးယောက် ဝင်ထိုင်တဲ့ဝိုင်းသစ်ကို ခပ်သွက်သွက် ခပ်မြူးမြူးကလေး အပြေးလာခဲ့သည်။ ဘယ်သူတွေ ဘယ်လို ပြောပြော လခသုံးသောင်းချင်းတူတူ မိနှင်းတို့ နွယ်အေးတို့

www.burmeseclassic.com



မခင်စန်းတို့လို ပန်းကန်မဆေး အိုးမတိုက်ရ လက်နှီးစုတ်လက် သုတ်ပဝါစုတ်တွေ ဝင်မလျှော်ရ ရှေ့ဘက်စားပွဲဝိုင်းတွေကြားမှာပဲ လူးလာခေါက်တုံ့ သွားလာနေရကာ မှာတာတွ တစ်ဆင့်ပြန်အော်ပေး၊ သယ်ပို့ပေး နှုတ်ဆက်ရယ်မောစကား ပြောဆိုရတဲ့ အလုပ်မျိုးပဲ လုပ်ရတာကို ကျေနပ်သည်။ -

"အစ်ကိုတို့ ဘာနဲ့စားမလဲ၊ ဘာမှာပေးရမလဲ၊ ဒီနေ့ ဒန့်ဒလွန်သီးနဲ့ ငါးခြောက်ဟင်းရည် အရမ်းကောင်းတယ်၊ ဆိတ်ကလီစာလည်း ဒီနေ့ရတယ်၊ ဟိုအစ်ကို့ကို ဟိုနေ့က တွေ့လိုက်ပါတယ်နော်"

"ဗျာ ... ဘယ်မှာလဲ"

"တိုးလမ်းမက ဆိုင်မှာလေ၊ ညီမတို့ဆိုင်ကို လာအားမပေးဘဲနဲ့ သူများဆိုင် သွားအားပေးနေတာ သိပါတယ်နော်၊ ဒါကြောင့် ခုတလော ပေါ်မလာတာ မဟုတ်လား၊ ဘာဖြစ်လို့လဲ ညီမတို့ဆိုင်ရဲ့လက်ရာကို ရိုးသွားပြီလား၊ စားမကောင်းတော့လို့လား"

"မဟုတ်ပါဘူးဗျာ၊ အမြဲစားကောင်းပါတယ်၊ အဲဒီနေ့က လည်း ဟိုခြားသူငယ်ချင်းက သူကျွေးမယ်ဆိုပြီး အဲဒီကို ခေါ်သွားလို့ပါ"

"ဒါဆိုရင် ပြီးရော၊ ကဲ ... မှာ၊ များများအားပေးနော်"





ဗုံရဲ့အပြောအဆိုတို့ကို ကောင်တာစားပွဲမှ ဆိုင်ရှင် ဒေါ်ဒေါ်နုက သဘောတကျ လှမ်းကြည့်နေပါသည်။ ဗုံက ဒါမျိုး တွေရသည်။ ဒါတွေကြောင့်လည်း ဗုံ့ကို သူ့ကြီးတော်ရဲ့အသုပ်ဆိုင်မှာ ကူလုပ်နေတဲ့ အခြေအနေကနေ အတင်းဆွဲခေါ်ထုတ်လာတာ။ နောက်ဘက် အလုပ်မခိုင်းဘဲ ရှေ့ထွက်မင်းသမီးလုပ်ထားတာပင်။

ဒီရပ်ကွက်ထဲမှာတော့ ဗုံဆိုတဲ့ မိဘမဲ့ ဒီမိန်းကလေးကို ဆတ်ကော့ လတ်ကော့ အနေအထိုင် ခပ်ရဲရဲ အိုက်တင်များများဆိုပြီး မနှစ်မြို့ကြ ကြည့်မရကြတဲ့သူတွေ အတော်များသည်။ ဒေါ်ဒေါ်နု အဖို့ကတော့ ဗုံ ဘယ်လိုမိန်းကလေးဖြစ်တာ အရေးကြီး။ သူ့ဆိုင် လူများများကျဖို့လိုသည်။

ဗုံရဲ့လူခေါ်ကောင်းမှုကြောင့် သူ့ဆိုင် လူဝင်လူထွက်များပြီး ရောင်းကောင်းနေတာကို ဘယ်သူမှ ငြင်းမရ။ လမ်းမမှာ သူ့ဟာသူ သွားနေတဲ့လူကိုပင် ...

"ဦးနိုင် ဘယ်လဲ၊ ဦးနိုင်တို့များနော်၊ ဒီဆိုင်မှာ လာစားဖော်မရတာ ဘယ်လောက်တောင်မှ ကြာသွားပြီလဲ၊ စိမ်းကားတယ်ပေါ့လေ"

ယောက်ျားသားတွေအပေါ်မှာချည်း အရောဝင်အဖွဲ့ကျတာတော့လည်း မဟုတ်ပါ။ အမျိုးသမီးတွေကိုကျတော့ ဗုံက တစ်မျိုးဆက်ဆံပေသည်။ သယ်စရာရှိ အပြေးအလွှား ကူသယ်



www.burmeseclassic.com

www.burmeseclassic.com



ပေး။ မောလာပုံရတဲ့လူကို ရေတိုက်၊ ဖင်ပေါ့ပေါ့နှင့် အပြေးအလွှား သွားဝယ်ခြမ်းပေး၊ နေမကောင်း သတင်းကြားရင် သတင်းသွားမေး စသဖြင့် ဂရုစိုက်တဲ့ အပြုအမူမျိုးနှင့်လည်း လူတစ်ဖက်သား ဘဝင်ကျအောင် ဆက်ဆံရေး ကောင်းပေသည်။

ငယ်ကတည်းက မိဘမဲ့ကာ ကြီးတော်အိမ်ကပ်နေလာရတော့ တစ်ဖက်သား မျက်နှာရိပ် မျက်နှာကဲကို အရွယ်နှင့်မလိုက် ကြည့်တတ် သိတတ်နေတာပင်။ သူ့ကြီးတော်နဲ့တော့ တည့်တဲ့အခါလည်းတည့်၊ ရန်ဖြစ်တဲ့အခါလည်းဖြစ်ကြ။ ဖုံ့အမေနှင့် ဖုံ့ကြီးတော် ညီအစ်မရင်းနှစ်ယောက် စပ်တူအမွေဆိုင်ပိုင်တဲ့ သစ်သားအိမ်လေးတစ်လုံးပေါ်ပဲ အတူတကွနေကြလေရာ ကြီးတော်ဖြစ်သူက ဖုံကို ကြည့်မရရင်တောင်မှ နှင်ချလို့မရ။ အိမ်ကို ဖုံလည်း တစ်ဝက်ပိုင်ဆိုင်နေတာဖြစ်သည်။

ကြီးတော်ရဲ့ယောက်ျားက တက္ကစီမောင်းသည်။ အံ့နာထံ စပေါ်ငွေ မတင်နိုင်တော့ စပေါ်တင်ယူမောင်းသူထံမှ တစ်ဆင့်ပြန်ယူကာ ညနေပိုင်းဇောင်းလေးပဲ မောင်းရတာဖြစ်သည်။ သားသမီးက လေးယောက်မို့ ကြီးတော်က ဈေးနားမှာ အသုပ်ဆိုင်ဖွင့် ရောင်းချပါသည်။ ဖုံက ကူဖော်လောင်ဖက်။

ကြီးတော်က ဖုံ့ကို မုန့်ဖိုးပဲဖိုးလည်း ဟုတ်ဟုတ်ငြားငြား မပေးနိုင်လေရာ ဖုံက ညတိုင်း ခြောက်နာရီမှ ကိုးနာရီ အခွေငှားဆိုင်တစ်ဆိုင်မှာ ဆိုင်ထိုင်ပေးရသည်။ တစ်လကိုတစ်





သောင်းရတာလေးနှင့် တိုလီမုတ္တာလီ အသုံးစရိတ် လုပ်ရပါသည်။ အဲလိုနေရာက ဒေါ်ဒေါ်နုက ဖုံကို သူ့ဆိုင်မှာ တစ်လသုံးသောင်းနှင့် ထမင်းစရိတ်ငြိမ်း ခေါ်ခိုင်းလိုက်ရာ ဖုံဟာ ကြီးတော်တို့အိုးထဲလည်း ဝင်စားဖို့မလိုတော့။ ညအိပ်ရုံပဲ အိမ်ပြန်ရသည်။

တနင်္ဂနွေတစ်ရက်ကို ဒေါ်ဒေါ်နုက အားလပ်ရက်ပေးပေမယ့် ထမင်းတော့ လာစားခွင့်ပြုပါသည်။ ဖုံ့ရဲ့ပီယဝါစာ ချစ်ဖွယ်သော စကားတို့ကြောင့် တစ်နေ့ တစ်နေ့ တစ်သောင်းဖိုးလောက် ပိုရောင်းကုန်စမြဲမို့ ဒေါ်ဒေါ်နုကလည်း ကြည်ဖြူပါသည်။ ရုပ်ကလေးသန့်သန့် အဆင်အယင်လေးက သပ်သပ်ရပ်ရပ်၊ လှပချစ်ဖွယ်သော မျက်နှာကလေးနှင့် ဖုံမို့ တခွဲ့တလျှလှမ်းဖိတ်ခေါ်လိုက်လျှင် ...

"အေပါဟာ၊ အားပေးပါ့မယ်၊ စားပါ့မယ်"နှင့်ဝင်စားဖြစ်သွားတဲ့သူတွေချည်းပင်။

အမိအုပ်ပြီး မကြီးပြင်းရတဲ့ ဖုံဟာ နေတာ ထိုင်တာလေး ကလက်တီးကလက်တက် ဖြစ်ချင်တာလည်း အပြစ်ဆိုမရနိုင်ပေ။ သို့ပေမယ့် ဖုံ ကလက်ပုံက အပေါစားမဆန်။ မျက်စိနောက်တဲ့သူ နောက်တယ်ဆိုပေမယ့် ငေးကြည့်ချင်စရာဖြစ်ရတာကို မနာလိုသူက များတာပင်။

အမနာပ,ပြောသူတိုင်းဟာ ဖုံ့ကို ယောက်ျားသားတို့အရေးပေး ဂရုစိုက်ကြပုံကို မနာလိုလို့ ပြောကြသူက များပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... မိဇုံတို့တော့ အုပ်ပြီ"

ဇုံက, နောက်ဖေးထဲ ပြေးဝင်ကာ ဇလုံတစ်လုံးထဲ ဆန်စင်းစင်းကော့ကော့လေးတွေ ခူးခပ်ထည့်၊ ဟင်းအိုးတွေလိုက်လှန်ကြည့်ပြီး များများကျန်တဲ့ ငါးဖယ်ငါးဆုပ်ဟင်းအနှစ်နှင့် ငါးဖယ်နှစ်တုံးခပ်ပုံကာ ဖင်ထိုင်ခုံပုပုလေးပေါ် ဒူးထောင်ထိုင်လျက် လက်နှင့် အားရပါးရ နယ်ဖတ်စားပါတော့သည်။

"ဟဲ့ ကောင်မလေး၊ နင့်ဆီက ဘယ်သူမှ လုမစားဘူး။ ရော့ ... အရည်နဲ့မျောဦး"

မခင်စန်းက ဘူးသီးချဉ်ရည်တစ်ပန်းကန် လှမ်းခပ်ချပေးပါသည်။

"ဟဲ့ ... နွယ်အေး၊ မိဇုံကို မရမ်းသီးသုပ်လေး မြည်းခိုင်းလိုက်ဦး"

ဒေါ်ဒေါ်နု လှမ်းအော်တာမို့ နွယ်အေးက မရမ်းသီးသုပ်ကို ပန်းကန်ပြားထဲ ထည့်ယူလာပေးကာ ...

"အစ်မဇုံတို့များ မျက်နှာကိုပွင့်တယ်၊ ဒေါ်ဒေါ်နုကလည်း အစ်မဇုံများဆို တယ်ပြီးကျွေးချင်"

"ဟဲ့ ... နွယ်အေးရဲ့၊ သူ ဘာတွေတော်လည်း နင် မမြင်ဘူးလား"

"မြင်သားပဲ အစ်မခင်စန်းကလည်း၊ ကျွန်မ အဲသလိုထွက်ခေါ်ရင်တော့ သင်းတို့တွေက ဝင်မလာပေါင်၊ အစ်မဇုံခေါ်ရင်တော့ 'ဟုတ်ကဲ့ဗျာ'ဆိုပြီး ရောက်လာ ဝင်လာကြတာ"

"ဟဲ့ ... ခေါ်နည်း ခေါ်ပုံ ကွဲပြားသေးတာပေါ့ နွယ်အေးရဲ့၊ ညည်းပုံလည်း ညည်းကြည့်ဦး၊ ရုပ်ကဆိုပြန်လို့၊ အားရင် ရေပြေးချိုးပြီး လှတပတ သနပ်ခါးလေး ဘာလေး လူးကျံမယ် စိတ်မကူးဘူး၊ လူရှင်းရင် ချောင်ကွယ်ပြီးငိုက်မယ်၊ လူက အပျိုလေးတန်မယ့် ဖြစ်တီးဖြစ်စုတ်"

ဇုံက ထမင်းပလုတ်ပလောင်းနှင့် မခင်စန်း စကားကို ရယ်မိပါသည်။

"ကျွန်မဖြင့် အဲဒီ မရမ်းသီးသုပ် စားချင်တာ၊ ဒေါ်ဒေါ်နု ကြောက်လို့ နိုက်မစားရဲဘူး"

"ကဲ ... ကဲ ... လာ ... နွယ်အေးရေ ငါ့ဆီက လာနိုက်စား၊ ကလေးကျနေတာပဲ၊ နင် နည်းနည်းပါးပါး ထည့်စားလည်း ဒေါ်ဒေါ်နုက ဘာမှပြောမှာ မဟုတ်ပါဘူးဟယ်"

"ဒါပေမဲ့ ကျွန်မတို့ကိုဆို မျက်နှာသာမှ မပေးတာ အစ်မဇုံကလည်း"

နွယ်အေးက မရမ်းသီးသုပ် လာခပ်စားရင်း ကလေးသဖွယ် ပြော်ရှာသည်။

"ဒါဖြင့် ညည်းလည်း လူဝင်အောင် ခေါ်ပေါ့၊ သပ်သပ်ရပ်ရပ်နေပေါ့"





www.burmeseclassic.com

www.burmeseclassic.com



"ခေါ်လည်း မလာဘူး၊ သပ်သပ်ရပ်ရပ်နေလည်း အစ်မ
လို မလှဘူး"

"ဒါဖြင့်လည်း ပြောတတ်တော့ဘူးအေ၊ တကတဲ"

"အစ်မနဲ့ကိုဖြင့် ယောကျ်ားတွေက ကြိုက်ကြတယ်နော်
စာအုပ်ဆိုင်က လူကြီးဆိုလည်း ကျွန်မကို အမြဲပြောခိုင်း
တာ၊ ကျွန်မကလည်း အစ်မနဲ့မှာ ရည်းစားရှိတယ်
ကိုဂျင်လေးလို့ ပိတ်ပြောပစ်တာပဲ၊ ဒါတောင်မှ ဒီလူကြီး
က နှင်တို့ ဂျင်လေးလောက်ကို နဲ့ကမယူပါဘူးဟာတဲ့"

နဲ့က ပြုံးစိစိ လုပ်နေလျှင် ...

"ဟုတ်လား အစ်မနဲ့၊ အဲဒါ တကယ်လား"

"ယူဖို့အထိတော့ မစဉ်းစားရသေးဘူးပေါ့ဟယ်"

"ကိုယ့်ရည်းစားပဲမှလား အစ်မနဲ့ကလည်း"

"ဒါပေမဲ့ သူလည်း လည်သလိုသာ လုပ်စားနေတာ၊ ဘာ
မှ မယ်မယ်ရရ အလုပ်ရှိတာလည်း မဟုတ်"

"ဒါဖြင့် ဘာလို့ ရည်းစားတော်ထားသေးလဲ"

"ချစ်တာကိုးဟဲ့၊ ငါ့မှာ တခြားချစ်စရာလူမှ မရှိတဲ့ဟာ
ဒီရည်းစားပဲ ချစ်ရတာပေါ့"

"ကိုဂျင်လေးက ချောတယ်နော်"

"အမယ် ... ဒီကောင်မလေး ငါ့ရည်းစားကို လိုက်ခိုးကြည့်
နေတယ်ပေါ့"





"ချောလို့ ကြည့်တာပါ၊ အစ်မကလည်း"

"ကြည့် ... ကြည့်၊ အဝကြည့်၊ ပဲ့ပါတာမှ မဟုတ်တာ၊
ငါက သဘောထားကြီးပါတယ် နှယ်အေးရယ်"

သူတို့ရဲ့ နောက်ဖေးစကားဝိုင်းကလေးဟာ ဒီလိုပဲ
စားတုန်း သောက်တုန်းလောက်သာ အလုအယက်ပင်။ လူကျတဲ့
အချိန် ဆေးကြောစရာ အိုးခွက်တွေ ပုံနေတဲ့အချိန် အလုပ်တွေ
ရှုပ်နေချိန်ဆို စကားစမြည် ပြောနေလို့မရ။

"မိနဲ့ရေ"

"ရှင်"

"ပြီးရင် ထွက်ခဲ့ဦးဟေ့၊ ဒီမှာ ဦးမြင့်ဆိုင်တို့ လာတယ်၊
သူက နှင့်ကို လက်ဖက်ထမင်း နယ်ခိုင်းမှာ"

ဒေါ်ဒေါ်နုက အတွင်းဘက်ကို လှည့်အော်ခေါ်နေပြီ။

"လာပြီ ဒေါ်ဒေါ်နု"

နဲ့က လက်ကို ကမန်းကတန်းဆေးကာ ပန်းကန်
တောင်မဆေးနိုင်အား၊ လက်ရေစိုကို ထဘီမှာ ဘိုးဘတ်နှင့်ပွတ်
သပ်သုတ်ပြီး လုံချည်ပြင်ဝတ် အင်္ကျီဆွဲချကာ အပြေးထွက်သွားရ
ပြန်ပါသည်။

"လက်ဖက်ထမင်းလား ဦးလေးဦးမြင့်ဆိုင်"

"အေး ...၊ နှင် နယ်ပေး"

"ဟုတ် ... ဦးလေးထွန်းရော"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ထမင်းစားပြီးပြီ"

"ထမင်းစားပြီးလည်း ခရမ်းချဉ်သီးသုပ်နဲ့ ရေနွေးကြမ်း လေးမြည်း"

"အေး ... အေး ... လုပ် လုပ်"

"မြင်းခွာရွက်သုပ်လေးပါ စားမလား၊ ဆေးမြင်းခွာသေး သေးလေးတွေက ရခဲတယ် ဦးလေးထွန်း၊ စားကြည့်လိုက် နော်၊ မိဖုံ အဆိမ့်လေး သုပ်ပေးမယ်"

"အေး ... ကောင်းသားပဲ၊ ယူခဲ့"

"ဦးလေးဦးမြင့်ဆိုင်က လက်ဖက်ထမင်းကို ငါးကျည်း ခြောက်ထောင်းကြော်လေးနဲ့ စားကြည့်ပါလား၊ အရမ်း လိုက်တာ"

"အေး ... အေး ... ကောင်းသလိုသာ လုပ်ခဲ့"

ရုံနောက်ဘက်ထဲ ပြေးဝင်လာလျှင် ...

"လူကြီးတွေကလည်း အစ်မခုံကမျှားကျွေးရင် ရွံ့ခြောက် တောင် ကောက်စားကြမယ် ထင်ဝါရဲ့"

"အဟိ ... အဟိ၊ ကဲပါ နွယ်အေးရယ် မြင်းခွာရွက်လေး နယ်လိုက်၊ မခင်စန်းက ခရမ်းချဉ်သီးသုပ် သုပ်လိမ့်မယ်"

"အစ်မကော"

"ငါက လက်ဖက်ထမင်း နယ်ရမှာ"





"ငါပဲ တစ်လက်စတည်း နယ်ပေးပါ့မယ် မိခုံရယ်၊ ရှေ့ ကျတော့ နင်ကိုယ်တိုင် နယ်လာတာလို့ ပြောရုံပေါ့"

"ဟိုတစ်နေ့ကလည်းလေ ဦးမြင့်ဆိုင်ကြီးက အစ်မခုံကို ညည်းကိုယ်တိုင်နယ်ခဲ့ လုပ်နေတာ ကိုဂျင်လေး ကြားသွား လို့ အစ်မခုံကို ရစ်နေသေးတယ် မဟုတ်လား၊ နောက် ဒီလူကြီးကို ဘယ်တော့မှ ကိုယ်တိုင်နယ်မပေးနဲ့တဲ့ နှာဘူး ကြီးတဲ့"

"သူ လျှောက်ပြောနေတာပါဟယ်၊ ဦးလေးဦးမြင့်ဆိုင်က လူရိုးကြီးပါဟာ၊ ငါ့ကို နယ်ခိုင်းတာက ငါ့ရုပ်ကြည့်ပြီး သူက ငါ့လက်က သန့်မှာပဲဆိုပြီး နယ်ခိုင်းတာဟော၊ အဲဒါပဲ။ သူကတော့ ပြောမှာပေါ့၊ သူ့ကို ဒီဦးမြင့်ဆိုင် ကြီးက ဘာမှမှ မပေးမကမ်းဖူးတာ ...

ဟိုလမ်းထိပ်က ကားဝယ်ရောင်း လူကြီးကျတော့ သူ့ကိုခေါ်ပြီး ဟိုစပ် ဒီဟပ်ခိုင်းလိုက်၊ မုန့်ဖိုးပဲဖိုးပေးထား လိုက် လုပ်တဲ့လူကျတော့ သူကိုယ်တိုင်ကိုက ငါ့ကို ကိုယ် တိုင်လုပ်ပေးခိုင်းတာ၊ ငါးရံ့ခြောက်ဖုတ်ကို သံပရာရည် ညှစ်သုတ်ပေးပါဦးတို့၊ ကန်ဇွန်းရွက်နဲ့ ပြည်ကြီးငါးသုပ် ပေးပါဦးတို့ ဘာတို့ ရှုပ်နေတာပဲ၊ အဲဒီလူကြီးက ဟော ... မိခုံ ကိုယ်တိုင်လုပ်ပေးစေနော်ဆိုရင် ဟုတ်ကဲ့ ... ဟုတ်ကဲ့နဲ့ ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နင့်ဂျင်လေးက သူ့သားပိုက်ဆံပေးထားရင် နင့်ကို သဝန်မတိုဘူးပေါ့"

"ဟုတ်ပါ့"

"ဒါများ ... နင်က ဘာဖြစ်လို့ စွဲမက်နေသေးတုန်း"

"မသိပါဘူး အစ်မခင်စန်းရယ်၊ ဖုံ့မှာလည်း ဒီတစ်ယောက် ရှိတာကိုး"

"အမယ်လေးဟယ်၊ နင်ကသာကြိုက် နင့်ကို လိုချင်တဲ့သူ တွေပြည့်လို့၊ ပိုက်ဆံရှိတဲ့လူတွေလည်း ပါပါ့၊ ဟိုဘက်က ပလတ်စတစ်စက်ရဲ့သားတို့၊ လမ်းထိပ်က ကုန်မာဆိုင်ဆို ရင်လည်း အမြင်နုပ်ပေမယ့် ပိုက်ဆံတအားရှိတာတဲ့၊ သူ့သား တစ်ယောက်လည်း ညည်းကို ချိန်နေတာပဲ"

"ရုပ်တွေကိုလည်း ကြည့်ဦးလေ၊ ရုပ်ကလည်း ဖိလင်လာ ဖို့ လိုသေးတယ် အစ်မရဲ့"

"ဒီရုပ် ပြုတ်စားလို့ ရလို့လား၊ ပိုက်ဆံရှိဖို့ လိုတာ"

"နောက်ပြီး ... သူတို့အမေတွေက ဖုံ့ကိုဆို မတူမတန် သလိုလိုနဲ့၊ အဆင့်အတန်း မတူဘူးပေါ့လေ၊ ဖုံက မိဘမဲ့ အောက်တန်းစားပေါ့လေ၊ အဲသလို မတူမတန် ခွဲခြမ်း ခွဲခြားလုပ်တဲ့ မအေတွေရဲ့သားတွေတော့ လုံးဝမစဉ်းစား ဘူး"





"ဒါကတော့ဟယ်၊ သူတို့မှာ ပိုက်ဆံရှိလို့ မောက်မာတာ ပေါ့၊ နင့်လင်လေး မအေဏ နင့်ကို ဘာမှမပြောတာ နင့် ချစ်လို့ လို့လားလို့မထင်နဲ့၊ သူ့မှာ ဘာဝမှမရှိလို့ ဘာမှမပြော တာ၊ သူလည်း ငွေရှိရင် နင်နဲ့သဘောတူမလား၊ ခုတော့ သူ့သား လူလည်လူရှုပ် နာမည်ရင်းတောင်ပျောက်ပြီး 'ဂျင်'လို့ နာမည်တွင်နေတဲ့ကောင်၊ ဘယ်သူကမှ စာရင်း မထည့်တဲ့ကောင်ကို နင်က ကြိုက်နေတော့ သူက ဘာပြော မလဲ၊ ကြည့်နေတာပေါ့"

"မခင်စန်းကတော့ အားမနာလျှာမကျိုးတော်၊ ကြီးတော် ကျနေတာပဲ၊ ကြီးတော်နဲ့ တစ်လေတည်း"

"ညည်းကြီးတော် မှန်တာပေါ့၊ ငါလည်း ညည်းကို ဒီဂျင် ကောင်နဲ့ သဘောမတူပေါင်အေ"

"ဖုံကကော ဘာမို့လဲ အစ်မခင်စန်းရယ်"

"ညည်းက ဘာပဲဖြစ်ဖြစ် ဆယ်တန်းမအောင်ပေမယ့် ဆယ်တန်းတော့ ရောက်သေးတယ်လေ၊ တို့ပတ်ဝန်းကျင် ထဲ ဆယ်တန်းရောက်တာ နည်းသလားအေ့၊ ညည်းရဲ့ဂျင် ကတော့ ရှစ်တန်းလားပဲရှိတာ မဟုတ်လား"

ဖုံက ဘာပြောရမှန်း မသိရင် ပြုံးစိစိသာ လုပ်နေ လိုက်လေ့ရှိပါသည်။ ရှေ့ကဝိုင်းကို ချစရာရှိတာ သွားချပေးပြီး နောက်ထဲပြန်ဝင်လာပါသည်။ ဒီထမင်းဆိုင်မှာ အလုပ်လုပ်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ခံပျော်သည်။ အားလုံးက တစ်ယောက်ကို တစ်ယောက် အရင်း အချာစိတ်မျိုး ရှိကြသည်။ ဒေါ်ဒေါ်နုရဲ့သမီး မသူဇာကို ဆက်ဆံရ ခက်တာကလွဲရင် အားလုံး အဆင်ပြေပါသည်။

ခုံကလွဲလို့ ဆိုင်ကကျန်တဲ့ လူအားလုံးဟာ ဒေါ်ဒေါ်နု ထံမှာပဲ အိပ်ကြတာမို့ ခုံက ခုနစ်နာရီလောက်ဆို ပြန်ပြီ။ ဒီမှာ ကျန်တဲ့သူတွေပဲ နောက်ဆုံးသိမ်းဆည်းလှည်းကျင်း အလုပ်ကို လုပ်ကြသည်။

ခုံ့အနေအထား ခုံ့ပညာအရည်အချင်းနဲ့ ဒီထက် သာတဲ့အလုပ်မျိုးရဖို့လည်း တယ်မလွယ်ပါ။ စားစရိတ်လွတ် လခသုံးသောင်း အသားတင်ရတာ ခုခေတ်မှာ မဆိုးဘူးပေါ့။

ခုံ တစ်ယောက်တည်း ဆိုရင်ဖြင့် ငွေပိုငွေလျှံစုဖြစ် ပါသည်။ တစ်ခါတစ်ရံ ဂျင် အလုပ်အကိုင် အဆင်မပြေတဲ့အခါ သုံးသုံးဖို့ ချေးပါဦးဆိုရင် ချေးလိုက်ရပြန်တာ။ ပြန်ဆပ်တဲ့အခါ လည်းဆပ်၊ မဆပ်တဲ့အခါလည်းမဆပ်။ သူ အလုပ်အကိုင်ကောင်း ပြီး ပွပေါက်တိုးတဲ့အခါမျိုးလည်း ခုံ့ကို အင်္ကျီလေး အိတ်လေး ဖိနပ်လေးအစ ဝယ်ပေးတတ်ပါရဲ့။

ခုံက ဂျင့်ကို ဒီထက်ဝင်ငွေမှန်မှန် ရှာဖွေရရအလုပ် မျိုး အမြဲတမ်း ပုံမှန်ရှိစေချင်သည်။ ပွဲစားယောင်ယောင် ဟိုယောင် ယောင် ဒီယောင်ယောင် မဖြစ်စေလိုပေ။ ဂျင်ဟာ သူ့အခြေအနေ နဲ့မလိုက်အောင် ရုပ်ကလေး ချောသန့်သော်လည်း တစ်ခါတစ်ရံ





ဆော့ ခုံပင် စိတ်ပျက်ရလောက်အောင် အဆင့်အတန်း သိပ်မရှိ။ လူလည်လူရှုပ် ကြမ်းပိုးဆန်ချင်သည်။

အင်း ... ဒါပေမဲ့လည်း ဒါကပဲ ကိုယ့်ချစ်သူဖြစ်နေ ပြီပဲလေ။ ကြီးတော်အရင်း မိသားစုနဲ့အတူ နေပေမယ့် တကယ့် မိသားစုရင်းချာဆိုတာ မရှိတဲ့ ခုံဟာ တွယ်မိတွယ်ရာ သံယောဇဉ် တွယ်ပုံမျိုးနှင့် ဂျင့်ကိုတွဲနေမိတာ။

ထိုနေ့ညဘက် ခုံ အလုပ်ဆင်း အိမ်ပြန်ချိန်နီးလျှင် ...

"အစ်မခုံရဲ့အချစ် လာကြိုနေတယ်"

"အပိုတွေ လာပြောမနေနဲ့ မိနှင်းရေ၊ ဂျင်မှ မရှိတာ၊ ခရီး သွားတယ်"

"ဩော် ... အကောင်းပြောတာ မယုံလည်းနေပေါ့"

"မယုံဘူး၊ စနေ တနင်္ဂနွေမှ ပြန်ရောက်မှာ"

"မယုံနေပေါ့၊ ဦးကုလားရဲ့ကွမ်းယာဆိုင်ဘေးမှာ ထိုင်နေ တယ်"

ခုံက မယုံပေမယ့် ဆိုင်ကအထွက်မှာတော့ ဦးကုလား ရဲ့ကွမ်းယာဆိုင်ကို တစ်ချက်လှမ်းကြည့်မိပါသေးသည်။ အဲ ... အဟုတ်ပဲ။ ဂျင်ပါလား။ ခုံ့မျက်နှာကလေးက ပြုံးစိစိ ဖြစ်သွား တာ ...

"ဒေါ်ဒေါ်နု သွားပြီနော်"

"အေး"



www.burmeseclassic.com

www.burmeseclassic.com



ဇုံက ကွမ်းယာဆိုင်ဆီ အပြေးလှမ်းလာရင်း ...

"ဂျင် ... နင် ဘယ်လိုလုပ် ရောက်လာတာလဲ၊ မိနှင်း ပြောတော့ ငါက မဟုတ်ဘူးမှတ်လို့၊ နောက်တယ်ထင်နေ တာ""

"နေ့လယ်က ရောက်နေတာ"

"နေ့လယ်ကရောက်တာများ ထမင်းလေး ဘာလေး လာ မစားဘူး"

ဇုံက တီရှပ်အသစ် ဂျင်းဘောင်းဘီအသစ်နှင့် ဂျင့်ကို စေ့စေ့စပ်စပ်ကြည့်သည်။ ဂျင့်မှာ အင်္ကျီဘယ်နှထည် ဘောင်းဘီ ဘယ်နှထည်ရှိသလဲ၊ ဘယ်လိုအဆင်အကွက် အရောင်အသွေးလဲ ဇုံ အားလုံးမှတ်မိတာပဲဟာ။

"ခုတောင်မှ မနည်းပြော လစ်လာရတာ၊ ဒီအချိန်ထိကို အနားခေါ်ထားပြီး ခိုင်းချင်တုန်း"

"ဂျင် ထောနေတယ်ပေါ့လေ"

"နင့်ဖို့ လက်ပတ်နာရီလေးတစ်လုံး ဝယ်လာတယ်၊ လှလို့ သုံးလေးထောင်တန် အစုတ်မဟုတ်ဘူးနော်။ တစ်သောင်း ခွဲတောင် ပေးရတယ်"

"အမယ် ! ..."

"လာ ... ဇုံ၊ အအေးဆိုင် သွားရအောင်"

ဇုံက ဂျင် လက်ဆွဲခေါ်ရာနောက် ပါလာပါသည်။





တစ်ယောက်ယောက်က ကိစ္စဝိစ္စတစ်ခုခု ခေါ်နိုင်း ထားလျှင် အဲဒီလူရဲ့တပည့်တပန်း ဖြစ်နေကာ နောက်တစ်ယောက် က ခေါ်ခိုင်းနေပြန်လည်း နောက်တစ်ယောက်ရဲ့တပည့် ဖြစ်နေ တတ်တဲ့ ဂျင့်မှာ ပုံမှန်အမြဲတမ်း ဆရာသမားရယ်လို့မရှိ။ အလုပ် ရှိ ရှိသလို ပိုက်ဆံရ ရသလို ကြည့်ကျက်လှုပ်ရှားနေထိုင်သူဖြစ် သည်။

ခုနောက်ဆုံးတော့ ဂျင့်ရဲ့ဘော့စ် ဖြစ်နေသူဟာ "မဝင့်"ဆိုတဲ့ အမျိုးသမီးပင်။ မဝင့်ဟာ စက်လှေတွေနှင့် ဝင် လာတတ်တဲ့ ဘောထုပ်အထည် အဝတ်အမျိုးမျိုး။ ကီလိုစခေါ်တဲ့ ပိတ်စလက်ကျန်ဖြတ်တွေ စသဖြင့် ရောင်းလို့ ဝယ်လို့ ကောင်း နိုးရာရာတွေကို ကိုယ်ပိုင်ကင်တာကား၊ ပစ္စည်းထားဖို့ ဂိုဒေါင် ပိုင်တို့နှင့် ကျယ်ကျယ်ပြန့်ပြန့် ရောင်းဝယ်ကုန်သွယ်နေတဲ့ မိန်းမ ဝင်။

ရပ်ကွက်ထဲမှာတောင် သူက အလုပ်ရှုပ်ခံပြီး လက်လီ ရောင်းချင်လှ။ အထုပ်ခင်းရောင်းသမားတွေကို အထုပ်လိုက်သာ ရောင်းတာမျိုး။ အညာဘက် တောနယ်တွေဘက်လည်း ထိုဘော ထုပ်မျိုးစုံကို အရောက်ဖြန့်သည်။ သူ့ဘောထုပ်တွေက အမျိုးမျိုး၊ တစ်ခါတစ်ရံ Jean အထည်တွေ၊ တစ်ခါတစ်ရံ အနွေးထည် အကင်တွေ၊ တစ်ခါတစ်ရံလည်း ဈေးပေါလည်သာတဲ့အိတ်တွေ ဖြစ်နေတတ်ကာ အမျိုးစုံပင်။



www.burmeseclassic.com

www.burmeseclassic.com



မဝင့်က ယောကျ်ားဆုံးတာ ဆယ်နှစ်ကျော်ပြီဖြစ်တဲ့ အသက်လေးဆယ်နားနီး အမျိုးသမီးပင်။ သူက သွားလာကုန် ကူးနေရာ သူ့သားလေးဟာ အိမ်မှာအဘွားနှင့်နေရသည်။ စီးပွား ရေးတောင့်တင်းခိုင်မာသော ခပ်လှလှ အမျိုးသမီးတစ်ယောက် ပင်။

သူ ဦးဆောင်နေတဲ့ လုပ်ငန်းထဲမှာ တပည့်တပန်း တို့က ယောကျ်ားသားတွေချည်း လိုလိုပင်။ ဂျင်က သူ့ကိုကား ရှာပေးရာမှ မျက်စိကျပြီး အလုပ်ထဲပါကူဖို့ ခေါ်ခိုင်းထားပြီး ငွေ ကြေးကိုတော့ အဆင်ပြေသလို ပေးနေတာ။ လခအတိအကျ မဟုတ်။ သူ နယ်ထွက်လည်း ခုဆို ခေါ်ခေါ်သွားသည်။ သူ့အိမ် ကကားကို ခေါ်မောင်းစေပြီး သူနှင့် အလုပ်ကိစ္စ လျှောက်မောင်း ပို့ရတာလည်းရှိသည်။ နောက်ပိုင်း ငွေအသွင်းအထုတ် အပေးအယူ တွေပါ တာဝန်ပေးလာပြီး သူ့ထံကနေ တခြားအလုပ်တစ်ခုထဲ ရှာဖွေ ထွက်သွားတာမျိုး မဖြစ်နိုင်လောက်အောင် နေရာပေး လူယုံလုပ်လာပါသည်။

ခပ်လှလှ ထိုအမျိုးသမီးရဲ့ ဂျင့်ကို ကြည့်ရှုပုံ ပြုံး ဆက်ဆံပုံတွေကြည့်ပြီး ဇုံကတောင် ...

"အဲဒီ မဝင့် ကြည့်ရတာ ရှင့်များကျနေသလားပဲ ဂျင်"

"ဇုံကလည်းကွာ"





"ဟုတ်တယ်လေ၊ ပေးလိုက် ကမ်းလိုက်တာတွေလည်း မနည်း၊ တွေ့တာ သိပ်မကြာသေးဘဲ ရှင့်ကို လူရင်းလူယုံ လုပ်နေတာ၊ ဂျင့်ကို ကြိုက်နေတာ ထင်ရတယ်။ ပြီးတော့ သူ့ပုံစံက အရမ်းကန္ဒြေရှိရှိ ထိန်းထိန်းသိမ်းသိမ်းလည်း မဟုတ်ဘူး"

အဲဒီတုန်းကတော့ ဇုံကလည်း ခပ်ပေါ့ပေါ့ပင် ပြောခဲ့တာပင်။ ဂျင်ကလည်း သိပ်လည်းမငြင်းဆန် ထောက်လည်း မထောက်ခံ။

"ဇုံ"

"အင်း ... ပြော"

"မဝင့်က ဟုတ်တယ်ကွ၊ တစ်မျိုးပဲ သိလား"

"ဟင်"

အရင်းမရှိ အဖျားမရှိ စကားကို အံ့အားသင့်သွား ပြီးမှ ထုံးစံအတိုင်း ဇုံက ပြုံးစိစိသာ ဖြစ်လာသည်။

"မရယ်နဲ့ တကယ်ပြောနေတာ"

"သူက ဖွင့်ပြောလို့လား"

"ဩော် ... ဖွင့်တော့ ပြောမလားကွ၊ ဒါပေမဲ့ ပုံစံကသိ သာလာတာပေါ့၊ သိသိသာသာ အခွင့်အရေး ပိုပေးတော့ ကျန်တဲ့ကောင်တွေတောင် စကားနာထိုးတယ်၊ ဝယ်ခြမ်း ပေးတာတွေအပြင် ပိုက်ဆံချည်းပေးတာပဲ မနည်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့၊ ရတာပေါ့"

"ထင်ပါတယ် ဖုံကတော့ ဒီလိုပဲ ပြောမယ်ဆိုတာ၊ သဝ
တွေ ဘာတွေ တိုနေမှာ မဟုတ်ဘူး၊ ဘယ်လောက်ရခဲ့
ပဲ မေးမှာဆိုတာ"

"အောင်မာ ... တိုနေတော့ရော ဘာအကျိုးရှိလို့လဲ၊ လ
တွေ့ကျမှပေါ့၊ ဂျင် သူ့ကိုမကြိုက်ရင် ပြီးတာပဲ"

"ရော့"

ဂျင်က နာရီဘူးကလေး ဖုံကို ထုတ်ပေးလိုက်
သည်။ ဖုံက ဖွင့်ကြည့်ပြီး ...

"ဟယ် ... လှလိုက်တာ၊ ကြည့်လိုက်တာနဲ့ အကောင်း
လေးလို့ ထင်ရတယ်"

"ကော့သောင်းက ဝယ်လာတာ"

"ဂျင်ပတ်ထားတဲ့ နာရီရောလား"

"ဒီဟာက မဝင့် ဝယ်ပေးတာ"

ဖုံက ပခုံးကလေးကို တွန့်လိုက်မိရင်း ...

"နောက်ဆုံး ရုန်းထွက်လို့မရတော့ဘူးဆိုပြီး မဖြ
ပြီးတာပါပဲ ဂျင်ရာ"

"ဒါပေမဲ့ အခုကြည့်ရတာ ငါ့ကို သူသွားလေရာ ခေါ
မှာဟ၊ ခရီးထွက်ရမှာက များနေလိမ့်မယ်"





"ဘယ်တတ်နိုင်မလဲ ဂျင်ရယ်"

"နင်နဲ့ ခဏ ခဏ တွေ့ရမှာ မဟုတ်ဘူး ဖုံရ၊ အကြာ
ကြီးနေမှ တစ်ခါတွေ့ရလိမ့်မယ်၊ အဲဒါကြီးကိုတော့ ညစ်
တယ်ကွာ"

"ဂျင် ပိုက်ဆံတော့စုနော်၊ သူပေးသမျှ သုံးမပစ်နဲ့၊ သူဝယ်
ပေးတာယူ၊ သူကျွေးတာစားပြီး ဂျင်ရတဲ့ပိုက်ဆံအသားတင်
စု၊ သူက ဂျင့်ကိုကျဲပြီး ပိုက်ဆံများများပေးတော့ ပိုတောင်
ကောင်းသေး၊ ပိုစုနိုင်တာပေါ့၊ သူ့ဆီကယူ ငါ့ဆီပေး ...
ဟား ဟား"

"ဟာကွာ၊ နင်က ပိုက်ဆံအကြောင်းပဲ တွေးနေတာကိုး
ဖုံရ၊ ငါနဲ့ မကြာမကြာ မတွေ့ရနိုင်တော့ဘူး ဆိုတာကို
တော့ ဘာမှမခံစားရဘူးပေါ့၊ ဟုတ်လား"

"ဒါက ကိုယ်မှမတတ်နိုင်ဘဲ ဂျင်ရယ်၊ ပိုက်ဆံကိုပဲတွေး
နေမိတာကတော့ ဖုံ တင့်တောင်းတင့်တယ်လေး နေချင်
လို့ပါ ဂျင်ရယ်၊ သူဌေးဖြစ်ချင်လို့ပါ၊ ဂျင် ပိုက်ဆံခပ်များ
များ စုလို့ရရင် ထမင်းဆိုင် ကိုယ်ပိုင်ဖွင့်မယ် သိလား၊ ဖုံ
စပါယ်ရှယ်ချက်တတ်နေပြီ၊ ထမင်းဆိုင်က အရမ်းအောင်
မြင်လာရင် ဒီထက်သားနားတဲ့ စားသောက်ဆိုင်ကြီး ထပ်
ဖွင့်ဦးမှာ"

www.burmeseclassic.com



"ကောင်းပါတယ်ဗျာ၊ ကောင်းပါတယ်၊ ငါ ခရီးသွားနေ
ရင် နင် ကောင်းကောင်းနေနော် ဖုံ၊ နင့်ကိုဆို ဟိုလူက
ထိကပါး ဒီလူက ရိုကပါးနဲ့"

"ပဲ့ပါတာလိုက်လို့၊ ငါ စိတ်မဝင်စားရင် ပြီးတာပဲ၊ နင်
သာ မဝင့် ကြောကွင်းကြီးထဲ မနင်းမိပါစေနဲ့တော်"

နှစ်ယောက်သား ခေါင်းချင်းဆိုင်ကာ ရယ်မိကြ
သည်။

✧ ❤ ✧





၃

"စားလား"

"ဟင့်အင်း"

လှမ်းမေးလိုက်တဲ့ ဦးကျော်မင်းက သက်ပြင်းကြီး
ချက် သိသိသာသာ ချလိုက်ရင်း အနီးကဆိုဖာတစ်ခုမှာ ခြေ
လက်ပစ် ထိုင်ချလိုက်ပါသည်။ ငိုရလွန်း စိုးရိမ်ပူပန်ရလွန်း
တိုယ့်ရုပ်ကိုယ် မပြင်မသနိုင်တဲ့ ဇနီးသည် ဒေါ်သက်သက်ဆွေ
ကရုဏာနှင့် တစ်ချက်ငဲ့ကြည့်ကာ ဘာစကားမှ ပြောချင်စိတ်
မရှိ နှုတ်ဆိတ်နေမိပါသည်။

အပေါ်ထပ်လှေကားထိပ်သို့ ဖြည်းဖြည်းတက်လာ
သော ဒေါ်ပုက ...

"မမ ခုနက ဆရာ့ဆီ ဦးတင်ထွန်းဆီက ဖုန်းလာပါတယ်၊
သားသားအခန်းမှာ ဆရာဝန်လည်း ရောက်နေလို့ နောက်
မှပြန်ဆက်ပါမယ်လို့ ပြောလိုက်ပါတယ်"

www.burmeseclassic.com



"အေး ... အေး"

လင်ရော မယားပါ ဟန်းဒ်ဖုန်းတွေ ကိုယ်စီပိတ်ထားကြပါသည်။ သတင်းမေးစကားတွေ ဖြေရ ကြားရတာ လန့်ချီလာပြီဆိုတော့ ဝန်လေးပင်ပန်းပြီ။

"အိမ်ကိစ္စ ဖြစ်လိမ့်မယ်၊ ကိုယ်ပြန်ဆက်လိုက်မယ်"

"ဘာအိမ်ကိစ္စလဲ ကို"

"အက်ဖ်အမ်မ်အိုင်က အိမ်လေ၊ အဲဒီအိမ်ကို ဖြစ်နိုင်ရင် ကိုယ် ပိုက်ဆံအမ်းပြီး ယူလိုက်ချင်တယ်လို့ ကမ်းလှမ်း ထားတာ၊ မဖြူနဲ့ပဲတွေ့လို့ မဖြူကိုပဲ ပြောထားရတယ် အဲဒီကိစ္စ ပြန်ဆက်တာ ဖြစ်လိမ့်မယ်"

အက်ဖ်အမ်အိုင် အိမ်ရာဝင်းထဲက ခြံနှင့်တိုက်က လေးဟာ မာန်မင်း၊ မိုးမေခ နှစ်ယောက်တွဲနာမည်နှင့် မိုးမေ မိဘများဖြစ်တဲ့ ဦးတင်ထွင်၊ ဒေါ်မေဖြူတို့က လက်ဖွဲ့ဝယ်ပေ ထားတာဖြစ်သည်။

"သူတို့က ရောင်းပါ့မလား"

"သူတို့အဖို့လည်း ဒီအိမ်ကို ပြန်တောင်သွားကြည့်ချင်မယ် မထင်ပါဘူးကွာ"

"ဒါပေမဲ့ သူတို့က လက်ဖွဲ့ထားတာလေ၊ ဒါကိုပြန်ရောင် ဖို့က"





"လက်ဖွဲ့တယ်ဆိုတာက ကိုယ်ထို့ သားရယ်၊ သူတို့သမီးရယ် လက်ထပ်ကြလို့ လက်ဖွဲ့တာ၊ အခုက မိမိုးလေးမှ ရှိမှမရှိတော့ပဲကွာ၊ သားကလည်း ဒီအိမ်ကိုပဲ တစ်မေးတည်း မေးနေတော့ ..."

လင်မယားနှစ်ယောက်သား သက်ပြင်းကိုယ်စီပြိုင် တူရှိက်မိသည်။ တစ်ဘက်မိသားစုဟာ ကိုယ့်ထက်တောင် ပူဆွေး သောင်မြိုက်နေကြတာ။

သားမာန်မင်းနှင့် မိုးမေခတို့ မင်္ဂလာမောင်နှံကို တင်ဆောင်လာတဲ့ကားကို ဘုရင့်နောင်လမ်းကြီးရဲ့ တစ်နေရာမှာ ကွန်တိန်နာကားကြီးတစ်စင်းက မျက်နှာချင်းဆိုင်ဇာနေ ဘရိတ် ဓမိ အရှိန်မထိန်းနိုင်ဘဲ လမ်းချော်ဝင်လာကာ တည့်တည့်မတ် မတ် မိမိရရ ခါးလယ်က ဖြတ်တိုက်ချလိုက်တာမို့ ကားက လုံး လုံးတိမ်းမှောက်သွားကာ သတို့သမီးလောင်း မိုးမေခဟာ နေ ရာမှာတင် ပွဲချင်းပြီး ကွယ်လွန်ခဲ့ရပါသည်။

ကားမောင်းသူ လေးလေးစိုးရော မာန်မင်းပါ ရရှိတဲ့ ထိခိုက်ဒဏ်ရာများကို ဆေးရုံမှာ တစ်လနီးပါး ကုသယူရသည်။ နောက်ကားတစ်ကားကျော်က အန်တီချစ်ဟာလည်း သူ့တူမဖြစ် အင်ကို ကားလူးလိမ့်မှောက်သွားတာကအစ သွေးသံတရဲရဲအဆုံး မျက်ဝါးထင်ထင် မြင်လိုက်ရတာမို့ သွေးပျက်ကာ ခုထိကို အပတ် စဉ် ဆရာဝန်ပြနေရဆဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညှော်ပရိုသတ်ပြည့်လျှံနေတဲ့ မင်္ဂလာခန်းမဆီ သတင်းဆိုးက အထိတ်တလန့် ရောက်လာကာ ညှော်သည်အားလုံး စုတ်တသတ်သတ် မျက်ရည် တလည်လည်နှင့် ထပြန်ခဲ့ကြရတာပါ။

သမီးဆုံးရှုံးရ၍ ပူဆွေးသောက ဖြစ်ကြရတဲ့ မိဘနှစ်ပါးဟာ အချိန်ကာလ တစ်လကျော်လာပေမယ့် ဖြေမပြေနိုင်သေး။ ဒီဘက်မှာတော့ ထိခိုက်ဒဏ်ရာတွေ ပြုစုကုသပြီးစီး၍ ဆေးရုံကဆင်းလာတဲ့ မာန်မင်းကြောင့် အပူမီးလောင်မြိုက်ရဆဲပါ။

မာန်မင်းရဲ့ဒဏ်ရာနှင့်ဝေဒနာလည်း ကြီးခဲ့၍ မိမိုးလေးသေပြီဆိုတာကို အသိပေးလို့ မဖြစ်ခဲ့ပါ။

"မိမိုးလေးလည်း ICU ထဲမှာပဲ နေရတယ်၊ သားလိုပဲပေါ့ကွယ်၊ ကုသရတုန်းပေါ့၊ တွေ့လို့တော့မရသေးဘူး သား"

"သားကို ထရော်လီနဲ့ တွန်းသွားပါ၊ ဝင်ကြည့်ဖို့ မဖြစ်ရင်လည်း အပြင်က တစ်ချက်မြင်ရရင် ရပါပြီ မေမေ၊ မိုးကို သွားကြည့်ပါရစေ"

"ကြည့်ခွင့်မရသေးဘူး..သား"

"ဘာဖြစ်လို့လဲ မေမေ၊ ရုပ်ပျက်ဆင်းပျက် ဖြစ်နေတာလား သားကို အမှန်အတိုင်းပြောပါ"

"ရုပ်မပျက်ပါဘူး၊ သူ့ဝေဒနာကြောင့် တွေ့လို့မရတာပါ၊ သူ့မိဘတောင် မကြည့်ရသေးတာပါ၊ သားကိုလည်း ကြည့်





ခွင့်မပြုနိုင်ဘူးတဲ့၊ နောက်မှကြည့်တာပေါ့ သားရယ်၊ သားနေကောင်းအောင် အရင်လုပ်ပါ"

"မေမေ ... မိုး သေသွားပြီလား၊ မိမိုး သေပြီမဟုတ်လား၊ သားကို ညာနေကြတာ မဟုတ်လား၊ ညာပြောနေကြတာ မဟုတ်လား"

ဤသို့ အော်ဟစ်တုန်ခိုက် စိတ်လှုပ်ရှားကာ ရုန်းရင်းဆန်ခတ် ဖြစ်လာလျှင် ဆေးထိုး၍ အိပ်ပျော်စေခဲ့ရပါသည်။ လူကိုယ်ပေါ်က ဒဏ်ရာတွေ ပျောက်ကင်းခဲ့ချိန်မှာပင် မာန်မင်းရဲ့စိတ်ဒဏ်ရာက မပျောက်သေး။ စိတ်ခါတ်တွေကျ မယုံမကြည်သူဖြစ် ငိုယိုမျက်ရည်ကျလိုက် တစ်ချက် တစ်ချက် သောင်းကျန်းဆိုက်၊ အစားလည်းမစားဘဲ ပိန်ချုံးကာ လှပ်လှပ်ယှဲယှဲကလေးသာ ရှိလေသည်။

ဦးကျော်မင်းနှင့် ဒေါ်သက်သက်ဆွေတို့မှာ သားကို မှုပြီတောင် ထင်မိသည်။

"ရူးတာ မဟုတ်ပါဘူး၊ မိုးမေခ မသေဘူး၊ ဘယ်လောက်ပြောပြော မတွေ့ရတော့ သူ မယုံကြည်နိုင်ဘူး၊ သေပြီဆိုတဲ့ အတွေးကိုလည်း သူ လက်မခံနိုင်ဘူး၊ သူ့စိတ်ထဲမှာပဲ ပဋိပက္ခတွေနဲ့ ကယောက်ကယက် ဖြစ်နေတာပါ၊ စိတ်ဆိုတာက အင်မတန်နူးညံ့သိမ်မွေ့တဲ့ သိမှုအာရုံလေ၊ ဒီစိတ်ကို ပြင်းပြင်းထန်ထန် ထိခိုက်ဒဏ်ရာရလိုက်တာမျိုးပါ...



www.burmeseclassic.com

www.burmeseclassic.com



ရှုးတာ မဟုတ်ဘူးဆိုလို့ ပကတိအကောင်းလို့လည်း မပြောနိုင်ဘူး၊ ခက်တာက အစားလည်းလက်မခံ၊ လူနာရဲ့ ရုပ်မှာပါ ချိနဲ့ပြီး ဘာခွန်အားမှ မရှိတော့ ခန္ဓာကိုယ်ထဲ ရှိသင့်ရှိထိုက်တဲ့ ဓာတ်တွေလည်း အားလုံးချို့တဲ့နေတယ်၊ ကိုယ်ခံစွမ်းရည်ပါ ကျဆင်းနေတော့ ဘာဒဏ်မှ မခံနိုင်ဘဲ ကုသရလည်း ခက်ခဲနေတာပါ ...

စိတ်ဆောင်လာဖို့ လိုပါတယ်၊ ဆရာဝန် ဘယ်လောက်ကုကု ဒီကုသချက်ကို လူနာက လက်သင့်ခံနိုင်မှ ကုသမှုထိရောက်တာပါ၊ အစားတောင် မစားတော့ နှာခေါင်းကနေ အစာရည်ကို ပိုက်နဲ့ထည့်ပေးနေရတဲ့အထိ ဖြစ်နေတော့ တိုးတက်မှု ဖြစ်လာအောင် လုပ်မရဘဲ ဖြစ်နေတယ်...

ခုချိန်မှာ သူ့ချစ်သူ မိုးမေခ ဆိုတာ ဘေးမှာလာရပ်ရင် သူ ငေါက်ခနဲ ကျန်းမာလာမှာပဲ၊ စိတ်ဗျ ... စိတ်ပဲ၊ ခက်တာက မိန်းကလေးကလည်း မရှိတော့ဘူးဆိုတော့ ဘယ်လိုစိတ်ဓာတ်ကို မြှင့်တင်ပေးရမလဲကို မသိဘူး၊ မသေသေးပါဘူး ဘယ်လိုလိမ်ညာထားထား သူ မမြင်ရလို့ မယုံဘူး၊ အမြွာညီအစ်မလေး ဘာလေး ရှိခဲ့ရင်တောင် အယောင်ဆောင်ပြီး ခဏတဖြုတ် အကူအညီတောင်းကြည့်ရပါရဲ့"

ထွက်ပေါက်မတွေ့တဲ့ ဒုက္ခပင်။





ဦးကျော်မင်းက အပေါ်ထပ် ဝရန်တာဘက်ထွက်တာ ပိတ်ထားတဲ့ဖုန်းကိုဖွင့်၍ ဖုန်းခေါ်လိုက်ပါသည်။

"ဟယ်လို ... ကိုတင်ထွဋ်ရေ၊ ကျော်မင်းပါ"

"............"

"ဟုတ်ပါတယ်ဗျာ၊ ကိုတင်ထွဋ်တို့လည်း နားလည်မှုလွဲမှာ စိုးရိမ်မိတယ်၊ မာန်မင်းက အဲဒီအိမ်ကိုလည်း သွားကြည့်ချင်တယ် ဖြစ်နေတယ်၊ သမီးရဲ့အသုံးအဆောင်လေး အရုပ်လေးတွေ ယူခိုင်းလို့ ဟိုတစ်ပတ်ကလည်း သွားယူခဲ့ပေးရပါတယ်၊ သဘောက ကျွန်တော်တို့အနေနဲ့လည်း ဒီအိမ်လေးကို သားစိတ်ကျေနပ်အောင် ဖြေသိမ့်နိုင်အောင် သူဘာပဲလုပ်ချင်လုပ်ချင် လုပ်လို့ရအောင် အမှတ်တရလေး လက်ဝယ်ရှိချင်ပါတယ်ဗျာ၊ ဒါကြောင့် ဒီစကားလေး ကမ်းလှမ်းရတာပါ"

"............"

"ဟာ ... နိုး ... နိုး၊ ဒီလိုတော့ မဟုတ်ပါဘူးဗျာ"

"............"

"ခင်ဗျားတို့ မာန်မင်းကို သားလိုချစ်တာလည်း သိတယ်၊ ယုံတယ်၊ သားနဲ့သမီးက လက်မှတ်ထိုး လက်ထပ်ပြီးတာလည်း ဟုတ်ပေမယ့် ရက်ကောင်းရက်မြတ်သာ ရွေးပြီး လက်မှတ်ထိုးတာပါ၊ မင်္ဂလာပွဲနေ့ကမှ နှစ်ယောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



အပြီးပြောင်းရွှေ့ကြမလို့ဆိုတော့ တရားဝင် အကြင်လင်မယားရှယ်လို့လည်း မဟုတ်သေးသလိုဖြစ်တော့ ခင်ဗျားတို့ရဲ့လက်ဖွဲ့အိမ်ကို သမီး မရှိတော့ဘဲ ကျွန်တော်တို့က ဒီတိုင်းကြီးပဲတော့ လက်မခံပါရစေနဲ့ ကိုတင်ထွဋ်ရာ"

"… … …"

"ပြောမိတာတောင်မှားသလား မသိပါဘူးဗျာ၊ ကျွန်တော် ငွေချေပါရစေ၊ ဟုတ်ပါတယ်၊ ကျွန်တော်တို့ကြားမှာ ငွေရေး ကြေးရေး ဒီ amount လောက်ကို ပြောနေစရာမဟုတ်ဘူး ဆိုတာလည်း မှန်ပါတယ်၊ ဒါပေမဲ့ဗျာ"

"… … …"

"ဟုတ်ပါတယ်၊ မာန်မင်းကို တစ်သက်လုံး ခင်ဗျားတို့ရဲ့သား၊ ခင်ဗျားတို့သမက်အဖြစ် သဘောထားသွားမယ်ဆိုတာလည်း ဝမ်းသာပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်"

"… … …"

"ဒီစကား လှမ်းပြောနေစရာ မလိုဘူးတော့ မဟုတ်ဘူးပေါ့ဗျာ၊ ဟုတ်ကဲ့ … ဟုတ်ကဲ့၊ သားကတော့ အားမရပါဘူး ကိုတင်ထွဋ်ရယ်၊ စိတ်ဝေဒနာပါ ပါနေတော့ နလန်မထူနိုင်သေးပါဘူး၊ ဟုတ်ကဲ့ … အစားလည်း မစားဘူး၊ ပိုက်နဲ့ပဲ သွင်းရပါတယ်"

"… … …"





"နားလည်ပါတယ်ဗျာ၊ သားကို လာမကြည့်ပါနဲ့၊ မဖြူလည်း လာကြည့်တိုင်း ငိုကြွေးရ ဝမ်းနည်းရ အသစ်ဖြစ်ပါတယ်၊ မဖြူကို ဂရုစိုက်ပါ၊ ဟုတ်ကဲ့ … ဟုတ်ကဲ့၊ ဒါပါပဲ ကိုတင်ထွဋ်ရေ"

ဦးကျော်မင်းက ဖုန်းလည်းချ၊ သက်ပြင်းလည်းချလိုက်ပါသည်။ ဝရန်တာမှ ပြန်ဝင်လာကာ …

"ထင်တဲ့အတိုင်းပဲ မိန်းမရေ၊ လက်မခံဘူး၊ ငွေနဲ့ဝယ်ဖို့ မလိုတော့ဘူး၊ သားပိုင်တဲ့အိမ်တဲ့ကွာ"

"ထားလိုက်ဦးပေါ့၊ နောက် အချိန်ခြားပြီးမှ တနည်းနည်းနဲ့ ကြည့်စီစဉ်ပေါ့ ကိုရယ်"

လှေကားမှ ဒေါ်ပု တက်လာကာ လက်ထဲသယ်လာတဲ့ ရှောက်ချိုသီးလတ်လတ်ဆတ်ဆတ်ဖျော် ဖန်ခွက်တို့ကို ဒေါ်သက်သက်ဆွေတို့ရှေ့မှ စားပွဲပေါ်ချရင်း …

"မမ … မကြည် ရောက်နေပါတယ်"

အိမ်ကို အမြဲဝင်ထွက်နေတဲ့ ကိုယ် ကူညီထောက်ပံ့ရသော ဆွေမျိုးနီးစပ် ညီမဝမ်းကွဲထဲက တစ်ယောက်မို့ …

"ကျွန်မ သိပ်နေမကောင်းဘူး ပြောလိုက်တော့ ဒေါ်ပုရယ်၊ ငွေလေး ဘာလေး လိုလို့လားမေးပြီး လေးငါးထောင်လေး လိုက်ပါ၊ ကျွန်မ ဆင်းမလာတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ပြောပြပါတယ် မမ၊ လိုတာရှိရင် ကျွန်မဆီပဲ တောင်းပြီး ပြန်တော့လို့ ပြောပါတယ်၊ ဘာမှမလိုဘူးတဲ့၊ အရမ်းအရေးကြီးတဲ့ သတင်းတစ်ခုပဲ ပြောချင်တာရှိလို့တဲ့၊ မမကိုတွေ့မှ ပြောမယ်တဲ့၊ ဒီနေ့ လုံးဝမတွေ့နိုင်ရင်လည်း မှာခဲ့လို့ မရဘူးတဲ့၊ နောက်နေ့မှ ပြန်လာမယ်တဲ့၊ နောက်နေ့မှပဲ လာခိုင်းလိုက်ရမလား မမ"

ဦးကျော်မင်းက ဖျော်ရည်အေးအေးမွှေးမွှေးကို တစ်ကျိုက်သောက်ရင်း ...

"အရေးအရေးကြီးတယ် ဆိုတော့လည်း ဆင်းတွေ့လိုက်ပါ ဆွေရယ်၊ ကိုယ်လည်း ကိုယ့်အပူနဲ့ကိုယ် ဆိုပေမယ့် သူတို့လည်း သူတို့အပူက သူတို့အလျှောက် ကြီးနေမှာပဲပေါ့။ သား မကျန်းမာတုန်း ကိုယ်ကူညီနိုင်သမျှ သားအတွက် ကုသိုလ်ဖြစ်ပါစေပေါ့ကွာ"

"အင်း ... အင်း ... ကျွန်မ ဆင်းခဲ့မယ်"

ဒေါ်သက်သက်ဆွေက ရှောက်ချိုသီးဖျော်ရည်ကို သောက်ပြီး အောက်ထပ်မဆင်းခင်တွင် ...

"ဆရာဝန် ထွက်လာရင် အခြေအနေ မေးထားဦးနော်"

"အင်းပါ မိန်းမရယ်"

အောက်ထပ်ရောက်လာလျှင် ဧည့်ခန်းထဲ ထိုင်လေ မရှိတဲ့ အထောက်ပံ့ခံ ဆွေမျိုးများမို့ ထမင်းစားခန်း မီဖိုဘက်တို့





မှာပဲ ရှိတတ်တာ သိပြီးဖြစ်၍ ထမင်းစားခန်းဘက်သို့ ချိုးဝင်ခဲ့ပါသည်။

"မမ"

"အကြည်၊ ပြော ... ဘာတွေ အရေးကြီးလာလဲ"

"မမ ... လာထိုင်ပါဦး၊ ကျွန်မရင်တွေ တဒိတ်ဒိတ်တုန်နေလို့ ဒေါ်ပု ဖျော်ပေးတဲ့ ရှောက်ချိုသီးလေး အရင်ကုန်အောင် သောက်ပါရစေဦး"

ဒေါ်သက်သက်ဆွေက ခပ်နွမ်းနွမ်း အဝတ်အဆင်နှင့် အကြည့်ကို အကဲခတ်ရင်း ...

"ဘာတွေဖြစ်ပြန်လဲ အကြည်ရယ်၊ မောင်သောင်းက အရက်တွေ သောက်ပြန်သလား၊ ပိုက်ဆံမပေးတာလား၊ လင်မယားရန်ဖြစ်လို့လား၊ ဖိုးဇော် ဘာမဟုတ်ကဟုတ်က လုပ်လို့လဲ၊ ရန်ဖြစ်လို့ အချုပ်ထဲ ရောက်ပြန်ပလား"

"အို ... မမကလည်း၊ ဒါတွေက ဘာများအရေးကြီးလို့လဲ၊ သာမန်ဖြစ်ရိုးဖြစ်စဉ်တွေပဲဟာ၊ မမ အခုအားလား"

"ဘာလုပ်ဖို့လဲ"

"အပြင်ခဏ ခေါ်သွားချင်လို့"

"အပြင်တော့ မလိုက်နိုင်ပါဘူး အကြည်ရယ်"

"မမ မလိုက်လို့ကို မဖြစ်ဘူး၊ လိုက်ကိုလိုက်ရမှာ"

"မလိုက်အားပါဘူးဆို၊ နင့်ဟာ ဘာကိစ္စမို့တုန်း"

www.burmeseclassic.com



"မာန်မာန် နေကောင်းလား"

"ဘယ်ကောင်းဦးမလဲ ဒီလိုပါပဲ၊ အစာမှမဝင်တာ"

"ဟိုတစ်နေ့ကလေ မမ ပြောတယ် မဟုတ်လား၊ သားရဲ့ ဝေဒနာဟာ စိတ်အမိက ဖြစ်နေတာဆိုတာ"

"အင်း"

"မိုးမေခ သေပြီလို့လည်း ထင်နေ၊ မသေဘူး ဆိုတာ လည်း တွေ့ခွင့်မရလို့ မယုံကြည်နိုင် ..."

"ဟုတ်ပါတယ်၊ အဲဒါ ဘာဖြစ်လို့လဲ"

"ခုနေများ မိုးမေခမှာ အမွှာညီအစ်မရှိရင် ကောင်းမှာဆို"

"နင် ဘာပြောချင်တာလဲ အကြည်၊ လိုရင်းကိုပြော"

"မိုးမေခနဲ့ ချွတ်စွတ်တူတဲ့ ကောင်မလေးတစ်ယော ကျွန်မ တွေ့ခဲ့တယ်"

"ဟင်"

ဒေါ်သက်သက်ဆွေက အလန့်တကြား တအံ့တ ဖြစ်သွားပြီး အကြည့်မျက်နှာကို ငြိမ်သက်ငေးစိုက်ကြည့်နေပါသည်

"မမ ... ကျွန်မ တကယ်ပြောနေတာ၊ မိုးမေခကို ဒီအိ မှာ ဝင်ထွက်ရင်း အကြိမ်ကြိမ်၊ မင်္ဂလာဆောင်ခါနီးတော့ သူတို့ရဲ့အက်ဖ်အမ်အိုင်အိမ်ကို ပြုပြင် ပြင်ဆင်တာလည် ကျွန်မ သွားစောင့်ပေးရသေးတယ် မဟုတ်လား၊ အဲဒီတုန် ကလည်း နေ့တိုင်းတွေ့၊ သူ့ပစ္စည်းတွေ အဝတ်တွေ





သယ်လာတဲ့နေ့ကတော့ တစ်နေကုန် သူရယ် သူ့အိမ်က ကောင်မလေးတစ်ယောက်ရယ် ကျွန်မရယ် အဝတ်တွေ ခေါက်ထည့် ရှင်းလင်း သိမ်းဆည်း ကူညီပေးရတာလေ ...

သူ့မျက်နှာချောချောလေးကို အသေးစိတ်သိတယ်၊ အသေးစိတ်မှတ်မိပါတယ် မမရယ်၊ အခုလေ ကျွန်မတွေ့ တဲ့ ကောင်မလေးဟာ မိုးမေခမှ မိုးမေခ၊ ကျွန်မဆိုတာ ပါးစပ်အဟောင်းသားဟာပြီး လန့်အော်တာ၊ ချွတ်စွတ်တူ တယ် မမရယ်၊ တကယ်ပါ ပိုမပြောပါဘူး"

ဒေါ်သက်သက်ဆွေက မျက်ခုံးပင့်ကို မချနိုင်ဘဲ ...

"နင် ဘယ်မှာတွေ့တာလဲ"

"မြောက်ဥက္ကလာဘက်မှာ၊ အဲဒီက ဘုန်းကြီးကျောင်းတစ် ကျောင်းမှာ အလှူတစ်ခုရှိလို့သွားတာ၊ ကျောင်းကခပ်သေး သေးပါ၊ အဲဒီမှာကျွေးတဲ့ အလှူထမင်းဟင်းက ထမင်းဆိုင် တစ်ဆိုင်က မှာတာဆိုတော့ ဆိုင်က လိုက်ခူးခပ်ပြင်ဆင် ပေးတဲ့အထဲ သူကပါလာတာ၊ မမရယ် မေးမနေပါနဲ့ လိုက်ကြည့်စမ်းပါ၊ မမကို မြင်စေချင်လို့ပါ"

"သူ့လိပ်စာတို့ ဘာတို့ နင်သိလို့လား"

"အို ... ဘယ်နေပါ့မလဲ မေးခဲ့တာပေါ့ မမရဲ့၊ ငါ့တူမ လေးတစ်ယောက်နဲ့ တူလွန်းလို့ပါလို့ ပြောပြီး သေချာကို မေးမြန်းစုံစမ်းလာတာ၊ ကောင်မလေးက မပြည့်မစုံလေး



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ၊ ထမင်းဆိုင်မှာလုပ်တယ် လခစားပေါ့၊ မိဘလည်း
မရှိဘူးတဲ့၊ ကြီးတော်နဲ့ နေတာ၊ သွက်သွက်လက်လက်
ချက်ချက်ချာချာပဲ၊ ချစ်စရာလေး”

“ဆင်းဆင်းရဲရဲ ကောင်မလေးတစ်ယောက်က မိမိုးလေး
မိုးပျံနေတဲ့ ကောင်မလေးနဲ့ တူတယ်တဲ့လားဟယ်”

“ဩော် ... မမကလည်းနော်၊ တွေ့မှ အံ့အားတသင့်နဲ့ မ
မျက်ရည်တောင်ကျလိမ့်မယ်၊ မမက မိုးမေကို သိပ်ချ
တာ မဟုတ်လား၊ သူ့မိဘတွေများတွေ့ရင် ဘယ်လို
ရှာမလဲ မသိဘူး၊ သူတို့သာသိရင် သူတို့လည်း ကြည့်ချ
မှာပဲနော့်၊ အသားအရေက မိုးမေခလောက်တော့ စိုပြေ
ဝင်းအိမနေဘူးပေါ့ ဆင်းရဲသားကိုး၊ ဒါပေမဲ့ သူလည်
ဖြူဖြူဝင်းဝင်းလေးပဲ၊ ဆံပင်ပုံတို့ မျက်ခုံးမွေးတို့ နည်းနည်
ပြင်ဆင်ပြီး မိတ်ကပ်အကောင်းစားလိမ်း အဝတ်အစ
အပျံစားဆင်လိုက်ရင် မိုးမေခ ဖြစ်သွားမှာ၊ တကယ့်
တူတယ်၊ နည်းနည်းကလေးတော့ ပိုငယ်လိမ့်မယ်ထ
တယ်”

ဒေါ်သက်သက်ဆွေက ရင်တွေပင် ခုန်လာပါသည်

မိုးမေမှာ အမြွှာညီအစ်မရှိရင် ကောင်းသာ
တောင့်တခဲ့ပေမယ့် ခုကို ကိုယ်နဲ့မသိတဲ့ အစိမ်းသက်သက်ထဲ
ရှုတ်စွပ်တူတယ်ဆိုတဲ့သူ ပေါ်လာပြန်တော့ စိတ်ထဲ နည်းနည်းတေ





တစ်မျိုးကြီး ဖြစ်နေမိသည်။ ဆရာဝန်ရဲ့စကားကလည်း နားထဲ
အထပ်ထပ်။

ဘာပဲဖြစ်ဖြစ် အရင်ဆုံးတော့ တကယ်တူ့မတူ
ဟုတ်မဟုတ် သွားကြည့်ကြည့်လိုက်တာ မမှားဘူးထင်ပါရဲ့။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



၄

"အားလားလား ... ဝူး ... ကျွတ်ကျွတ်"

ဖုံ နှုတ်က ရေရွတ်ညည်းတွားသံလေး ထွက်ပေါ်လာပါသည်။

ဆိုဖာပေါ် ထိုင်စောင့်ရင်း မဂ္ဂဇင်းဖတ်နေသော သဉ္ဇာက လှမ်းကြည့်ရင်း ...

"ဘာဖြစ်လို့လဲ၊ အရမ်းနာလို့လား"

"ဟုတ် ... ဟုတ်ကဲ့ မမသဉ္ဇာ၊ နာလို့ပါ"

"အမယ်လေးဟယ် ... သူသူငါငါ ဆံပင်ဖြောင့်နေကြတာပဲ၊ ငါလည်းဖြောင့်ထားတာပဲ၊ သူ့ကျမှ သိပ်ပိုတာပဲ"

"တကယ်နာလို့ပါ မမဝါရယ်"

အလှပြုပြင်ဆိုင်မှ မိန်းကလေးသုံးယောက်က ဘေးနှစ်ဖက်နှင့် နောက်ဘက်မှာ နေရာယူပြီး ဆံပင်ကို သုံးလိုင်းခွဲ





ကာ ပါးပါးလေး တစ်လွှာချင်းယူလျက် အပူပြားနှင့် ဖိညှပ်ကာ ဆွဲချနေကြပါသည်။ ဒီဘက်ကဆွဲ ဒီဘက်ကို ခေါင်းစောင်းသွားလိုက်၊ ဟိုဘက်ကဆွဲ ဟိုဘက်ကို ခေါင်းစောင်းသွားလိုက်၊ နောက်ကဆွဲလိုက် မော့တက်သွားလိုက်။ တစ်ခေါင်းလုံး ချာလတော်ယမ်းကာ မူးဝေထူပူပြီး နာကျင်နေပါသည်။

လျှော်ပြီး မခြောက်တခြောက်ဆံပင်ကို အပူပြားနှင့် ညှပ်ဆွဲနေတာဖြစ်ရာ စိုထိုင်းထိုင်း ဆံပင်တို့ကာ အငွေ့ပျံတဲ့ အပူငွေ့တွေက ဦးရေပြားကိုဟပ်၊ အငွေ့တထောင်းထောင်းထနေတဲ့ ဦးရေပြားဆီက တစ်လွှာချင်း ပါးပါးယူ တင်းတင်းဆွဲထားတဲ့ ဆံပင်ရင်းတွေက တောင်းပြီးနာ။

အမယ်လေး ... တစ်သက်လုံး အားကျခဲ့ရတဲ့ ဆံပင်ဖြောင့်ရခြင်း အလုပ်ဟာ ကိုယ့်ဒုက္ခကိုယ်ရှာ ကိုယ့်ကိုယ်ကိုယ်ရဲပေးတဲ့ အလုပ်မျိုးပါလား။ ထူပူကျိန်းစပ် နာကျင်နေတဲ့ ဦးရေပြားဟာ နီရဲနေမှာ သေချာသလို၊ ခုလောက်ဆို ပွထ,ရောင်အမ်းလာလောက်ပြီ။

ဖုံသည် မသဉ္ဇာနှင့် မဝါဝါဆိုတဲ့ အစ်မကြီးနှစ်ယောက်ကိုလည်း မလွန်ဆန်ရဲ စောဒကမတက်ရဲလေရာ မျက်ရည်သာ ကျိတ်ပြီးစိမ့်အိုင်ဝဲလည်လာသည်။

"ဖုံ"

"ရှင် ... ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"တို့ကို သဥ္စာနဲ့ ဝါဝါလို့ပဲခေါ်ဖို့ ပြောထားတယ်လေ၊ ခုကတည်းက နှုတ်ကျိုးအောင် ခေါ်ထားမှ နောင်လည်း ဒီလိုပဲ ထွက်မှာပေါ့၊ ရှေ့က 'မ'တွေ မတပ်နဲ့လေ"

မသဥ္စာက စကားပြောလျှင် ပြေပြေပြစ်ပြစ် နူးနူးညံ့ညံ့ သဘောကောင်းပုံရကာ မဝါဝါကတော့ ဒေါသကြီးပုံရပါသည်။ ဖုံကလည်း အဲဒီ မဝါဝါကို ခင်လည်းမခင်မင်၊ သိပ်လည်းကြည့်မရပါ။ သို့ပေမဲ့ အဆင့်အတန်း ကွာခြားမှုက (ကိုယ်က ဘယ်လောက်ပဲ ဂရုမစိုက်ပါဘူးဆိုဆို) မသိစိတ်ထဲတော့ နိုးဝင်နေရာယူနေကာ ဘာမှပြန်မပြောရဲဘဲ ငုံ့ခံနေရပါသည်။

မဝါဝါဟာ အသားလွတ် နေရင်းထိုင်ရင်း ဖုံကိုကြည့်လို့ရပုံမရ။ သူတို့နှစ်ယောက်ကို ခေါ်လာပြီး အန်တီဆွေက ဖုံကို ပြလိုက်တဲ့အခါမှာ မသဥ္စာက မျက်ရည်ပင် ရစ်ဝိုင်းကာ အံ့အားတသင့် ဝမ်းသာလှိုက်လှဲနေပြီး မဝါဝါကတော့ အံ့ဩတကြီးဖြစ်သော်လည်း သိပ်ဘဝင်မကျပုံမျိုးနှင့်။

"တူတာတော့ အံ့ဩဖို့ကောင်းအောင် တူပါတယ် အန်တီရယ်၊ ဒါပေမဲ့ မိုးက အဆင့်အတန်းမြင့်ပြီး သူ့ပုံကအောက်တန်းကျနေတယ်"

ဟုတ်တာပြောတော့ နာလိုခံခက် အမျက်ထွက်ဆိုတာ ဒါပဲဖြစ်လိမ့်မည်။ ဟုတ်တိုင်းလည်း လူတစ်ဖက်သားကိုမထောက်မထား ဒီလိုပဲ ပြောချစရာလား။ ဖုံက အဲဒီကတည်းက





ဝါဝါကို မကြည်ပေမယ့် မျက်လွှာချပြီး ခေါင်းသာငုံ့နေလိုက်ပါသည်။ ကိုယ်တိုင်လည်း ဒီအဖြစ်အပျက်ကို အံ့ဩတုန်လှုပ်နေတာလေ။

"ကိုယ်ဟာ လွန်ခဲ့တဲ့ တစ်လကျော်က မင်္ဂလာဆောင်ညနေ့မှာ ကားမှောက်သေဆုံးသွားခဲ့သော သတို့သမီးတစ်ယောက်နဲ့ ချွတ်စွပ်တူနေတယ်ဆိုတာ အံ့ဩစရာပဲ မဟုတ်လား။ ဒေါ်ကြည်ကြည်နှင့် ဒေါ်သက်သက်ဆွေ ဆိုသည့် အမျိုးသမီးနှစ်ဦးကအရင်ရောက်လာကာ အကျိုးအကြောင်းတွေ ပြောဆိုခဲ့ကြသည်။

ထမင်းဆိုင်မှာလည်းမပြော၊ အိမ်မှာလည်းမပြော။ ဆိုင်တစ်ဆိုင်ကိုခေါ်ပြီး ပြောတာပါ။ ဘယ်သူ့ကိုမှလဲ ပြန်မပြောသေးဖို့ ပိတ်ပါသည်။ အဲဒီတုန်းက ဘာကြောင့်လဲလို့ ဇဝေဇဝါဖြစ်ခဲ့ပေမယ့် ခုတော့ နားလည်ပြီ။ အန်တီကြည်နှင့် အန်တီဆွေတာ ဖုံ တစ်ယောက်တည်းရဲ့ ဆုံးဖြတ်ချက်နှင့် လက်ခံမှုကို ရပြီးသော် ကြီးတော်ဆီလိုက်လာကာ ...

"အစ်မကြီးရဲ့တူမ ဖုံ့ကို ကျွန်မတို့အိမ်မှာ အလုပ်လုပ်ခွင့်ပြုဖို့အတွက် အစ်မကြီးဆီ လာပြောတာပါ၊ ဖုံကလည်း သူ့ကြီးတော်ကို ခွင့်တောင်းပါဦးဆိုလို့ပါရှင်"

တကယ်တော့ ဖုံဟာ သူ့သဘောသူဆောင် သူ့ဆုံးဖြတ်ချက်နဲ့သူသာ တစ်သက်လုံးလိုလို နေလာတာမို့ ကြီးတော်က ရှိုးတိုးရှန့်တန့်တောင် ဖြစ်သလိုရှိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာအလုပ်များလဲ"

"ကျွန်မရဲ့ လက်တိုလက်တောင်း လက်ကသုံးတောင်ဇေ့ သဘောမျိုး၊ ကျွန်မကို ပြုစုလုပ်ကိုင်ပေးပြီး ကျွန်မကိစ္စတွေ ဆောင်ရွက်ဖို့ပါ"

"အိမ်ဖော်လိုသဘောလား"

"အို ... အိမ်ဖော်မဟုတ်ပါဘူး"

"အိမ်ဖော်ဆိုရင်တော့ ဘယ်ဖြစ်မလဲ၊ မိဇံက ဆယ်တန်းတောင်ရောက်တာ၊ ပြီးတော့ ကျွန်မတို့မှာ မျိုးရိုးထဲလည်း ဒါမျိုးလုပ်စားတာ မရှိဘူး"

"အိမ်ဖော်မဟုတ်ပါဘူး အစ်မကြီး၊ ကျွန်မရဲ့ လက်ကသုံးတောင်ဇေ့ တပည့်ပါပဲ"

"မိဇံ ... ညည်း ငါ့ကို ဘာမှလဲ မပြောပါလား၊ ဘယ်က ဘယ်လို ဒီကိစ္စပေါ်လာတာလဲ၊ ထမင်းဆိုင်မှာရော မလုပ်တော့ဘူးလား"

"ဇံ ထမင်းဆိုင်က ထွက်လိုက်မှာ ကြီးတော်"

"သူတို့က လခဘယ်လောက်ပေးလို့လဲ"

"ငါးသောင်းပါ"

ကြိုညှိနှိုင်းထားတဲ့အတိုင်း ပြောလိုက်ပေမယ့် တကယ်တမ်းတွင် အန်တီဆွေက ဇံကို တစ်လအသားတင်လခ တစ်သိန်းပေးမည်လို့ ကမ်းလှမ်းတာပါ။ အိမ်ကို သိပ်များများပြောတော့ ညည်း ဘာကြောင့် ဒီလောက်လခများများ ပေးရတာလဲဆိုတဲ့ သံသယ ဝင်လာနိုင်ပြန်သည်မို့ပင်။

ခုလောက်ပြောတာကိုပင် ကြီးတော် မျက်လုံးပြူး ...

"ငါးသောင်း ဟုတ်လား၊ ထမင်းကျွေးမှာလား"

"ကျွေးမှာပေါ့ ကြီးတော်ရဲ့၊ ဒီ အန်တီတို့အိမ်မှာ လိုက်နေရမှာပဲ၊ နေထိုင်စားသောက်စရိတ်ငြိမ်ပေါ့"

"ဒီအလုပ်ကတစ်သက်လုံးလား၊ ဘယ်လောက်ကြာကြာလဲ"

"ကျွန်မ ဇံကို ခြောက်လ ခေါ်ခန့်တာပါ၊ ကျွန်မရဲ့အလုပ်ကိစ္စလေးတွေကလည်း ခြောက်လလောက်ဆိုရင် ပြီးတာမို့ပါ၊ မပြီးသေးရင်လည်း တစ်လ နှစ်လ သုံးလ စသဖြင့် လိုသလောက် 'ဆက်ခန့်ထားဦးမှာပါ"

"ရှာရှာဖွေဖွေ သူ့ကို ဘယ်နားလာတွေ့ပြီး သူကလည်း အလုပ်လျှောက်တာ မဟုတ်ဘဲနဲ့ ဘယ်လိုဆက်စပ်မိကြတာတုန်း"

"ဇံတို့ဆိုင်မှာ ထမင်းလာစားဖြစ်ရင်းနဲ့ ဇံ သွက်လက်ချက်ချာတာတွေ၊ နှုတ်ချိုတာလေးတွေ၊ ဖင်ပေါ့ပေါ့နဲ့ အလုပ်လာဘ်မြင်တာလေးတွေ မြင်ပြီး သဘောကျလို့ စကားကမ်းကြည့်တာပါ၊ ဇံကလည်း စိတ်ဝင်စားလို့ အစ်မကြီးဆီလာပြောတာပါ"







www.burmeseclassic.com

www.burmeseclassic.com



"ခြောက်လလုံးလုံး သူနဲ့ ကျုပ်တို့မတွေ့ရဘူးပေါ့"

"ဖုံ့ကို တနင်္ဂနွေတစ်ရက် အခု ဆိုင်လိုပဲ အားလပ်ရက် ပေးမှာပါ၊ သွားချင်တဲ့ဆီ သွားလို့ရပါတယ်၊ အိမ်ပြန်လို့ ရပါတယ်၊ ညတော့ အိပ်လို့မရပါဘူး၊ ကျွန်မတို့အိမ်ဖုန်း နံပါတ် ပေးထားပါ့မယ်၊ အရေးအကြောင်းရှိရင် ဖုန်းဆက် လို့ ရပါတယ်၊ ဖုံလည်း ဖုန်းဆက်ပါလိမ့်မယ်"

ဒီကြားထဲမှာ ဖုံ့ကို အန်တီကြည်က တစ်ရက်လာ ခေါ်ပြီး အလှပြင်ဆိုင် ကောင်းကောင်းကြီးတစ်ခုမှာ မျက်နှာပေါင်း တင်ပေးပါသည်။ နောက်တစ်ရက်မှာ အန်တီကြည်နှင့် နှစ်ယော ဗိုလ်ချုပ်ဈေး၊ ယုဇနပလာဇာတို့ပတ်ကာ ရယ်ဒီမိတ်အကျီတွေ ချုပ်ဖို့ပိတ်စတွေဝယ်၊ အပ်ချုပ်ဆိုင်တစ်ခုမှာ အမြန်ကြေးပေးက နှစ်ရက်နှင့် အစုံများစွာ အပြီးအပ်။

ဖုံ့ကြိုက်တဲ့ပုံလည်း မချုပ်ရပါ။ "မိုးမေခ"ဆို အစ်မကြီးဝတ်လေ့ရှိတဲ့ ဒီဇိုင်းမျိုးကို ယူလာပြပြီး အပ်တာပ ဖိနပ်ကအစ အလှပြင်ပစ္စည်းအလယ် မိန်းကလေးတစ်ယော အဖို့ လိုအပ်တဲ့ ခေါင်းဖျား ခြေဆုံး ဆင်ယင်သစရာ တိုလီမို ပစ္စည်းတွေကို ကြောက်ခမန်းလိလိ ငွေသုံး၍ ဝယ်ယူကာ သူ့ အိမ်ကိုပဲ သယ်သွားပါသည်။

"အလုပ်စဝင်ဖို့ အိမ်ကထွက်လာတဲ့နေ့ကျရင် အိမ် ကြီးတော် တစ်မျိုးမထင်ရဲ့ အဝတ်ကို နှစ်စုံသုံးစုံလော





ပဲ ထည့်ယူခဲ့။ တခြားဘာပစ္စည်းမှ အလေးပင်ခံ မသယ် ခဲ့နဲ့တော့နော်၊ ခုဝယ်ထားသမျှကလည်း ဖုံ့အိမ်က အလုပ် ထွက်ရင် ဖုံ့ကိုပဲ ပေးလိုက်မှာ၊ အိမ်မှာလည်း ဘယ်သူမှ သုံးမယ့်သူရှိတာ မဟုတ်ဘူး"

"ဟုတ်ကဲ့ အန်တီကြည်"

ထမင်းဆိုင်ကတော့ အလုပ်ထွက်ထားနှင့်ပြီ။ ဒေါ် ...နုက မကျေမချမ်းနိုင်ပါ။ ဟိုက လခဘယ်လောက်ရလဲ ဆို ...တော့ ဖုံက "ငါးသောင်း"လို့ ဖြေတာမို့ သူလည်း ငါးသောင်း ...ပေးမည်ဟု ကမ်းလှမ်းပါသေးသည်။ ဖုံ့တစ်ယောက်ကြောင့် ...ရတဲ့ရောင်းအားက မနည်းဘူးမို့လား။

"ဒေါ်ဒေါ်နုရယ် ... သူတို့အလုပ်က ခြောက်လတည်းပါ၊ ဖုံ့ အဲဒီက ခြောက်လပြီးရင်လည်း အလုပ်ပြန်ရှာလုပ်ရမှာ ပဲဟာ၊ ဒေါ်ဒေါ်နုဆီ ပြန်လာမှာပေါ့၊ တခြားကို မဝင် ပါဘူး၊ အဲဒီကျတော့သာ ဖုံ့ကို ပြန်အလုပ်ခန့်ပေးပါ နော်"

မကျေနပ်ပေမယ့်လည်း ဖုံ့ကို သူပိုင်တာမဟုတ်၍ ...ဒေါ်နုက ဖွတ်မတားသာပါ။ အိမ်ကနေ အလုပ်ဝင်ဖို့ စထွက် ...တဲ့နေ့မှာတော့ ဖုံ့လက်ထဲမှာ ကျောပိုးအိတ်လေးတစ်လုံးသာ။ ...ယ်ထွက်တဲ့ တစ်ရက်မှာ အတူပါလာဖူးတဲ့ မသဉ္ဇာနှင့် ...ဝါက ကားနှင့်လာကြိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ လာခေါ်သွားတဲ့ မနက်ခုနစ်နာရီကစ
ခုချိန်ထိ တစ်ချက်မနားစတမ်း လူကို ပြုပြင်နေလိုက်သည်
ကြာတော့ မူးဝေပျော့ခွေလာပြီပေါ့။ လွန်ခဲ့တဲ့တစ်ပတ်က တစ်
ပေါင်းတင်ထားတဲ့ မျက်နှာကို ဒီနေ့တစ်ခါ ထပ်ပေါင်းတင
သည်။ ပြီးတော့ ခြေလက်များ။ ခြေချောင်း လက်ချောင်းများ
ရေပူစိမ်လိုက် ရေအေးစိမ်လိုက် ဂျယ်လီစိမ်လိုက် လက်ဖက်ခြေ
စိမ်လိုက်။ ခြေသည်းလက်သည်းတွေ လှီးဖြတ်ပုံသွင်း။ ဆေးဓ
ကျောက်ကပ်။

အောက်က အဲသလိုလုပ်နေတုန်း နောက်ကဆံ
ကို ဆေးအနှစ်ဖြူဖြူတွေထည့် ဆွဲချ။ ဖုံသည် နဂိုလှိုင်းတွ
အကြီးကြီးပါတဲ့ ခါးလောက် သူ့ဆံပင်ကို ကျောလယ်တိခနဲဖြ
ချလိုက်တော့ အံ့ဩလန့်ဖျပ် ဆတ်ဆတ်ခါသွားပါသည်။

"မသဇ္ဈာ ... ဖုံ ... ဖုံ ... ဆံပင် ..."

"ဖုံ ... မိုးရဲ့ဆံပင်က ကျောတစ်ဝက်မှာ ဖြောင့်စင်းထ
တဲ့ ဆံပင်မို့ပါ။ ဖုံ့ဆံပင်ကို ဖြောင့်ပစ်ရမှာ၊ ဖုံလှသွားမှာပါ

"အေးလေ၊ နင့်ဆံပင်ကြီးကဖြင့် အခွေကြီးတွေနဲ့ ဘ
ယိမ်း ညာယိမ်း၊ ပုံသွင်းကောက်ထားပုံမျိုးလည်း မဟုတ
ကြမ်းဖတ်ဖတ်နဲ့၊ ဖြောင့်ပစ်ပြီး ဗယောင်းသွင်းပြီး အိ
သွားအောင် လုပ်ပစ်မှ ကြည့်ကောင်းမှာပေါ့"



မဝါဝါကပါ ဘောက်ဆတ်ဆတ် ဝင်ပြောက်၍ ဖုံ
မှဆက်မပြောတော့ပါ။ ကောက်တာလှလှ ဖြောင့်တာလှလှ
ဆိုတာ ကိုယ့်ဆန္ဒနဲ့ကိုယ်ပေါ့။ ကိုယ့် ခေါင်းပေါ်ကဆံပင်
သဘော ကိုယ်ပိုင်ခွင့်မရဘူးလား။ မိုးမေခနှင့်ဆင်တူအောင်
မျှာကို နားလည်ပါသည်။ ဒါပေမဲ့ ကြိုတင်ခွင့်တောင်း ဆွေး
ပြီးမှ ဖုံ သဘောတူမှ မလုပ်သင့်ဘူးလား။

ဘာမပြော ညာမပြော ရှိခနဲ ဖြတ်ညှပ်ချမစ်လိုက်
အတော့ တစ်ဆိတ် ဖုံ့ကို လူရာမသွင်းတာပင်။

ခြေသည်းလက်သည်းတွေဟာ ကရိကထခံ လုပ်ရ
တန်စွာ ပြီးလည်းပြီးရော ပန်းသွေးစင်ကြယ်တောက်ပြောင်
ဘယ်လိုလှပနည်းမှန်း မသိသော ပကတိနဂိုလှပုံလေးနှင့်
ပြောင်လက်၍ နေပေသည်။ ဒါတွေကို လက်သည်းအကြည်
သွေးရောင်သမ်းသမ်းလေး ဆိုးလိုက်တဲ့အခါ ကိုယ့်ခြေလက်
ကိုယ် မကြာခဏ ထောင်ကာကော့ကာ ပီတိနှင့်ကြည့်နေ
တော့တဲ့ထိ။

ဆံပင်ဖြောင့်ရတာက တစ်နေကုန်နီးပါးကို ကြာ
ကြားထဲမှာ မျက်နှာပေါင်းတာ ခြေသည်းလက်သည်းပြင်
ပြီးတော့ တစ်ကိုယ်လုံးကို ဆီလူးနှိပ်နယ်ပြီး ရေနွေးငွေ့
ခံစက်ထဲဝင်ထိုင်ပြီး တစ်ကိုယ်လုံးပါ ပေါင်းရပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမှာက ခပ်တင်းတင်း အပြားအချပ်တွေ
အောက်က ခန္ဓာကိုယ်က ပူနေတဲ့ အလုံပိတ်ပေါင်းစက်လေ
မှာ။ ချွေးတွေ စိမ့်ထွက်လာတာနဲ့အတူ ပူလောင်နာကျင်မှ
မျက်ရည်ပါ စိမ့်ထွက်ချင်လာသည်။

"နင်ဟာ အတော်ကိုပိုတာ၊ လူတိုင်းလုပ်ရနေတာ၊ သူ
မှ ပဲက များကိုများတယ်၊ နင်က ဘယ်လောက်နူ
ဒီလောက် နာတတ်ရတာလဲ"

"တစ်ခါမှ မလုပ်ဖူးလို့ နာတာပါ"

"ထမင်းဆိုင်မှာလုပ်ပြီး ဟင်းအိုး ထမင်းအိုး မီးဖိုပူ
ကြား နေရတဲ့သူက ပေါင်းတင်တာကို ပူတယ် ဟုတ်
"ဝါဝါ"

သဥ္ဇာက ဟန့်သည်။ အားနာပုံ ပြပါသည်
"ထမင်းအိုး ဟင်းအိုးနား နေတာက အဝတ်အစားပါ
မမဝါ၊ ခုလို အတွင်းခံလေးနဲ့ အဝတ်တွေအားလုံးချွ
တမင်အပူခံရတာမှ မဟုတ်တာ၊ ခံနေမကျတော့ ပူတ
"သည်းကိုသည်းတယ်၊ ပိုလိုက်တာ"

မဝါဝါဟာ ဓနုံကိုကြည့်လို့မရပုံပင်။ သူ့သူ
နေရာ အစားထိုး မမြင်နိုင်ပုံပင်။ သူတို့နှင့် ဘယ်လိုမှ မြ
ဘက်မဟုတ်တာ သိသိနှင့် ဖုံ ဒီလိုလုပ်ကိုင်နေရတာကို
မရာ လုပ်ခွင့်ရနေတဲ့ သဘောမျိုးထားကာ နေရင်း
အမြင်ကတ်နေပုံပင်။





မိုးလင်းကတည်းက ပြင်ဆင်နေလိုက်တာ အစား
သောက်ပင် ဆိုင်ကိုမှာယူစားသောက်ရသည်။ ညနေစောင်း
ဆေးနာရီကျော်မှ အားလုံးပြီးစီးပါတော့သည်။ အဝတ်အစားလဲ
ပြီး ထွက်လာတဲ့ ဓနုံကို သဥ္ဇာက ပြေးဖက်ကာ ...

"မိုး ... ငို အတိုင်းပဲ၊ တကယ့်ကို မိုး ဖြစ်သွားပြီ၊ မိုး
ရယ် ... နင် ပြန်လာသလိုပဲဟယ်၊ ကြည့်ပါဦး ဝါဝါရယ်၊
အန်တီဖြူတို့ အန်ကယ်တင်ထွန်းတို့များ မြင်ရင်ငိုကြမှာပဲ
နော်"

ဝါဝါကလည်း အငိုက်မိသလို ငေးကြည့်နေပြီးမှ ...
"မိုး ... နင့်ကို ခုကစပြီး မိုးပဲစ,ခေါ်ပြီနော်၊ နင် ဟိုအိမ်
မှာ နေထိုင်လုပ်ကိုင် ပြောဆိုတာတွေ ဘာမှမမှားယွင်းစေ
နဲ့။ ငွေကုန်ကြေးကျတွေလည်းခံပြီး နင့်ကို အိပ်မက်ဆန်
ဆန် မိကိစ္စ ဖန်တီးတာဟာ အချက်တစ်ချက်တည်းကြောင့်၊
မာန်မင်း နေပြန်ကောင်းလာဖို့၊ ကယောက်ကယက်ဖြစ်နေ
တဲ့ မာန်မင်း စိတ်တွေ တည်ငြိမ်လာဖို့၊ အကောင်းပကတိ
ပြန်ဖြစ်လာဖို့၊ မစားနိုင် မသောက်နိုင် ကျန်းမာရေးချို့တဲ့
နေရာက အစာလည်းဝင် စိတ်လည်း ရွှင်လန်းချမ်းသာပြီး
ကျန်းမာရေး ပြန်ပြည့်စုံလာအောင်လို့ လုပ်တာနော်၊ ဒါကို
ခေါင်းထဲ အမြဲထား၊ မမေ့နဲ့၊ နင် အဲဒီအိမ်ကို ရောက်လာ
တာဟာ တခြား ဘာကြောင့်မှ မလုပ်ဘူး၊ မာန်မင်း နေ
ကောင်းဖို့ ...



www.burmeseclassic.com

www.burmeseclassic.com



နင် ဟိုးအောက်မြေကြီးပေါ်ကနေ နန်းတော်ကြ
ပေါ် ခုန်တက်ရသလို အတွေ့အကြုံသစ်မှာ ချောက်ချားရ
သွပ်ပြီး ကိုယ့်ဘဝကိုယ် မေ့မသွားနဲ့ဦး၊ နင့်ကို အားလုံး
'မိုးမေခ'လို့ခေါ်ပြီး ဆက်ဆံအရေးပေးကြမှာ ဖြစ်ပေမဲ
နင်ဟာ ခုံပဲ၊ တစ်နေ့မှာ ကိုယ့်ဘဝ ကိုယ့်နေရာမှန်ကို
ပြန်သွားရမယ်ဆိုတဲ့အချက်ကို လုံးဝမမေ့လျော့ဘဲ ခေါ်
ထဲထည့်ထား"

သဥ္ဇာက ခုံ့ကို အားတုံ့အားနာ ဖြစ်နေသော်လည်
ဝါဝါကို လုံးဝဝင်မဟန့်တော့ဘဲ ငေးကြည့်နေပါသည်။ တက
တော့ ဒီစကားတွေက အနည်းငယ်ကလေး ရင့်သီးရာကျတာ
လွဲလို့ အမှန်တွေပဲလေ။ ခုံ ဘယ်လိုမှ မနေပါ။ ခုံကတော့ တ
နေ့ ကိုယ့်ရပ်ကွက် ကိုယ့်အိမ် ကိုယ့်ပတ်ဝန်းကျင်ကို ပြန်ရ
မသိဘဲ နေပါ့မလား။ ဘယ်လောက် ချမ်းသာတဲ့အိမ်ပဲ ဖြစ်ပါ
ဘယ်သူက မဆီမဆိုင် ကပ်ပြီးနေရမှာလဲ။

ကိုယ်မှာ မိဘမရှိပေမယ့် ကြီးတော်ရှိတယ်၊ ကြီးတေ
ယောကျ်ား ဦးသိုက်ဆိုလည်း အရက်မူးတတ် သောက်တတ်ပေ
ခုံ့ကို သူ့တူမရင်း သမီးရင်းလိုပဲ ဆက်ဆံတာ။ ကြီးတော်ရဲ့က
လေးယောက်ဟာ "မကြီးခုံ" "မကြီးခုံ"နဲ့ ခုံ့ကိုကပ်ကြ မှန့်
ကျွေးခိုင်းကြ ချစ်ကြသည်။ တစ်ခါတလေ ကြီးတော်နဲ့ ကတော
ကဆဖြစ်ရတာကတော့ ဘယ်အမျိုးထဲမဆို ရှိတတ်တဲ့သဘာဝ





ခုံ့အလုပ်မှာဆိုလည်း အားလုံးက ခုံ့ကိုချစ်ခင်အား
သည်။ အလုပ်ရှင်က ခုံ့ကို အရေးပေးသည်။ စားသုံးသူတွေက
ကို လိုလားသည်။ ရည်းစားလုပ်တဲ့သူဆိုလည်း သူ့ဟာသူ ရှစ်
န်းဖြစ်ဖြစ် လူလည်ဖြစ်ဖြစ် လက်ကြောမတင်းဘူးဖြစ်ဖြစ် ဘာ
ဖြစ် ခုံ့ကိုတော့ချစ်သည်။

ခုံ့ဘဝအခြေအနေက ဆင်းရဲပေမယ့် မွဲတေမနေပါ။
ာက်ပြောင်ပေမယ့် စုတ်ပဲ့မနေပါ။ မပြည့်စုံပေမယ့် လိုအပ်
က်ရယ်လို့လည်း မရှိလှပါ။ သူ့ဟာနဲ့သူ အတိုင်းအတာအလျောက်
င်ပြေတဲ့ ဘဝကနေ ရမယ့်လခကိုမက်လို့ ဒီအလုပ်ကို ခေတ္တ
ဝင်လုပ်တာပဲ။ အလုပ်ပြီးရင် ကိုယ့်အိမ်ကိုယ်ပြန်မှာပဲပေါ့။
ဖြစ်လို့ မပြန်စရာအကြောင်းရှိလဲ။

"ခုံ ... အဲ ... မိုး ... မှန်လာကြည့်ပါဦး"

ခုံက မှန်ချပ်ကြီးတစ်ခုရှေ့ ရပ်လိုက်ပါသည်။ အင်း။
ဟုတ်တော့ပါလား။ ဒီမိန်းကလေးကို လမ်းမှာမြင်ရင် ဂျင်
ယောက် "ခုံနဲ့တူလိုက်တာ"လို့ သမင်လည်ပြန် လှည့်ကြည့်
ဖြစ်ပေမယ့် ခေါ်ရုံမှာ မဟုတ်ပါ။

သဥ္ဇာတို့ ဝါဝါတို့က စကားတွေ မပွအောင် လူသိ
အောင် ခုံ့ကို မိုးမေတို့ သဥ္ဇာတို့ ဝါဝါတို့ သွားနေကျ
နေကျဆိုင်ကို ခေါ်သွားတာမဟုတ်။ လုံးဝမသိတဲ့ အစိမ်းသက်

www.burmeseclassic.com



သက် ဆိုင်ကိုခေါ်လာတာ။ ဒီဆိုင်ကလူတွေဟာ သဉ္ဇာ
မိုးမေ၊ ဓုံ ဘယ်သူ့ကိုမှ မသိပါ။ နောင်ကိုလည်း ထပ်
မဟုတ်ပါ။

သဉ္ဇာ ငွေရှင်းတာကို ဓုံကကြည့်နေရင်း မျ
လေးက ပြုံးသထက် ပြုံးကျယ်လာရသည်။ ဆံပင်ဖြောင့်
ခြောက်သောင်း။ အဆီလိမ်းနှိပ်နယ် ဆေးရွက်စိမ်တဲ့ရေ
ခန္ဓာကိုယ်ပေါင်းတင်၊ ပန်းပေါင်းရေနဲ့ ပြန်ချိုးတာက လေးသေ
ခြေသည်းလက်သည်း ဆေးဂျယ်လီစိမ်ပြီး သ,တာက လ
သောင်း ခြေထောက်တစ်သောင်း နှစ်သောင်း။ မျက်နှာပေ
ပေါင်းတင်တာက နှစ်သောင်းခွဲ။ ဆားဝက်ခြံလေးတွေ နှ
ပေါ်မှာရှိလို ရေနွေးငွေ့ပေးပြီး သန့်စင်ရတာက ငါးထေ

စုစုပေါင်း တစ်သိန်းငါးသောင်းငါးထောင်
ရာခိုင်နှုန်း ဒစ်စ်ကောင့်ပေးတဲ့အတွက် တစ်သိန်းလေးေ

"တစ် ... တစ်သိန်းလေးသောင်း ဟုတ်လား မ

"အင်း ... သဉ္ဇာပဲ ခေါ်တော့လေ"

"နမြောလိုက်တာ မ ... နမြောလိုက်တာ သဉ္ဇာ

"ဒါတွေကုန်ထားရတာနဲ့တန်အောင် နင့်စွမ်းဆေ

မာန်မင်း အတွက် အကျိုးပဲရှိပစေ၊ အကျိုးမယုတ်

"ဟုတ်ကဲ့ပါ ဝါဝါ"





"အခု အန်တီဆွေ့အိမ် သွားတော့မယ် မိုး၊ ကိုယ်ဟန်နေထား ပါပြင်တော့၊ ကုပ်ကုပ်ယို့ယို့ နေလို့မရဘူးနော်၊ မိုးမေ ဟာ အဲဒီအိမ်ရဲ့ချွေးမ သူဌေးသမီး၊ မိုးက မမောက်မာပေ မယ့် လူပုံက ထည်ဝါတယ်၊ ပိုင်နိုင်တယ်၊ ရဲတင်းတယ် သွက်တယ်"

တကယ်တော့ အဲဒီပုံမျိုးဟာ ဓုံ့ပုံပါပဲ။ ဓုံ ပတ်ဝန်း ကျင်မှာပေါ့။ ကိုယ့်ထက်မြင့်တဲ့ ပတ်ဝန်းကျင်စိမ်း ရောက်ရလို့ သာ ဓုံ့ပုံစံက နည်းနည်းကုပ်ယို့နေတာ။ ဓုံက လူပုံကိုပြင်လိုက် ပါသည်။ အနည်းငယ်ရှက်တဲ့အတွက် ပြောင်ချော်ချော် ပြုံးစိစိ လေး လုပ်ပြပြီး သဉ္ဇာနှင့် ဝါဝါ့လက်ကို ချိတ်လိုက်ပါသည်။ ဝါဝါက အံ့အားတသင့် အမြင်ကတ်ပုံနှင့် ...

"ဟွန်း ... မနိုင်ပါဘူး"

ဒီလိုနှင့် အဲဒီ ဦးကျော်မင်း၊ ဒေါ်သက်သက်ဆွေ။ မာန်မင်း ဆိုတဲ့ သားအမိ သားအဖ မိသားစုနေကြတဲ့ ဝင်ဒါမီယာ ထဲက ခြံကြီးဝင်းကျယ် အိမ်ကြီးဆီ ညနေ ငါးနာရီခွဲမှာ ရောက်ရှိ ခဲ့ရပါတော့သည်။ ခမ်းနားကြီးကျယ်လှတဲ့ ခြံကြီးနှင့်အိမ်ကြီးကို ရင်သပ်ရှုမောမိတဲ့ အမူအရာ၊ မျက်နှာပေါ် မပေါ်အောင် ထိန်း ထားရပါသည်။ ဘာအံ့သြစရာလဲ။ ကိုယ်ကလည်း သူဌေးသမီး မိုးမေ။ ဒါတွေ ရိုးနေပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... အမယ်လေး သမီး ... မိုး ... မိုးပါပဲ၊ သ
ရယ်"

အန့်တီဆွေက တုန်လှုပ်လိုက်လဲ့စွာ ဆီးကြိုသ
လက်ကိုဆွဲသွားကာ ထမင်းစားခန်းဘက် ခေါ်သွားပြီး ...

"အဖေကြီးရေ ... ဒီမှာ ရောက်လာပြီ"

ဖွန်းခက်ရင်းနှင့် ထမင်းစားနေတဲ့ အမျိုးသား
ဟာ ယောင်ယောင်မှားမှားနှင့် မတ်တတ်ထရပ်ကာ ဖုံ့ကို အံ့
တသင့် ကြည့်နေပြီးနောက် အံ့ဩကုန်နိုင်ဖွယ်လို့သာ ညည်း
ပုံနှင့် ခေါင်းတယမ်းယမ်း ရှိတော့ရင်း ...

"အစစအရာရာ အဆင်ပြေပါစေ သမီး"

"ဟုတ်ကဲ့ပါ အန်ကယ်ကျော်"

လမ်းမှာ အခေါ်အဝါတွေ သဋ္ဌာ သင်ခဲ့ပြီ။
မှာတော့ ဖုံသည် "မာန်မင်း"ဆိုတဲ့သူကို လူကိုယ်တိုင် မ
သေးဘဲ မင်္ဂလာဆောင်နေ့က မိုးမေခကို ရိုက်ထားတဲ့ ဗီဒီ
ကို ထိုင်ကြည့်ခဲ့ရသည်။ မိုးမေခကို ချစ်မြတ်နိုးလှတဲ့ မာန်မ
လည်း ဗီဒီယိုခွေထဲ မြင်တွေ့ခဲ့ရပါသည်။

✧❤✧





## ၅

ကျယ်ဝန်းပြီး သန့်ရှင်းအေးမြနေတဲ့ အခန်းထဲမှာ
အဖို့ လူတွေမျှားနေခဲ့သည်။ ဆရာဝန်၊ ဖုံ ထိုင်နေတဲ့ ပိုးချဲ
ွန်းလာတဲ့သူနာပြု၊ မာန်မင်းရဲ့မိဘနှစ်ပါး။

ဖုံသည် ပိုးပြာရောင်ဖျော့ဖျော့ အိပ်ရာခင်း ခေါင်း
တို့အပေါ်မှာ ပက်လက်ကလေး ရှိနေတဲ့သူကို ပိုးချဲပေါ်မှ
ကြည့်နေမိသည်။ ညက နှစ်ခေါက် သုံးခေါက် ပြန်ရစ်ပြီး
ထားခဲ့တဲ့ အခွေထဲက သတို့သမီးကို ချစ်ခင်မြတ်နိုးပုံပေါ
ွန်းတဲ့ သတို့သားဟာ ခုတော့ အခွေထဲကနှင့် တခြားစီ
ာ်နေသည်။

နားထင်တောင်ချိုင့်အောင် ပိန်ခွက်နေတဲ့ မျက်နှာ
အသားမရှိသလောက် ပိန်ချုံးဟောက်ပက်နေသည်။ နဂိုက



www.burmeseclassic.com

www.burmeseclassic.com



အလောတော်ရှိမယ့် အကျီထဲမှာ လူက ချောင်ချိနေကာ သူ့ပုံသဏ္ဍာန်ဟာ ဘာကိုမှ လှုပ်ရှားပြုမူနိုင်မယ် မထင်အောင် အားပြတ်နေသလိုပင်။

ရင်ညွန့်အထိ ခြုံထားတဲ့ စောင့်ရဲ့အောက်မှာ ပိန်သွယ်နေတဲ့ သူ့ခန္ဓာကိုယ်အချိုးအဆစ်ကို မှန်းဆလို့ရနေသည်။ ဓုံသည် လူတစ်ယောက် ဤမျှနာမကျန်းနေတာကို နဖူးတွေ့ ဒူးတွေ့ မမြင်ဘူးပေ။ မြင်ရသည်မှာ ရင်ထုမနာဖြစ်စရာ ကောင်းနေပါသည်။ သူ့မိဘနှစ်ပါး ရင်ထဲ ဘယ်လောက်မချိတင်ကဲရှိလိုက်မလဲ။

သူတို့ရဲ့ခွေပေါ်မြတင် တစ်ဦးတည်းသော သားက လေးလေ။ ဓုံ့လို မနေ့ကညဦးပိုင်းကမှ ဗီဒီယိုခွေထဲ စတင်မြင်ဖူးရတဲ့သူပင် ဤတစ်ကြိမ် မြင်ဖူးတဲ့ သံယောဇဉ်နှင့် ရင်ထဲခပ်ဆို့ဆို့ နင့်နေသည်။ ဤမျှချောမောရှင်းသန့် ခန့်ညားတဲ့ လူတစ်ယောက်ဟာ ဒီလိုပုံမျိုး ဖြစ်ပျက်နိုင်တယ်လို့ပင် မယုံချင်တာ။

ဓုံသည် နဂိုအသားဖြူမှာ သွေးဆုတ်သလို ဖျော့တော့ဖြူလုပ်နေတဲ့ မာန်မင်းရဲ့မျက်နှာကို သနားကရုဏာသက်စွာ ရင်နာနာနှင့် စိုက်ကြည့်နေရင်း ရင်ထဲမှာလည်း တလှပ်လှပ် ခုန်လာသည်။ ဓုံ့ကို သူလက်ခံပါ့မလား။

"သမီး ခေါ်ကြည့်လိုက်"





မာန်မင်း အမေက တိုးတိုးပြောသည်။ ဓုံသည် လူနိုင်းနေတဲ့အတွက် အနည်းငယ် ရှက်တက်တက် ရှိုးကိုးရှန့်ဖြစ်မိသော်လည်း စိတ်ကို အားတင်းလိုက်ပါသည်။ ကိုယ်က လုပ်ဖို့လာတာပဲလေ။ ရှက်နေရင် မပီမရီနှင့် အလိမ်ပေါ်တာဖြစ်သွားနိုင်ကာ ဒီလူ့ရဲ့ကျန်းမာရေး တိုးတက်လာဖို့ကို ဘာကိုအကူ မပြုနိုင်ဘဲ နေဦးမည်။

ဓုံက ဗိုးချဲပေါ်မှာ ထိုင်နေလျက်နှင့်ပင် ကိုယ်လေးငုံ့ ...

"မောင်"

"........"

"မောင်ရေ"

နှစ်ကြိမ်ခေါ်မရလျှင် ဓုံက ဆရာဝန်ကို မော့ကြည့်

"နိုးအောင် နှိုးလိုက်ရမလား ဆရာ"

"နှိုးလိုက်၊ နှိုးလိုက်၊ ခဏနေရင်ပဲ ဆေးသောက်ရတော့မှာ"

ဓုံက ရင်ဘတ်ပေါ် တင်ထားတဲ့ မာန်မင်းရဲ့လက်ပေါ် သူမရဲ့လက်ဝါးလေးတစ်ဖက်ကို အသာအယာ တင်လိုက်ကာ ...

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းဖြည်းကလေး ပွတ်သပ်လျှင် အရိုးနှင့်ထိတွေ့သာ ခံစားချက်မျိုးသာ ရပါသည်။ ဖြစ်မှဖြစ်ရလေ။ လုံးဝကို စိတ်ကိုလျှော့ကာ ကိုယ့်ကိုယ်ကိုယ် ဂရုမစိုက်ပစ်ထားတော့တာကိုး။

မာန်မင်းက အနည်းငယ်မျှလေး လူးလွန့်လှုပ်ရှားကာ ရင်ဘတ်ပေါ်တင်ထားတဲ့ လက်တစ်ဖက်က နံဘေးဘက်မွေ့ရာပေါ် ကျလာသည်။ ဇုံ လှမ်းဆုပ်ကိုင်ဖို့ ပိုနီးပြီး လွယ်ကူသွားကာ ဇုံက ထိုလက်ဖဝါးလေးကို လှမ်း၍အုပ်မိုးဆုပ်ကိုင်ထားလိုက်ရင်း ...

"မောင်ရေ"

မာန်မင်းက ခေါင်းကို ဒီဘက်စောင်းကာ လူးလွန့်လာသည်။ နိုးသွားကာ သူ့မျက်လုံးများကို အသာအယာ ဖွင့်ကြည့်လာပါသည်။

"မောင် ... နိုးလာပြီလားဟင်"

မာန်မင်းက အာရုံမစုစည်းသေးသလို အဖြေမပေးဘဲ ဒီအတိုင်း ငိုင်ကြည့်နေပါသည်။ စက္ကန့်ပိုင်းလောက်အတွင်း၌ပင် မာန်မင်းက ဆတ်ခနဲ တုန်သွားပြီ သူ့ရဲ့လက်ကို ဇုံဆုပ်ကိုင်ထားတဲ့ လက်ဖဝါးအောက်မှ ဖြုန်းခနဲ ရုန်းထွက်ပစ်လိုက်ပြီး မျက်နှာပြင်တစ်ခုလုံးကတော့ သရဲသဘက်တွေ့လိုက်ရသလို ရှုံ့တွပျက်ယွင်းသွားပါသည်။





ထိတ်ထိတ်ပျာပျာ ဖြစ်သွားတဲ့ ဇုံက သူ့သရုပ်ဆောင်မှုပဲ မပီပြင်လို့လား ဒီအလုပ် ဆက်တောင်လုပ်ရပါတော့မလား ပူပန်တဲ့ မျက်ဝန်းကလေးနှင့် အလန့်တကြား မျက်ရည်ပင် ဝိုင်းလာကာ ...

"မောင် ... မိုး ... မိုးလေ ... မောင်"

"... ... ..."

"မောင် ... မိုး မောင့်ကို လာတွေ့တာပါ"

တဆတ်ဆတ် တုန်အောင် အံ့သြတုန်လှုပ်နေတဲ့ မာန်မင်းက အိပ်ရာထက်မှ လူးလဲထဖို့ ကြိုးစားလိုက်သည်။

"သား"

"သား ... မထနဲ့ဦး၊ ဖြည်းဖြည်း ... ဖြည်းဖြည်း၊ မင်းမှာ ရုန်းရင်းဆန်ခတ် လှုပ်ရှားပေါက်ကွဲဖို့ ကျန်းမာရေးရော ခွန်အားရော မပြည့်စုံသေးဘူး"

ဆရာဝန်က နံဘေးမှထိန်းကာ မွေ့ရာပေါ် ပြန်လှဲလျောင်းစေရင်း ပြောပါသည်။ မာန်မင်းသည် မွေ့ရာပေါ် ခွေခွေလေး ပုံကျသွားကာ ...

"မိုး"

မွေ့ရာစွန်းပေါ်တင်ထားသည့် ဇုံ့လက်ဖဝါးကို သူက ဆုပ်ကိုင်ညှစ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“မိုး … မိုးနော်၊ မိုးအစစ်ပဲနော်၊ မေမေတို့ ပြောသလို မိုး တကယ်မသေဘူးပေါ့နော်၊ မိုး … မိုး …”

ပေါက်ပေါက်ကွဲကွဲ တုန်တုန်ယင်ယင်နှင့် ပလုံးပထွေး ရေရွတ်ရင်း မာန်မင်းက ရှိုက်ကြီးတငင် ငိုချလိုက်ပါသည်။ စိတ်ခွန်အားပါ လျော့နည်းနေတဲ့ ယောကျ်ားပျိုရွယ်တစ်ယောက် တရှိုက်တငင် ငိုနေဟန်ဟာ မြင်ရသူရဲ့ စိတ်နှလုံးကို ပူဆွေးဆင်းရဲခြင်း ကူးစက်စေသည်။

မှုံသည် ဖန်တီးကြိုးစားမနေရဘဲ မျက်လုံးအစုံမှ မျက်ရည်ပေါက်ကြီးများ စီးသွယ်ကျလာကာ မာန်မင်းကဲ့သို့ပင် ပခုံးလေးတုန်အောင် ရှိုက်ကာ ရှိုက်ကာ ငိုမိနေတော့လျက်သားတည်း။

“မိုး … မိုး … မသေဘူး၊ တော်ပါသေးရဲ့၊ မိုးမရှိတော့ဘူးလို့ပဲ မောင် ထင်ထားတာ”

“မောင် … မိုး ရှိပါတယ်၊ မိုး မသေပါဘူး”

“မောင်က မိုး သေသွားလို့ မောင်နဲ့ တွေ့ခွင့်မပြုတာ ထင်နေတာ”

“မိုးလည်း အဲသလိုပဲ ထင်နေတာပါ မောင်ရယ်၊ မောင့်ကိုတွေ့ခွင့်မရတော့ မောင် ဒီလောကကြီးမှာ မရှိတော့ဘူး ထင်နေတာပါ”





“ဒါဖြင့် မောင်ရော မိုးရော ဘာမှမဖြစ်ကြဘူးပေါ့။ ဘာဖြစ်လို့ အစောကြီးကတည်းက လာမတွေ့တာလဲ မိုးရယ်”

“သားရယ် … မိုးလေးလည်း သားလိုပဲပေါ့၊ သူ့ဒဏ်ရာ သူ့ဝေဒနာနဲ့ ဘယ်လိုမှ လာတွေ့ဖို့ မဖြစ်နိုင်လို့ နေရတာပေါ့။ မေမေ ပြောသားပဲ သားကို၊ ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင် ဂရုစိုက်ကြိုးစားပါလို့၊ သားကျန်းမာမှ မိုးကို တွေ့နိုင်မှာလို့ ပြောခဲ့သားပဲ မဟုတ်လား”

“သားမှ မယုံခဲ့တာ”

“မိုးလည်း နေကောင်းမှ ကျန်းမာလာမှ မောင့်ကို တွေ့ခွင့်ရမယ်ဆိုလို့ နေကောင်းအောင် ကြိုးစားပမ်းစားနေခဲ့ရတယ်၊ အစားတွေ ဘာတွေ စားနိုင်ပြီး ခွန်အားပြည့်လာမှ လူက ထူထူထောင်ထောင်ဖြစ်မယ်၊ ဆေးကုသမှုလည်းထိရောက်မယ်ဆိုလို့ မိုးက ဆေးတွေရော အစားအစာတွေရော မစားချင်လည်းစား မသောက်ချင်လည်း သောက်ခဲ့တယ် …

အဲဒါကြောင့် အခု နည်းနည်းပါးပါး နလန်ထူနိုင်လာလို့ မောင့်ကို လာတွေ့ခွင့်ရတာပေါ့ မောင်ရယ်”

မာန်မင်းက လက်ဖျားလေးမှတစ်ဆင့် အနွေးထည်သက်ရှည် အနက်ရောင်လေး ဝတ်ထားတဲ့ မိုးရဲ့လက်ကောက်ဝတ် လက်ဖျံတို့ကိုပါ သူ လက်လှမ်းမီသလောက် ထိတွေ့ဆုပ်ညှစ်ကြည့်ကာ …



www.burmeseclassic.com

www.burmeseclassic.com



"မိုး တကယ်မသေဘူးနော်၊ တကယ်မသေဘူးပေါ့၊ မိုး အစစ်ပဲနော်၊ မိုး အစစ် ဟုတ်ပါတယ်နော်"

"မိုး အစစ်ပါ မောင်ရယ်"

"မိုး ... မိုးရယ်၊ မောင် လုံးဝမယုံဘူး၊ မယုံနိုင်ဘူး၊ မိုးကို သွေးအိုင်ထဲမှာ မောင်တွေ့လိုက်ရတာ၊ အဲဒီနေ့ကတည်းက မိုး သေရှာပြီလို့ပဲ မောင် ထင်ခဲ့တယ်၊ မိုးရဲ့အသုဘအခမ်းအနားကို ခဏခဏ အိပ်မက်မက်ခဲ့တယ်"

"ဟင့်အင်း ... မိုး မသေဘူး၊ မောင်က မိုးကို သေပြီချည်း ထင့်တော့ စိတ်ဓာတ်ကို လျှော့ချပြီး ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်မနေဘူး၊ ခုဆိုရင် မောင့်ဟာတောင် မိုးထက် လူမမာသည်နဲ့ ပိုတူတယ်၊ မိုးကတော့ မောင်မသေဘူးဆိုတာကို ယုံကြည်ထားတော့ မောင့်ကို မြန်မြန်တွေ့ရအောင် ဆေးရုံက မြန်မြန်ဆင်းရအောင် အစားတွေစားတယ်၊ ဆေးတွေသောက်တယ် ...

ဟော ... အခုကြည့်လေ၊ ဒဏ်ရာတွေ ပိုဆိုးတဲ့ မိုးကတောင် မောင့်ထက်အရင် ထူထူထောင်ထောင်ဖြစ်လို့၊ မောင့်ဆီ မိုးက လာနိုင်တယ်၊ မောင်က မိုးဆီမလာနိုင်ဘူး တွေ့လား၊ မြန်မြန်ထူထောင်လာအောင် ကြိုးစားပါ မောင်ရယ်၊ အန်တီဆွေကလည်း ပြောတယ်၊ မောင့်ကို ဘာမှကျွေးလို့မရဘူးတဲ့၊ နှာခေါင်းပိုက်ကနေ နို့ရည်လောက်





ပဲ ထည့်နိုင်တာ၊ အဟာရမပြတ်ရုံအပြင် ဘယ်လိုလုပ်ပြီး ခွန်အားရှိရှိ နလန်ထူနိုင်ပါ့မလဲ မောင်ရယ်"

"မိုး ... မောင် ... မောင် အစားစားပါ့မယ်၊ မောင် နေကောင်းလာအောင်နေမှာ၊ မိုးကိုတွေ့လိုက်ရတာ မောင် အရမ်းဝမ်းသာသွားပြီ"

မာန်မင်းသည် မျက်ရည်အစိုစို အစွတ်စွတ်နှင့် မိုး၏ လက်ကို မလွှတ်စတမ်း ဆုပ်ကိုင်ထားပါသည်။ ဒေါ်သက်သက်ဆွေက သားဖြစ်သူရဲ့နဖူးစပ်က ချွေးစေး ချွေးဥတို့ကို တစ်ရှူးလေးနှင့် သုတ်ပေးရင်း ...

"သားကို မေမေ ပြောသားပဲ သား၊ သား နေကောင်းရင် မိုးလေးကို သွားတွေ့နိုင်ပါတယ်ဆိုတာ၊ အခု မိုးကို သားက သွားမတွေ့နိုင်ဘဲ မိုးက သားကို လာတွေ့ရတယ်၊ မိုးလည်း ကောင်းကောင်းနေကောင်းသေးတာ မဟုတ်ဘူး သား၊ ပြန်ရဦးမှာ၊ ခဏပဲ လာတွေ့နိုင်တာ"

"မိုး ဘာဖြစ်နေသေးလို့လဲဟင်"

မာန်မင်းက မိုးရဲ့ခြေဆုံးခေါင်းဖျား စေ့စေ့စပ်စပ် လိုက်ကြည့်ရင်း လက်ကိုလည်း ဆုပ်ညှစ်ရင်း ဘာများဖြစ်နေသလဲ မေးစမ်းသည်။

"သားလိုပဲပေါ့၊ နာလန်ထကာစပဲ ရှိသေးတာ"

"မိုးက အခု ဘယ်ကလာတွေ့တာလဲ၊ ဘယ်ကိုပြန်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မျက်စိသူငယ်နှင့် မေးနေသော မာန်မင်းကို ဖွ
ကရုဏာသက်စွာ ငေးကြည့်နေမိပါသည်။ ဒေါ်သက်သက်
က ...

"မိုးက အနားယူရတုန်း၊ ပုဂ္ဂလိကဆေးရုံတစ်ခုမှာ နေ
တယ်"

"ဟင် ... အိမ်မှာနေလို့ မရဘူးလား၊ သားတောင် အိမ်
နေနေရတာပဲ၊ မိုးက သားထက်တောင် နေကောင်းနေ
ပဲ"

"မိုးက ဒဏ်ရာရတုန်းက နှလုံးကိုလည်း ထိခိုက်မှုရှိထ
တယ် သား၊ လူကကောင်းနေသလို ထင်ရပေမယ့် နှ
က အားနည်းတုန်း၊ အနားယူရတုန်း"

"နှလုံးရောဂါလား"

"အဲဒီသဘောဆန်ဆန်ပဲ"

"ဟုတ်ရဲ့လား၊ မိုး တခြားဘာဖြစ်နေသေးလဲ၊ တစ်ခုခု
ဖြစ်နေလားဟင်"

မာန်မင်း ပုံသဏ္ဌာန်က စိုးရိမ်တကြီး ပျာပျာသ
ရှိလှသည်။

"မဖြစ်ပါဘူး သားရဲ့၊ လူရော စိတ်ရော နားနားနေ
နေဖို့ လိုအပ်တာ တစ်ခုပဲ"





နဂိုကပင် ကြိုတင်တိုင်ပင် စီစဉ်ထားတဲ့အတိုင်း ဒေါ်သက်သက်ဆွေက ပြောရပါသည်။ နေမကောင်းသေးဘူးဆိုတာဟာ ဖွဲ့အတွက် ကြိုတင်အကာအကွယ် အစီအမံလည်း ဖြစ်ပါသည်။

"မိုး ဆေးရုံကဆင်းလာပြီး အိမ်မှာပဲ နာ့စ်နဲ့ နေပါလား၊ မောင်တို့အိမ်ကိုပဲ လောလောဆယ် ဆင်းခဲ့လေ၊ အက်ဖ်အမ်မ်အိုင် အိမ်ကိုတော့ နှစ်ယောက်လုံး သေချာနေကောင်းမှ ပြောင်းတာပေါ့"

"မိုးက ဆေးရုံကဆင်းလို့ မရသေးဘူး သားရဲ့၊ ခဏနေရင် ဆင်းရမှာပါ၊ နှလုံးနဲ့ပတ်သက်တော့ ရုတ်တရက် စက်တွေဘာတွေ လိုလာတာမျိုးရှိရင် ဆေးရုံက စိတ်ချရတာပေါ့"

"ဒါဖြင့် ဒီနေ့တစ်ရက်ပဲ တွေ့ရမှာလား"

မာန်မင်းသဏ္ဌာန်က ခါးခါးသီးသီး။ ဆရာဝန်ကြီးက ဝင်ကာ ...

"မင်းရဲ့မိုး လာလာတွေ့မှာပါကွာ၊ နေ့တိုင်းတွေ့ရပါမယ်၊ မင်းသာ ထူထောင်လာအောင် လုပ်ရမယ်၊ အစားစား၊ အိပ်၊ အားမွေးရမယ်"

"ဟုတ်ကဲ့၊ ကျွန်တော် စားပါ့မယ်၊ အိပ်လည်းအိပ်ပါ့မယ်၊ ဆရာ ... ဒီနှာခေါင်းကပိုက်ကြီးကို ဆွဲဖြုတ်ပေးပါ"

"ပိုက်က မင်းကို အစာထည့်နေရတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပါးစပ်က စားပါ့မယ်၊ အစားများများစားပါ့မယ် ဆရာ၊ တစ်ရက် နှစ်ရက်အတွင်း ထူထောင်လာအောင် ဂရုစိုက်ပြီး စားပါ့မယ်"

"ဟုတ်မှ ဟုတ်ရဲ့လား မာန်မင်းရာ"

မာန်မင်းက တံတောင်ဆစ်ထောက်ကာ အိပ်ရာထဲ မှာပဲ ထိုင်နိုင်အောင် ထ,ယူပါသည်။ ခွန်အားလုံးမဝရှိ၍ မှီထိုင် နိုင်ဖို့ ထ,ရတာကိုပင် သူ့မှာ မောဟိုက်နေပါသည်။ ဘေးက နာ့စ်နှင့် ဒေါ်သက်သက်ဆွေရဲ့ အကူအညီကြောင့် ကျောဘက်မှာ ခေါင်းအုံးခုပြီး ထိုင်နိုင်သွားကာ ဟောဟဲဆိုက်နေသည်။

ဖုံသည် အမြင်မတော်လျှင် မနေတတ်တဲ့သူမျိုးဖြစ် လေရာ သူ့ကိုဝိုင်းထူမ,ပေးမိမတတ် ဖင်တကြွကြွပင် ဖြစ်နေပါ သည်။ ဗိုးချဲပေါ်မှ ခါးလေးကိုင်းကာ လက်လေးကမ်းကာ ဝင်ကူ ထူမတ်ပေးလိုက်ချင်တဲ့ အမူအရာက ဟန်ဆောင်တာမဟုတ် အစစ်အမှန်ဖြစ်လေရာ သရုပ်ဆောင်ပဲ ပိုင်နိုင်လှသလိုလို မာန်မင်း အပေါ် ပျာပျာသလဲ ဂရုစိုက်ပုံမျိုး ဖြစ်နေပါသည်။

"မင်း တကယ်စားမယ် ဆိုရင်တော့ နှာခေါင်းက အစာ သွင်းတဲ့ပိုက်ကို ဖြုတ်ပေးမယ် မာန်မင်း"

"တကယ်စားမှာပါ၊ အခုပဲ တခုခုကျွေးပါ၊ ကျွန်တော့်ရင် ထဲမှာ တလှပ်လှပ်နဲ့ စိတ်လှုပ်ရှားလွန်းအားကြီးတော့ ဗိုက်တအားဆာသလို ခံစားရတယ် ဆရာ"





"ဒါဖြင့် ခုလောလောဆယ် နို့လေးတစ်ခွက် အရင်ပေးပြီး စ,စားကာစဆိုတော့ နူးနူးမြိုမြို အစာကြေလည်းလွယ်အောင် ကြက်ဆွပ်ပ်ကလေး မြန်မြန်စီစဉ်လို့ ရမလား၊ နူးမှဖြစ် မယ်"

ဒေါ်သက်သက်ဆွေက ဝမ်းသာအားရနှင့် ...

"ရပါတယ် ဆရာ၊ မိုက်ခရိုဝေ့ဗ်နဲ့ ပြုတ်လိုက်ရင် ဆယ့်ငါး မိနစ်ပါပဲ၊ နူးမြိုနေမှာပါ"

"ကြက်သွန်ဖြူကလေးနဲ့ ဆားကလေးပဲထည့်ပြီး အဲဒါလေး ပြုတ်လိုက်ပေါ့၊ ကြက်ဆွပ်ပ်ရယ် ဆန်စေ့မမြင်ရအောင် ပြဲကျဲနေတဲ့ ဆန်ပြုတ်ရေကျဲလေးရယ်ပဲ နှစ်ရက်ဆက်တိုက် လောက် ကျွေးရမယ်၊ အစာမဝင်တာ လနဲ့ချီကြာတော့ အစာခြေနိုင်ဖို့ မလွယ်သေးဘူး"

"ဟုတ်ကဲ့ ဆရာ"

ဦးကျော်မင်းရော ဒေါ်သက်သက်ဆွေပါ ဝမ်းသာ ရဖြစ်နေကြပါသည်။ ဒေါ်သက်သက်ဆွေက အပြေးထွက်ကာ နွေးတစ်ခွက် ယူလာဖို့ ကြက်ပြုတ်ဖို့ ဒေါ်ပုကို မှာသည်။ မင်း အစာစားမည်ဆိုတဲ့အတွက် တစ်အိမ်လုံး ပျာပျာသလဲ ကုန်ရပါသည်။

"မာန်မင်း ... စိတ်တွေ အထူးတက်ကြွပြီး မြန်မြန်အား ဖြည့်ချင်စိတ်နဲ့ မင်း မတရားသဖြင့်တော့ စားလို့မရသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူးနော်၊ တစ်ကြိမ်ကို ကော်ဖီပန်းကန်တစ်လုံးစာ မရှိတ
လေးပဲ အစာဝင်ပါစေဦး၊ အကြိမ်များများ စားပေးနိုင်တယ်
တစ်ကြိမ်တည်းတော့ များများ မစားရသေးဘူး”

“ဟုတ်ကဲ့”

လူကသာ ယဲ့ယဲ့။ မာန်မင်း မျက်ဝန်းများက ချ
ချင်း ရွှင်လန်းတောက်ပြောင်လာပါသည်။ ခုတင်နံဘေး ပူးယှ
ရပ်ထားတဲ့ ဗိုးချဲပေါ်က ဖုံ့လက်ဖျားကိုလည်း လုံးဝမလွှတ်
မလွှတ်ဘူးသာဆိုတယ် သူ့လက်က အားမရှိတာမို့ ဖုံကပဲ
လက်ဖြုတ်မကျသွားအောင် ပြန်ဖေးမဆုပ်ကိုင်ပေးထားရတာ

“ကဲ ... ဒါဖြင့် ဒီနေ့အဖို့တော့ ကျွန်တော် ပြန်ပြီ၊ လူ
တွေမှာ စိတ်ဟာအရေးအကြီးဆုံးပဲ ဆိုတာ သိထားပေ
ခုအဖြစ်အပျက်မှာတော့ အထင်ရှားဆုံးပဲဗျို့၊ မာန်
ဒီနေ့ ဒီလိုထ,ထိုင်နိုင်လိမ့်မယ်လို့ မနေ့ကညနေအ
ကျွန်တော် မျှော်လင့်မထားဘူး”

“ဆရာ ... အဲဒါ အချစ်ရဲ့ စွမ်းအားပါ”

“ဩော် ... ဟုတ်ကဲ့ပါဗျာ”

မာန်မင်းရဲ့လေသံယဲ့ယဲ့နှင့် ဆိုစကားကြောင့်
ခန်းလုံးရှိသမျှ လူအားလုံး သဘောတကျ ပြုံးရယ်ကြပါသ

“ကဲ ... ကျွန်တော် ပြန်မယ်ဗျို့၊ မာန်မင်း စိတ်တွေဝ
ကြပြီး မစားသောက်ခင် ခံတွင်းသန့်ရှင်းရေးလုပ်





ပိုက်ဖြုတ်လိုက်ပြီဆိုတော့ သွားတိုက်၊ ပါးစပ်ဆေးလုပ်လိုက်၊ ဆရာမ ဒီကိုပဲယူပြီး သေချာလုပ်ပေးလိုက်ပါ”

“ဟုတ်ကဲ့ ဆရာ”

“ကဲ ... သွားလိုက်ဦးမယ်”

“ဟို ... ဆ ... ရာပြန်ရင် မိုး တစ်ခါတည်း ပြန်လိုက်ဖို့ မလိုဘူး မဟုတ်လား၊ မိုးနေခဲ့လို့ ရသေးတယ် မဟုတ်လား ဆရာ”

“မိုး ခဏနေပါလိမ့်ဦးမယ်၊ ပြီးမှ သူ့ဟာသူ သတ်သတ် ပြန်ပါလိမ့်မယ်”

ဖျော့တော့နေတဲ့ မာန်မင်းရဲ့မျက်နှာပေါ်မှာ အပြုံး
သည်ပင် သိပ်မပီပြင်ချင်။ ပါးတွေချွက်၊ နှုတ်ခမ်းအပေါ်အောက်
ရာက အသားအရေသည်ပင် အရေခွံပါးပါးနှင့် ပိန်ရှုပ်နေရာ
လိုက်တော့ သွားပင်နည်းနည်းခေါ်နေသလို ထင်ရသည်။
လောက် ချောသန့်လှတဲ့သူရဲ့ ရုပ်ပျက်ဆင်းပျက် ဖြစ်နေပုံကို
တ အကြီးအကျယ် သနားနေမိပါသည်။

သူ့ခမျာ သူ့သတို့သမီးလေး မိုးမေခကို အင်မတန်
ကို ချစ်ရှာတာပါလား။ အဲဒီလောက် ချစ်မြတ်နိုးတဲ့ သူ့အချစ်
ကိုယ်တိုင်မြင်တွေ့ခံစားရတဲ့ အချိန်မှာ ဖုံ့စိတ်ထဲ ပထမဆုံး
င်ထင်ရှားရှား ဝင်လာတဲ့အတွေးသည်ကား၊ “ဂျင့်”ကို ဖုံ့
လောက်ချစ်ရဲ့လား မြတ်နိုးရဲ့လားလို့ပင်။

www.burmeseclassic.com



မရဲတရဲ ခပ်ရှက်ရှက် ယူဆမိသည်မှာ ဖုံ့တစ်သ... မှာ ဘယ်သူ့ကိုမှ အဲသလောက် ရှူးရှူးသွပ်သွပ် မက်မက်စ... စက် မြတ်မြတ်နိုးနိုး မချစ်ဘူးပါ။ အဲသလောက် ချစ်နိုင်တဲ့ ... တတ်တဲ့သူကိုလည်း အံ့အားတသင့် အထူးဘာဆန်း လေးစား... သလိုလို။ သူ့အမေပြောတဲ့အတိုင်းဆိုရင် သူဟာ မကြာခင်ရှူးသွ... မှာတောင် စိုးရိမ်ရအောင် စိတ်တွေ ကယောင်ချောက်ခ... ကယောင်ကတမ်း ဖြစ်နေခဲ့တဲ့သူ။

သူ့ချစ်သူ မရှိတော့ဘူးလို့ ယုံကြည်တဲ့အတွ... သူကိုယ်တိုင်တောင် မရှင်သန်ချင်တော့တဲ့သူ။ အတူလိုက်သေ... လိုက်ဖို့အထိ စိတ်ကိုလျှော့ချထားတဲ့သူ။ သူ့ချစ်သူ မရှိတော့... အတွက် သူ့အသက် သူ့ဘဝ ဘာကိုမှ မတွယ်မက်တော့တဲ့... အဲသလောက် အစွဲအလမ်းကြီးကြီး ချစ်တတ်သူရဲ့ တစ်ဦးတ... သော မိန်းကလေး ဖြစ်ခဲ့ရတဲ့ မိုးမေဟာ ဘယ်လောက်တေ... ကံကောင်းလှသလဲ။

"မိုး"

"ရှင်"

"မပြန်နဲ့ဦးနော်"

အခန်းထဲမှာ နှစ်နှင့် ဖုံ့ပဲ ကျန်ပါသည်။ ဒေါ်သ... သက်ဆွေက မာန်မင်း စားသောက်ဖို့ သွားစီစဉ်နေကာ ဦး... မင်းက ဆရာဝန်နှင့်အတူ လိုက်ထွက်သွားပါသည်။





"ညနေမှ ပြန်နော်၊ ဖြစ်တယ် မဟုတ်လား"

ဆရာမက ပြုံးရင်း ...

"ဒီလောက်အကြာကြီးတော့ ဘယ်ဖြစ်မလဲ လူနာရဲ့၊ မိုးမေလည်း လူနာပဲလေ၊ သူလည်း နားရဦးမှာပေါ့၊ ခုတောင်မှ သူ့ခမျာ ပထမဆုံး၊ အပြင်ထွက်တာလေ၊ ခဏဆို တော်ပြီပေါ့ရှင့်"

မာန်မင်းက မိုးမေကို သနားသွားသလို စိုးရိမ်မ...င်းတဲ့ပုံနှင့် ...

"ဟုတ်ပါရဲ့၊ မိုး သနားပါတယ်၊ မောင်က မလာနိုင်တော့ မိုးက လာတွေ့ရှာတယ်၊ ပင်ပန်းနေပြီလား မိုး"

"ရပါတယ်၊ မပင်ပန်းပါဘူး မောင်"

ဖုံ့သည် နှုတ်က"မောင်"လို့ တစ်ခွန်းထွက်ရတိုင်း ...င်ကြိမ်ရှိန်းရှိန်ထ ရင်ဖိုရသည်။

"မောင်က တခြားဘာရောဂါမှ မရှိနေတော့ နှစ်ရက်သုံး ရက်နဲ့ အားပြန်ပြည့်ပြီး နလန်ထ,လာမှာပါ မိုးရယ်၊ အဲဒီ ကျတော့ မောင်ပဲ မိုးရဲ့ဆေးရုံကို လာတွေ့တော့မယ်နော်"

"အင်းလေ ... လူနာက စောစောစီးစီးမှ ဇကားနားမ ထောင်ဘဲကိုး၊ ဆရာဝန်ကြီး ပြောစကား အမေအမေပြော စကား သေချာနားထောင်ပြီး စောစောစီးစီး ထူထူထောင် ထောင်ဖြစ်ရင် ရှင်က သွားလို့ရတာပေါ့ လူနာရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဆရာမရယ်၊ ကျွန်တော် အခုကစပြီး စာ
မှာ သောက်မှာပါ၊ နေကောင်းအောင် နေမှာပါ၊ ဆရာ
ကြည့်ပေါ့ဗျာ"

ဒေါ်သက်သက်ဆွေက နွားနို့နွေးနွေးကလေးနှင့်
ရှင်ပျူစွာ ပြန်ဝင်လာပါသည်။

"သားရေ ... နွားနို့လေး အရင်သောက်ရအောင်"

"အန်တီဆွေ ... မိုး တိုက်ပေးပါ့မယ်"

မာန်မင်း မျက်နှာက ကြည်လင်ဝင်းလက်
ကြည်နူးပြုံးကလေးက ချိနဲ့တဲ့ မျက်နှာပေါ်မှာ ထင်လင်းလာ
သည်။ ဒေါ်သက်သက်ဆွေကလည်း ကျေကျေနပ်နပ် ပြုံးသွ
ကာ ...

"ရော့ ... သမီး တိုက်၊ သမီးတိုက်ရင် သားက ပိုဝင်
ကွယ့်"

"မိုး နေကောင်းလို့လား၊ တိုက်နိုင်လို့လား"

"နွားနို့ဖန်ခွက်လေးတစ်ခွက် ဘယ်လောက်လေးတာမို့
မောင်ရယ်၊ ဇွန်းလေးနဲ့ ခပ်တိုက်ရတာ ဘာပင်ပန်းလို့လ

ဖုံက ပန်းကန်ပြားပေါ် တင်ထားတဲ့ ဖန်ခွက်
တစ်ဖက်ကကိုင်ကာ ဇွန်းလေးကတစ်ဖက်ခပ်၍ မာန်မင်းဘ
ကိုယ်လေးကိုင်ငုံ့ကာ တိုက်ပေးပါသည်။ တစ်ဇွန်းပြီး တစ်ဇွ





င်တဲ့ မာန်မင်းကိုကြည့်ကာ မိခင်ဖြစ်သူမှာ ဝမ်းသာအားရ တုန်
တုန်ယင်ယင်နှင့်....

"ဝမ်းသာလိုက်တာ သားရယ်၊ မေမေ စိတ်ချမ်းသာလိုက်
တာ"

တဖွဖွ ရေရွတ်ဝမ်းမြောက်မဆုံး။

နွားနို့တစ်ဖန်ခွက် ဟိုက်ဟိုက်လေးဟာ မကြာခင်
ကုန်သွားပါသည်။

"နောက်တစ်နာရီလောက်နေရင် ကြက်စွပ်ပြုတ်လေး နည်း
နည်း ထပ်သောက်မယ်နော် လူနာ"

"မိုး ... အဲဒီအထိ နေဦးမလားဟင်"

ဖုံက ဒေါ်သက်သက်ဆွေကို လှမ်းကြည့်လိုက်ပါ
သည်။ ဒေါ်သက်သက်ဆွေက ဘာမှဝင်မပြောတာမို့ ...

"မိုး နေပါ့မယ်"

"ဆရာမနဲ့ မေမေ၊ ဟို ... အပြင်ခဏ ထွက်နေပေးပါလား၊
ကျွန်တော် မိုးနဲ့ နှစ်ယောက်တည်း စကားပြောချင်တယ်"

ဖုံနှင့် ဒေါ်သက်သက်ဆွေ အကြည့်ချင်း ဆုံရပြန်
သည်။ ဒီတစ်ခါတော့ ဒေါ်သက်သက်ဆွေက ဖုံ့ကို မေးခွန်းထုတ်
တဲ့ မျက်ဝန်းနှင့်။ ဖုံလည်း ဘာပြန်ဖြေရမလဲ မသိပါ။ ရင်ထဲမှာ
တော့ အလန့်တကြား တဒိန်းဒိန်းတောင် မြည်ဟီးသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား ... မိုးလည်း သိပ်နေမကောင်းဘူးနော်"

"မေမေကလည်း စကားနည်းနည်းပဲ ပြောမှာပါ၊ မိုး ပင်ပန်းမယ်ဆိုရင် သားပဲပြောမှာပေါ့၊ အခုမှ မမျှော်လင့်ဘဲ မိုးကို ဘွားခနဲ ပြန်တွေ့တာ သားမှာ ပြောစရာစကားတွေ ဘယ်လောက်တောင် များနေမလဲ မေမေ တွေးကြည့်ပါဦး"

"အေးပါ သားရယ်၊ မိုး စိတ်ရှုပ်အောင်တော့ ထွေလီကာလီတွေ လျှောက်မပြော လျှောက်မမေးနဲ့နော်၊ မိုးစိတ်ရှုပ်ရင် ခေါင်းတွေ ဘာတွေမူးနေဦးမယ်၊ တော်ကြာ နောက်နေ့ မလာနိုင်ပဲ နေဦးမယ်"

"ဟုတ်ကဲ့ပါ"

"မိုး ... အန်တီ အပြင်မှာ ရှိမယ်နော်"

မာန်မင်းက မျက်ခုံးတွန့်သွားပြီး ...

"မေမေ အပြင်မှာမရှိလည်း ဘာမှမဖြစ်ပါဘူးဗျာ၊ တံခါးပါ ပိတ်ထားပါ"

"သြော် ... တစ်ခုခု လိုအပ်ရင် နေမကောင်းရင် လှမ်းခေါ်လို့ ရတယ်လို့ ပြောတာလေ သားရဲ့၊ မိုးခမျာလည်း ဗိုးချဲ့နဲ့ပဲ နေရတာလေ"

ဆရာမရော ဒေါ်သက်သက်ဆွေပါ အခန်းထဲက ထွက်ခွာကာ ဒေါ်သက်သက်ဆွေက တံခါးလက်ကိုင်ဘုကို ဆွဲစေ့





ပိနီး ဖုံ့ကို ကျေးဇူးတင်အားပေးတဲ့ မျက်ဝန်းနှင့် အဓိပ္ပာယ်ရှိရှိ ...မ်းကြည့်သွားပါသည်။

"မိုး"

"ရှင်"

"မိုး"

"ဘာလဲ မောင်ရယ်"

ဖုံ့သည် မာန်မင်းရဲ့ မျက်လုံးများအကြည့်ဒဏ်ကို ...ယ်လိုမှ ရင်မဆိုင်နိုင်ကာ မျက်လွှာလေးချလိုက်မိပါသည်။ ...မ်းအရိုင်းကလေးလည်း မဟုတ်၊ ချစ်သူတစ်ယောက်ရှိတယ် ...သမယ့် ဂျင့်ကို တစ်ကြိမ်တစ်ခါမှ ရှက်ကိုးရှက်ကန်းနှင့် ရှိန်း...မနေခဲ့မိတာ သေချာသည်။

ပြောစရာရှိပြော ဆိုစရာရှိဆို တရင်းတနှီးရှိကာ ...တာကြောက်တာ ရင်ဖိုတာရယ်လို့ မရှိခဲ့ပေ။

"မိုး"

မာန်မင်းရဲ့လက်တစ်ဖက်က ဖုံ့လက်ဖဝါးကို ...ကိုင်ထားရာမှ မြှောက်တက်လာကာ ဖုံ့ရဲ့ မိရာပါးပြင်တစ် ...ကို လက်ဖမိုးနှင့် ပွတ်သပ်လိုက်ပါသည်။ နှလုံးသားကို ဓာတ်...း ငလျင်တစ်ချက် လှုပ်ခတ်သွားသကဲ့သို့ ကတုန်ကယင် ...သွားရသော ဖုံ့သည် ကိုယ့်အဖြစ်ကိုလည်း ကိုယ်အလန့်တကြား။



www.burmeseclassic.com

www.burmeseclassic.com



"မိုး ... မောင့်ကို မလွမ်းဘူးလားဟင်၊ ဟင် ! ..."

"လွမ်းတာပေါ့ မောင်ရယ်"

"မိုး အရင်ကထက် ပိန်သွားတယ်နော်"

"မောင်က ပိုပိန်တာပေါ့၊ မောင်က အရင်က အရမ်းရှ
သန့် ခန့်ညားနေတာ၊ ခုတော့ မယုံနိုင်လောက်အောင်
ရုပ်တောင် ပြောင်းသွားသလိုပဲ၊ မမှတ်မိလောက်အောင်
ပိန်ချုံးဖျော့တော့သွားတာ"

"ကိုယ့်ရုပ်ကိုယ် မမြင်ရတာလည်း ကြာပါပြီ မိုးရ
အခု မောင်က ရုပ်ဆိုးနေပြီပေါ့နော်"

"အင်းပေါ့ ... မျက်နှာတစ်ခုလုံးမှာ အသားရယ်လို့တော
မရှိသလောက်ပဲ"

"မိုးကတော့ အရင်တုန်းကရော အခုရော မောင့်မျက်
ထဲမှာ ကြည့်လို့မဝအောင် လှနေတုန်းပဲ၊ မိုးရယ် ... မ
ကောင်း မပျောက်ကောင်း၊ မိုးကို နောက်ဆုံးမြင်လိုက်
မြင်ကွင်းက ခုထိ မောင့်မျက်စိထဲက မထွက်ဘူး၊ မြ
မြင်ယောင်တိုင်း အသက်ဆက်မရှင်ချင်လောက်အောင်
ခဲ့တာ ...

မောင် နေကောင်းရင် မိုးချစ်တဲ့ အက်ဖ်အမ်
အိမ်လေးကို မောင်တို့ ပြောင်းကြမယ်နော်၊ မိုး





အိမ်မှာပဲ နားနေပေါ့၊ အချိန်ပြည့် နာ့စ်ခေါ်ထားလိုက်မှာ
ပေါ့၊ တစ်ခုခု လိုအပ်လာလည်း ပန်းလှိုင်ဆေးရုံကြီးနီး
တာပဲဟာနော်၊ မိုးရဲ့ပုံစံက အရေးတကြီး စိုးရိမ်စရာဖြစ်
နိုင်တဲ့ပုံ မပေါက်ပါဘူး၊ မျက်နှာလေးက ကြည်ပြီးတောက်ပ
နေတာပဲ"

ခိုသည် သူ့ကို စေ့စေ့မကြည့်ရဲတဲ့ကြားက ဖျတ်ခနဲ
တ်ခနဲတော့ မျက်ဆန်လေးဝေ့ကာဝဲကာ ခိုးကြည့်မိသေးသည်။
သနားဖို့ကောင်းလိုက်တာရှင်ရယ်။ တစ်နေ့နေ့မှာတော့ ရှင်ဟာ
ရှင်သိပ်ချစ်တဲ့ မိုး တကယ်မရှိတော့ဘူးဆိုတာ အမှန်အတိုင်း
သိကိုသိရရှာမှာပဲလေ။

ဘယ်လောက် ရင်ကွဲပက်လက် ပြန်ဖြစ်သွားလိုက်
လေ။ တခြား ဘာကြောင့်မှမဟုတ်ဘဲ ရှင့်ကို သနားကရုဏာ
သက်မှု တစ်ခုတည်း သက်သက်ကြောင့် ကျွန်မ "မိုးမေခ"ပဲ
ဖြစ်လိုက်ချင်ပါတော့တယ်။ ရှင့်နံဘေး အခုထိုင်နေသူဟာ ရှင်
ချစ်လွန်းအားကြီးတဲ့ မိုးမေခ အစစ်ပဲ ဖြစ်လိုက်ပါတော့။

"မိုး"

"ရှင်"

"မောင့်ကို ချစ်တယ်လို့ ပြောပါဦး၊ မကြားရတာ ကြာလှ
ပြီ မိုးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"... ... ..."

မိုးသည် ခပ်ရှက်ရှက် ဖြစ်လာကာ နှုတ်ခမ်းလေး ချင်း ဖိချေပြီး အတန်တန် အားယူနေမိပါသည်။

"မိုး ... ပြောပါဦး မိုး၊ မောင် ကြားချင်လို့ပါ"

"မောင့် ... မောင့်ကို မိုး ချစ်တယ်"

တိုးတိတ်တုန်ယင်စွာ ပြောအပြီး ဖုံ့နှလုံးသားများ အဆက်မပြတ် ခုန်ပေါက်ပူနွေးလာသည်မှာ အံ့သြစရာကောင်း လွန်းပါဘိတော့။





## ၆

"ကိုမာန်ရယ် ... ရှင် နာလန်ထလာတာက မယုံနိုင်လောက် အောင် အံ့သြစရာ မြန်ဆန်တယ်၊ အချစ်ဆိုတာ လူတစ် ယောက်ကို ဒီလောက်ထိအောင် စေစားနိုင်တာ အံ့အားသင့် စရာပဲ"

မာန်မင်းက သဉ္ဇာကို ပြုံးကြည့်ရင်း ...

"မိုး မသေဘူးဆိုတော့ ကျွန်တော့်ဘဝ ပြီးပြည့်စုံသွားပြီ လေ၊ ခုတင်ပေါ်မှာ လဲနေတဲ့ တစ်ချိန်လုံး မိုးသာ အသက် ပြန်ရှင်လာမယ်ဆိုရင် ဘာပဲလုပ်ရ လုပ်ရ လုပ်ပါ့မယ်လို့ ဘုရားရှင်ဆီမှာ ကတိတွေပေး ဆုတောင်းနေခဲ့တာလေ၊ နာလန်ထ,အောင် စားသောက်ပေးရတာလေးလောက်တော့ အပျော့ပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မာန်မင်းက ဘေးကဝိုးချဲပေါ်မှာ ဆန်ခါလေးတစ်ခု
ထဲ လိမ္မော်သီးများထည့်ရင်း အခွံနွာနေသော ဖုံ့ကို လှည့်ကြည့်
ကာ ...

"မိုး ... နေပါစေ၊ မောင့်ဘာသာမောင် နွာပါ့မယ်၊ မိုးကို
မောင်က နွာပေးရမှာပါ မိုးရယ်"

"မိုး နွာပါရစေ မောင်ရယ်၊ ဘာများပင်ပန်းတာမို့လဲ"

"မိုးသူငယ်ချင်းတွေနဲ့ စကားပြောပါ၊ မောင့်ဟာမောင်
စားပါ့မယ်"

"သဥ္ဇာတို့ ဝါဝါတို့နဲ့က မောင်နဲ့မတွေ့ရခင်ကတည်းက
တွေ့ရပြီးသားပါ မောင်ရာ၊ သူတို့က မိုးဆီလာတယ်လေ
တွေ့ပြီးသား စကားပြောပြီးသား၊ မောင်နဲ့သာ တွေ့ရတာ
နှစ်ရက် သုံးရက်ပဲ ရှိသေးတာ"

ဝါဝါက ခပ်လှမ်းလှမ်းက စားပွဲစွန်းကို တင်ပါးနှင့်
မှီကာ လက်ပိုက်ရပ်နေရင်း ဖုံ့ကို လှမ်းကြည့်နေပါသည်။ ကြည့်
ရင်းက နှုတ်ခမ်းတွန့်ကာ ...

"နင်ဟာလေ၊ လိုတာထက်ကို အသည်းပိုလွန်းတယ် မိုး"

ဖုံ့က ရင်ထဲ အောင့်သက်သက် ဖြစ်သွားပေမယ့်
မာန်မင်းရှေ့မို့ ပြုံးစိစိကလေးသာနေရင်း ...

"သည်းရတာပေါ့ဟယ်"





"ဝါဝါကလည်းဗျာ၊ ကျွန်တော်တို့ မတွေ့ရတာ အယ်-
လောက်တောင် ကြာသွားသလဲ စဉ်းစားကြည့်စမ်းပါ၊ ကဲ
ကောင်းလွန်းလို့ မနည်းအားယူ ရှင်သန်နိုင်လာကြတာပါ၊
သည်းချင်သလောက် သည်းပစေစမ်းလို့ ခင်ဗျားတို့က
မျက်နှာသာလွှဲထားလိုက်"

"အေးလေ ဝါဝါရယ်၊ ထားလိုက်စမ်းပါ၊ နင်ကလည်း"

သဥ္ဇာက သက်ပြင်းလေးတစ်ရှိုက်နှင့် ဝါဝါ့ကို
ဆန့်သလို ဆိုပါသည်။ မာန်မင်းက ဖုံ့ကို ပြုံးကြည့်နေရင်း ...

"မိုးက ဟိုးအရင်တုန်းက ဆိုရင်တောင် ကျွန်တော့်ကို
ခုလို ပြုစုယုယတာ မဟုတ်ဘူး၊ ကျွန်တော်ကပဲ ပိုချစ်ရ
လိုက်လျှောရတာ၊ ခုတော့ သူ နေကောင်းလာတဲ့ထိကို
ကျွန်တော်က မလှုပ်နိုင် မယှက်နိုင် နာလန်မထူနိုင် ဖြစ်
နေတာကိုမြင်ပြီး သူ ကျွန်တော့်ကို အရမ်းသနားသွားတာ
ဗျ ...

အဲဒါကြောင့် အရင်ကထက်တောင် ကျွန်တော့်ကို
ပိုဂရုစိုက် ပိုချစ်လာတာ၊ ဟုတ်တယ် မဟုတ်လား မိုး"

ဖုံ့က မျက်လွှာလေးချကာ ...

"အင်း"

"အင်းလို့ မပြောနဲ့၊ ငါ့ယောက်ျား ငါချစ်လို့ ပြုစုတာနိုင်
မကြည့်ချင်ရင် မျက်နှာလွှဲထားလို့ ပြောလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ခုံက ရှက်အားနာပြုံးနှင့် ဝါဝါ့ကိုကြည့်သည်။

"ပြောလိုက်လေ၊ ဟုတ်တာ ပြောတာပဲ"

ဝါဝါက မာန်မင်းကို မျက်စောင်းတစ်ချက် လှမ်း ထိုးရင် ...

"ကိုမာန် ... ရှင်ဟာလေ မိုးသေပြီ ထင်တုန်းက ရုပ် တစ်မျိုး၊ ဝါဝါရယ်၊ သဥ္ဇာရယ်နဲ့ လက်ဖမ်းဆွဲပြီး မိုးရော မိုးရောနဲ့ ငိုရတာအမော၊ ခုများတော့နော်"

"ဒါတော့ ဝါဝါရယ်၊ ဒါသဘာဝကျတယ် မဟုတ်လား ခုချိန်မှာ ကျွန်တော့်လောက် ပျော်တဲ့သူ ခင်ဗျားနော် တစ်ယောက် ထပ်ရှာကြည့်၊ ဘယ်တော့မှ မတွေ့စေရဘူး"

"အင်းပါ၊ ပျော်ပါ၊ ပျော်ပါ၊ အမြဲပျော်နိုင်ပါစေ"

"ဟဲ့ ... မိဝါ၊ နင့်ဟာက ဘာစကားလဲ"

သဥ္ဇာက ခပ်ဆတ်ဆတ်ဟန့်ဆဲ ဝါဝါက အခန်း ထဲမှ အပြင်ထွက်သွားပါသည်။ မာန်မင်းကတော့ ဝါဝါ့ကို န မလည်သလို လိုက်ကြည့်နေကာ ခုံကတော့ အံ့အားသင့်နေသည်။ ဒီတစ်ယောက်က တစ်မျိုးပါလား။ ခုံ့ကို နေရင်းထိုင်ရင်း မ နပ်ဖြစ်နေတာ ပေါ်လွင်နေသည်။

စကားပြောလိုက်ပြီလား ဆိုမှဖြင့် မခိုးမခန့် ရိသ ထေ့သလို။ အကောင်းမမြင်နိုင်သလို။ နေရင်း ထိုင်ရင်း ခုံ့ ကြည့်မရ,ရအောင် ခုံက ဘာများမှားယွင်းမိလို့လဲ။





"မိုး"

"... ... ..."

"ဝါဝါနဲ့ စိတ်ဆိုး စိတ်ကောက်နေကြတာလား"

"ဟင့်အင်း၊ ဘာမှမဖြစ်ပါဘူး မောင်ရယ်"

"အရင်ကလည်း မိုးနဲ့ဝါဝါက အလကားနေ တကျက်ကျက် ဖြစ်လိုက်၊ စိတ်ကောက်လိုက်၊ ကြားက သဥ္ဇာက အမြဲဖျန် ဖြေပေးနေရတာပဲလေ၊ ဘာပဲဖြစ်ဖြစ်ပေါ့၊ ခုချိန်မှာတော့ မိုးက သေရွာပြန်လေး၊ [illegible]နလန်ထလေးပါဗျာ သဥ္ဇာ ရယ်၊ ဝါဝါက ဒီလိုအချိန်ကျမှတော့ မိုးကို ဖေးဖေးမမရှိ ရမယ့် အချိန်ပါ ...

မိုးက အခု နှလုံးသိပ်ကောင်းတာ မဟုတ်ဘူးနော် သဥ္ဇာ၊ ခင်ဗျား အဲဒါ ဝါဝါ့ကို ပြောထားပေးပါဦး၊ နောက် နောင်တွေတော့ သူတို့သူငယ်ချင်းချင်း ဘာပဲဖြစ်ဖြစ်ပါ၊ လောလောဆယ် အခိုက်အတန့်တော့ မိုးကို သူ သက်ညှာ သင့်တာပါ၊ ခုတော့ အလကားနေရင်း ဘာတွေပြောသွား မှန်း မသိဘူး"

ခုံက ခေါင်းငုံ့နေကာ သဥ္ဇာကတော့ မျက်နှာလေး ကျက်ပျက်နှင့် ...

"ဘာမှမဟုတ်ပါဘူး ကိုမာန်ရယ်၊ မိုးနဲ့ဘာမှဖြစ်လို့ မဟုတ် ပါဘူး၊ သူ့အိမ်မှာ သူ့ဟာနဲ့သူ မပြေလည်တာလေးရှိလို့



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ သူ့စိတ်အခန့်မသင့် ဖြစ်နေလို့ပါ၊ မိုးကလည်း သူ့
ဗွေမယူပါနဲ့ဟာ"

"ဗွေမယူပါဘူး သဥ္စာ၊ ဘာမှမဖြစ်ပါဘူး"

"တွေ့လားဗျ သဥ္စာ၊ မိုးက ထိခိုက်ဒဏ်ရာအကြီးအကျ
ရပြီး အကြာကြီး သတိမလည်ဘဲ ဖြစ်သွားပြီးတဲ့နောက်
အရမ်းကိုလိမ္မာ အရမ်းကို သဘောကောင်းလာတာ
လား၊ ကျွန်တော့်ကိုလည်း အရင်ကလို လုံးဝဗိုလ်မကျဘူး

"ဦးနှောက်နည်းနည်းလောက် ထိသွားလို့ထင်တယ်
အဟဲဟဲ"

ဖုံ့ရဲ့ ရယ်ကျဲကျဲ ဟန်ကလေးကို မာန်မင်း ချစ်
တမြတ်တနိုး ကြည့်နေတာကို သဥ္စာက မြင်နေရပါသည်။ ထ
နေ့သောအခါ ...။ အင်း ... အဲဒီတစ်နေ့သောအခါကို မရော
ပါစေနဲ့။ ခုလိုလေး သူတို့ကို မြင်ရတာ မြင်ကွင်းက လှပနေ
သည်။ ဒီ ဖုံ့ဆိုတဲ့ ကောင်မလေးဟာ သူ့ဘဝဟောင်း ဘဝမှန်
ပြန်စရာမလိုဘဲ တစ်သက်လုံးသာ "မိုးမေခ"အဖြစ် တည်ရှိသွား
ရင် ဘယ်လောက်ကောင်းမလဲ။

"မောင် တကယ်အံ့သြတာ မိုးရဲ့၊ အရင်ကဆို မိုးကမော
ကို တစ်ရက်မှာ တစ်ကြိမ်လောက်တော့ စိတ်မကောက်
မပြီးဘူးလေ၊ ရှားရှားပါးပါး တစ်ရက်တလေ မိုး မော
ကို စိတ်မဆိုး စိတ်မကောက်ဖြစ်ဘူးဆိုရင် နောက်ရက်





နှစ်ဆတိုးပြီး နေ့တစ်ဝက်လောက် ပြဿနာရှာ၊ စိတ်ကောက်
ပြီး မုတ်ဖေပေတော့၊ မဟုတ်ဘူးလား"

"အဟင်း ဟင်း ... ကိုယ်ချစ်တဲ့လူတွေ ကိုယ့်မိသားစုတွေ
နဲ့ ရက်အကြာကြီးခွဲပြီး တွေ့ခွင့်မရ မြင်ခွင့်မရ နေလိုက်
ရတော့ သူတို့အပေါ် ပိုပြီးတန်ဖိုးထားတတ်လာတာမျိုး
ဖြစ်မယ်ထင်ပါရဲ့ မောင်ရယ်၊ ဟိုလေ ... ငယ်ငယ်တုန်း
က စာသင်သလိုဆိုရင် ကွေးသောလက် မဆန့်ခင် ဆန့်သော
လက် မကွေးခင် ဆိုတာမျိုးလေ ...

လူတစ်ယောက်ဟာ မမျှော်လင့်ဘဲ မျက်စိတစ်မှိတ်
အတွင်း ဖျတ်ခနဲလည်း သေချင်သွားနိုင်တယ်လေ၊ ဒီတော့
မသေခင့်စပ်ကြား စိတ်ဆိုးတာတွေ စိတ်ကောက်တာတွေ
သူ တစ်ဖက်သားအပေါ် အနိုင်ယူတာတွေနဲ့ အချိန်ကုန်
အောင် ဖြုန်းမနေဘဲ အချိန်ကို တန်ဖိုးရှိရှိလေးသုံးပြီး
ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေ ပြေလည်နေသင့်တယ်
မဟုတ်လား"

"အမယ်လေး ... စကားတွေ တီတီတာတာ တတ်နေလိုက်
တာ မိုးရယ်"

မာန်မင်းက ချစ်စနိုး အသည်းယားသွားသလို ဖုံ့ရဲ့
ပါးပြင်နှစ်ဖက်ကို သူ့လက်နှစ်ဖက်နှင့် မနာမကျင် ဆွဲလိမ်ပစ်
လိုက်ပါသည်။

www.burmeseclassic.com



"ဟာကွာ"

ဇုံက ရှိန်းခနဲ ထူပူရှက်အမ်းသွားရင်း သဥ္ဇာ့ကို မို[illegible]
ကြည့်လိုက်မိသည်။

"သူငယ်ချင်းတွေကို ဘာမှရှက်မနေနဲ့ ကျောင်းအစ်မလေး[illegible]
ကိုယ်တို့က သမီးရည်းစားတွေလည်း မဟုတ်တော့ဘူး[illegible]
လက်မှတ်ထိုး လက်ထပ်ပြီးသား လင်မယား ဇနီးမောင်[illegible]
တွေ၊ သူတို့အားကျရင် သူတို့ပါ ရှာယူလိမ့်မယ်"

"အဲဒီ ကိုမာန်ကတော့လေ၊ ဝါဝါပြောလည်း ပြောစရာ[illegible]
အခု ရုပ်ကြီးက ပြုံးဖြီးနေတာ တစ်ခါတည်း၊ ဟိုတုန်း[illegible]
တော့ မိုး သေပြီမဟုတ်လား၊ သေပြီမဟုတ်လားနဲ့ မျက်[illegible]
ရည်စမ်းစမ်းနဲ့ မိုးရဲ့၊ မသေပါဘူးလို့ ဘယ်လောက်ပြော[illegible]
ပြောလဲ မရ"

"ခင်ဗျားက မသေပါဘူး ပြောပေမယ့် ဝါဝါကကျွန်တော်[illegible]
လူတစ်ဖက်သား စိတ်ချမ်းသာအောင် မပြောတတ်ဘူး[illegible]
ထင်တယ်ဗျ၊ တကယ်လို့ သေသွားပြီ ဆိုရင်တောင် [illegible]
ဆိုတာ သေမျိုးပဲဟာ ကိုမာန်ရယ်တဲ့၊ သေသောသူ [illegible]
ရင်တော့ မေ့သွားမှာပေါ့တဲ့၊ ကျွန်တော် တအားတုန်[illegible]
သွားတာပေါ့၊ မိုး သေပြီလို့ ခင်ဗျား ဆိုလိုတာလား[illegible]
တော့ သေသွားခဲ့ရင် ပြောတာပါ တဲ့လေ ...





အဲဒီအချိန်မှာ မေမေတို့ကလည်း မိုး အသက်ကို ရအောင်လုနေပါတယ်၊ ရအောင်ကယ်နေပါတယ်လို့ ပြော နေတာလေ၊ အသက်လုနေရတုန်း နိမိတ်မရှိ နမာမရှိဗျာ၊ ဒီတော့ ကျွန်တော့်မှာ ရဲရဲမယုံဝံ့သလို ဖြစ်ရတာ"

သဥ္ဇာက မျက်နှာကလေးပျက်ပျက်နှင့် ...

"သူကတော့ မတော်တဆ မိုး ဆုံးသွားရင်လည်း ကိုမာန် ဖြေနိုင်အောင်လို့ ကြိုပြီးဆေးခါးတိုက်ထားတာမျိုး ထင်ပါ ရဲ့ ကိုမာန်ရယ်"

"မသိပါဘူးဗျာ၊ ဒါကြောင့်လည်း မိုးနဲ့ အမြဲတကျက်ကျက် နေတာပဲ၊ မိုး အခုတော့ ဝါဝါနဲ့ တကျက်ကျက် မလုပ်နဲ့ နော်၊ မိုးက နှလုံးအားကောင်းတာ မဟုတ်ဘူး၊ ဆေးရုံက တောင် မဆင်းရသေးဘူးဆိုတော့ သေချာဂရုစိုက်ရမယ့် အခြေအနေဖြစ်မှာ၊ ကိုယ့်ကိုယ်ကိုယ် ဝေဒနာဖြစ်ခံပြီး စိတ်ဆိုးတာ စိတ်ကောက်တာတွေ မလုပ်နဲ့၊ လျှော့နော်"

"မလုပ်ပါဘူး မောင်ရယ်၊ စိတ်ချပါ"

ဆရာမက အခန်းထဲဝင်လာရင်း သူ့လက်ပတ်နာရီ ဆးကို ထောက်ပြကာ ...

"လူနာရေ ... စိတ်ငြိမ်အောင် ဆီဒစ်လ်တိုက်ထားပေးတာ ခဏတဖြုတ်တော့ အနားယူပြီး အိပ်ရမယ်၊ အချိန်တန်ပြီ ဝိုးချဲပေါက လူနာလည်း ပင်ပန်းပြီပေါ့၊ ဟိုဘက်ခန်းမှာ အနားယူရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမကလည်းဗျာ၊ မိုးပါ ဒီဘက်ခန်းမှာပဲ နားလို့မရ
လား၊ မွေ့ရာတုံးတစ်ခု ဒီအခန်းထဲ သွင်းခိုင်းလိုက်မယ်"
"အမယ်လေး ... မရပါဘူး၊ ဒီအခန်းထဲမှာတင် နှစ်ယော
လုံး နားနေရင် နားတဲ့ဆီကို ရောက်မှာမဟုတ်တော့ဘူ ည်။
အပြန်အလှန် စကားပြောနေကြတာနဲ့ အိပ်လည်းပျော်
မှာ မဟုတ်ဘူး၊ ပြောစရာတွေက ရှင်တို့မှာ ဒီလောက်မျ
နေတာ ...

ရှင်လည်း တစ်နာရီလောက်အိပ်၊ ရှင့်ရဲ့မိုးလ
တစ်နာရီနားမယ်၊ အိပ်မယ်၊ ဒါမှ နေကောင်းကြမ
ဟုတ်ပြီနော်"
"မိုး ပြန်မသွားနဲ့ဦး၊ ဒီမှာပဲ ခဏအိပ်နေ"
"အင်းပါ"
"ဆရာမ တစ်နာရီလောက်ကြာရင်လည်း နှိုးဦး"
"ဟုတ်ကဲ့ပါရှင်၊ တကတဲ သည်းလွန်းပါတယ်"

သဉ္ဇာက ဖုံ့ရဲ့ပိုးချဲကိုတွန်းကာ အခန်းပြင်ထွက်
ပါသည်။ အခန်းအပြင်ဘက်မှာ အပေါ်ထပ်ရဲ့ ဧည့်ခန်းနေရာ
ရှိသည်။ ထိုနေရာမှာ ထိုင်နေသော ဝါဝါက ဖုံတို့ထွက်လာ
မြင်လျှင် လက်ပိုက်လျက်သားမှ ခေါင်းစောင်းကာ လှမ်း
ရင်း ...





"နင် ဘာဖြစ်လို့ ဒီလောက်တောင် သရုပ်ဆောင်ကောင်း
တာလဲ"

ဖုံက မဖြေဘဲ ဝါဝါ့ကို စိုက်သာကြည့်နေလိုက်ပါ

"မှုယာမာယာလည်း တစ်ဆိတ် ကောင်းလွန်းအားကြီးတယ်၊
နင်သာ ရုပ်ရှင်မင်းသမီးလုပ်ဖို့ ကြိုးလာရင်တော့ လက်ရှိ
မင်းသမီးတွေ လဲချည်းသေပစ်ဖို့သာ ကောင်းတာပဲ၊ သူတို့
ဘယ်တော့မှ အကယ်ဒမီ မရနိုင်ကြတော့လို့လေ"
"ဝါဝါ"

သဉ္ဇာက ခပ်ဆတ်ဆတ် ဟစ်ခွန်းခေါ်ကာ ...
"အဲသလို သရုပ်ဆောင်ကောင်းဖို့က သူ့အလုပ် သူ့တာဝန်
မဟုတ်လား ဝါဝါ၊ ဒီလိုလုပ်ဖို့ သူ့ကို အန်တီဆွေ ခေါ်
ထားတာလေ၊ သူ ဟန်ဆောင်ကောင်းရင် သရုပ်ဆောင်
ကောင်းရင် သူ့ကို ချီးမွမ်းရမှာလေဟာ"
"အင်းပါ၊ ခုလည်း ငါက ချီးမွမ်းနေတာပါပဲ၊ အံ့သြလွန်း
လို့ ရုပ်ကွက်ထဲက ဆွဲထုတ်လာတဲ့ မိန်းမတစ်ယောက်က
ဒီလောက် သရုပ်ဆောင်ကောင်းတာ အံ့သြစရာ မကောင်း
ဘူးလား၊ သူက အရောတဝင် လုပ်တတ်တဲ့နေရာမှာ ဆရာ
တစ်ဆူပဲတဲ့ဟဲ့၊ ငါ သတင်းကြားလာတယ်"
"ဝါဝါ"



www.burmeseclassic.com

www.burmeseclassic.com



"သူ အရင်လုပ်တဲ့ ထမင်းဆိုင်ရှင်က သူ့ကို တခြားဘာ
မခိုင်းဘူးတဲ့၊ လာစားတဲ့သူတွေကို အရောဝင်ဖို့ လောကွ
လုပ်ဖို့၊ ဟင်းပွဲများများမှာအောင် ဆွဲဆောင်ဖြားယောင်း
ပဲ အလုပ်ခန့်ထားတာတဲ့"

"ဝါဝါရယ် ... တော်ပါတော့၊ နင် ဘာဖြစ်နေတာလဲ"

"ဟုတ်ကဲ့၊ မဝါဝါ ကျွန်မကို ဘာကို မကျေနပ်တာလဲ"

"အောင်မာ ... နင်ကများ ငါ့ကို ဒီလေသံနဲ့ ပြန်မေး
စရာလား၊ နှစ်ရက် သုံးရက် 'မိုးမေခ'လုပ်ရတာနဲ့ ကို
ကိုယ်ကိုယ် တကယ် မိုးမေခ ဖြစ်သွားပြီထင်ပြီး ဘ
မြင်နေတာလား"

"ကျွန်မ မိုးမေခ လာလုပ်နေတာက ဒီအိမ်က မိသားစု
ကူညီနေတာပါ မဝါဝါ၊ အဲဒါကို ဘာကိုမကျေမနပ်ဖြ
နေတာလဲ၊ ကျွန်မ တကယ်နားမလည်နိုင်လို့ မေးတာ
မိုးမေခနဲ့တူအောင် သရုပ်ဆောင်ဖို့၊ ကိုမာန်မင်းက ကျွ
ကို မိုးမေခထင်အောင် ဟန်ဆောင်ဖို့က ကျွန်မ လုပ်
လုပ်ရမယ့် အလုပ်ပဲ မဟုတ်လား"

ဝါဝါက သက်ပြင်းတစ်ချက် နက်နက်ရှိုက်ရင်း

"အင်းပါလေ၊ ဟုတ်ပါတယ်၊ ဒါ နင့်အလုပ်ပါ၊ ငါ
နင် လုပ်ရင်း လုပ်ရင်း အောက်ခြေလွတ် ဘဝမေ့သွား





စိုးရိမ်ပြီး သတိပေးနေတာပါ၊ ဆောရီးပဲ၊ နင့်ကိုပြဿနာ
ရှာဖို့ မရည်ရွယ်ပါဘူး"

ဝါဝါက ပြဿနာဆက်မရှာဘဲ လျှောချလိုက်ပါ
သည်။ အပေါ်ထပ် လှေကားထိပ်သို့ လက်ကိုလက်တောင်း ကောင်
လေး ရွှေမြင့် ရောက်လာကာ ...

"မမတို့ အန်တီက အောက်မှာ ရှမ်းထမင်းချဉ် လာစား
ကြပါလို့ ခေါ်ခိုင်းလိုက်ပါတယ်"

"အေး ... လာပြီ ... လာပြီ"

သဉ္ဇာအရင် လှေကားထိပ်ဆီ ဦးတည်လိုက်ကာ ဖုံ
ာ ဗိုးချဲမှ အရိပ်အခြည်ကြည့်ပြီး ထ,၊ အပြားလိုက် ခေါက်လိုက်
သို့ရတဲ့ ဗိုးချဲကို ခေါက်လိုက်ပြီး သယ်မ,ကာ အောက်ထပ်ဆင်း
ကြပါသည်။

"ဘယ့်နှယ်လဲ သမီး၊ သား အိပ်သွားပြီလား"

"ဟုတ်ကဲ့ အန်တီ၊ ဆရာမက အိပ်ခိုင်းလိုက်ပါပြီ၊ ဖုံ့ကို
ပါ ဟိုဘက်ခန်းမှာ နားရမယ်ဆိုပြီး လွှတ်လိုက်တာပါ"

"ခုမှပဲ ပြောစကားလည်း နားထောင်တယ်၊ အရင်ကများ
အိပ်ဆိုမအိပ်၊ စားဆိုမစား၊ မြင်သမျှ လူအားလုံးကိုလည်း
စိတ်တိုနေတာ၊ တော်ပါသေးရဲ့၊ သမီးနဲ့တွေ့ရတာ ကုသိုလ်
ကံကောင်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီရယ် ... ဝါဝါ မသိလို့ မေးကြည့်မှာပါ၊ လူမှာ
တစ်ယောက်ကို မဟုတ်တာ မမှန်တာ တစ်ခုကို လိမ်ပြော
ပြီး ဆေးကုတာ မှန်ရဲ့လား၊ ကုသသင့်ရဲ့လား၊ သူက
ကောင်းလာပစေဦး၊ ကောင်းတော့မှတစ်ခါ အဲဒါလိမ်ပြော
တာ၊ တကယ်တော့ မဟုတ်ဘူးဆိုတာမျိုး ပြန်လုပ်လိုက်
ရင် နောက်တစ်ကြိမ် ပြန်ထိခိုက်မသွားနိုင်ဘူးလား"

"စုအခြေအနေက နောက်တစ်ကြိမ်ဟာကို အဲဒီနောက်
တစ်ကြိမ်ကျမှ စဉ်းစားတော့မယ်ဆိုပြီး လတ်တလော
ကောင်းဖို့ လုပ်ရတာပဲ သမီး၊ သူ့ရောဂါကို ကုတာမဟုတ်
ဘူး၊ ကျဆင်းနေတဲ့စိတ်ဓာတ်ကို မျှော်လင့်ချက် ပြန်ထာ
လာအောင် ဆွဲတင်တာပါ၊ အန်တီတို့အနေနဲ့ နောင်အရေး
ကောင်း,မကောင်းထက် လောလောဆယ် မာန်မင်း အစား
စားလာဖို ဦးစားပေး ရည်ရွယ်လုပ်ရတာပဲ ...

မာန်မင်းက စားတောင် မစားမသောက်ဘဲ နေနေ
တာ၊ စိတ်ဓာတ်ကျတာရယ် အစားမဝင်တာရယ်နဲ့တ
သူ့အခြေအနေက ဆိုးသွားနိုင်တယ်၊ အဆုံးစွန်ဆိုရ
သေတောင်သေသွားနိုင်တယ်လို့ ဆရာဝန်က ပြောတယ်
လေ၊ နောက်မှ နောက်ဖြစ်မယ့်ပြဿနာကိုရှင်း၊ လောလေ
ဆယ်တော့ အန်တီသားလေး မသေအောင် အန်တီဘာလု





ရ လုပ်ရ၊ သူ့စိတ်ဓာတ်တွေ တက်ကြွလာဖို့ သူ့အသက်
ရှင်ချင်လာဖို့ သူ့မှာ မျှော်လင့်ချက်ရှိလာဖို့ လောလောဆယ်
ဒါ အဓိကပဲ"

စုက ဝါဝါကို အံ့အားတသင့်သာ အကဲခတ်နေမိ
သည်။ ဒီတစ်ယောက်ဟာ တစ်ခုခုကို တစ်ခုခုပဲ။ အဲဒါဘာလဲ။

"ခုလို သားလေးဖြစ်လာဖို့ ဟောဒီက သမီးမရှိဘဲ ဘယ်
လိုမှမဖြစ်နိုင်ဘူး၊ လောကမှာ မိုးနဲ့ ဒီလောက်ဆင်တူတဲ့
မိန်းကလေးတစ်ယောက် တစ်နေရာမှာ ရှိနေတာဟာ ဘုရား
ကျေးဇူးပဲ၊ အမြွှာလိုကိုတူတာ၊ ဆေးရုံမှာ ဖြူကလေးမီးဖွား
တုန်းက သားက လေးငါးလသားအရွယ်ပေါ့၊ အန်တီကိုယ်
တိုင် ဖြူကို သတင်းမေး ကလေးကြည့်သွားခဲ့ပြီး ဖြူ
တစ်ဦးတည်း သမီးလေးပဲမွေးတာကို မျက်မြင်မဟုတ်ခဲ့
ရင် ဝတ္ထုဇာတ်လမ်းတွေထဲကလို အကြောင်းအမျိုးမျိုးကြောင့်
ကွဲကွာသွားတဲ့ အမြွှာညီအစ်မလားလို့တောင် ထင်မိမယ်"

ဒေါ်သက်သက်ဆွေက သူ့နံဘေးခုံမှာ ထိုင်နေသည့်
ပခုံးလေးကိုသပ်ကာ သပ်ကာ ပြောနေပါသည်။ ဝါဝါက စု့ကို
မျက်ခနဲ စွေစောင်းကြည့်ရင်း ...

"ဒါပေမဲ့ စကားပြောရင် လှုပ်ရှားတဲ့ နှုတ်ခမ်းပုံစံမတူပါ
ဘူး၊ သေချာကြည့်ရင် ကွဲတယ်"

www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာက ဝါဝါ့ကို စိတ်ညစ်သလို လှမ်းကြည့်လိုက်ပါသည်။ ဒေါ်သက်သက်ဆွေကတော့ သိပ်ဂရုမထား။ ဟော်ဒီလောက် တူလွန်းတဲ့သူတစ်ယောက် ရှိခဲ့တဲ့ လောကကြီးကိုပင်လျှင် အလကားနေရင်း ကျေးဇူးတင်လွန်းအား ကြီးနေပြီ။

"ဒီလောက်ကတော့ ဝါဝါရယ်၊ မိုးကိုယ်တိုင်မှ မဟုတ်ပဲဘ ရှိမှာပေါ့ ဒီလောက်တော့၊ ခုံလေးက တစ်ညလုံး မိုးအဆွေ ကို ထိုင်ကြည့်ပြီး မိုးလမ်းလျှောက်ပုံ သွားပုံ လာပုံတွေတောင်မှ အတုခိုးလုပ်ကြည့်ခဲ့တာ၊ အတော်ကြီးကို တူနေ ပြီပဲ၊ မိုးလေး ကွယ်လွန်မှန်းမသိတဲ့သူ တစ်ယောက်ဆိုရင်တော့ သူ့ကို မိုးအဖြစ်ပဲ ဆက်ဆံမှာ သေချာတယ် ...

သမီးတို့ကတော့ မိုး မဟုတ်မှန်းသိတဲ့ အခံစိတ် တာကိုး၊ စိတ်ကကိုက ဟိုနေရာတူရဲ့လား၊ ဒီနေရာတူရဲ့လားနဲ့ သတိထား လိုက်ကြည့်နေမိမှာလေ၊ အဲသလိုကြည့်နေရင်တော့ ကွဲလွဲတာလေးတွေ ပိုက်စိပ်တိုက်သလို ထွက်လာမှာပေါ့၊ ဒါကြောင့် အန်တီက ခုံ့ကို စကားကိုလိုတာထက် ရှည်ရှည်မိုမပြောဖို့တောင် မှာထားတယ် ...

အသံချင်းလည်း နည်းနည်းကွဲပြားတယ် မဟုတ်လား ဝါဝါရဲ့၊ သားကိုတော့ မိုးက လည်ပင်းပိုင်း ရင်ဘတ်ပိုင်းတွေလည်း ထိခိုက်ထားတယ်လို့ ပြောထားတာပေါ့"





"ပြီးတော့ ... သူ့ပုံစံက နည်းနည်း ရဲတင်းတင်း ပေါ့ပျက်ပျက် ဖြစ်သလားလို့၊ ဟိုလေ ... သူနေလာတဲ့ ပတ်ဝန်းကျင်ပုံစံလည်း ပါမှာပေါ့၊ သိလား ... နင်လုပ်တတ်တဲ့ ပြုံးစိစိရုပ်ကို နည်းနည်းလျှော့စမ်း၊ အဲဒီ ရှက်သလိုလို ဘာလိုလို ပြုံးသလို မပြုံးသလိုရုပ်က နင်ထင်သလို ချစ်စရာမကောင်းဘူး၊ အဆင့်အတန်းနိမ့်တယ်"

ဒေါ်သက်သက်ဆွေက ဝါဝါ့ကို စူးခနဲ အကဲခတ်ကြည့်လိုက်မိပါသည်။ ခုံ့အပေါ် သိပ်ကြည့်လို့မရတဲ့ပုံလို့ ကဲဖမ်းမိသည်။

"ကျွန်မက ချစ်စရာကောင်းတယ်ထင်လို့ တမင်လုပ်တာ မဟုတ်ပါဘူး မဝါဝါ၊ အဆင့်အတန်း နိမ့်တယ်ဆိုတာတော့ ဖြစ်ချင်ဖြစ်နိုင်ပေမယ့် ကျွန်မအဖို့တော့ တကယ်ရှက်တာပါ၊ ကျွန်မ ဆင်းရဲတဲ့ အဆင့်အတန်း မမြင့်တဲ့ ပတ်ဝန်းကျင်က လာပေမယ့် အောက်တန်းစား အပေါစားတော့ မဟုတ်ပါဘူး ...

ကိုယ်နဲ့ ဘာမှမပတ်သက် မသိကျွမ်းတဲ့ ခုမှစ မြင်ဖူးရတဲ့ ယောကျ်ားပျိုတစ်ယောက်က သူ့ချစ်သူအမှတ်နဲ့ တရင်းတနှီး ဆက်ဆံတာ ကိုင်တာ တွယ်တာ ပြောတာ ဆိုတာတွေကို ကျွန်မ မရှက်ဘဲ နေပါ့မလား၊ ဘယ်သူ မရှက်ဘဲ နေပါ့မလဲ မဝါဝါရယ်၊ ရှက်ဟန်ဆောင်တာ မဟုတ်ပါဘူး၊ ကျွန်မ တကယ်ရှက်ပြီး အနေခက်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ ဝါဝါရယ်၊ သားက လက်ဆွဲလိုက် [illegible] ဆွဲလိုက်၊ ပါးဆွဲလိုက် လုပ်နေတဲ့ဟာ သူ့ခမျာ နေရခက်[illegible] မှာပေါ့၊ အန်တီ အားနာပါတယ် သမီးရယ်၊ ကူညီပေး[illegible] လို့ ပြောရတာလည်း မျက်နှာပူပါတယ်၊ ကျေးဇူးလည်[illegible] သိပ်တင်ပါတယ်၊ ဒါကြောင့်လည်း မာန်မင်း တစ်ချိန်[illegible] အနားပဲ ခေါ်ထားပြီး သူ့နားပဲ နေခိုင်းတာတွေ၊ တ[illegible] တနိုး ပြုမူတာတွေ သိပ်များမှာစိုးလို့ မိုးက ဆေးရုံကမဆ[illegible] ရသေးဘူး လုပ်ထားရတာပေါ့ ...

နို့မို့ မာန်မင်းက အချိန်ပြည့် သူ့နားထားမှာ[illegible] မိန်းကလေးဘက်ကလည်း စဉ်းစားပေးရဦးမယ်လေ၊ ကို[illegible] သားစိတ်တိုင်းကျချည်းပဲ ဘယ်ဖြစ်ပါ့မလဲ၊ ခုဆို သ[illegible] နှစ်ရက် သုံးရက်နဲ့ ဒီလောက်ထူထောင်လာတာ မယုံ[illegible] အောင် အန်တီက ပီတိဖြစ်နေတာ၊ သမီးကိုလည်း ကျေ[illegible] ရှင်တစ်ယောက်လို သတ်မှတ်ထားတာ၊ သိလား သ[illegible]

ခုက နေရခက်သွားကာ ခုန ဝါဝါပြောတဲ့ ရှက်[illegible] ရှက်ကန်း အမူအရာမျိုး ပေါ်လာရင်း ...

"မလိုပါဘူး အန်တီဆွေရယ်၊ သမီးဘက်ကလည်း အ[illegible] တို့ပေးတဲ့ အခကြေးငွေကို ယူထားရတော့ ကိုယ်[illegible] ကျေးဇူးရှင်စာရင်းထဲ မထည့်စေချင်ပါဘူး၊ ကိုမာန်[illegible] အပေါ် စေတနာထားပေးတယ် ဆိုပေမယ့် ငွေကြေ[illegible]





ထားတော့ ကိုယ့်ကိုယ်ကိုယ် စေတနာ ဖြူစင်တယ်တောင် မထင်ရဲပါဘူး"

"အို ... မဟုတ်တာ၊ မဟုတ်တာ၊ ဒါကလည်း အန်တီတို့က အကူအညီတောင်းပြီး အန်တီတို့စိတ်နဲ့ အန်တီတို့ ကျေးဇူးဆပ်တဲ့သဘောပဲ၊ အန်တီတို့ကြားမှာ တစ်ဦးမေတ္တာ တစ်ဦးမှာ တစ်ဦးစေတနာတစ်ဦးမှာ ဆိုသလိုပါပဲ၊ အပြန် အလှန်ပေါ့လေ"

"သမီးအပေါ် အခကြေးငွေ ယူထားတဲ့ လူတစ်ယောက် အပေါ် ဆက်ဆံသလို မဆက်ဆံဘဲ အဆင့်အတန်းမခွဲတဲ့ စိတ်ကောင်းရှိတဲ့ အန်တီ့ကိုလည်း သမီးက ကျေးဇူးတင် ပါတယ်"

"အား ... သူက စကားပြောတော့ ရေရေလည်လည်ကျွမ်း တာပဲ၊ စကားပြောတာ အတော်နပ်တယ်နော် အန်တီ"

"ဟုတ်တယ်၊ ရည်လည်း ရည်မွန်တယ်"

ဝါဝါက ရီလိုက်သော်လည်း ဒေါ်သက်သက်ဆွေ [illegible]ဘက်ခံလိုက်တဲ့ အပိတ်စကားက ပြေပြစ်လှ၍ အရာမထင်ပေ။ ဒေါ်သက်သက်ဆွေက နာရီတစ်ချက် မော့ကြည့်ရင်း ...

"သမီးရေ၊ နာရီဝက်လောက်နေရင် မိုးရဲ့မိဘတွေလည်း လာကြလိမ့်မယ်၊ သမီးကိုတွေ့ချင် မြင်ချင်လို့ တကူးတက လာကြည့်ကြမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ သမီးကိုမြင်ရင် စိတ်မကောင်းကြမှာ မဟုတ်ဘူး ထင်တယ်၊ သနားပါတယ်နော် အန်တီ"

"ဟုတ်တယ်၊ မဖြူ ဆိုရင် ငိုလိမ့်မယ် သေချာတယ်၊ ... သမီးတို့အားလုံး စားလိုက်ကြဦး၊ အန်တီလက်ရာ... သားတို့ မိုးတို့ဆို သိပ်ကြိုက်ပေါ့၊ အခုတော့ မာန်မင်း... မစားနိုင်သေးဘူး၊ မိုးလည်း မစားနိုင်တော့ဘူး၊ သမီးတို့ကို ကျွေးရအောင် ကမန်းကတန်း ဆင်းလုပ်ထားတာ၊ စား... ထည့်စားကြ၊ ရွှေမြင့်ရေ ဟင်းခါးပူပူလေးတွေ ထည့်..."

"ဟုတ်ကဲ့"

"အန်တီ ဖုန်းဆက်စရာလေးတစ်ခုရှိလို့ ခဏနော်၊ အား... ပါးရ စားကြ"

ဒေါ်သက်သက်ဆွေ ထ,ထွက်သွားလျှင် ဖုံက ... ထမင်းချဉ် အပြားကလေးတွေကို ပန်းကန်ထဲယူထည့် မန်ကျ... ချဉ်ရည်ဆမ်း၊ ဂျုံးမြစ်ထည့်၊ ကြက်သွန်မြိတ်ထည့်နှင့် အားရ... ယူစားနေပါတော့သည်။

"နင်ပဲစား၊ ငါ မစားဘူး သဉ္ဇာ"

"နင် မကြိုက်ဘူးလား၊ ကြိုက်ပါတယ်၊ မင်္ဂလာဆော... တိုင်ခင်ကတောင် မိုးရော ငါတို့ရော ဒီလိုပဲ နေ့လယ်... ရောက်လာတော့ အန်တီဆွေ တစ်ခါလုပ်ကျွေးသေး... လေ၊ နင်လည်း ကြိုက်ပါတယ်"





"တော်ပြီ၊ မစားချင်ဘူး"

ဖုံက ဝါဝါ့ကို စားရင်းကပဲ အကဲခတ်ကြည့်နေပါ...ည်။ ဒီမိန်းမတော့ ခက်နေပြီ။ တစ်ယောက်တည်း ပြဿနာ...တ်နေတဲ့ လူစားမျိုးပဲ။ မကျေနပ်ချက်တွေ ရင်ထဲမှာ ဖြောင်း... ဘောင်းလန်နေပုံပါပဲ။

နဂိုကတည်းကလည်း မိုးမေနှင့် တကျက်ကျက်။ ...လည်း မိုးမေ အဖြစ် ရောက်လာတဲ့ ဖုံ့ကို သူက ကြည့်မရ။ ...ချက်အောင်လေး အောင့်အည်းနေဖို့တောင် သူ့မှာမတတ်နိုင် ...င်ထဲက အဆူအပွက်တွေက အပြင်ကို ဖိတ်စဉ်အံကျနေတာ။

အဲဒါဘာကြောင့်လဲ။

ဖုံက မာန်မင်း ချစ်သူ (ချစ်သူတောင်မက ဇနီးတစ်...က်အနေအထားပါ)အဖြစ် သဏ္ဌာန်လုပ် သရုပ်တူဖို့ ကြိုးစား... ပြောဆိုသမျှ သူ့မှာမခံရပ်နိုင် ကြည့်မရနိုင် ဖြစ်နေသည်။ ...တင်ကြီးကို အဆင့်အတန်းနိမ့်တယ်၊ ပေါ်ပျက်တယ်၊ မူယာ...ာများတယ်နဲ့ အပြစ်တင် ရှုတ်ချလို့မပြီးနိုင်။

"ငါ ခြံထဲဆင်းနေမယ်၊ ဒီနား မနေချင်ဘူး"

ပြော ... ကြည့်။ ပေါ်တင်ခွပ်သွားပြန်ပြီ။ ဖုံ့ရှိလို့ ...ချင်ဘူးဆိုတဲ့ စကားလုံး မပါပေမယ့် အဲဒီသဘောပဲ သက်...က်နေသည်။ ဝါဝါ ထထွက်သွားတဲ့အတွက် သဉ္ဇာက မျက်နှာ...ပျက် အနေခက်စက်နှင့် ငါးဆမင်းချဉ်ကို ယူစားရင်း ...

www.burmeseclassic.com



"ဒီနေ့ မိဝါ Mood မကောင်းဘူး"

သူ့ဟာသူ ပြောသလိုလို၊ ခုံ့ကို လှမ်းပြောသလိုလို

ဖာဖာထေးထေး သဘောမျိုးလေး ပြောရှာပါသည်။

"ခုံ တစ်ခုမေးချင်လို့ မသဉ္ဇာ"

"အင်း ... ဘာလဲ"

"မဝါဝါက ကိုမာန်မင်းကို တစ်ဖက်သတ် ကြိုက်နေတာ

မဟုတ်လား"

"ဟာင်"

သဉ္ဇာက မျက်နှာပျက်ကာ အလန့်တကြားနှင့် ...

"ဟာ ... ဘာတွေ လျှောက်ပြောနေတာလဲ"

"မသဉ္ဇာ ... ခုံက လူတကာနဲ့ ဆက်ဆံပြောဆို နေရတဲ့

ထမင်းဆိုင်က အလုပ်သမားပါ၊ စားသုံးသူတွေရဲ့ မျက်နှာ

အနေအထား အရိပ်အကဲကြည့်ပြီး သိပြီ၊ သူတို့ မငြိုငြ

အောင် အလိုလိုက် အကြိုက်သိရတာပါ၊ ဒါမှ ရောင်းကောင်း

တာပါ၊ လူရိပ်လူကဲ ခတ်ရတာဟာ ပါးစပ်ကပြောတာ

ထက် ခက်ပါတယ်၊ ဒါပေမဲ့ ခုံ ကျွမ်းပါတယ် မသဉ္ဇာ ...

လူမျိုးတစ်ရာတစ်ပါး အစုံ ဆက်ဆံလာခဲ့တာပါ

သူ့ဝမ်းထဲ ဘာဖြစ်နေလဲ ဘာရှိနေလဲ အမြဲအရိပ်အကဲသိ

တဲ့သူပါ၊ မဝါဝါက ဟိုတုန်းကတည်းက ကိုမာန်မင်းကို

သူ တစ်ဖက်သတ် ချစ်ခဲ့ကြိုက်ခဲ့တဲ့သူပဲ ဖြစ်ရမယ်"





သဉ္ဇာက မျက်နှာပျက်ပြီး ခုံ့ကို စိတ်ပျက်လက်ပျက်

ကြည့်နေသည်။ စတွေ့ဖူးတဲ့တစ်ရက်၊ အိမ်ခေါ်မလာခင် အလှပြင်

ဆိုင် ပို့ပေးရတဲ့တစ်ရက်၊ ဒီနေ့တစ်ရက်။ စုစုပေါင်းသုံးရက်စာ

ကဲခတ်ပြီးသကာလ ဒီမိန်းကလေးထံက ထွက်လာတဲ့ မှတ်ချက်

ဟာ ပေါင်းသင်းခင်မင်လာတာ နှစ်နှစ်လောက်ကြာပြီးမှ သဉ္ဇာ

ပါ့ကို ချမိတဲ့ မှတ်ချက်နှင့် တစ်ထပ်တည်း။

သဉ္ဇာ ခုံ့ကို ဖြုံသွားရပါသည်။ မိဘထံက မုန့်ဖိုး

တ်ဖြန့်ယူပြီး အိမ်ကပို့တဲ့ကားနှင့် ကျောင်းတက် ဘွဲ့ရခဲ့ပြီး

ာစ်ကားဆိုလည်း မစီးစဖူး၊ လိုချင်တာလည်း မရမရှိစဖူး၊

ဝန်းကျင်ဆိုးလည်း မကြုံကြိုက်စဖူး၊ စိတ်ပုပ် စိတ်ယုတ်ကို

ည်း သိပ်နားမလည်စဖူး ဖြစ်ခဲ့တဲ့ သဉ္ဇာရဲ့ ထိုးထွင်းမှတ်ချက်

င်စွမ်းဟာ ငယ်ငယ်လေးနှင့် မိဘမဲ့၊ ကြီးတော်ထံကပ်နေပြီး

ဆုံခြေထောက်ပေါ်ကိုယ်ရပ် ကိုယ့်ဝမ်းကိုယ်ကျောင်း ကြီးပြင်း

တဲ့ ဒီမိန်းကလေးရဲ့ ဆင်ခြင်တွေးခေါ်စွမ်းကို မယှဉ်သာ။

သဉ္ဇာကဘွဲ့ရ။ သူက ဆယ်တန်းကျ။ အင်း ...

ပေးတဲ့ အသိအမြင် အတွေ့အကြုံဟာ လူတစ်ယောက်ရဲ့ဆင်

ဆုံတရားကို အများကြီး ထောက်ကူတာ။ အတန်းပညာနဲ့

မဆိုင်ပါ။

"ဆောရီးပါ မသဉ္ဇာ၊ မသဉ္ဇာ မဝါဝါနဲ့ရော မမိုးမေခနဲ့

ရော ပေါင်းသင်းခင်မင်ခဲ့တဲ့နှစ်တွေ တလျှောက်လုံး ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို လုံးဝသံသယမရှိမိခဲ့ဘူး ဆိုရင်လည်း ခုံပြောတာ ကို ယုံလိုက်ပါ၊ လုံးဝဟုတ်တယ်"

"ခုံ"

"ဟုတ်"

"ဘာပဲဖြစ်ဖြစ် ညီမရယ် မပြောပါနဲ့"

ခုံက သဉ္ဇာ့ကို မျက်လွှာပင့်ကြည့်ရင်း ...

"မသဉ္ဇာ ရိပ်မိပါတယ်၊ ဟုတ်တယ် မဟုတ်လား"

"... ... ..."

"ခုံ နားလည်ပါတယ်၊ ကိုယ်ချင်းစာကြည့်တတ်ပါတယ် ကိုယ်တော့ မကြုံဖူးပေမယ့်လေ ကိုယ်နဲ့စာနာပြီး နားလည် ကြည့်တတ်ပါတယ်၊ မမိုးမေခ မရှိတော့ဘူးဆိုတော့ သူ မျှော်လင့်ချက် အတော်ကြီးကြီး ထားရှိနေပုံ ရပါတယ် ဒါကြောင့်သာ အားလုံးက မိုး မသေပါဘူးလို့ ဝိုင်းညာ ပေးနေကြတဲ့အချိန်မှာ သူ ညာတောင်ပေးချင်စိတ် မရှိဘဲ သေပြီဆိုရင်တောင် လူဆိုတာသေမျိုးပဲ ဘာဘာညာညာ တွေ ကိုမာန်မင်းကို ပြောခဲ့တာ နေမှာပေါ့"

သဉ္ဇာသည် ခုံ့ကို တားလည်းတားချင်။ ဒီကောင် လေးပုံစံကလည်း ရဲရဲဝံ့ဝံ့ ခေါင်းကြောမာမာနှင့် သူ မှန်တယ်ထင် တာဆိုရင် ပြောမှာပဲဆိုတဲ့ ဒီဇိုင်းမို့ ယတိပြတ်တောင် မတား စိတ်တွေညစ်နေသည်။





မာန်မင်းတို့အိမ်က ဝင်ဒါမီယာထဲ။ ဝါဝါနေတာက အင်းယားမြိုင်။ နီးနီးကပ်ကပ်။ သဉ္ဇာနေတာက ဘောက်ထော် ဘက်။ လမ်းချင်းနီးကပ်နေတဲ့ ဝါဝါဟာ မာန်မင်းထံ သဉ္ဇာ့ထက် အခေါက်ပေါင်း မရေတွက်နိုင်အောင် ရောက်ခဲ့တာလည်း သဉ္ဇာ သိသည်။

ဝါဝါ့ အတွင်းသဘောကို စတင်ရိပ်စားမိသလိုရှိခဲ့ စဉ်တုန်းကတော့ ဝါဝါ့ကို သနားခဲ့မိသည်။ ကိုယ့်သူငယ်ချင်းကို ချစ်မြတ်နိုးနေတဲ့ ယောကျ်ားတစ်ယောက်ကို ကိုယ့်ကချစ်မြတ်နိုး နေတယ်ဆိုတာ သနားကရုဏာသက်စရာပေါ့။ ကိုယ်မရနိုင်တော့ တာအပေါ်ကို တပ်မက်တွယ်တာမိတဲ့ အဖြစ်ဟာ ကြေကွဲစရာပေါ့။

အဲဒီအကြောင်းရင်းကြောင့်ပဲ ဝါဝါနှင့် မိုးမေခ တကျက်ကျက် မတည့်ကြတာပင်။ ဝါဝါကလည်း မိုးမေခကို မကြည်ဖြူနိုင် မုဒိတာ မပွားနိုင်စတမ်း မနာလိုဖြစ်ဘည်။ နဂို ကတည်းက အိမ်မှာရော ပတ်ဝန်းကျင်မှာပါ သူ့ ဗိုလ်ကျရမှဆို တဲ့ စရိုက်ရှိတဲ့ မိုးမေခကလည်း သေးသေးတင်မခံ သည်းညည်း မခံတတ်။

ချိတ်နဲ့ ချိတ်နဲ့ တွေ့ကာ ချိတ်ကြသည်။ တကျက် ကျက်။ စိတ်ကောက်ကြ စိတ်ဆိုးကြ။ ခုလို မိုး ကွယ်လွန်သွား တော့ ဝါဝါ ဝမ်းသာလိမ့်မည်လို့တော့ သဉ္ဇာ မထင်ပါ။ သူငယ် ချင်းအတွက်တော့ ဝမ်းနည်းပူဆွေးခဲ့မည်။ လစ်လပ်ပွင့်လင်းသွား

www.burmeseclassic.com

www.burmeseclassic.com



တဲ့ အခွင့်အရေး လမ်းကြောင်းအတွက်တော့ စိတ်ချမ်းသာသွား
မှာပါ။

ဒါကြောင့်လည်း မာန်မင်းထံ ဝင်ထွက်၊ သတင်း
ဂရုစိုက် ချောင်းပေါက်ခဲ့ပါသည်။ မိုးနဲ့ ရုပ်ချင်း အံ့သြဖို့ကော
အောင် ချွတ်စွပ်ဆင်တူနေတဲ့ ဇုံ ပေါ်ပေါက်လာတဲ့အခါ သူ့
ကို အလေးတုံးနဲ့ ပိတ်ထုတာ ခံရသလို အင့်ခနဲ အောင့်ကျိန်း
နင့်သွားမှာ မလွဲ။

"ဘာပဲဖြစ်ဖြစ်ပါ ညီမရယ်၊ ဝါဝါ့အပေါ် ဗွေမယူပါ
ပြီးတော့ ဒီစကားတွေ ကြားလို့လည်း မကောင်းပါ
မာန်မင်းကိုလည်း သွားပြောမနေပါနဲ့နော်"

"အို ... ဘာလို့ ပြောရမှာလဲ မသဇ္ဇာရယ်၊ ဇုံနဲ့မှမ
တာ၊ ဇုံ လုံးဝမပြောပါဘူး စိတ်ချပါ၊ ဒါပေမဲ့ မဝါဝါ
လည်း နည်းနည်းတော့ နားလည်ပေးနိုင်အောင် မသ
ပြောပေးပါနော်၊ သူ လိုက်ရှိနေ ထေ့ငေါ့နေတာတွေ
အကျိုးယုတ်စရာ အကြောင်းပဲ ရှိတာ၊ ဇုံလည်း နေရခက်
စိတ်ညစ်တယ်"

"ကောင်းပြီ ဇုံ၊ တို့ သူ့ကို ချော့ပြောပါ့မယ်၊ နား
မယ်"

✧❤✧





## ၇

"ဇုံ မီးဖိုထဲ ဝင်နေပြန်ရောလား"

မီးဖိုခန်းတံခါးဝ၌ ဒေါ်သက်သက်ဆွေ ရောက်လာလျှင် ဇုံက ဟင်းအိုးမွှေရာမှ ပြုံးပြုံးရွှင်ရွှင် လှည့်ကြည့်လိုက်ရင်း...

"အန်တီဆွေနဲ့ အန်ကယ့်ဖို့ သမီး မုန့်ဟင်းခါး ချက်ထားပါတယ်"

"မုန့်ဟင်းခါး !!"

"ဟုတ်ကဲ့ အန်တီ"

"သမီးရယ် ... ပင်ပန်းလိုက်တာ၊ ဝယ်စားလိုက်ရင် ရတာကို"

"ဟိုတစ်နေ့က ဒီနားက မုန့်ဟင်းခါးဆိုင်က ရွှေမြင့်
သွားဝယ်တဲ့ မုန့်ဟင်းခါး သမီးလည်း စားရတယ်လေ၊
ရွှေမြင့်က ပြောတယ်၊ အန်တီတို့ အန်ကယ်တို့က မုန့်ဟင်း



www.burmeseclassic.com

www.burmeseclassic.com



ခါးသိပ်ကြိုက်တာတဲ့၊ အဲဒီမုန့်ဟင်းခါးကဖြင့် ညှဲ့လွန်း
အရသာလည်း မရှိပါဘူး အန်တီရယ်”

“တကယ်ကောင်းတဲ့ မုန့်ဟင်းခါးတွေကျတော့ အနည်း
လှည်းတန်လောက်ထိ သွားဝယ်ရမယ်လေ၊ သမီးအန်
လည်း သွားမဝယ်နိုင်၊ ဒရိုင်ဘာကလည်း ရှစ်နာရီကျေ
ရောက်မှာဆိုတော့ ဒီနားနီးတဲ့ဆီက မုန့်ဟင်းခါးပဲ
တော့တာပဲ သမီးရယ်”

“အဲဒါကြောင့် သမီး ချက်ပေးတာ အန်တီဆွေ၊ မုန့်
ရည်ထဲထည့်ဖို့ ငါးကအစ ဂျင်းစပါးလင် အားလုံး
အိမ်မှာအသင့်ရှိနေတာလေ၊ ငှက်ပျောအူကလည်း ခြံ
နောက်ဘက်ထဲက အရိုင်းပင် ခုတ်သုံးလို့ရတယ်လို့ ဒေါ်
ပြောတယ်၊ မဟုတ်လည်း ခုတ်ရှင်းပစ်ရမှာတဲ့ …

မုန့်ဖတ်နဲ့ အကြော်ကတော့ အဲဒီမုန့်ဟင်းခါးဆိုင်
မုန့်ဖတ်ပို့ပေးနေကျ ဆိုက်ကားသမားကြီးကို ပဲကြော်ဆေ
လောက်နဲ့ မုန့်တစ်ပိဿာလောက် ဈေးကပြီယူခဲ့ပေးပါ
မှာလိုက်တာ၊ အစောကြီး လာပို့သွားတယ် အန်တီ၊ အာ
အဆင်သင့်ပါပဲ၊ စားလို့ရနေပါပြီ၊ အန်ကယ် နိုးပြီ
မသိဘူးနော်”

“အန်ကယ်လည်း မျက်နှာသစ်နေပြီ၊ ဆင်းလာတော့
“သမီး ပြင်ပေးမယ် အန်တီ”





ဇုံက အိုးကို မီးဖိုပေါ်မှချကာ မီးဖိုကိုပိတ်ရင်း …
“သမီးက ဟင်းလည်းဝင်ချက်တာပါ၊ ငါးပြေမဟင်းလေ၊ ဒေါ်ပုက ဆရာက ငါးပြေမဟင်း ကြိုက်တယ်တဲ့၊ သူက မကိုင်လည်းမကိုင်တတ်၊ ချက်လည်းမချက်တတ်လို့ မချက်ရဘူးတဲ့၊ ထမင်းဆိုင်ကနေ ဝယ်စားတတ်တယ်ဆိုတာနဲ့ မနေ့က ဒေါ်ပု ဈေးအသွား ငါးပြေမ ထည့်ဝယ်ခဲ့ဖို့ မှာလိုက်တာပါ၊ အခု ငါးပြေမဟင်း ချက်ပေးထားတာ အန်တီ”

“မွှေးကြိုင်နေတာပါပဲလားဟေ့”

ထမင်းစားခန်းထဲ ရောက်လာတဲ့ ဦးကျော်မင်းက ပြောလိုက်ခြင်းပင်။

“ဟင် … ပဲကြော်တွေ များလှချည်လား၊ နံနံပင်တွေ ဘဲဥတွေနဲ့ ခါတိုင်း ဝယ်ထားတဲ့ပွဲလို မဟုတ်ပါလား”

“ဇုံ ချက်ပေးထားတာတဲ့ရှင်”

“မုန့်ဟင်းခါးချက်ထားတယ် ဟုတ်လား”

“ဟုတ်တယ် ကိုရေ၊ အားရပါးရ စားပေတော့”

“ဘယ်အချိန်ကတည်းကများ ထချက်နေတာတုန်း၊ ခုနစ်နာရီမခွဲခင် စားဖို့အဆင်သင့် ဖြစ်ပြီဆိုတော့ အားနာစရာကြီး သမီးရယ်။ အပင်ပန်းခံ ချက်မနေပါနဲ့၊ ဝယ်စားလို့ရပါတယ်”

www.burmeseclassic.com



"ဝယ်စားလို့ ရလေမယ့် ချက်စားတော့ ကောင်းကောင်းလေး စားရတာပေါ့ အန်ကယ်ရယ်၊ မပင်ပန်းပါဘူး၊ ဇုံကချက်ရ ပြုတ်ရတာ ဝါသနာပါပါတယ်၊ ချက်လည်းချက်နေကျမို့ မြန်လည်း မြန်ပါတယ်"

ဇုံက လူကြီးနှစ်ယောက်စားဖို့ ပန်းကန်မှာ ပြင်ဆင် ပေးပါသည်။

"ငါးပြေမဟင်းလည်း ချက်ထားသေးတယ်"

"ဟော ... ဒါကြောင့် ခုနကရတဲ့အနံ့က ငါးပြေမဟင်းရဲ့ ကိုးကွ၊ တယ်ဟုတ်ပါလားဟေ့၊ ဒါဖြင့် နေ့လယ်က ထမင်းစား ပြန်ခဲ့မယ်၊ ထမင်းဟင်း ထည့်မပေးနဲ့တော့ ငါးပြေမဟင်းဆိုရင် ရုံးမှာ ပြီးစလွယ်စားလို့ မကောင်းဘူး အိမ်မှာ လက်ဆေးပြီး သေချာနယ်ဖတ်စားမှ ပိုကောင်းတာ ဒေါ်ပုရေ ငါးပိရည်ဖျော်လေး တို့စရာလေးပါ စီစဉ်ထား လိုက်ပါဦး"

"ဟုတ်ကဲ့ဆရာ"

လူကြီးနှစ်ယောက် အားရပါးရစားသောက်နေတာ ကိုကြည့်ပြီး ဇုံက စိတ်ချမ်းသာနေပါသည်။ ကိုယ့်မှာ အဖေအမေ က ငယ်စဉ်ကပင် ကွယ်လွန်ကုန်တော့ ကြီးတော်တို့လင်မယားကို ပဲ မိဘအရာထားရတာ။ ဇုံ လခထုတ်တဲ့ရက် ကြီးတော်နဲ့ ဦးသိုက်တို့ ကြိုက်တတ်တာလေး ဈေးကဝယ်လာပြီး ချက်ကျွေးလို့





ဦးသိုက်တို့ ကြီးတော်တို့ ခေါင်းမဖော်စတမ်း အရသာရှိရှိ စားတာတွေ့လျှင် ဝမ်းသာရတာပင်။

ခုလည်း ဒါဟာ ကိုယ့်မိဘအရွယ်တွေပဲလေ။ လက်စွမ်းပြ ချက်ကျွေးရတာကိုပဲ ဇုံက ပျော်ရွှင်ကျေနပ်နေပါသည်။

"ကောင်းလိုက်တဲ့ မုန့်ဟင်းခါးပဲ၊ ဆိုင်တောင်ဖွင့်ရမလို ဖြစ်နေပြီ၊ ဆိုင်ကောင်းကောင်းလေးနဲ့ ဒီလက်ရာလေးသာ ချက်ရောင်းရင် ကားကြီး ကားငယ် ဆိုက်ပြီး လာစားကြ မှာ"

"သမီးရဲ့ကြီးတော်လည်း မုန့်ဟင်းခါး ရောင်းဖူးပါတယ်၊ အဲဒါကြောင့် သမီး ကောင်းကောင်း ချက်တတ်နေတာပါ၊ ဒါပေမဲ့ ဆင်းရဲသားရပ်ကွက်ဆိုတော့ တစ်ပွဲသုံးရာလောက် ရောင်းမှကိုက်တဲ့ မုန့်ဟင်းခါးကို သိပ်မစားနိုင်ကြပါဘူး၊ သိပ်မရောင်းရဘူးပေါ့ အန်ကယ်၊ တစ်ပွဲတစ်ရာငါးဆယ်၊ တစ်ရာဖိုးလည်း ရောင်းပေးနိုင်တယ်ဆိုတဲ့ ခေါက်ဆွဲသုပ် ကြာဆံသုပ်ကိုပဲ ပိုလူစားများကြတော့ ကြီးတော်က အခု တော့ အသုပ်ဆိုင်လေးပဲ ဖွင့်ရတာပါ"

လက်ကလေးနှစ်ဖက် ရှေ့မှာစုဆုပ်ကာ သူတို့ဈေး ရောင်းရတဲ့ အကြောင်းလေး ပြုံးပြုံးရွှင်ရွှင် ပြောနေတဲ့ ဇုံကို ဒေါ်သက်သက်ဆွေတို့ လင်မယားနှစ်ယောက်စလုံး ခေါင်းတညိတ် ညိတ် လှမ်းကြည့်နားထောင်နေရင်း အတွေးဆင်တူ။ မုန့်ဟင်းခါး



www.burmeseclassic.com

www.burmeseclassic.com



တို့ အသုပ်တို့ ရောင်းစားရမယ့် ရုပ်ရည်လေး မဟုတ်ရှာပေဘူး လို့ မှတ်ချက်ပြု ကရုဏာသက်နေကြရတာပင်။

အဆင်အပြင်က အလွန်သားနားနေပြီဆိုတော့ နဂို ရှိတဲ့ ရုပ်ကလေးက နကိုင်းထွက်လာပါသည်။ ဒီရုပ်ကလေးက မိုး မဟုတ်ပါဘူးလို့ ဘယ်လိုငြင်းမလဲ။ မိုးက မျက်နှာပေး အ အရာပေါ်မှာ ပိုင်နိုင်ခြင်း၊ ဘယ်သူ့ကိုမှ သိပ်ဂရုစိုက်စရာမလို ခြင်း၊ ဘေးပတ်ဝန်းကျင်၏ မြှောက်စားအရေးပေးခံရခြင်းကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပြည့်နေတဲ့ရုပ်မျိုး ပေါ်လွင်နေခြင်း ကိုယ့်အလှဂုဏ် နေဂုဏ်တွေအပေါ် ကိုးစားတဲ့အထက်စီးဟန်ပန် မျိုးရှိခြင်း စတဲ့ အရိပ်အယောင်တွေ လွှမ်းမိုးနေတဲ့အတွက် ရုပ် နည်းနည်းမာသည်။

ဖုံကတော့ သူ့မျက်နှာပေါ်မှာကိုက သူတစ်ပါးအရိပ် အကဲကြည့်ကာ အလိုက်တသိ အောက်သက်ကျေဖို့ ရိုကျိုး အသင့်ရှိသော လိုက်လျောညီထွေ လိုတိုးပိုလျှော့ ဆက်ဆံပေးမည့် ဖော်ရွေသွက်လက်သော အရိပ်အယောင်သာရှိရာ ဖုံ့ရုပ်ဟာ ပျော့ ပျောင်းသည်။

မိုးလောက်တော့ အထက်စီးဟန် ထည်ဝါမနေ ဒါပေမဲ့ မိုးထက်တောင် ပိုချစ်ရာကောင်းလေသလားလို့ ဒေါ်သက် သက်ဆွေ ထင်မိသည်။ သူကိုယ်တိုင်ကလည်း မိုးကို သားချစ်သူ ဆိုတာကြောင့်တင်မကဘဲ ရိုးရိုးမိန်းကလေးတစ်ယောက်အနေနဲ့





ည်း ချစ်ခင်စိတ်ရှိတာဖြစ်ရာ ဒီ ဖုံဆိုတဲ့ ကောင်မလေးကိုလည်း ကယ်ပဲ ချစ်ခင်မိပြန်ပါသည်။

အဲဒါအပြင် မိုးကမှ သားရဲ့ချစ်သူဖြစ်ရုံသာ။ ဖုံက ားဖြစ်သူကို ကူညီဖို့ ကယ်တင်ဖို့ ရောက်လာတဲ့သူ ကိုယ့်အပေါ် ာရောက်ကူညီ ခဲ့သူ ဆိုတဲ့ ကျေးဇူးတင်စိတ်ပါ ရှိနေတော့ င်ထဲမှာ နှစ်လိုမှု ပြည့် ဖြစ်မိပါသည်။

"ဒီကနေ့တော့ ဖြူတို့ လာဖြစ်မယ် ထင်တယ်၊ အတော်ပဲ သူတို့တောင် သမီးလက်ရာ မုန့်ဟင်းခါး စားလို့ရတယ်"

"မုန့်ဖတ်လေး နည်းနည်း သွားထပ်ဝယ်လိုက်မယ်လေ အန်တီ၊ ဟင်းရည်က သမီးချက်ထားတာ အများကြီးပါ"

လွန်ခဲ့တဲ့ နှစ်ရက် သုံးရက်က မိုးမေခရဲ့မိဘများ ကိုတွေ့ဖို့ လာကြမည် ပြောသော်လည်း ရောက်မလာပါ။ လာ ါနီးမှ သူ့သမီးနှင့် ရုပ်ချွတ်စွပ်တူသူကို တွေ့ရမည်ဆိုတဲ့ စိတ် ပ်ရှားမှုကြောင့် ဒေါ်မေဖြူ သွေးတွေတိုးလာကာ ရောက်မလာ နိုင်ခဲ့ပါ။

အိပ်ရာထဲ နှစ်ရက် သုံးရက် လဲနေပြီး ခုတစ်ကြိမ် လာဦးမည် စီစဉ်တာပင်။

"ဖုန်းထပ်ဆက်ကြည့်လိုက်ပါလား ဆွေရဲ့၊ သူတို့မလာနိုင် လည်း သွားတွေ့လိုက်ပါ"

"ဆက်ကြည့်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်သက်ဆွေက အိမ်ရှေ့ထွက်သွားပါသည်။ ဖုန်းနားရောက်လုဆဲဆဲ ကိုယ်ကမဆက်ရခင် ဖုန်းခေါ်သံက အရင်မြည်လာ၍ ကောက်ကိုင်လိုက်ရင်း ...

"ဟဲလို"

"ဇံ ရှိပါသလား"

"ဇံ ! ..."

အသံက ယောက်ျားသံမျိုးသံ။ ဇံတို့အိမ်မှာ ယောက်ျားသားအဖြစ် ဇံဦးလေးရယ်၊ မောင်ခပ်ငယ်ငယ်ကလေးသာသာရယ် နှစ်ယောက်ပဲရှိတာ သိထား၍ ဒေါ်သက်သက်ဆွေက အနည်းငယ် တွေဝေသွားပါသည်။

"ဟယ်လို ... ဟယ်လို"

"ဟုတ်ကဲ့"

"ဇံနဲ့ ပြောချင်လို့ပါ"

"ဟုတ်ကဲ့၊ ဘယ်သူများပါလိမ့်ကွယ်"

"သူ့မိတ်ဆွေပါ"

"သူ့မိတ်ဆွေ ဘယ်သူများပါလဲ"

"ဗျာ"

တစ်ဖက်က တမင်တကာ သရော်တော်တော်'ဗျာ' လိုက်သံမျိုးဖြစ်သည်။ ဒီလောက်တောင်ပဲ အစစ်အဆေး အမေးအမြန်း ထူရသလားဆိုတဲ့ မကျေနပ်သံမျိုးလည်း ဖြစ်သည်။





"နာမည်ပြောပြလိုက်ပါ၊ အန်တီ သွားမေးပေးပါ့မယ်ကွယ်"

"ဂျင်ဗျာ၊ ဂျင်လို့ ပြောလိုက်"

"ဂျင်"

"ဟုတ်ပါ့ဗျာ၊ ဂျင်ပါ"

"ကိုင်ထားဦးနော်"

ဒေါ်သက်သက်ဆွေက ထမင်းစားခန်းထဲ ဝင်လာ ...

"သမီးရေ၊ ယောက်ျားသံတစ်သံ ဖုန်းဆက်လာတယ်၊ သမီးဦးလေးလည်း မဟုတ်ဘူး၊ ဘယ်ကများ ဖုန်းနံပါတ်ရပါလိမ့်၊ သမီး ဘယ်သူ့ကို ဖုန်းနံပါတ်ပေးသေးလဲ၊ နာမည်က 'ဂျင်'ဆိုလားပဲ"

"ဩော်"

ဇံက ရှီးတိုးရှန့်တန့်လေး ဖြစ်သွားကာ ...

"သမီးသူငယ်ချင်းပါ အန်တီ၊ ဖုန်းနံပါတ်ကို ကြီးတော် ပေးလိုက်တာ နေပါလိမ့်မယ်၊ ကြီးတော်တို့နဲ့လည်း သိကျွမ်းပါတယ်၊ ဝင်ထွက်နေကျမို့ ကြီးတော်က ဖုန်းနံပါတ် ပေးလိုက်တာ ဖြစ်မှာပါ"

"အေး ... ဒါဖြင့် သွားပြောလိုက်ဦး"

ဇံက ညှော်ခန်းကို အပြေးထွက်လာကာ ဖုန်းကိုကိုင်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"ခုံလား"

"ဂျင်"

"ဘာလဲကွာ၊ ဘာလုပ်တာလဲကွာ၊ ဘာမှလဲ မပြောမဆိုနဲ့ ဘယ်ရောက်သွားတာလဲ၊ ခရီးကလည်း ပြန်လာရော သူက မရှိဘူး၊ ဘယ်မှာလဲ၊ ဘာအလုပ်လဲ၊ ကြီးတော်ကလည်း ဘာမှပွင့်ပွင့်လင်းလင်း မရှိ သေချာမသိ။ သူ ပြောပုံက နင်ကပဲ သူဌေးမတစ်ယောက်ယောက်ရဲ့ ပီအေလိုလို ကြီးကြီးကျယ်ကျယ် ပြောနေတာ၊ ဘာအလုပ်လဲ အဲဒါက"

"ဟိုလိုပါဟာ၊ ပီအေတော့မဟုတ်ပေမယ့် သူ့နားလိုက်ကပ်နေရတဲ့သူပေါ့၊ အပါးတော်မြဲပေါ့ဟာ ... အဟဲဟဲ"

"သူက ဘာမို့လို့လဲ"

"ရိုးရိုးသူဌေးမကြီးတစ်ယောက်ပဲပေါ့"

"နင်က ဘာတွေလုပ်ရတာလဲ"

"ဟိုလေ ... အဝတ်အစား ထုတ်ပေးတာတို့၊ နောက် ... ဟို ... သူလုပ်စရာရှိတာတွေ မှတ်ထားပေးတာတို့၊ ဖုန်းခေါ်ပေးတာတို့၊ ဖုန်းဖြေပေးတာတို့၊ အဲ ... အဲသလိုမျိုးပေါ့"

"နေပါဦး၊ ဒါတွေအတွက် နင့်ကိုမှရွေးပြီး လာခေါ်တာလား"





"အေး ... ဆိုင်မှာထမင်းလာစားရင်း ငါ့ကို သိသွားပြီး သဘောကျလို့ပေါ့ဟာ"

"ဒေါ်ဒေါ်နု ပြောတော့ ဆိုင်မှာလည်း လာမစားဖူးပါဘူးဆို"

"တစ်ခါ စားဖူးတာပါ၊ သူက ဖောက်သည်မဟုတ်လို့ အဲလို ပြောတာ နေမှာပေါ့၊ ငါနဲ့ အဲဒီတစ်ခါ မြင်ဖူးပြီး မျက်မှန်းတန်းသွားတော့ ဟို ... အပြင်မှာ နှစ်ခါ သုံးခါ ထပ်ဆုံတာနဲ့"

"ဘယ်အပြင်မှာလဲ၊ နင်က ဘယ်သွားလို့လဲ"

"ဈေးမှာရယ်၊ နောက် ... ဟို ဘုန်းကြီးကျောင်းအလှူမှာ ဆုံတာရယ်၊ ဩော် ... ငါတစ်ခါ ပလာဇာသွားရင်းလည်း ဆုံသေးတာ၊ ဆုံတိုင်း ငါက သူ့ကို ကူညီပေးလိုက်ရတာလေးတွေ ရှိပြီးတော့ သူက ငါ့ကို သဘောကျသွားတာပေါ့ ဂျင်ရာ၊ သူ့ဆီ အလုပ်လုပ်မလားဆိုပြီး လခငါးသောင်း ဆိုတာနဲ့"

"လခ ငါးသောင်းဆိုတာနဲ့ပဲ ဘာမှန်းမသိ ညာမှန်းမသိ သူများအိမ် လိုက်နေစရာလား၊ ခုံ ... ငါ့ကိုမှန်မှန်ပြောနော်၊ အိမ်ဖော်လုပ်နေရတာလား"

"အာ ... ဘယ်ကလာ ဂျင်ရယ်၊ ငါလား အိမ်ဖော်လုပ်မှာ၊ နင် နည်းနည်းပါးပါး စဉ်းစားပြောပါလား၊ လုပ်စရာလား၊ အပျံစားနေရတာ"



www.burmeseclassic.com

www.burmeseclassic.com



"မယုံဘူး"

"ငါ ဒီတနင်္ဂနွေ ခွင့်ရရင် အိမ်ပြန်လာမယ်၊ နင်နဲ့
မယ်၊ အဲဒီကျ ငါ ဘယ်လိုနေရလဲ နင် သိမှာပေါ့

"အပြောကကြီးပါ့၊ နေစမ်းပါဦး၊ နင်က ငါ့ကိုတောင်
ပြီး မတိုင်ပင်ဘူး၊ ကိုယ့်စိတ်ကိုယ့်သဘောနဲ့ ဆုံးဖြတ်
တယ်၊ အဲဒါ လုံးဝမမိုက်ဘူးနော်၊ လိပ်စာပြော၊ ငါ နင်
ခုလာတွေ့မယ်"

"အာ ... နင်လာတွေ့လို့တော့ မရဘူး၊ အိမ်ကို ဧည့်သ
လ…ခွင့်မရှိဘူး"

"ဧည့်သည်လာခွင့်မရှိတဲ့အိမ်ဆိုရင် နင် အလုပ်ထွက်

"ဂျင်နော်၊ နင် ဘာတွေရစ်နေတာလဲ၊ ခုမှအလုပ်ဝင်
တစ်ပတ်ကျော်ရုံ ရှိသေးတာ၊ ဧည့်သည်ခေါ်လို့ ဘယ်ဖြ
ပါ့မလဲဟာ၊ ငါ ခွင့်ရတဲ့နေ့မှာ နင်နဲ့တွေ့လို့ ရတာပဲ
နင် အလုပ်လုပ်တဲ့ကိစ္စမှာရော ငါ ဝင်စွက်ဖက်လို့
အခု ငါလည်း ကောင်းတယ်ထင်လို့ လုပ်တာပေါ့ဟ
အတွက် မကောင်းဘူးထင်တာ အန္တရာယ်ရှိနိုင်တာ
ငါက လုပ်မလား"

"ဘာပဲဖြစ်ဖြစ် ငါ့ကိုစောင့်ဦးပေါ့"

"အာ ... နင်က ဒီနေ့ရောက်မှာပါလို့ ရက်အတိအ
ပြောသွားလို့လား၊ နင် ဘယ်နေ့ ခရီးက ပြန်ရောက်





ငါ သိလို့လား၊ နင့်ကို ဘာမှန်းမသိတဲ့ ဘယ်ရက်ထိ ငါ
က စောင့်ရမှာလဲ၊ ဂျင် ... နင် မရစ်နဲ့ဟာ"

"ငါလာလို့ မရရင် နင် ငါ့ကိုလာတွေ့"

"မရဘူး"

"ဘာလို့ မရရတာလဲ"

"ဘယ်ရမလဲဟဲ့၊ ငါ ပြောပြီးပြီပဲ၊ တနင်္ဂနွေတစ်ရက်ပဲ ငါ
ခွင့်ရတာ၊ အဲဒီရက်ကျမှ အပြင်ထွက်လို့ ရမယ်"

"တောက်"

"ဒီမှာ ဂျင်၊ နင့်အလုပ်နဲ့နင် ဟိုမိန်းမကြီးနဲ့တွဲပြီး ခရီးတွေ
ထွက်သွား၊ ဘယ်နေ့ရောက်မလဲ ငါမသိ၊ ပြန်ရောက်မှပဲ
ခြော် ... ပြန်ရောက်ပါပကောလားလို့ သိရ တွေ့ရတာ
ငါ ဘာပြောသလဲ၊ ဒီလိုပဲနေတာ မဟုတ်လား၊ နင်
အလကား လျှောက်အလေလိုက်နေတာမှ မဟုတ်တာ၊
အလုပ်ကိစ္စသွားတာ ငါ သိတာပဲ ...

နင်လည်း ဒီလိုပဲ နားလည်မှု ရှိရမှာပေါ့၊ ငါလည်း ငါ့ဟာနဲ့ငါ ငါ့ဘဝရပ်တည်ဖို့ ငွေလိုတယ်ဟဲ့၊ ပိုက်ဆံလိုတယ် ....

နင်ရော ပိုက်ဆံဘယ်နပြား စုမိသေးလို့လဲ၊ ငါတို့တွေက ဒီလိုပဲ ရရသုံးသုံးနဲ့ နေသွားလို့ရမလား၊ ပိုက်ဆံလေး ဘာလေး စုရဦးမှာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



နင်တော့ မသိပေမယ့် ငါကတော့ ထမင်းဆိုင်မှာ တစ်သက်လုံး အလုပ်သမားလုပ်ရင်း မသေနိုင်ဘူး၊ ငွေရင်းငွေနီးလေးစုပြီး တင့်တင့်တယ်တယ်လေး တစ်ခုခုလုပ်နိုင်အောင် ကြိုးစားမှာ၊ လခရလေး သုံးသောင်းနဲ့ ကြီးတော်ကို တစ်သောင်းလောက်ပေးရင် ဘာကျန်လဲ၊ အရင်ကဆိုနင့်ကိုတောင် ပြန်ချေးပေးရသေးတယ်"

"ကြိုးကျယ်လိုက်တာဟာ၊ ခုရတာလည်း ငါးသောင်းဆိုဘယ်လောက်များ ပိုစုနိုင်တာမို့လို့လဲ"

"အနည်းဆုံး နှစ်သောင်းကတော့ ပိုစုနိုင်တာပဲ၊ ငါကတစ်ပြားမကျန် အကုန်စုမှာ၊ ငါ ဒီမှာ ခြောက်လလောက်ပဲ လုပ်ရမှာပါ၊ ပြီးရင် ငါ အနည်းဆုံး စာအုပ်ဆိုင်လေးဖြစ်ဖြစ် အိမ်မှာစ,ဖွင့်မယ်၊ ငါ တစ်သက်လုံး ထမင်းဆိုင်အလုပ်သမား မလုပ်နိုင်ဘူးဟဲ့"

"ဒါပေမဲ့ နင်က တနင်္ဂနွေပဲ ရက်အားရ၊ ငါကတနင်္ဂနွေတိုင်း ရန်ကုန်မှာ ရှိပါမယ်လို့ အာမခံလို့ ရတာမဟုတ်ဘူး၊ ငါတို့ ဘယ်လိုတွေ့ကြမှာလဲ၊ နင် ဒါကိုစဉ်းစားကြည့်လား၊ နေနိုင်လား"

"နေနိုင်ရမှာပေါ့၊ မရှိတော့တာမှ မဟုတ်တာ၊ ရှိနေတာပဲအခိုက်အတန့် မတွေ့ရတာပဲရှိတယ်၊ နေနိုင်အောင်နေပေါ့"

"တောက် … နင်က အသည်းမာတယ်ပေါ့၊ ဟုတ်လား"





"ဂျင် … နင် နားလည်မှပေါ့ဟာ"

"မလည်ဘူး"

"မလည်လည်း လဲသေလိုက်ဟယ်"

"တောက်"

"ခွပ်"

တောက်ခေါက်သံနှင့် ဆက်တိုက်ပင် ဂျင် ဖုန်းဆောင့်ချတဲ့အသံ။ ခုံက သက်ပြင်းလေးချပြီး ဖုန်းကိုပြန်တင်လိုက်ပါသည်။ နောက်ဘက် လှည့်ထွက်လိုက်လျှင် …

"ဟင်"

"ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့ လန့်သွားတာလဲ"

နောက်မှာ မဝါဝါ။ မလှမ်းမကမ်းမှာ ရပ်နေသည်။ စကားတွေ ရပ်နားထောင်နေခဲ့တာပေါ့။ ခုံက ခပ်တည်တည်နှင့်ပင် …

"အသံတိတ်ပြီး ရပ်နေတာကြီး မြင်ရတာ သူ့ရဲ့ခြောက်သလိုကြီးဆိုတော့ လန့်သွားတာပေါ့"

ဝါဝါက သူ့ကို သရဲနှင့်နှိုင်း၍ ဒေါသကန်သွားသော်လည်း ဒါကို ရှေ့တန်းမတင်ဘဲ …

"ဖုန်းပြောနေတာ ဘယ်သူနဲ့လဲ"

"ကျွန်မ သူငယ်ချင်းပါ"

"သူက ဘာတွေရစ်နေတာလဲ၊ သူငယ်ချင်း ဟုတ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



ဖုံက စိတ်ညစ်ညစ်နှင့် မျက်ခုံးရှုံ့တွန့်ကာ ...

"ဒါ ကျွန်မကိစ္စပါ မဝါဝါ၊ ကိုယ်ရေးကိုယ်တာပါ၊ ဘယ်သူနဲ့ပြောပြော၊ ဘယ်လိုပတ်သက်ပတ်သက် ပြောခွင့်ပတ်သက်ခွင့် ရှိတာပဲ"

"ဘာ ... နင် စကားပြောတာ ရင့်လှချည်လား"

"မဝါဝါ ကျွန်မ ဖုန်းပြောနေတာတွေကို ရပ်နားထောင်နေတာကိုလည်း မကြိုက်ပါဘူး၊ နောက်တစ်ခါ နားမထောင်ပါနဲ့"

"ဘာ"

ဖုံက ထမင်းစားခန်းထဲ လှည့်ဝင်လာသည်။ ဝါဝါက နောက်မှပါလာကာ ...

"ဟဲ့ ... နင် ရပ်လိုက်စမ်း"

ဖုံက မရပ်ပါ။ ထမင်းစားပွဲမှာ အန်ကယ်မရှိတော့။ အန်တီဆွေက အလန့်တကြားနှင့် ...

"ဟယ် ... ဝါဝါ၊ ဘာဖြစ်လို့လဲ"

"အန်တီ သူ့ စကားပြောပုံက–သိပ်လှပါးဝတာပဲ၊ ဝါဝါ လုံးဝသည်းမခံနိုင်ဘူး"

"ဟင် ...၊ ဘယ်လိုဖြစ်ကြတာလဲကွယ်၊ သူက ဘာပြောလို့လဲ"





"စကားတွေကိုက လှပါးဝတာ၊ ရိုင်းတာ၊ ဝါဝါ ပြန်မပြောတတ်ဘူး"

ဝါဝါ့အသံက စူးရှကျယ်လောင်လှသည်။

"ရှူး ... ဝါဝါ၊ သား မနိုးသေးဘူး၊ ဘာဖြစ်တာလဲ ဖြည်းဖြည်းပြောပါ၊ ဖုံက ဘာရိုင်းလို့လဲ၊ ဘယ်လိုလှပါးဝတာလဲ"

"တအားလှပါးဝတာ"

ဖုံက သက်ပြင်းရှိုက်ရင်း အန်တီဆွေ့ကိုကြည့်ကာ ...

"မဝါဝါက ဖုံ ဖုန်းပြောနေတာ လာရပ်နားထောင်နေတာပါ အန်တီ၊ ပြီးတော့ ဘယ်သူနဲ့ပြောတာလဲ၊ ဘာတွေပြောတာလဲ မေးလို့ သမီးက သမီးကိုယ်ရေးကိုယ်တာပါလို့ ပြန်ပြောတာပါ၊ နောက်ပြီးတော့ နောက်တစ်ခါကျရင် သမီး ဖုန်းပြောတာ လာနားမထောင်ဖို့ ပြောတာပါ"

"တွေ့လား အန်တီ၊ ရုပ်ကခပ်တည်တည်နဲ့ သူက ဘာမို့လို့လဲ၊ သူက ... သူက ထမင်းဆိုင်က အလုပ်သမား၊ အိမ်ဖော်သာသာပါ"

"အလုပ်သမားက အလုပ်သမား၊ အိမ်ဖော်က အိမ်ဖော်ပါ မဝါဝါ၊ ကျွန်မက တကယ်အိမ်ဖော်ဖြစ်ခဲ့ရင်လည်း ရှက်မှာမဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်မက အလုပ်သမားမို့ အိမ်ဖော်



www.burmeseclassic.com

www.burmeseclassic.com



မို့ ကျွန်မ ဖုန်းပြောသမျှ မဝါဝါ ချောင်းနားထောင်
ရှိတယ်လို့ ယူဆလို့မရပါဘူး”

“ဘာ ... နင်က”

ဝါဝါက ဒေါသတကြီး ရှေ့တိုးကပ်လာ၍ ...

“ဝါဝါ ... သမီး၊ ဒီလောက်ကြီးထွားရမယ့်ပြဿနာ မ
ပါဘူး သမီးရယ်၊ ဖုံ ... သမီးကလည်းပဲ ဝါဝါ့ကို
ရာရာ ချေချေငံ ပြန်ပြောပေးပါ၊ ဝါဝါက မာန်မင်
ငယ်သူငယ်ချင်း တစ်ယောက်ပါပဲ၊ သမီး ဘာပြောတ
မေးတာကလည်း စပ်စုတဲ့သဘောထက် သိဖို့များ လို
မလားလို့ ဖြစ်ပါလိမ့်မယ်”

“အန်တီသိဖို့လိုအပ်ရင် ဖုံ ပြောပြပါ့မယ်။ သူငယ်ချင်
သူ ခရီးသွားတုန်း ဖုံ အလုပ်ဝင်သွားလို့ လိပ်စာတော
နေတာပါ၊ ဖုံက လာလို့မရဘူးဆိုပြီး လိပ်စာမပေးပါ
သူက အိမ်ဖော်သွားလုပ်တယ်ထင်ပြီး စိတ်တိုနေတာ
တွေ့ဖို့ခေါ်ပေမယ့် ဖုံက တနင်္ဂနွေနေ့ အိမ်ပြန်မှတွေ့
လို့ ပြန်ပြောတာပါ”

“အဲဒါ နင့်ရည်းစား မဟုတ်ဘူးလား”

ဖုံက ဝါဝါ့ကို တစ်ချက်လှမ်းကြည့်ပြီးမှ ဒေါ်
သက်ချွေကို ကြည့်လိုက်ပါသည်။





“ဝါဝါ ဒါတွေတော့ အန်တီတို့ စစ်မေးနေဖို့ မလိုပါဘူး၊ သူ့ကိုယ်ရေးကိုယ်တာလေ၊ သူ့မှာ ရည်းစားရှိလည်းရတယ်၊ မရှိလည်းရတယ်၊ အန်တီ့အတွက် ဘာမှမထူးခြားဘူး၊ သူ့ကိုယ်ရေးကိုယ်တာ အတွင်းရေးပါ မမေးသင့်ဘူး”

“ကိုယ့်အိမ်ပေါ် ခေါ်တင်ထားရတဲ့ သူစိမ်းတစ်ယောက်လေ အန်တီ”

“ဒါပေမဲ့ သူက အကူညီတောင်း တက်နေတာ မဟုတ်ဘဲ အန်တီက တောင်းဆိုပြီး ခေါ်ယူထားတာပါ၊ ခုချိန်မှာ ဖုံဟာ ဘာကြီးပဲဖြစ်နေနေ၊ သားမာန်မင်း အတွက်ကြောင့် အန်တီ ဖုံ့ကို ဘယ်နည်းနဲ့မှ လက်မလွှတ်နိုင်ဘူး၊ ခုနေ ဖုံ အိမ်မှာမရှိတော့ရင် မာန်မင်းဟာ အရင်အနေအထားထက် ဆိုးသွားလိမ့်မယ်”

ဖုံသည် ဝါဝါ့မျက်နှာ ဘယ်လိုအခံရခက်နေမယ်ကို ကြည့်ဖို့အားနာ၍ ခေါင်းကို ငုံ့ထားပါသည်။ သူ့ကိုမကြည့်ပါ။ အန်တီချွေ့ကိုလည်း ကျေးဇူးတင်သည်။

“အန်တီ့ကို နားလည်ပါ ဝါဝါ၊ သမီးနဲ့ ဖုံနဲ့ အဖုအထစ်လေးတွေ ရှိလား ဘာလား အန်တီ မသိပါဘူး၊ ဒါပေမဲ့ အန်တီ့ဖုံ့ကို အိမ်မှာမဖြစ်မနေ ရှိနေဖို့ လိုအပ်ပါတယ်”

“ဝါဝါလည်း နားလည်ပါတယ် အန်တီ”

ဝါဝါက လျှောချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူက စကားပြောရင်လို့ ရုတ်တရက် ဒေါသထွက်သွားတာပါ၊ ကိုမာန် နေကောင်းဖို့က အဓိကဆိုတာ ဝါဝါသဘောထားလည်း ထပ်တူပါ"

ဝိုက သက်ပြင်းတစ်ချက်ချကာ မီးဖိုဘက်ကိုပဲ ခပ်ယိုယို ပြန်ဝင်ခဲ့ပါသည်။





## ၈

"သမီး ... ချော့ပါဦး၊ အန်တီ့ကို ချော့ပါဦးကွယ်"

ဝိုသည် ပျာပျာသလဲ ခြေမကိုင်မိ လက်မကိုင်မိ မ်ရသည်။ ညီသည် အန်တီဟာ သူ့ကိုမြင်တာနှင့် ရှိုက်ကြီး ငင် ငိုတော့သည်မှာ ဘာစကားနှင့်မှ နှစ်သိမ့်လို့မရ။ သူ့အမျိုး ား မိုးမေခရဲ့အမေဖြစ်သူသည်ပင် ဝိုကို ကြက်သေသေကြည့်နေ သော် ဇက်ကြီးလိမ်ကျိုး၍ ငိုင်နေရှာသည်။

ဆုံးသွားတာ တစ်လကျော်ကျော် နှစ်လမပြည့်တ ည်သာ ရှိသေးတဲ့ တစ်ဦးတည်းသောသမီး ကိုယ်ထင်လာပြသလို သော ဝို့ကို ရဲရဲပင်မကြည့်ဝံ့ မကြည့်ရက်ကြသလိုပင်။

"ဖြူရယ် ... ဒါကြောင့် ပြောသားပဲ၊ နေကောင်းမှလာပါလို့၊ ဖြူ မလာနိုင်လည်း ဆွေတို့လာပါမယ်လို့ ပြောသားနဲ့ တကူးတကလာပြီး ဒီကျတော့ အရှမ်းခံစားနေရပြီကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မေဖြူက စကားမပြန်နိုင်သော်လည်း ဦးတင် ထွင်ကဝင်၍ ...

"ဒီပဲလာလာ၊ ဟိုကိုပဲ မဆွေတို့လာလာ ဘယ်နေရာ တွေ့တွေ့ ဒီသမီးကို တွေ့တာနဲ့ တွေ့တဲ့နေရာမှာ ဒီလို ဖြစ်ကိုဖြစ်မှာပဲ မဆွေ၊ ရက်ရက်စက်စက် ဒီလောက်တူတဲ့ မိန်းကလေး ရှိသေးလား၊ ဖြူမပြော ကျွန်တော်တောင် ရင်ထဲမှာ မကောင်းဘူးဗျာ"

"ဖြူရယ် တိတ်ပါကွယ်၊ သွေးတွေတိုးလာပါ့မယ်"

"ဟုတ်ပါတယ် အန်တီ၊ ခုံ ... ခုံ အိမ်ထဲများ ခဏဝင်နေ ကောင်းမလား အန်တီဆွေ"

ခုံသည် အန်တီဆွေက "ချော့ပါ" ဆို၍ ဘာပြောရမှန်း လဲ မသိ။ ကိုယ် ဒီကထ,ပြေးရင်တော့ ကိုယ့်မျက်နှာ မမြင်ရတော့ လျှင် အငိုတိတ်မလား ပြောမိပြောရာ ပြောမိ၏။

"မသွားပါနဲ့၊ မဝင်ပါနဲ့ သမီး၊ ဒီနားပဲနေပါ၊ အနား နေပါ"

ဒေါ်မေဖြူက ခုံ့လက်ကို ဆွဲထားကာ ရှိုက်သံ ရောနှင့် စကားဆိုသည်။

"ဟုတ်ကဲ့ပါ အန်တီ၊ နေပါ့မယ်၊ တိတ်ပါ အန်တီရယ် နေထိုင်မကောင်း ဖြစ်နေပါဦးမယ်"

"ဘယ်ကများ ရှာတွေ့လာသလဲ ဆွေရယ်"





"ကြည်ကြည်လေ ... ကြည်ကြည် အမှတ်တမဲ့ တွေ့လာတာ နဲ့ သူက လိပ်စာတွေ ဘာတွေ မေးမြန်းထားလိုက်ပြီး နောက်တစ်ရက် လိုက်သွားကြတာပါပဲ ဖြူရယ်၊ တွေ့တွေ့ ချင်းပဲ ဆွေလည်းလေ ရင်ထဲမှာ လှိုက်လှိုက်တက်လာတာ၊ ဖြူ့အဖို့ကျတော့ အမေရင်း၊ ကိုယ်ချင်းစာပါတယ် ဖြူရယ်၊ ခံစားရမယ်ဆိုတာ သိတယ် ...

ဒါပေမဲ့ ကိုယ့်လူအချင်းချင်းဆိုတော့ မာန်မင်းကို မိုးနေရာ အစားထိုးပြီး နာလန်ထလာအောင် ကုသနေတယ် ဆိုတာ ဖွင့်ပြောထားရမှာပေါ့နော်၊ တော်ကြာ မိုးလေးနဲ့ ဒီလောက်တူတာ တွေ့ရက်နဲ့ အသိမပေးဘူး ဖြစ်မှာစိုး၊ ခုံကိုတွေ့လိုက်ရင် ဖြူ ခုလိုအရမ်းခံစားရမယ် ဆိုတာလည်း သိ၊ ပြောမယ် မပြောဘူးနဲ့တောင် လင်မယားနှစ်ယောက် သား ချီတုံချတုံ ဖြစ်ခဲ့ရတာ"

"ပြောရမှာပေါ့၊ ဒီလောက်တူတဲ့ လူတစ်ယောက် ရှိနေ တယ်ဆိုတာ ပြောကို ပြောရမှာပေါ့ မဆွေရယ်၊ ဒီလောက ကြီးမှာ သမီးလေးနဲ့ ဒီလောက်တူတဲ့ မိန်းကလေးတစ်ယောက် ရှိတာ သိခွင့် မြင်ခွင့် ရတာပဲ ကျေးဇူးကြီးလှ ကုသိုလ် ထူးလှပါပြီ"

ဒေါ်မေဖြူက ကပ်လျက်ဆက်တီမှာ ငုံ့ငုံ့လေးထိုင် နေတဲ့ ခုံ့ရဲ့လက်တစ်ဖက်ကို ချုပ်ကိုင်ထားကာ မေးစေ့လေးကို တစ်ဖက်က ပင့်မော့ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သမီးအသက် ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်နှစ်နှစ်ပါ"

"ဩော် ... မိုးထက် သုံးနှစ်လောက် ငယ်မှာပေါ့နော်
ဘယ်မှာနေတာလဲ သမီး"

"မြောက်ဥက္ကလာ (... ... ...)လမ်းမှာပါ အန်တီ"

"မိဘတွေကကော"

"ဆုံးသွားကြပါပြီ အန်တီ၊ ဇုံက ကြီးတော်နဲ့ နေတာပ
အမေ့အစ်မပါ"

"ဩော် ... ကြီးတော်တစ်ယောက်ပဲ ရှိတော့တာပေ
ဟုတ်လား"

"ကြီးတော်က အိမ်ထောင်သည်ပါ၊ ခင်ပွန်းနဲ့ ကလေ
လေးယောက်နဲ့ပါ၊ ဇုံက အဲဒီကြီးတော်မိသားစုနဲ့ပဲ အတူ
နေတာပါ"

"မိဘတွေက ဘာဖြစ်လို့ စောစောစီးစီး ဆုံးသွားကြတာ
လဲကွယ်"

"အမေက မိုးထဲလေထဲ ဈေးတောင်းခေါင်းရွက် လျှော
ရောင်းရင်း အဆုတ်အအေးပတ်တဲ့ ရောဂါနဲ့ ဆေးလည်
သေချာမကုဖြစ်တော့ ဆုံးသွားပါတယ်၊ အဖေက နဂို
တည်းက နှလုံးရောဂါရှိတယ်တဲ့၊ အဖေက သူဌေးသာ
အဖေ့ကို အမေက အိမ်ဦးခန်းထားပြီး ရှာကျွေးခဲ့တာတဲ့





အမေနဲ့ အဖေက တစ်ယောက်ကို တစ်ယောက်လည်း
သိပ်ချစ်ကြတာလို့ ပြောပါတယ် ...

အမေဆုံးတာနဲ့ အဖေ အိပ်ရာထဲလဲတာပါ၊ ကြီးတော်
တို့လင်မယားက အဖေ့ကို ပြုစုဆေးကုပေးခဲ့ပေမယ့် အမေ
ဆုံးပြီး လေးငါးလနေတော့ အဖေပါ ဆုံးသွားခဲ့တာပဲ
တဲ့။ အဖေဆုံးတော့ ဇုံက လေးနှစ်လောက်ပဲ ရှိသေးတာ
ပါ"

"ဩော် ... သမီးမိဘတွေကလည်း ဇာတ်လမ်းတစ်ပုဒ်ကိုး၊
ဒါတွေတော့ ဆွေတောင် မမေးမိပါဘူး ဖြူရယ်၊ မိဘတွေ
မရှိကြတော့ဘူးဆိုတာပဲ မှတ်ထားလိုက်မိတာပါပဲ။ ဒီတော့
သမီးအဖေက သမီးအမေ ဆုံးသွားလို့ ပူဆွေးကြေကွဲပြီး
နှလုံးရောဂါအခံနဲ့ နောက်က လိုက်ဆုံးရှာတာကိုး"

"ဟုတ်ပါတယ် အန်တီဆွေ"

ဒေါ်မေဖြူက ဇုံ့လက်နှစ်ဖက်ကို လှုပ်ယမ်းကာ ...

"သမီး မိဘတွေက နာမည်တွေကကော ဘယ်သူတဲ့လဲ"

"အမေက မမှုံပါ၊ အဖေနာမည်က ဦးမိုးအောင်ပါ"

"ဟင် ... ဘယ်သူ !!"

"ဦးမိုးအောင်ပါ"

"ဦးမိုးအောင် ... အဖေက ဦးမိုးအောင် အမေက မမှုံ၊
ဟုတ်လား အမယ်လေး ... ဦးမိုးအောင်နဲ့ မမှုံ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မေဖြူ့မျက်နှာက သွေးဆုတ်သလို ဖြူဖျော့ကာ ဆိုဖာရဲ့နောက်မှီပေါ် ခေါင်းကိုစောင်းမှောက်ထားလိုက်ရတဲ့အထိ ဦးခေါင်းကို မတ်မတ်မထူနိုင်အောင် ဖြစ်သွားရပါသည်။ အရှိက်မှာ အလုံးဆို့သွားသလို အသက်မရှူနိုင်အောင်ဖြစ်နေပြီး ပါးစပ်ကို ဟကာ အသက်ပြင်းပြင်းရှူသွင်းနေသော သူ့ဇနီးကို ဦးတင်ထွန်းက ပခုံး ပုတ်ကာ ပုတ်ကာ ...

"ဖြူ ... ဖြူ ... သတိထားမှာပေါ့၊ နေကောင်းရဲ့လား၊ ရရဲ့လား၊ ဆရာဝန်ခေါ်ရမလား"

"ဖြူ ... ဖြူ ဘယ်လိုဖြစ်လို့လဲဟင်၊ အပေါ်မှာ နာ့စ်ရှိတယ်၊ ရွှေမြင့်ရေ ... အစ်ကိုလေး အခန်းတံခါးကိုခေါက်ပြီး ဆရာမကို သွေးချိန်ဖို့ ချက်ချင်းဆင်းခဲ့ပါလို့ပြောစမ်း သွား ... သွား ... ဖြူရေ ... ဖြူ ... သမီး အဲဒီက သတင်းစာလေးနဲ့ ယပ်ခတ်စမ်း"

နံ့သည်လည်း အလန့်တကြား ခြေမကိုင်မိ လက်မကိုင်မိနှင့် သတင်းစာတစ်စောင်ကို တစ်ဝက်ခေါက်၍ ငယ်ထိပ်မှ ယပ်ခတ်ပေးကာ ...

"အန်တီ ... အန်တီ"

ဒေါ်မေဖြူသည် စကားမေးလို့မရအောင် မောဟိုက်ရှိုက်ငင်နေကာ မျက်ရည်တွေကလည်း ပိုးပိုးပေါက်ပေါက်။

"ကိုတင်ထွန်းရယ် ... ဘာများဖြစ်လို့ပါလိမ့်ရှင်"



BURMESE CLASSIC



ဦးတင်ထွန်းသည် သူ့မိန်းမ ဘာကြောင့် ဒီလိုခံစားက်သည်ကို သိရှိသော်လည်း ဘယ်လိုပြောရမည် မသိ။ ကြောင်းကိစ္စဟာ ဒေါ်မေဖြူနှင့် သက်ဆိုင်တဲ့ကိစ္စ ဖြစ်နေ၍ မေဖြူ ဖွင့်ဟပြောမယ်မပြောဘူးဆိုတာကို သူကိုယ်တိုင်လည်း ချာမသိနိုင်လေရာ ကြားကနေ သူ ပြောသင့်မပြောသင့် ဝေခွဲ

အပေါ်ထပ်မှဆင်းလာသော ဆရာမက ဒေါ်မေဖြူ ပရက်ရှာတိုင်းပါသည်။

"ဖြူ ... ဖြူ ... စိတ်ထိန်းမှပေါ့ကွာ၊ ကိုယ်လည်း ကောင်းကောင်းကျန်းမာရေးကောင်းတာမဟုတ်ဘဲနဲ့ မနည်းဆေးကုထားရတာယ်မဟုတ်လား မိန်းမရယ်၊ စိတ်ကိုထိန်းလေ"

"ဘယ်လိုလုပ်ထိန်းနိုင်ပါ့မလဲ၊ အမယ်လေး ... မောင်လေး မိုးအောင်"

"ဘယ်သူ ... ဖြူက နံ့အဖေကို သိလို့လား"

"သိတာမဟုတ်ဘူး ဆွေရယ်၊ သူ့အဖေမိုးအောင်ဆိုတာ ဖြူ့မောင်အရင်းပေါ့၊ မောင်အရင်း"

"ဟင် ..."

"ရှင် ..."

ဒေါ်သက်သက်ဆွေရော နံ့ပါ အံ့အားတသင့် အသိရေစွတ်မိကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုံက ... ခုံက ..."

"ဟုတ်ပါတယ် ဆွေရယ်၊ တူမရင်းပါ၊ မိုးအောင်သမီး[...] တော့ တူမရင်းပေါ့"

"ဟင် ... ဟုတ်လား၊ သူ့အဖေ ဦးမိုးအောင်ဆိုတာ ဖြ[...] ရဲ့မောင် ဦးမိုးအောင်ပဲ သေချာလား"

"မသေချာပဲနေပါ့မလား ဆွေ၊ ဒီရုပ်ဒီရည်ကသက်သေပဲ[...] သမီးမိုးနဲ့ ဒီလောက်ချွတ်စွပ်တူနေတာ၊ မိုးအောင်က ဖြူ[...] တစ်ရုပ်တည်းပါ၊ ဖြူတို့ကိုလည်း ငယ်ငယ်က အမြွှာ[...] ကြတာ၊ မိုးလေးကလည်း ဖြူနဲ့တူတာ၊ သူကလည်း [...] အဖေ မိုးအောင်နဲ့တူတာ ...

ဒီတော့ သူတို့ညီအစ်မဝမ်းကွဲရုပ်က တစ်ဝမ်း[...] လောက် ဆင်ပုံမျိုးမကဘဲ တိုက်တိုက်ဆိုင်ဆိုင် ချွတ်စွပ်[...] ကျနေတာ၊ ဆုံပဲဆုံတတ်ပလေ ... ဆုံပဲဆုံတတ်ပ[...] မိုးအောင်နဲ့ကြိုက်တဲ့ မိန်းကလေးက မှုံပဲလေ၊ ရုပ်ရှင်[...] မှာ နေကြာစေ ကွာစေတို့ ရေခဲရေတို့ရောင်း၊ လက်[...] မှောင်ခိုရောင်းလုပ်တဲ့ မိန်းကလေးဆိုပြီး ဖြူတို့ ... ဖြူ[...] သဘောမတူလိုက်ကြတာ"

"ဖြူ ... သတိထားပါဦး မိန်းမရယ်၊ ကိုယ့်ကျန်းမာရေး[...] ရှိသေးတယ်လေကွာ"

"ဒါ ... ဒါ ... ဖြူ့တူမရင်းလေးပေါ့ အစ်ကိုရယ်"





"အင်းပါ၊ ဟုတ်ပါတယ်"

"ဖြူ ... ဖြူ ဘယ်လိုလုပ်ဖြေရမလဲ၊ မောင်လေး မိုးအောင်လည်း မရှိတော့ဘူးတဲ့၊ သူလေး လေးနှစ်အရွယ်ကဆိုတော့ ထွက်ခဲ့တဲ့ ဆယ့်ရှစ်နှစ် ကြာပဲ ကြာလှပေါ့ အစ်ကိုရယ်၊ ဖြူ့မောင်လေး"

ဒေါ်မေဖြူသည် မိဘတွေကလည်း မရှိတော့၊ တစ်ဦးတည်းသော သမီးလေးက မကြာခင်ကဆုံး၊ ပရိဒေဝမီးတောက်လောင်ပူဆွေးကာ ဟိုးတစ်ချိန်က မိခင်ဖြစ်သူရော သူပါ ကရုဏာဒေါသောနှင့် အမွေဖြတ်စွန့်ပစ်ထားလိုက်တဲ့ မောင်ငယ်လေးကို ခုတလော သတိတရနှင့် ဘယ်လိုစုံစမ်းရှာဖွေရပါ့မလဲဆိုတဲ့ အတွေး မကြာမကြာ ဝင်နေတဲ့သူပင်။

ဆရာမက သွေးဖိအားတိုင်းကရိယာကို ဖြုတ်ကာ ...

"တစ်ရာ့လေးဆယ် ကိုးဆယ်၊ ပရက်ရှာတော့ နည်းနည်းများနေပေမယ့် အရမ်း အဆိုးကြီးတော့ မဟုတ်ပါဘူး၊ နားနားနေနေ နေလိုက်ပါနော်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ကဲ ... ဖြူ မင်းစိတ်ကို အေးအေးချမ်းချမ်းလျှော့ရင်လျှော့ မလျှော့နိုင်ရင် အိမ်ပြန်နား"

"ဖြူဘာမှ မဖြစ်ပါဘူး အစ်ကိုရယ်"

ဒေါ်သက်သက်ဆွေသည် ဒေါ်မေဖြူထံမှ ကြားရတဲ့ အဖြစ်အပျက်တွေကို မယုံကြည်နိုင်သလို ငိုင်ငေးအံ့အားသင့်နေ



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ ဖုံသည်လည်း မျက်ရည်လေးအဝိုင်းသားနှင့် အံ့သြဆန်း ကြယ်စွာ ကြက်သေ,သေနေမိပါသည်။ ရင်ထဲမတော့ တဒုန်းဒုန်း တဒိုင်းဒိုင်း ခြောင်းဆန်တုန်လှုပ်နေသည်မှာ တောဆင်ရိုင်းအုပ် ကြီး ခြေသံပြင်းပြင်း ဆောင့်နင်းချီတက်လာသည့်နှယ်။

"သမီး ... ငါ့တူမလေး ... ခွင့်လွှတ်ပါ၊ အန်တီ့ကို ကြီးကြီး ကို ခွင့်လွှတ်ပါ သမီးရယ်"

"ဟုတ် ... ဟုတ်ကဲ့ပါ"

"မောင်လေး ဘယ်လိုဆုံးရှာတယ် ပြန်ပြောပြပါဦးကွယ်"

"ကြီးတော်တို့ လင်မယားပြောသလောက်တော့ အဖေက မင်းသားလေးတစ်ပါးလိုနေတာတဲ့၊ ဘာမှမလုပ်တတ်မကိုင် တတ်ဘူးတဲ့၊ ကျန်းမာရေးလည်း မကောင်းဘူးတဲ့၊ နှလုံး ရောဂါအခံရှိတာတဲ့၊ လက်ဖဝါးလေးတွေဆိုရင် နုဖပ်ပြီး သွေးခြည်ဥနေတာတဲ့၊ အသားအရေလေးဆိုရင် ဖြူနုနေတာ တဲ့ ...

အမေက အဖေ့ကို ချစ်လွန်းအားကြီးတော့ အိမ်မှာ ပဲထားတာ၊ ဘာဆိုဘာမှ ပေးမလုပ်ဘူးတဲ့၊ အဖေက တစ် နေ့တစ်နေ့ အိမ်မှာ စာဖတ်ပြီးနေတာတဲ့၊ မမျှော်လင့်ဘဲ အမေဆုံးတော့ အဖေ အိမ်ရာထဲလဲတော့တာပဲတဲ့၊ အဖေနဲ့ အမေက တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတာပဲလို့ ပြောပါတယ် အန်တီ"





"အင်း ... သိပ်ချစ်ကြတာပေါ့၊ မိဘထက် အစ်မထက်ချစ် လို့ ဆင်းရဲတွင်းထဲ ခုန်ဆင်းသွားတာလေ၊ တူနှစ်ကိုယ် တဲ့ အိုပျက်မှာနေရနေရ ချစ်တာပဓာနဆိုတာကို သင်းတို့က မာနကြီးကြီး ပြသွားတာလေ၊ ဘယ်လိုပဲ ကရုဏာဒေါသော ထားမိထားမိ ဒီမောင်လေး ရောဂါသည်ကို ပစ်ရက်ပါ့ မလား ...

သမီးကိုမွေးတဲ့အချိန်လောက်က တွေ့လာတဲ့ အသိ တစ်ယောက်က သူတို့နှစ်ယောက် ဘယ်နားမှာ အိမ်ငှား နေကြတယ်၊ သမီးလေးတစ်ယောက် မွေးထားတာ မကြာ သေးဘူး၊ မှို့ကို ဆန္ဒင်းတွေဝါအောင်လိမ်းလို့ အိမ်ရှေ့လေး မှာတင် ခေါက်မုန့်လား လုပ်ရောင်းနေတယ် ကြားတာနဲ့ သိသိချင်း ကြားကြားချင်း ကြီးကြီးတို့သွားအမိ လိုက် လာပြီး ရှာကြပါတယ် ...

ဒါပေမဲ့ လွဲသွားတယ်၊ ပြောပြတဲ့အသိကလည်း သူ တွေ့တာ သုံးလေးပတ်ကြာမှ ကြီးကြီးနဲ့ဆုံပြီး ပြော ပြတာဆိုတော့ သူတို့က အဲဒီမှာမရှိတော့ဘူး၊ မှို့အစ်မ လာခေါ်သွားတယ်လို့ သိရတယ်၊ ဘယ်ကို ခေါ်သွားမှန်းလဲ မသိ၊ ဘယ်ထပ်လိုက်ရမလဲ မသိနဲ့ လမ်းစပျောက်ခဲ့ရတာပါ သမီးရယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဦး ချွေရယ်၊ ကျွန်မမောင်လေး ဆုံးရှာတာ နှစ်နှစ်ဆယ်နီးပါတောင်မှ ရှိပါပေါ့လား၊ နာရေးတွေ ဘာတွေလဲ မဖတ်ရတော့ သိကိုမသိတာ၊ မှူ့အစ်မ ဆိုတာ ကလည်း မိုးအောင်ကသာ မပြောရင် ဖြူတို့ လိပ်စာ ဘယ်လိုသိပြီး ဘယ်လိုအကြောင်းကြားနိုင်မှာတဲ့လဲ၊ စိတ် ကြီးလိုက်တဲ့ မိုးအောင်၊ အိမ်ကိုတောင် တစ်ဆိတ်လေး အကြောင်းမကြားခိုင်းဘူး၊ ဖြစ်မှဖြစ်ရလေ မောင်လေးရယ်"

"ဖြူရယ် … ဖြေပါကွယ်၊ အခု တူမရင်းနဲ့ ပြန်တွေ့နေပြီ မဟုတ်လား"

ဒေါ်သက်သက်ချွေမှာလည်း ဒေါ်မေဖြူ တူမ လခပေးပြီး ငှားရမ်းထားဖြစ်တဲ့အတွက် နေရထိုင်ရ ခက်နေမိ သည်။

"ခု သမီးက ကြီးတော်နဲ့နေတာ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ … ပြေပါတယ်ရှင်"

"ကြီးတော်ယောကျာ်းကကော ကြည်ဖြူရဲ့လား"

"ဟုတ်ကဲ့၊ ဦးသိုက်ကလည်း ဖုံ့အပေါ် ကောင်းပါတယ် ကလေးတွေနဲ့လည်းချစ်ပါတယ်၊ တစ်ခါတစ်ရံ ကြီးတော် ကတောက်ကဆလေး ဖြစ်တတ်တာတော့ ရှိပေမယ့် ကြီးတော်လည်း တတ်နိုင်သမျှ ဖုံ့အပေါ်ကောင်းရှာပါတယ် အန်တီ"





"ကြီးကြီးလို့ခေါ်ပါ သမီး၊ ဒါလည်း အဖေဘက်ကကြီးတော် ပဲပေါ့"

"ဟုတ်ကဲ့ ကြီးကြီး"

"ချွေပြောပြတော့ သမီးက ထမင်းဆိုင်မှာ အလုပ်လုပ် တယ်ဆိုလား"

"ဟုတ်ကဲ့၊ ထမင်းဆိုင်မှာ လုပ်ပါတယ်"

ဒေါ်မေဖြူက ဖုံ့ ဆံပင်လေးကို သပ်ကာ သပ်ကာ နှင့် …

"ပညာရေးရော ဘယ်အထိရောက်လဲ သမီး"

"ဆယ်တန်းတစ်နှစ်ကျပြီး ကြီးတော်မှာလည်း စားဝတ်နေ ရေး နည်းနည်းကျပ်တည်းတာနဲ့ ကျောင်းဆက်မနေတော့ဘဲ အလုပ်ဝင်လုပ်လိုက်တာပါ"

"အို … တစ်နှစ်တည်းကျသေးတာများ သမီးရယ်၊ နောက် နှစ်ဆက်ကြိုးစားလိုက်တာ မဟုတ်ဘူး"

"ကြီးတော်တို့လည်း မပြေလည်လှပါဘူး ကြီးကြီး၊ ဦးသိုက် က တက္ကစီဆွဲပေမယ့် ညနေတစ်ပိုင်းပဲ ဆွဲရတာဆိုတော့ ကလေးလေးယောက်နဲ့ စားလောက်ရုံပါပဲ၊ ဒီတော့ ဖုံလည်း ဒါတွေမြင်နေတော့ ကိုယ့်ဆန္ဒနဲ့ကိုယ် ကိုယ့်မုန့်ဖိုးလေး ရှာနိုင် ရှာနိုင်ဆိုပြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေ သမီးရယ်၊ ငါတို့ကြောင့် ... ငါတို့ကြောင့်
မောင်လေးလည်း ဆင်းဆင်းရဲရဲ သေရှာတယ်၊ မောင်
သမီးလည်း ရှန်းကန်ရရှာတယ်"

ဒေါ်သက်သက်ဆွေက ဖုံ့ကို ငေးကြည့်ကာ
ကြောင့်လဲ သူ့ရုပ်ရည်လေးက ထမင်းဆိုင်မှာ အလုပ်လုပ်ရ
မတန်ရှာအောင် သန့်သန့်ပြန့်ပြန့်လေး ချောမောနေရှာတာပဲ
တွေးနေမိပါသည်။ ပြောပုံဆိုပုံ နေပုံထိုင်ပုံလေးတွေ နည်း
စမတ်မကျ အဆင့်မမြင့်တာကလွဲပြီး ဆင်းတောင့် ဆင်းရဲလေး
ထင်စရာမရှိတဲ့ ရုပ်မျိုးလေးနှင့်ပါ။

အဲဒီအနေအထားလေးတွေကိုလည်း ဒေါ်သက်သ
ဆွေက မသိမသာ ပုံပြောင်း ပြုမြင်ပေးနေပါသည်။

"အစ်ကိုရေ ... ဖြူတို့ ဘယ်လုပ်ရင် ကောင်းမလဲ
တူမလေးကို"

"ဖြူ စိတ်ချမ်းသာသလိုလုပ်ပါ၊ ဆန္ဒရှိသလိုသာလုပ်
ကိုယ် ဘာမှမကန့်ကွက်ဘူး၊ ကိုယ့်ကိုယ်ကိုယ်သာ
ကောင်းအောင်နေ"

တစ်စစနှင့် ဒေါ်မြဖြူက မျက်ရည်တိတ်ကာ မျက်
ရွှင်လန်းစ ပြုလာပါသည်။

"တကယ်တော့ ဆွေ့ကျေးဇူးပဲ၊ ဆွေ့ကြောင့် ရှာတွေ့
တာ"





"အကြည်လေ ... ကြည်ကြည် ရှာတွေ့လာတာ၊ မမျှော်
မလင့် တိုက်တိုက်ဆိုင်ဆိုင် ဟိုးတဝေးတလံက ရှာတွေ့
လာတာ"

"ကြည်ကြည်ရော ဆွေရော အတူတူပဲ၊ ကျေးဇူးရှင်စာရင်း
ဝင်သွားပြီ၊ ခု ကြည့်စမ်းပါဦး၊ ဖြူ့တူမလေး ဆွေ့လက်ထဲ
မှာ ဘယ်လောက် တောက်တောက်ပပ၊ ပြောင်ပြောင်
ရောင်ရောင်ရှိသလဲ၊ ဆွေ ခေါ်ယူလိုက်လို့ ဖြူနဲ့လည်းဆုံရ၊
ထမင်းဆိုင်အလုပ်သမား အဖြစ်ကလည်း ကျွတ်လွတ်
ရ"

ဖုံ့ခမျာ ဟိုဘက်ကြည့်လိုက် ဒီဘက်ကြည့်လိုက်
လူကြီးတွေပြောစကားကို မျက်စသူငယ်နှင့် နားထောင်နေရပါ
သည်။ စိတ်ထဲမှာလည်း လှုပ်ရှားနေပါသည်။ ဖုံ သိခဲ့သလောက်
အဖေ့ဘက်က ဘာအမျိုးအဆွေမှ မရှိ။ အမေနှင့် ကြီးတော်တို့ရဲ့
အမျိုးတွေကတော့ မြစ်ဝကျွန်းပေါ်ဘက်မှာ ရှိသော်လည်း အဆက်
အသွယ်မရှိကြတာ ကြာပြီလို့ပင်။

နကျမှ ကြီးတော်ရင်းတစ်ယောက် နောက်ထပ်
ဘွားခနဲ ပေါ်လာပြီး ဖုံဟာ အစ်မဝမ်းကွဲတော်စပ်သူရဲ့ နေရာမှာ
အစားထိုး သရုပ်ဆောင်နေမိတာမှန်း ရုတ်တရက် သိရတာ။
ကြီးတော်သိရင်လည်း အလွန်အံ့အားသင့်နေမှာပင်။ ပေါ်လာသည့်

www.burmeseclassic.com



ကြီးတော်အသစ်က ပြည့်စုံကြွယ်ဝတဲ့ အသိုင်းအဝိုင်းက။

"ဩော် ... မိုးလေးများ သူ့မှာ ဒီလောက်ရုပ်ချင်းဆင်တူတဲ့ ညီမဝမ်းကွဲရှိတယ်ဆိုတာသိရင် ဘယ်လောက်ဝမ်းသာမလဲ၊ မိုးခများ သူ့မှာ မောင်နှမရင်းချာလည်း မရှိ၊ ဝမ်းကွဲလည်း မရှိဆိုပြီး အဖေနဲ့အမေကို အမြဲစကားနာထိုးတာ၊ ကိုတင်ထွန်း အစ်ကိုကြီးကလည်း လူပျိုကြီးမို့လား ဆွေရယ်၊ မိုးများ ရှိရင် ..."

"ဩော် ... တော်ပါတော့ ဖြူရယ်၊ မျက်ရည်ကျတာ တော် ပါတော့"

"ဟုတ်သားပဲ ဖြူရယ်၊ တူမရင်းလေးကို ဖြူ ပြန်တွေ့ရ တာ အရှုံးထဲက အမြတ်ပဲပေါ့၊ မဟုတ်လား"

"ကိုမာန်မင်း နိုးလာပါတယ်၊ မိုးကို မေးနေပြီ အန်တီ"

သူနာပြုဆရာမ အောက်ထပ်ဆင်းလာကာ လာပြော တာမို့ ...

"ဟင် ... ဟုတ်လား၊ ဝိုးချဲ ... ဝိုးချဲ ဘယ်မလဲ"

ပျာပျာသလဲ ဖြစ်သွားကြကာ ခုံလည်း နှစ်ခုနှင့်အတူ အပေါ်ထပ်တက်လာခဲ့ပြီးမှ ဝိုးချဲမှာ ထိုင်လိုက်ရပါသည်။ မာန်မင်း ကိုတော့ မိုးရောက်နေပြီ။ ဟိုဘက်ခန်းမှာ ခဏနားနိုင်းထားသည် လို့သာ အသိပေးမြဲ။ အိပ်ရာထဲ လဲခဲ့တာကြာတဲ့ မာန်မင်းဟာ





လူအကူမပါ တုတ်မထောက်ဘဲ လမ်းကောင်းကောင်းမလျှောက်နိုင် သေး။ အကြောတွေ အားနည်းဆုတ်ဆိုင်းနေသည်။

သေသေချာချာကြီး အားမပြည့်သေးပေမယ့် လန်း ဆန်းထူထောင်လာခဲ့တာက မြန်လှပါသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၉

"ကြီးတော်ကိုတော့ စိတ်ပူမှာစိုးလို့ အမှန်အတိုင်း မပြော[...] ပေမယ့် ဂျင့်ကိုတော့ အမှန်အတိုင်းမပြောရင် ဘယ်ကော[...] မလဲနော်၊ ဖုံ့ အမှန်အတိုင်းပဲ ပြောပြမယ်"

"ဘာလဲ"

ဖုံ့သည် သွားကြားထိုးရင်း ဟိုလှည့်ကာ ဒီလှည့်[...] တထွီထွီ လုပ်နေတဲ့ ဂျင့်ကိုကြည့်ရင်း စိတ်ညစ်ညစ်၊ ခပ်ရှက်ရှ[...] နှင့် ဘောဘီကို ငေးငေးကြည့်မိကာ အဲသလိုဖြစ်မိတဲ့ ကိုယ့်ကို[...] ကိုယ်လည်း အံ့သြသွားပါသည်။ ဟိုးအရင်က ဂျင်ဟာ ဒီလိုအ[...] အမူ အချိုးအချိုတ်တွေ ရှိတာပဲလေ။

ဒီနေ့အဖို့တော့ ဂျင် လမ်းသွားရင်း တံတွေး[...] တာကိုလည်းကောင်း၊ ခဲလုံးတွေကန်တာကိုလည်းကောင်း၊ အကျ[...] ကြီးစကားပြောတာကိုလည်းကောင်း၊ သွားကြားကို ပါးစပ်ကြီးဖြ[...]





[...]ာ အားပါးတရ ထိုးနေပြီး ထွီခနဲ ထွေးထုတ်နေတာကိုလည်း [...]ောင်း၊ ဂွားခနဲ အော်ကြီးဟစ်ကျယ် သမ်းဝေလိုက်တာကိုလည်း [...]ောင်း၊ ဟိုကုတ် ဒီကုတ်လုပ်ကာ လက်သည်းထဲဝင်တဲ့ ကြေး [...]တွကို လက်သည်းချင်းကလော်ကာ ကော်ထုတ်နေတာကိုလည်း [...]ောင်း၊ ဒူးတန့်နှံ့ ပေါင်တယမ်းယမ်းနှင့် နေပုံထိုင်ပုံ ဣန္ဒြေမရ [...]ကိုလည်းကောင်း ... ... ... လည်းကောင်း။

စသဖြင့် ... စသဖြင့် အချက်ပေါင်းများစွာတို့အပေါ် [...]စိတ်ညစ် ရက်ရွံ့နေမိသည်မှာ အံ့သြစရာ။ ပြီးခဲ့တဲ့တစ်ပတ် [...]နင်္ဂနွေက ဖုံ့က ခွင့်ရကာ ထွက်လာသော်လည်း ဂျင်က မဝင့် [...]ပြည်ဘက်လိုက်သွားရသည်ဆိုကာ မရှိတဲ့အတွက် မတွေ့ဖြစ် [...]။

ဒီတနင်္ဂနွေ ဖုံ့ အလုပ်ဝင်သွားတာ နှစ်ပတ်ကျော်ရှိ [...]အချိန်ကျမှ ဂျင်လည်း ရှိနေ၍ တွေ့ခွင့်ရကြသည်။ နှစ်ပတ် [...]ကာလအတွင်း ကိုယ့်မျက်စိရှေ့ မြင်နေရတဲ့ အန်တီဆွေရဲ့ [...]သိမ်မွေ့တဲ့ ပြုမူလှုပ်ရှားပြောဆိုပုံတွေကို မသိမသာ အတုခိုး [...]ကာသားဖြစ်နေတဲ့ ဖုံ့ဟာ ကျယ်ကျယ်ထောင်မရယ်ဖြစ်တော့တာ [...]ပြီ။ ဆတ်ကော့လတ်ကော့ လမ်းလျှောက်ဟန် လုံးလုံးပျောက် [...]တာကြာပြီ။ မိနစ်တိုင်း နာရီတိုင်း တစ်ခုပြီးတစ်ခု အသေး [...] ပြောင်းလဲလာခဲ့တဲ့ ဖုံ့ဟာ ယဉ်ကျေးသိမ်မွေ့တဲ့ ဟန်မူရာ [...]ပြီးနေပြီဆိုတာ ကိုယ့်ကိုယ်ကိုယ်လည်း သတိထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်ရက်ဆက် တွေ့နေရတဲ့ မာန်မင်းရဲ့ အပြုအမူ အပြောအဆို အနေအထိုင်တွေ နူးညံ့သိမ်မွေ့ အထက်တန်းကျ အဆင့်အတန်းမြင့်လှပုံကို သဘောတကျ ကြည့်မဝ နှစ်လိုကြည်ညို မိတဲ့ ဇုံက နှစ်ပတ်ကျော်ကြာအပြီး ပြန်မြင်တွေ့ရတဲ့ ဂျင့်ကို စိတ်အပျက်ကြီး ပျက်နေမိကာ စိတ်ထဲက တိတ်တခိုး အားတောင် နာမိသွားပါသည်။

ဟိုးအရင် နဂိုကတည်းက ဂျင်ဟာ ဒီပုံဒီပန်း ဒီဟန်မူယာတွေနှင့်ပဲ ဖြစ်ပေမယ့် ခုမှ မျက်စိထဲ စပါးမွေးစူးကာ အရင်ကထက်တောင် ပိုပြီး ကလေကချေ ဆန်လာသလားလို့ ထင်မိတဲ့ အထိပင်။ အဲဒီအတွက်လည်း ဂျင့်အပေါ် အားနာမိ သည်။

လူမှာအဝတ် တောင်းမှာအကွပ် ဆိုသလို အဝတ် အစား အပြင်အဆင်နှင့် ဆံပင်ပြောင်းလိုက်ကတည်းက အဆင့် တက်သွားတဲ့ ဇုံ့ရဲ့ပုံဟာ တမင်တကာ အတုခိုးယူထားတဲ့ ယဉ် ကျေးသိမ်မွေ့တဲ့ဟန်မူရာနှင့်ပေါင်းကာ ဂျင်နှင့်တွဲလျှောက်နေရတဲ့ အခါ မအပ်မစပ်သလိုပဲလို့လည်း ကိုယ့်ကိုယ်ကိုယ် ထင်လာသည်။

အဲလိုထင်မိတဲ့အတွက် ဝမ်းနည်းမိသည်။ ရှိုးကို ရှန့်တန့်ဖြစ်နေတဲ့ ဇုံ့ပုံစံကြောင့် ဂျင်ကပင် ...

"နင် ဘာဖြစ်နေတာလဲ၊ အကျီထဲ ပိုးကောင်ဝင် နေလား" ... တဲ့။





ဇုံသည် ဂျင့်ကို ဟိုအိမ်နဲ့ပတ်သက်တဲ့ အမှန်တရား ကို ပြောပြရင်းကပင် အတွေးတွေ ဖျော့ကံသောက်ဖြစ်နေတာဖြစ် သည်။ ဂျင့်ကို ပြောပြခဲ့တဲ့ထဲမှာ ဇုံဟာ မိုးမေခရဲ့အမေ ဒေါ်မေဖြူ ရဲ့ တူမအရင်း ဖြစ်နေတယ်ဆိုတာကိုတော့ ချန်လှပ်ထားခဲ့ပါသည်။

"ဟာ ... အဲဒီတော့ နင်က ဟိုလူရဲ့ မိန်းမယောင်ဆောင် နေရတာပေါ့"

ဂျင် ထ,အော်လိုက်၍ ဇုံက တုန်အောင်တောင် လန့်သွားရကာ၊ ထိုင်နေတဲ့ စားသောက်ဆိုင်ထဲ မျက်နှာပူပူဖြင့်ဝဲ ကြည့်ရင်း ...

"ရှူး ... တိုးတိုးပြောလေ"

"ဟာ ... ဒါ တိုးတိုးပြောရမယ့်ကိစ္စ မဟုတ်ဘူးလေ"

"ဒါ ကိုယ်ရေးကိုယ်တာတွေလေ၊ လူကြားထဲ အော်ကြီး ဟစ်ကျယ်လုပ်နေလို့ ဘယ်ဖြစ်ပါ့မလဲ ဂျင်ရယ်"

"ငါပြောတာ မဟုတ်ဘူးလား"

"အင်းပါ ဟုတ်ပါတယ်"

"ဟ ... နင် ဒီကိစ္စကို ဘာဖြစ်လို့ လက်ခံပြီးလုပ်ရတာလဲ၊ သူ့မိန်းမယောင်ဆောင်ရတာ ဆိုတော့ ... ဟာ ... ကျွတ်"

"ဂျင် ... သူက လူမမာပါ၊ ခုထိ လူမတွဲဘဲတောင် လမ်း သွက်သွက် မလျှောက်နိုင်သေးဘူး၊ ဆိုင်းနေလေးနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောအချဉ်တွေကို လေ့ကျင့်ခန်းလုပ်နေရတာ၊ သူ့မိန်းမ ဆိုပေမယ့် အဲသလို တရင်းတနှီးကြီး မဟုတ်ဘူး”

“နှင့်ကို ထိလား ! ...၊ ကိုင်လား ! ...၊ ဖက်လား ! ...၊ နမ်းလား ! ... ပြော”

ဓံ့က ရှက်သွေးဖြာမိကာ ...

“ဂျင်ကလည်းဟာ သူက လက်တော့ကိုင်ဖူးတယ်၊ ဒါပဲ”

“အောင်မာ ... အောင်မာ၊ နှင့်မျက်နှာကိုမော့စမ်း၊ ငါ့ကို ကြည့်စမ်း၊ နှင့်ရုပ်က ရှက်ကိုးရှက်ကန်းနဲ့ ဘာဖြစ်နေတာလဲ ဒါ”

“ဘာမှ မဟုတ်ပါဘူး ဂျင်ရာ”

“ဓံ့နော် ရှုပ်ရှုပ်ယှက်ယှက်တော့ လုပ်မယ် စိတ်မကူးနဲ့ ငါက အဲဒီအိမ် လိုက်လာချမှာနော်”

ဓံ့သည် ဂျင့်ခြိမ်းခြောက်စကားကို မကျေနပ် မနှစ်မြို့သော်လည်း စိတ်တိုမပြရဲဘဲ ...

“ဂျင်ကလည်း ငါ ဘာလုပ်လို့လဲ၊ ငါ ပိုက်ဆံရဖို့ လုပ်နေတယ်ဆိုတာ နင် သိသားနဲ့”

“သူများမိန်းမယောင်ဆောင်ရတာ ငါးသောင်း ဆိုတော့ လုံးဝမတန်ဘူး”

“ဟိုလေ ... အန်တီဆွေက လက်ကုန်ရင် တစ်သိန်းပေးမှာတဲ့”





ဂျင့်မျက်နှာက ဝင်းခနဲ လင်းသွားပြီး ...

“လတိုင်းလား၊ ဒီတစ်လတည်းလား”

“သြော် ... ဒီလ တစ်သိန်းပေးပြီးရင် နောက်လကျရင်လည်း လျှော့ပေးတော့မယ်မထင်ပါဘူး၊ ပြီးတော့ ငါက အဲဒီအစ်မကြီးနဲ့ သိပ်တူတာ၊ သူတို့ လတ်မလွှတ်နိုင်ပါဘူး”

“ဒါဖြင့်လည်း ကိုယ် ဆက်မလုပ်ဘူးဆိုရင် သူတို့ ပြဿနာတက်မှာပဲဟာ၊ နှစ်သိန်းလောက် တောင်းလိုက်ပါလား”

ဓံ့က ဂျင့်ကို စိုက်ကြည့်လိုက်မိပါသည်။

“ဘာလဲ ဘာကြည့်တာလဲ”

“ဘယ်ကောင်းပါ့မလဲ ဂျင်ရယ်”

“ဘာလို့မကောင်းရမှာလဲ၊ ဒီအလုပ်က နင်ကလွဲရင် တခြား ဘယ်သူမှ မလုပ်နိုင်တဲ့ အလုပ်လေ၊ ရုပ်တူ နောက်တစ်ယောက်မှ မရှိတော့တာ၊ နင်ပဲလုပ်နိုင်တာ၊ နင့်အနေနဲ့ ကြိုက်ဈေးတောင်းလို့ ရတာပေါ့ဟ ငတုံးမရဲ့”

ကြိုက်ဈေးတဲ့။ ဓံ့က စိတ်ကူးနှင့်ပင် နှာခေါင်းရှုံ့ ်မိပါသည်။ အပြင်ဘက်မှာတော့ မရှုံ့ရဲပါ။ အင်း ... က်ရှုံ့ကျုပ်လိုက်တာ။ သက်ပြင်းတွေလည်း ရှိုက်လိုက်ရတာ။ ံသားအတူရှိရတာ စိတ်တွေကျဉ်းကျပ်ပြီး မပျော်လိုက်တာ။ ာယ်ဆို နှစ်ပတ်ကျော် ခွဲခွာထားရတဲ့ ချစ်သူလေ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီချစ်သူဆိုတဲ့လူက ခုံ့ကို ငါးသောင်းဆိုရင်တော
သူများမိန်းမယောင်မဆောင်နဲ့ တစ်သိန်း နှစ်သိန်း ဆိုရင်တော
လုပ်ချင်တာလုပ် ဆိုတဲ့ပုံစံနှင့်မို့ ဖိုလင်လည်း အောက်လုပါသည်
ဘုရားရေ ... မိစုံရေ။ ညည်း ဘာဖြစ်နေတုံး။ ဂျင့်ကို မကောင်းချ
မြင်နေပါလား။ တစ်ချိန်လုံး ကိုမာန်မင်းနှင့်သာ ယှဉ်ယှဉ်ကြ
နေမိပါလား။ ယှဉ်တိုင်းလည်း ဂျင်ကလွဲလို့ ဘယ်သူကရှုံးမှာ

တကယ်တော့ ခုံ့ဟာ ဒီလိုနေရာကိုရောက် မာန်
လိုယောက်ျားပျို့နဲ့ တွေ့ဆုံ၊ အဆင့်မြင့်မြင့်နေထိုင်ကျင်လည်နေ
ပတ်ဝန်းကျင်တို့ကြောင့် ဂျင့်ကို ပိုပြီး စိတ်ပျက်စရာဖြစ်တာ
အမှန်ပေမယ့် သေချာတာက ခုံ့ဟာ သူ့ဘဝရဲ့အားကိုးထွက်ပေါ
တစ်ခုအဖြစ် ဂျင့်ကို အဖော်တစ်ယောက်နေရာ စိတ်ကူးယဉ်
တာသာဖြစ်ပြီး နဂိုကပင် နှင့်နှင့်သီးသီးကို မချစ်မိခဲ့တာ။

ဒါကို ခုမှပြောတော့ ယုံချင်စရာ ဖြစ်ပါ့မလ
မျှတမှုရော ရှိပါ့မလား။ မရှိလည်းမတတ်နိုင်ပါဘူးလေ။ ခုံ
သာတဲ့ဘက်ကို ယိမ်းလိုက်တာမဟုတ်ဘဲ ဂျင့်ကို စိတ်ကိုပျက်
တာ။ အထင်ကို မကြီးတော့တာ။ ဒုက္ခပါပဲ။

"နင် လခကို ထပ်ပိုမတောင်းချင်တော့ရင်လည်း ဟိ
ဆိုက ရသလောက်ချူချွ ညှစ်ပေါ့ဟ"

"ဂျင်ကလည်းဟာ ဘာတွေပြောနေမှန်းမသိဘူး၊ နင့်
တွေက စိတ်ညစ်စရာကြီးတွေ၊ ရှက်စရာကြီးတွေပ





"အမယ် ... နင်က ဘာဖြစ်တာလဲ၊ ဒီစကားမျိုး အမိပွာယ်
တူတာမျိုး နင်လည်း ငါ့ကို ပြောဖူးတာပဲ၊ မဝင့်ဆီက
များများရလေကောင်းလေ၊ ငွေစုဖို့ လိုတယ်ဆို"

ဟုတ်ပါရဲ့။

နှစ်ပတ်ကျော်အတွင်း ခုံ ဘာဖြစ်သွားပါလိမ့်။
း်စားပုံတွေ အတွေးအခေါ်တွေ အယူအဆတွေ လျှပ်တစ်ပြက်
ပြာင်းလဲကုန်တာ ဘာကြောင့်လဲ။

"နင်လေ ပဲကိုများလာတယ်၊ အစက နင့်ကို မူယာမာယာ
များတယ် ပြောကြတာ ပုံတစ်မျိုး၊ အခုကတစ်မျိုး၊ ဖင်
ခေါင်းကျယ်တဲ့ပုံစံကို ပေါက်လာတာ"

အမယ်လေး ... ကဗျာမဆန်လိုက်လေ။ ပြောပုံက
ားရပါ့ရ တစ်တစ်ခွခွ။ ခုံ့က နာရီကို တစ်ချက်ကြည့်လိုက်ပါ
ည်။

"ဘာလုပ်တာလဲ ဒါ"

"ကြီးတော်နဲ့လည်း စကားပြောစရာ ရှိသေးတတ်လေဟာ၊
အိမ်ကို အရင်ဝင်ပေမယ့် နင့်ဆီနောက်ကျမှာစိုးလို့ ကြီးတော်
နဲ့တောင် ဘာစကားမှ မပြောရသေးဘူး"

"နင့်နာရီက ဘာလဲ၊ ငါ ဟိုးတစ်ခါ ဝယ်ပေးတဲ့ နာရီ
ကော"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဟို ... မိုးမေခကို ကိုမာန်မင်းက ဝယ်ပေးဖူးတဲ့ နာရီ၊ ဒါလေးရှောလို့မေးပြီး ပတ်ထားခိုင်းလို့ ပတ်ထားရတာ ပါ ဂျင်ရာ"

"ဟာ ... မလိုချင်ဘူး၊ ချွတ်စမ်း၊ နှင့်ကို ငါ အမြင်ကတ်လာ ပြီနော် ဖုံ၊ ဟိုအိမ်မှာ ပတ်ထားရလည်း ငါ့ဆီလာတွေ့တာ တော့ ငါ ဝယ်ပေးတဲ့နာရီ ပြန်ပတ်လာပေါ့၊ နှင်က သိန်း ချီတန်တဲ့နာရီမှ ပတ်ချင်တော့တာလား၊ ဖုံနော် ... ငါ အဲဒီအိမ်ကို လိုက်ချလာမှာနော်၊ နှင် ငါ့ကို ဘာမှတ်နေလဲ ငါ့ကို သေချာကြည့်စမ်း"

ဖုံသည် စိတ်ညစ်ညစ်နှင့် ဂျင့်မျက်နှာကိုကြည့်ရင်း လက်ကနာရီကို စကားနည်းရန်စဲ မြန်မြန်ဖြုတ်ပြီး ပိုက်ဆံအိတ်ထဲ ထည့်လိုက်ပါသည်။

"တောက် ... သိပ်ကြည့်မရဘူးကွာ"

"ကဲ ... ဂျင် ငါတို့ အိမ်သွားကြစို့ဟယ် နော်၊ ညနေ ခြောက်နာရီလောက်ဆိုရင် အိမ်ကကားက လာကြိုလိမ့်မယ်"

"အိမ်ကကား !... ဘာကိစ္စ လာကြိုမှာလဲ"

"ဒီကိုလည်း လိုက်ပို့တာပဲလေ"

"ကြိုမယ်ဆိုလည်း မိုးချုပ်မှကြိုခိုင်းပေါ့"

"သူများအိမ်ကို ပြန်ဝင်ရမှာဟယ်၊ နောက်ကျ မိုးချုပ်နေ ဘယ်ကောင်းပါ့မလဲ"





"ကြီးတော်အိမ်မှာတောင် အားရက်တစ်ရက် အိပ်လို့မရဘူး လား"

"အိပ်လို့မရဘူး ဂျင်"

"နှင်မအိပ်ချင်တာမဟုတ်လား၊ ဟိုမှာ ဒန်းလော့ပ်မွေ့ရာနဲ့ အိပ်ရတာဆိုတော့ ကြီးတော်အိမ်မှာ ဖျာနဲ့ပြန်မအိပ်နိုင် တော့ဘူးပေါ့ ဟုတ်လား"

"ဂျင်ရယ် ... နှင် ငါ့ကို ဘာဖြစ်လို့ ဒီလောက်တောင် လိုက်ရစ်ပြီး ရန်လုပ်နေရတာလဲဟယ်၊ စိတ်ညစ်လာပြီ၊ ကဲ ... ပြော၊ နှင် အခု ပိုက်ဆံစုထားတာ ဘယ်လောက်ရပြီ လဲ၊ သိပ်များနေပြီဆိုလည်း ငါ ဆက်မလုပ်တော့ဘူး"

ဂျင်က ရှုံ့မဲ့မဲ့ ကိုးရိုးကားယားဖြစ်ကာ ...

"ဘာမှ မရှိဘူး၊ ဒီနေ့တောင် ဒီကိုလာဖို့ မဝင့်ဆီ ပိုက်ဆံ ထုတ်တာ သူက နှင့်ဆီလာမှာမို့ မကြည်လို့ထင်တယ်၊ လုံးဝ ပိုက်ဆံထုတ်မပေးလိုက်ဘူး၊ အိတ်ထဲကဟာရှိတဲ့ အကပ်အသတ် အကုန်ပဲ၊ စုပါ ... စုပါ၊ နှင်သာစုပါ၊ ဟိုလူဆီကလည်း ရသလောက်တောင်း၊ အကောင်းပြောတာ၊ အခုလောလောဆယ် ငါ့ကို ပိုက်ဆံတစ်သောင်းလောက် တော့ချေးလိုက်"

ဖုံက ဂျင့်ကို မျက်စောင်းထိုးလိုက်ပါသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

မာန်မင်းသည် တံတောင်ဆစ်နှင့် အားပြုထော[illegible] ကာ အိပ်ရာထဲမှ လူးလဲထလိုက်ပါသည်။ အင်း ... ဘာမှ မ[illegible] ပါဘူး။ ရသားပဲ အေးအေးဆေးဆေးပဲ။ ခြေနှစ်ဖက်ကို ခုတင်[illegible] မှ ကြမ်းပြင်ပေါ်သို့ချကာ အခန်းတွင်းစီး မွေးပွကွင်းထိုးဖိနပ်[illegible] စွပ်လိုက်သည်။

ဟိုရက်တွေကတော့ ခြေထောက်တွေဟာ ဘယ်[illegible] လျှောက်လို့ လှမ်းလို့မရဘဲ ဆုတ်ဆိုင်းအံ့သနေတာ အမှန်[illegible] သူ လုံး၀ မလှုပ်မယှက်ဘဲ ခုတင်ပေါ်မှာ ဒီတိုင်းနေခဲ့တာ[illegible] တစ်လနဲ့ဆယ်ရက်ကျော် တစ်လခွဲတောင်ရှိတာပဲလေ။ ဒီကာ[illegible] အတွင်းမှာ လူက စိတ်ဓာတ်ကျဆင်းပြီး ဘာမှလဲ မစားမသော[illegible] တော့တဲ့အတွက် နှာခေါင်းပိုက်နဲ့တောင် မသေရုံတမယ် အစာ[illegible] နေခဲ့ရတာ။





အားပြတ်ရုံမကဘဲ လူက မျော့ပြီးချည့်သွားသလိုကို ဖြစ်တာ။ ဒါကြောင့် ချက်ချင်း လမ်းပြန်မလျှောက်နိုင်ဘဲ ရှိတာ။ အကြောအချင်တွေ အာရုံကြောတွေ အရှိန်အားနည်းချည့်နဲ့နေတာမို့ အာရုံကြောအားဆေး အရိုးအကြောအားဆေးတွေလည်း အခု သောက်နေရပါသည်။

လူတစ်ယောက်တွဲပြီး လျှောက်ပေးမှ ထိုလူအပေါ် အားပြုပြီး ခြေကို ကြမ်းပေါ်ဒရွတ်တိုက် ပွတ်ဆွဲရွှေ့ယူရသည်။ ခြေကို မလှမ်းနိုင်ခဲ့။ ခုတော့လည်း ခြေကို ကြွနိုင်လာပါပြီ။ တုတ်ကောက်နဲ့ ထောက်လျှောက်လို့ ရနေပြီပဲ။ မေမေတို့ရော ဆရာမရောက အားမရှိသေးဘူး၊ မလျှောက်နိုင်သေးဘူး မလျှောက်နဲ့ ပြောထား၍ သူတို့မပါဘဲ မလျှောက်ရ။

မာန်မင်း စိတ်မှာတော့ သူ့ကိုယ်သူ အတော်လျှောက်နိုင်ပြီလို့ပဲ ထင်သည်။ သူကလည်း လျှောက်နိုင်ချင်လှပြီ။ သူ့ကို တွေ့ဖို့ မိုးက ဆေးရုံကနေ တကူးကတ တစ်ရက် တစ်ခေါက် လာနေရတာ ပင်ပန်းရှာတာပေါ့။ သူကသာ သွားနိုင်ရင် မိုး ပင်ပန်းတော့ဘူးပေါ့။ သူက သွားတွေ့နိုင်ချင်သည်။

နောက်ဆုံးတစ်နေ့ ဒီလောက်လျှောက်နိုင်သလောက် ဆိုရင် မိုးလိုပဲ သူလည်းပဲ ဝှီးချဲမှာထိုင်ပြီး ဆေးရုံကိုသွားလို့ရတာပဲ ဟုတ်တယ်လား။ သူ လျှောက်နိုင်လာချိန်မှာ ဝှီးချဲကနေ ခုထိ ထ,လို့ ရသေးတဲ့ မိုးအတွက် မာန်မင်း စိတ်ပူမိသည်။ မေမေ့ကိုတောင် သူ စိုးရိမ်တကြီး မေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ မိုးက ခြေထောက်တွေက လမ်းမလျှောက်နိုင်တော့
တာလား"

"မလျှောက်နိုင်တာတော့ မဟုတ်ပါဘူး၊ ခြေထောက်
ထိခိုက်ထားတာရော သားလို့ပဲ အကြာကြီးမလှုပ်ရှား
အကြောအချင်ဆိုင်းပြီး ချည့်နဲ့နေတာရော၊ ပြီးတော့ မိုး
နှလုံးအရမ်းအားနည်းနေလို့ စိတ်ပင်ပန်း လူပင်ပန်း အ
အပန်းမခံရဘူးလို့ ဆရာဝန်က မှာထားတာကြောင့်
ပိုးချဲ့နဲ့နေနေတာပါ"

"တကယ်ဟုတ်ရဲ့လား မေမေ၊ မိုး အောက်ပိုင်းတွေ
တွေများ သေသွားတာများလား၊ အမှန်အတိုင်းပြော
မိုး အောက်ပိုင်းသေသွားလည်း သားက အချစ်လည်းမ
ဘူး၊ စိတ်လည်းမပျက်ဘူး မေမေ"

"ဩော် ... သားရယ်၊ အောက်ပိုင်းမသေပါဘူးဆို မယုံ
အောင်ဖြစ်နေတာကိုး၊ တကယ်ပါ သားရဲ့"

"ဟုတ်တယ် မေမေရယ်၊ မိုးကို ဆုံးရှုံးသွားပြီ မရှိတော့
လို့ စိတ်ထဲစွဲပြီး ယုံကြည်ခဲ့တာ အကြာကြီးမို့လား မသိ
အခုမိုးကို မဆုံးရှုံးရတော့ဘူးဆိုတာကို အိပ်မက်လို
မယုံရဲဘူး ဖြစ်နေတယ်၊ ခဏ ခဏ ကိုယ့်အသား
ဆိတ်ကြည့်မိတယ်၊ ဒီရက်ပိုင်း အဖြစ်အပျက်တွေက
ဖြစ်ချင်တာတွေကို စိတ်ကူးယဉ်ပြီး အိပ်မက်မက်နေ





လားလို့၊ သားစိတ်ထဲမှာ မိုးကို တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပြန်ပြီး ဆုံးရှုံးလိုက်ရလိမ့်မယ်လို့ပဲ တထင့်ထင့်နဲ့ ထင်နေမိသလိုပဲ ...

မိုးကလည်း သားအပေါ် နည်းနည်းစိမ်းသွားသလားလို့ ထင်မိတယ်၊ ဒါပေမဲ့ မိုးက အရင်ထက်တော့ သားအပေါ် ပိုကောင်းလာတယ်၊ သနားသွားလို့ ထင်ပါတယ် မေမေရာ ... နော်"

"ဒါပေါ့ သားရယ်၊ သေရေးရှင်ရေး ကြုံတွေ့လိုက်တော့ တစ်ယောက်ကိုတစ်ယောက် ဘယ်လောက်ချစ်မှန်း ပိုသိသာပေါ်လွင်လာတာပေါ့"

"နှစ်ယောက်လုံးနေကောင်းရင် အကြိမ်အမ်မ်အိုင်အိမ်လေးကို မြန်မြန်ပြောင်းလိုက်ချင်ပြီ၊ မိုးက အဲဒီအိမ်လေးကို သူ့စိတ်ကြိုက်ပြင်ပြီး အရမ်းခရေဇီဖြစ်တာ၊ သူ သိပ်နေချင်တာ မေမေရဲ့"

"သူပါ နေကောင်းတော့ နေရမှာပေါ့ သားရဲ့"

ခုတော့ စိတ်က ဆောင်တာလား မသိ။ လူက လန်းဆန်းပြီး နေလို့ထိုင်လို့ ကောင်းနေပါပြီ။ ပုံမှန်လည်း စားသောက်နိုင်ပြီပဲ။ လမ်းလျှောက်တာသာ သိပ်ပြီး မသွက်သေးဘဲရှိနေခဲ့တာ။ ခုတော့ လမ်းလည်းလျှောက်နိုင်လာပြီလို့ ကိုယ့်ကိုယ်ကိုယ် ထင်တာပင်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကတော့ ကိုယ့်ဟာကိုယ် မလျှောက်နဲ့ဦး နေသိပ်မကောင်းသေးဘူး ဆိုတာချည်းပဲ တွင်တွင်ပြောနေသည်။ မေမေကလည်း နားရဦးမယ်၊ နားရဦးမယ်ချည်း ဖွတ်ပြောနေတာပင်။ အခုကြည့် ...။ လျှောက်လို့ရသားပဲ။

မာန်မင်းက တုတ်ကောက်နှင့်ထောက်ကာ ဖြည်းဖြည်းချင်း လျှောက်လှမ်းကြည့်ရာက ခြေထောက်ထဲက နာကျင်နေတာလည်းမရှိ၊ ညောင်းညာတာလည်းမရှိ၊ အံသေနေတာမျိုးလည်း မရှိ၊ ဆိုင်းနေတာမျိုးလည်း မရှိလေရာ တစ်စထက်တစ်စ ခြေလှမ်းကို သွက်သွက်လှမ်းကြည့်လေသည်။

"ဘာမှလဲ မဖြစ်ဘူး၊ ကောင်းကောင်းလျှောက်နိုင်နေပြီပဲ"

မာန်မင်းက အခန်းထဲ လှည့်ကာ ပတ်ကာ သဘောတကျလျှောက်နေရာက သူ့အခန်းရဲ့ပြတင်းပေါက်ကို ရောက်လာသည်။ ခြံထဲက မြင်ကွင်းကိုများ မမြင်ရတာ ဘယ်လောက်ကြာပြီလဲ။ မာန်မင်းက တုတ်ကောက်ကိုလည်း ဖယ်လိုက်ကာ ပြတင်းတံခါးကိုဖွင့်ပြီး အပြင်ထွက်လိုက်ပါသည်။

အား ... မြင်ကွင်းက လှလှချည်လား။ မာန်မင်းရဲ့အခန်းဗျူးဟာ ခြံရဲ့ဘေးဘက် မြက်ခင်းစိမ်းလေးကို မျက်နှာမူထားတာမို့ စိမ်းစိမ်းစိုစို မြက်ခင်းမြင်ကွင်းလေးကို အပေါ်စီးမှ မြင်ရတဲ့အနေအထားပင်။ မြက်ခင်းစပ်မှာ ခြံတွင်းအလှဆင်ပင် ပုပုသေးသေးလေးတွေနှင့်။





ဟိုအရင်က တကူးတက အရသာခံပြီး မကြည့်ခဲ့ဖူးတဲ့ ခြံတွင်းမြင်ကွင်းကို မမြင်ရတာကြာတဲ့ ခုချိန်ကျတော့မှ ကြည့်လို့ကောင်းနေပါသည်။ ကြည့်နေရင်းက မြက်ခင်းစပ်ထောင့်တစ်နေရာက စံပယ်ရုံပုပုကလေးရှေ့မှာ ကုပ်ကုပ်လေးထိုင်ပြီး စံပယ်ပန်းခူးနေပုံရတဲ့ သူကလေးက ဆတ်ခနဲ ထ,ရပ်လိုက်ပါသည်။

"ဟင် ..."

မိုး ...။ မာန်မင်းထံက တအံ့တဩ အသံလွင့်ထွက်ခဲ့ရသည်။ မိုးက စံပယ်ခြုံကလေးရှေ့က ထ,လိုက်ပြီး လက်ထဲက ပလတ်စတစ်ဆန်ကာကလေးထဲမှ စံပယ်ပန်းလေးတချို့ကို လက်နှင့် ကောက်ယူ မွှေးကြိုနမ်းရှိုက်လိုက်ပါသည်။

မိုး ...။ မိုးက ပိုးချဲ့နဲ့လည်း မဟုတ်တော့ပါလား။ မနေ့ညနေလောက်တုန်းကအထိ မိုးက ပိုးချဲ့နဲ့ပဲလေ။

"မိုး ..."

မာန်မင်းက ပြတင်းမှ လှမ်းခေါ်လိုက်ပါသည်။ မိုးက မကြားဘဲ အိမ်ဘက်လှည့်ကာ ခပ်ဖြည်းဖြည်း လျှောက်လာ၍ အသံထပ်မြှင့်ကာ ...

"မိုး"

မိုးက ခြေလှမ်းတုံ့သွားပြီး အပေါ်ကို မော့ကြည့်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ..."

မာန်မင်းကို တွေ့လိုက်သည်နှင့် မိုးက ပါးစပ်လေး ဖွင့်ဟအောင် အလန့်တကြား တအံ့တသြဖြစ်သွားပုံနှင့် လက်ထဲက ဆန်ကာလေးပင် ပြုတ်ကျပြီး မြက်ခင်းစိမ်းထဲ စံပယ်ပွင့်တချို့ ကျဲပြန့်သွားပါသည်။

"မိုး ... မိုး လမ်းလျှောက်နိုင်နေတယ် ဟုတ်လား"

"မောင်"

မုံသည် လန့်လန့်ထိတ်ထိတ် ရေရွတ်ရင်းက မာန်မင်းကို မော်ကြည့်မပျက် ဒူးတုပ်ထိုင်ချရင်းက ဆန်ကာလေးကို ကောက်ပြီး စံပယ်ပွင့်လေးတွေကို တဆတ်ဆတ် ကောက်ကောက် ထည့်မိလျက်က ...

"မောင် ... ဘယ်လိုလုပ် ဝရန်တာရောက်နေတာလဲ"

"ဟင် ! ... မကြားရဘူး"

"မောင် ဘယ်လိုလုပ်ပြီး ဝရန်တာရောက်နေတာလဲ၊ ဆရာမရော"

"ဟား ဟား ... ဆရာမလည်းမပါဘူး၊ တုတ်ကောက်လည်း မပါဘူး၊ မောင် လျှောက်နိုင်နေပြီပဲ မိုးရဲ့၊ မိုးရော ဘယ်လိုဖြစ်ပြီး၊ ဝိုးချဲ့ရော"

"မိုး ... မိုလည်း စမ်းလျှောက်ကြည့်တာ၊ ရနေပြီ"

"မိုး ဘယ်တုန်းက ရောက်နေတာလဲ၊ အစောကြီးပါလား"





"ခုနတုန်းကပဲ"

"ဘာလို့ မောင့်ဆီတက်မလာတာလဲ"

"လာမလို့ပဲ မောင်၊ ရောက်တာမကြာသေးဘူး"

"မောင့်ဆီလာခဲ့တော့၊ ကြာတယ်ကွာ မိုးကလဲ၊ ရောက်ရောက်ချင်း မောင့်ဆီ အရင်ဆုံးလာတာမဟုတ်ဘူး၊ မောင် ဆင်းလာခဲ့ရမလား"

"မောင် ဆင်းမလာနဲ့၊ မောင့် လျှောက်နိုင်လို့လား၊ မိုး လာမယ်"

"ဒါဆို ခု လာခဲ့လေ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

မုံသည် ဆန်ကာထဲ ရသလောက်ကောက်ထည့်ပြီး အိပ်ဘက် ခပ်သွက်သွက်လေးလျှောက်ကာ အိမ်ထဲဝင်လာပါသည်။ အမယ်လေး။ လန့်လိုက်တာ။ ရင်တွေတောင် တဒုတ်ဒုတ်ခုန်သည်။

"အန်တီဆွေ"

"ဘာလဲ သမီး၊ ဟင် ... စံပယ်က သိပ်မရပါလား၊ မနက်စောက အများကြီးပွင့်နေတာ အန်တီ တွေ့ခဲ့တာ"

"ဆန်ကာမှောက်ကျလို့ အန်တီ၊ လန့်သွားတာပဲ အန်တီရယ်၊ ခုံ စံပယ်ပန်းရှုးပြီး ပြန်အလှည့် အပေါ်ဝရန်တာကနေ မောင်က အဲလေ ... ကိုမာန်မင်းက မိုးဆို လှမ်းခေါ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... သူက ဝရန်တာထွက်နေတယ်"

"ဟုတ်တယ် အန်တီခွေ၊ ဆရာမလည်းမပါဘူး၊ တုတ်ကောက်လည်း မထောက်ဘူးတဲ့၊ သူ လျှောက်နိုင်ပြီတဲ့၊ ဝရန်တာကနေ ဝမ်းသာအားရ အော်ပြောနေတာ"

"ဟင် ... ဟုတ်လား၊ အဲဒီတော့ ..."

"အဲဒီတော့ သမီးကိုလည်း ဗိုးချဲမပါဘဲ လျှောက်လို့ရနေတယ်ဆိုတာ သူ သိသွားပြီပေါ့ အန်တီ"

"ဟောတော် ... ဒါဖြင့် ဗိုးချဲပေါ့ ဆက်ထိုင်လို့ မရတော့ဘူးပေါ့"

"မရတော့ဘူးပေါ့ အန်တီ၊ သူကလည်း ဘယ်တုန်းက မိုးလျှောက်နိုင်သွားတာလဲမေးလို့ ဒီနေ့မှ ခုလေးတင်မှ စမ်းလျှောက်ကြည့်တာ ရနေတာလို့ သမီးပြောထားတယ်"

တကယ်တော့ ခုံ့ကို ဗိုးချဲနဲ့ သွားလာနေရတုန်းလို့ ဟန်ဆောင်ထားတာ ဒီအိမ်လာနေလို့ မရသေးဘဲ ဆေးရုံမှာနေရတုန်းလို့ ပြောထားတာတွေက ခုံ့ရဲ့လုံခြုံရေးအတွက်ဖြစ်ပါသည်။ တကယ်တော့ မာန်မင်းနှင့် မိုးမေခက ချစ်သူတွေမှ မကတော့ လက်မှတ်ထိုး လက်ထပ်ပြီးသော အကြင်လင်မယားမဟုတ်လား။

နှစ်ယောက်စလုံး နေကောင်းပြီဆိုပြီး အက်ဖ်အမ်အိုင် အိမ်ပြောင်းတော့မယ်ဆိုတာမျိုး ဖြစ်လာရင် ငြင်းရခက်မှာစိုး၍ အဟန့်တစ်ခုသဘောနှင့် လီဆယ်လုပ်ကြထားရတာပါ။





လင်မယားရယ်လို့တောင် ရင်းနှီးသောပတ်သက်မှုကြီးတစ်ခုရှိထားပြီဖြစ်၍ မာန်မင်းက ရင်းရင်းနှီးနှီး ပူးပူးကပ်ကပ် ဆက်ဆံလာမှာကို ကြိုတင်ဟန့်တား ကာကွယ်တဲ့သဘောနှင့် မိုးမေခဟာ နလုံးပါမကောင်းဘူးလို့ လုပ်ထားရတာပင်။ အပင်ပန်းခံကာ ဟိုသွားဒီလာမလျှောက်နိုင် မလှမ်းနိုင်သေးသူလို့ အသိပေးထားရတာပင်။

ထိုနည်းတူ အခြေအနေ တိုးတက်ကောင်းမွန်လာတဲ့ မာန်မင်းကိုပင် ဟိုသွားမယ် ဒီလာမယ် ဟိုဟာလုပ်မယ် ဒီဟာလုပ်မယ်နှင့် လှုပ်ရှားတက်ကြွမလာသေးအောင် လူအကူအတွဲမပါဘဲ ကိုယ့်ဟာကိုယ်တစ်ယောက်တည်း လမ်းမလျှောက်နဲ့ဦး တားထားတာ။ ခုတော့ ဒီနေ့ ဆရာမက ကိစ္စလေးတစ်ခုကြောင့် နည်းနည်းအရောက်နောက်ကျမည် ပြောထားတဲ့နေ့မှ သူ့ဟာသူ လျှောက်ပြီး လျှောက်နိုင်ကြောင်း သိသွားပြီ။

ဒေါ်သက်သက်ဆွေကလည်း မာန်မင်း မနိုးလောက်သေးဘူးထင်ကာ အောက်မှာ ဘာရိုတ်ဖတ်စ်စားနေရင်း တက်မသွားမိ။ ခုံ့ကလည်း ခြံထဲမှာ လွတ်လွတ်လပ်လပ် စံပယ်ပန်းထွက်ခူးနေ။ တိုက်တိုက်ဆိုင်ဆိုင်နှင့် မာန်မင်း မြင်တွေ့ပြီး သိသွားပြီ။

"ခုံ့ကို အစောကြီးရောက်နေပါလားလို့လည်း မေးတယ် အန်တီ၊ အဲဒါ ဘယ်လိုဖြေရမလဲ မသိဘူး၊ အခုတက်လာခဲ့တော့လို့လည်း ပြောနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သူက ထလျှောက်နေပြီဆိုတော့ နောင်ကို သိသွားတော့မှာပဲလေ၊ သမီး ဒီနေ့ မနက်စောစောပဲ ဆေးရုံကဆင်းခဲ့ပြီလို့ ပြောလိုက်တော့၊ ကျန်တာတွေတော့ ကြည့်မှ ရှောင်တိမ်းပြောပေတော့ သမီးရေ၊ ရွှေမြင့်ရေ ... မမကို အပေါ်ထပ်ကိုတွဲပြီး ပို့ပေးတာ ဆိုပြီး နင် လိုက်သွား၊ အစ်ကိုလေးကို ဘရိတ်ဖတ်စ်စားတော့မလားမေးခဲ့၊ အန်တီ ဘရိတ်ဖတ်စ်ယူပြီး လိုက်တက်ခဲ့မယ် သမီး"

"ဟုတ်ကဲ့"

ခုံ့လက်မောင်းတစ်ဖက်ကို ရွှေမြင့်တွဲကာ မာန်မင်း အခန်းထဲ ဝင်သွားကြတော့ ရေချိုးခန်းထဲကပင် ထွက်လာပြီဖြစ်တဲ့ မာန်မင်းက ...

"ဟင် ... မိုး ဘာဖြစ်လို့လဲ၊ ခုနကပဲ ခြံထဲမှာ အကောင်း တစ်ယောက်တည်း သွားနေပြီးတော့"

"ခြံထဲမှာ ဟို ... ခဏလေးလည်းဖြစ် ရိုးရိုးမြေပြန့်လည်းဖြစ်လို့ လျှောက်နိုင်တာ မောင်၊ လှေကားတက်တယ်ဆိုတော့ နည်းနည်းမောတယ်လေ၊ အဲဒါကြောင့် ရွှေမြင့်ကို တွဲလာတာပါ"

မာန်မင်းက စိုးရိမ်ပူပန်သော မျက်နှာနှင့် အပြေး လှမ်းလာပြီး ခုံ့ကို ရွှေမြင့်လက်မှ ဝင်တွဲကာ ...





"ဟုတ်သားပဲ၊ မောင် ဆင်းလာရမှာ၊ အပေါ်ကိုခေါ်လိုက်မိတယ်၊ မိုး မောနေလား၊ လာ ... ဒီမှာထိုင်လိုက်ဦး မိုး၊ ခါတိုင်းလို ဒိုးချဲနဲ့ပဲ တက်ခဲ့ရောပေါ့ မိုးရယ်၊ နေပါဦး၊ ခါတိုင်း ဒိုးချဲနဲ့တက်တော့ရော ဒီအပေါ်ထပ်ရောက်အောင် မိုးကို ဘယ်လိုလုပ်ပြီး တင်သလဲ"

ခုံ့က လန့်သွားပြီး ရုတ်တရက် ဘယ်လိုဖြေရမယ်းတောင် မစဉ်းစားတတ်ပေ။ မာန်မင်းအခန်းထဲက ဆက်တီရှည်ားမှာ ခေါင်းပါမေ့မှိလိုက်ရင်း ...

"ဟိုလေ ... ခါတိုင်းအပေါ်ရောက်အောင်တော့ ဆရာမရယ်၊ ဒေါ်ပုရယ်၊ အန်တီဆွေရယ်၊ ရွှေမြင့်ရယ် အဆင်ပြေသလိုပဲ နှစ်ယောက်ညှပ်ပွေ့ပြီး တင်တဲ့အခါလည်း တင်တယ်၊ နှစ်ယောက်ကို မိုးက တစ်ဖက်တစ်ချက်ဖက်ပြီး အားပြုပြီးတော့ တက်တဲ့အခါလည်း တက်တယ်"

"မိုးရယ် ... မောင့်ဆီ အပေါ်ထပ်ရောက်အောင် တပင်တပန်းတွေ တက်နေရတာကိုး၊ အဲသလိုတွေ မတွေးမိဘူး၊ ဒီပေါ်ရောက်မှ ဒိုးချဲပေါ်ထိုင်လိုက်တာပေါ့ ဟုတ်လား၊ မောင်က လျှောက်နိုင်နေပြီ မိုးရဲ့၊ မေမေတို့ ဆရာမတို့က မောင့်ကို မလျှောက်နိုင်လောက်သေးဘူး ထင်နေကြတယ် ...

ကိုယ်ဟာကိုယ် စမ်းလျှောက်ကြည့်မှပဲသိတော့တယ်၊ ဘာမှကို မဖြစ်တော့တာ၊ ပကတိလူကောင်းအတိုင်း သွား



www.burmeseclassic.com

www.burmeseclassic.com



လာလို့ရပြီ၊ အေးဆေးပဲ၊ လန်းလန်းဆန်းဆန်းလည်း တယ်၊ အားလည်းရှိတယ်၊ ဘာဆိုဘာမှ မဖြစ်တော့ မိုးကို မောင်ကိုယ်တိုင် ပြုစုမယ်နော် မိုး"

"မိုးက ပြုစုရလောက်အောင် ဖြစ်မနေပါဘူး မောင်

"ဟာ ... ဘယ်ရမလဲ၊ မိုးကြည့်ရတာ အစုတောင် နာဖြူဖပ်ဖြူရော်နဲ့ ဆရာမလာရင် မိုးကို အရင် ပရ လေး ဘာလေး တိုင်းခိုင်းဦးမယ်"

ကျွန်မ မျက်နှာဖြူဖပ်ဖြူရော် ဖြစ်နေရတာက မကောင်းလို့ မဟုတ်ဘူးရှင်ရေ။ ရှင် ကျွန်မရှေ့ ဒူးတုပ်ပြီး လက်ကိုင် နဖူးစမ်းလုပ်လိုက် လက်ချောင်းတွေဆွဲယူပြီး ရှင့်ပါး အပ်လိုက်၊ နှုတ်ခမ်းဆီကပ်လိုက်၊ အတင်းယုယကြင်နာနေ ကျွန်မမှာ ချွေးတွေတောင်ပြန်ထွက်ပြီး ရှင့်ကိုတောင် မကြည့် မျက်နှာလွှဲ ခေါင်းမော့ထားရတာ။ ဒါကြောင့် မျက်နှာပါဖျက် တာပါ ကိုမာန်မင်းရေ။

"အစ်ကိုလေး အန်တီက ဘာရိတ်ဖတ်စ် ယူခဲ့ရတော့မ တဲ့"

"အင်း ... ယူခဲ့တော့ ရွှေမြင့်၊ မမမိုးဖို့ပါ ယူခဲ့"

"အို ... မိုးက အောက်ဆင်းစားပါ့မယ်"

"ဘာလို့ အောက်ဆင်းစားရမှာလဲ၊ လှေကားတစ်ခါတ တာ ဒီလောက်မောနေတာ၊ အပေါ်မှာပဲစား"





တကယ်တော့ ဇုံ ဗိုက်ဆာနေပြီ။ အန်ကယ်နှင့်အန်တီ စားနေကြတုန်းမို့ ဇုံ မစားသေးဘဲ စံပယ်ပန်း ဆင်းခူးနေတာပါ။ မာန်မင်းသာ လှမ်းမတွေ့ရင် ဇုံ အိမ်ပေါ်ရောက်တာနဲ့ ဇုံ စီစဉ် ပေးထားတဲ့ ဆီထမင်းနဲ့ ငါးရံ့ခြောက်ဖုတ်လေးကို စားတော့မှာ။

"မောင် ဆီထမင်းနဲ့ ငါးရံ့ခြောက်ဖုတ် စားမလား"

"အင်း ... ပြောတာနဲ့တင် စားချင်စရာကြီး၊ တစ်မနက်လာ လည်း ခေါက်ဆွဲပြုတ်၊ တစ်မနက်လာလည်း ကြာဆန်ပြုတ်၊ ညီုစော်ကို နံနေပြီ"

"ရွှေမြင့် အန်တီ့ကိုပြောပြနော်၊ အစ်ကိုလေးက ဆီထမင်းနဲ့ ငါးရံ့ခြောက်ဖုတ် စားချင်တယ်လို့"

"ဟုတ်ကဲ့"

ရွှေမြင့် ထွက်သွားလျှင် မာန်မင်းက နှစ်ယောက်ထိုင် ဆိုဖာပေါ် ဇုံနှင့် ပူးကပ်ဝင်ထိုင်လိုက်ပါသည်။ ပခုံးချင်းဘေးချင်း တိုးကပ်ထိတိုက်ထား၍ ဇုံ့မှာ ဇောချွေးတွေပြန်လာသည်။ ဒုက္ခပဲ။ ဂျင်နှင့်တောင်မှ ဒီလောက် တစ်ခါမှ ပူးမကပ်ဖူးပါ။ ဂျင်က ပူးကပ်လာလျှင် 'နင် ဘယ်လိုဖြစ်နေလဲ' ဆိုပြီး ဇွတ်ဆောင့်တွန်း ပစ်ခဲ့တာ။

"ဟ ... ဟ ... ဘာဖြစ်လို့ တွန်းထုတ်နေရတာလဲ မိုးရဲ့"

မာန်မင်းက မသိမသာ ရုန်းတွန်းနေတဲ့ ဇုံ့ကို ရယ် ဟဟမေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... အန် ... အန့်တီ ဝင်လာရင် ဘယ်လိုလုပ်မလဲ"

"ဘာဖြစ်လဲ ဝင်လာတော့၊ မိုး အရမ်းထူးဆန်းနေပါလား၊ အရင်ကဆို မေမေ့ရှေ့လည်း မောင့်ပါးကို မိုးကတောင် ရွှတ်ခနဲ နမ်းသွားသေးတာ၊ မောင်ကတောင် ရှက်ကိုးရှက်ကန်းဖြစ်ရတာ"

အန့်တီဆွေ့ရှေ့တောင် သူ့ပါးကို မိုးက နမ်းသတဲ့လား။ စုံသည် နီးကပ်နေတဲ့ မာန်မင်းရဲ့ပါးပြင် ဖြူဝင်းဝင်းကို စိုက်စိုက်လေး ကြည့်မိရင်း ရင်ထဲတစ်မျိုးကြီး ခပ်ဆွေးဆွေးဖြစ်ရသလိုလို။ အမယ်လေး ... ရှက်ဖို့ကောင်းလိုက်တာ။ ကြားထဲက မဆီမဆိုင် ဝင်နမြောနေမိသလိုပါလား။

စုံ ...။ စုံ ...။ နင့်ကိုယ်နင် သတိကပ်ဦး။ နင့်ကိုငါ တော့လန့်လာပြီ။ စုံသည် မာန်မင်း မျက်နှာပြင်မှ အကြည့်ကိုလွှဲဖယ်ကာ ခေါင်းလေးငုံ့ထားရပါသည်။

"မိုး ..."

"... ... ..."

"မိုး"

"ရှင်"

"ဟား ဟား ... မိုး၊ ဘာဖြစ်နေတာလဲ မိုးလေးရဲ့၊ ဘယ်လိုပုံလေးလဲ အသည်းယားလိုက်တာကွာ၊ ဘာတွေရှက်နေတာလဲ၊ ခုနကတော့ မျက်နှာကဖြူဆုတ်ဆုတ် ဖြစ်သွားပြီး ခုတော့ ရဲတွတ်နေပြန်ပြီ ... ဟား ဟား"



"မောင် ... ဟိုဘက်တိုးပါဦး၊ အန့်တီဆွေ ဝင်လာတော့မယ်"

"ဝင် ... ဝင်ပေါ့"

"မောင်ကလည်း ဣန္ဒြေရရ နေစမ်းပါ"

"ဘာလို့ မိုးက ချစ်စရာလေးဖြစ်နေလဲ၊ အဲဒီတော့ မောင်က ဣန္ဒြေရရနေလို့ မရဘူးပေါ့၊ မိုးနားမကပ်ရတာ ဟောသဆိုလေးတောင် မထိုင်ရတာ ဘယ်လောက်ကြာနေပြီလဲ မိုးရယ်၊ နှစ်ယောက်တည်းလည်း မနေရသလောက်ပဲ၊ အမြဲတမ်းအေးမှာ ဆရာမက ကန့်လန့်ဖြစ်လိုက် ... မေမေက ..."

"သားရေ"

ချပ်ခနဲ တံခါးပွင့်ဟလာတာနဲ့အတူ တံခါးဝမှာပေါ်လာတဲ့ ဒေါ်သက်သက်ဆွေသည် နှစ်ယောက်ထိုင် ဆိုဖာရှည်ပေါ် ထောင့်တစ်ဖက်ကပ်ကာ ဟိုဘက်တိုးယိုင် ရှောင်ဖယ်နေတဲ့ပုံစံနှင့် စုံ့ကိုလည်းကောင်း၊ အတင်းပူးကပ် တိုးမှီနေရာမှ တံခါးပွင့်လာ၍ စိတ်ပျက်လက်ပျက် ဖြစ်သွားတဲ့ မာန်မင်းကိုလည်းကောင်း တွေ့လိုက်ရပါသည်။

"မေမေကလည်း တံခါးလည်း မခေါက်ဘူးဗျာ"

"ဆောရီး သားရယ် ... ဆောရီး၊ နောက်မှာ ရှေမြင့် သယ်လာတာ ဗန်းအလေးကြီးဆိုတော့ ခပ်မြန်မြန် ဖွင့်လိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



တာပါ၊ မိုး ... သမီး နေကောင်းရဲ့လား၊ မိုးက ဒီမနက် သိပ်နေမကောင်းလှဘူး သားရဲ့"

"ဟုတ်လား၊ အဲဒါကြောင့် ခုန ရွှေမြင့်ကို တွဲတက်ပြီးမောနေတာကိုး၊ ဒါဆို ဘာဖြစ်လို့ ဒီနေ့အစောကြီး ဒီကိုလာရတာလဲ၊ ဆေးရုံမှာပဲ နေရောပေါ့၊ မောင်လာတွေ့လိုက်လည်း ရသားပဲ"

"မိုးက ဒီမနက်က ဆေးရုံက ဆင်းလာတာ သားရဲ့၊ သား ဆေးရုံလိုက်မတွေ့ရတော့ဘူးပေါ့"

"လောလောဆယ် ဒီမှာပဲနေမှာပေါ့"

"ဟုတ်တယ် သား"

"ဒါဖြင့် မိုးအတွက်နေရာ ဘယ်မှာ ..."

"အောက်ထပ်မှာပဲပြင်ထားတယ် သား"

"အာ ... မေမေကလည်း၊ ဟိုဘက်ခန်းမှာဖြစ်ဖြစ် ပြင်လိုက်ပါ၊ သားက အပေါ်ထပ်မှာ မိုးက အောက်ထပ်မှာ"

"မိုးက လှေကားမတက်မဆင်းရလေ ကောင်းလေ သားရဲ့၊ ဒါကြောင့် အောက်ထပ်မှာပဲ မေမေက ပြင်ထားလိုက်တာ"

"ဟုတ်သားပဲနော်၊ ဒါဆိုရင် သားလည်း အောက်ထပ်မှာပဲပြောင်းနေလိုက်မယ်လေ မေမေ"





ဒေါ်သက်သက်ဆွေသည် စိတ်ရှုပ်လက်ရှုပ်ကို ဟန်ပ်ဖုံးကွယ်ကာ ...

"ဪ ... သားက အပေါ်မှာ ကိုယ့်အခန်းပဲ ကိုယ်နေပါ၊ အောက်ထပ်မှာက သိပ်ကောင်းကောင်းအခန်းမှ မရှိတော့တာ"

"တခြားအခန်းမရှိလည်း မိုးအခန်းထဲပဲ ခုတင်တစ်လုံးထိုးပြီးနေလိုက်လည်း ရပါတယ် မေမေရယ်၊ ဘာမှ ကိစ္စမရှိပါဘူး"

"အို ... မိုးဘာသာမိုး စိတ်အေးလက်အေး နားနားနေနေ နေပါစေ သားရယ်၊ မိုးက ပြင်ပအသွင်သဏ္ဌာန်ကောင်းနေပေမယ့် ကိုယ်တွင်းထဲမှာ သိပ်ပြည့်ပြည့်ဝဝ မကျန်းမာသေးဘူး သား၊ ဒေါက်တာရဲကတည်းက သားထက်ရော လေးလေးစိုးထက်ရော ပိုပြီး ပြင်းထန်တယ်လေ သား၊ မိုးကို အပေါ်ယံကြည့်ပြီး သားက လူကောင်းပကတိထင် မနေနဲ့၊ Completely အနားယူဦးလို့ ဆရာဝန်က မှာထားတာ ..."

လူရော စိတ်ရော နားရမှာ၊ သူ့ဟာသူ တစ်ယောက်တည်းတစ်ခန်း အေးအေးချမ်းချမ်း နေပါစေ သားရယ်"

မာန်မင်းက မျက်နှာရှုံ့မဲ့မဲ့နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... မိုးက မပြောရဲလို့၊ ရှက်လို့ ငြိမ်နေတာသာရှိမယ် မိုးလည်း စိတ်ထဲမှာ သားလိုပဲ စိတ်ညစ်နေမှာပဲ၊ တစ် တည်းပဲ နေချင်နေမှာပဲ၊ ဟုတ်တယ် မဟုတ်လား မိုး"

ဖုံက မျက်နှာလေးရဲရဲနှင့် မဖြေပေ။

"တွေ့လား မေမေ၊ မိုး ရှက်နေတာ၊ မေမေတို့ ဆရာဝန် စိတ်ပူတာကို သဘောပေါက်ပါတယ် မေမေရဲ့၊ သား တစ်ခန်းတည်း နေမယ်ဆိုတာက မိုးနဲ့လည်း ခွဲနေရ ကြာလှပြီဆိုတော့ နီးနီးနားနား နေချင်တာတစ်ခုပါပဲ၊ ကိုလည်း သား ကူပြုစုလို့ ရတာပေါ့၊ မေမေ့ချွေး လက်ဖျားနဲ့မတို့နဲ့ဆို မတို့ပါဘူးဗျာ"

"အို ... သားက ဘာတွေလျှောက်ပြောနေမှန်း မသိပါ ဖွတ်ပဲ"

နှံသည် သူ ယတိပြတ် ဝင်မပြောလျှင် မဖြစ် တာကိုသိကာ ...

"အခု မိုးက အိမ်မှာပဲနေတော့မယ့်ဟာ၊ အပေါ်မှာပဲဖြ အောက်မှာပဲဖြစ်ဖြစ် တစ်နေကုန် အတူတူတွေ့ပြီး နေရ မှာလေ မောင်ရယ်၊ တစ်ချိန်လုံးကို တွေ့နေရမှာ၊ မ ချင်မှအဆုံး ဖြစ်နေမှာ၊ ညအိပ်တာတော့ မောင့်အခန်း မောင်တက်အိပ်လိုက်တာ အဆင်ပြေပါတယ် ...





မောင့်အခန်းထဲ မိုး ခုတင်ထိုးထိုး၊ မိုးအခန်းထဲ မောင့်ခုတင်ထိုးထိုး နေရာတွေ ကျဉ်းကျပ်ပုပ်ပြီး အထာ တကျဖြစ်မှာ မဟုတ်ဘူး၊ မရှုညီ့သာမလှူးသာနဲ့ မျက်စိရှုပ် ရတာ အဖတ်တင်မှာပဲ မောင်၊ လူတစ်ယောက် ရောက်လာ ရင် သူ့အဝတ်တို့ သူ့အသုံးအဆောင်တို့လည်း အနည်းနဲ့ အများ ပါလာမှာပဲ၊ လောလောဆယ် ဒီလိုပဲ ကိုယ့်အခန်း နဲ့ကိုယ်ပဲ နေလိုက်ကြတာပေါ့ မောင်"

မာန်မင်းက မိုးကို မကျေမချမ်းနှင့် ကြည့်နေပါသည်။ ဒေါ်သက်သက်ဆွေက အာရုံလွှဲတဲ့အနေနှင့် အမှတ်တမဲ့ပင် ...

"လာ ... သား၊ မိုးလက်ရာ ဆီထမင်းနဲ့ ငါးရံ့ခြောက်ဖုတ် လေး ကောင်းမှကောင်းပဲ၊ စားကြတော့၊ မိုလည်းလာ သမီး၊ ခဏနေရင် ဖြူက သမီးကိုလာတွေ့ဦးမယ်လို့ ဖုန်း ဆက်ထားတယ်၊ အတော်ပဲ ဖြူ့ကိုလည်း မိုးလက်ရာကျွေး ရမယ်"

"မိုးလက်ရာ !! ..."

မာန်မင်းက အံ့သြတကြီး ရေရွတ်ကာ ...

"မိုးက နေမကောင်းဘဲ ဘာတွေ လုပ်နေတာလဲ၊ ဟာ ... ဘာမှ ဝင်မလုပ်နဲ့၊ မိုးလက်ရာကို မိုးနေကောင်းမှစားမယ်၊ နေပါဦး ... မိုးလက်ရာဆိုတော့ မိုးက ဆီထမင်းထိုးတတ် တယ်၊ ငါးရံ့ခြောက်ဖုတ် လုပ်တတ်တယ်ပေါ့"

www.burmeseclassic.com



"ကျွတ် ... မောင်ကလည်းကွာ၊ ဆီထမင်းထိုးတာ ဘာခက်လဲ၊ ဘာမှ ခက်ခဲစရာမရှိတဲ့ဟာ၊ အလွယ်ကလေးကို၊ ငါး ခြောက်ဖုတ်တာကကော မလုပ်တတ်စရာလား မောင်ရယ်"

"ဧကန္တ ဆေးရုံမှာ မိုးကို စောင့်ကြည့်ပေးတဲ့ နာ့စ်ကပဲ သင်ပေးလိုက်သလားပဲနော်၊ ဟောဒီမိမိုးလေးက ကော်ဖီမစ်စ်ကလွဲရင် ရိုးရိုးကော်ဖီတောင် စပ်ဟပ်မဖျော်တတ်တဲ့သူလေ ဗျာ၊ လက်ဖက်တောင် မသုပ်တတ်ဘူးဆိုတဲ့ သူလေဗျား ကြက်ဥကြော်တော့ တစ်ဖက်က အနှစ်တွေပေါက်ထွက်ပြီး နောက်တစ်ဖက်က တူးနေတဲ့သူလေဗျာ ... ဟား ဟား"

"ဟုတ်တယ် ... မောင် ထင်တဲ့အတိုင်းပဲ၊ မိုးရဲ့နာ့စ်က မိုး ပျင်းနေမှာစိုးလို့ တစ်နေ့ဟင်းချက်နည်းတစ်မျိုး သင်တာ၊ မိုးကလည်း ဒီအိမ်ကို လာတဲ့အချိန်တွေထဲမှာ စမ်းစမ်း ချက်ကြည့်နေတာ၊ အားလုံးအောင်မြင်တယ်၊ အန်ကယ်တို့ အန်တီတို့ အကုန်ကြိုက်ကြတယ် ... အဟီး"

"မေမေ တွေ့လား၊ မာန်မင်းတို့က ကံကောင်းချင်တော့ လက်ထပ်တုန်းက ဘာမှ မလုပ်တတ်တဲ့မိန်းမကို အချစ်တစ်ခုတည်းနဲ့ကြည့်ပြီး လက်ထပ်ခဲ့တာ၊ ဒါပေမဲ့ ဘုန်းရှင် ကံရှင်ဆိုတော့ ကိုယ်နဲ့လည်းယှဉ်ပြီးရော မိန်းမက ချက်နည်း ပြုတ်နည်း မုန့်လုပ်နည်းပါ တတ်လာရတာ တွေ့လား"





ဒေါ်သက်သက်ဆွေက သူ့သားကို ပြုံးတုံ့တုံ့ကြီး ကြည့်ရင်းသာ ခေါင်းတညိတ်ညိတ် လုပ်နေပါသည်။ သားကို ကြည့်နေရာမှ တစ်ဖက်က ဇွံထံအကြည့်ကရောက်သွားရပြန်သည်။ ဆီထမင်းကို တစ်ဇွန်းစာခပ်၊ အပေါ်မှာ တစ်ခါစား ငါးရံ့ခြောက် အသားလေးမျှင်ပြီး တင်ပေးကာ ခပ်စားရုံ အသင့်ပြင်ပေးနေပုံမှာ ရှုနာပြုစုတတ်မျိုးလို အောက်သက်ကြေနေသည်။ အဲဒီအပြင် မာန်မင်းကို လှမ်းလှမ်းကြည့်တဲ့ မပြုံးတပြုံး မျက်နှာကြည်ကြည်က လေးမှာလည်း နှစ်လိုခြင်း မြတ်နိုးကြည်ညိုခြင်း ပြုစုယုယလိုခြင်း ခရိပ်အရောင် အငွေ့အသက်တို့နှင့်ပါလား။

မိုးလေးကို ဒေါ်သက်သက်ဆွေက ချစ်ပါသည်။ ကိုယ့်သားကချစ်တဲ့သူမို့လည်း လိုက်ချစ်တာပါသလို ရုပ်ရည်လေး နှင့် ချစ်စဖွယ် နေတတ်သူမို့ ချစ်တာလည်းပါသည်။ သို့ပေမဲ့ သူတို့ချစ်သူသက်တမ်း နှစ်နှစ်လောက်အတွင်း မိုးလေးဟာ သား အပေါ် တစ်ခါမှကို ပြုစုယုယ အလိုက်သိ အောက်သက်ကြေတာ ရှိခဲ့ပါ။

မာန်မင်းသာ သူ့အိတ်တွေဆွဲပြီး တကောက်ကောက် လိုက်ရ မိုးကြိုက်တတ်တဲ့မုန့်၊ မိုးကြိုက်တတ်တဲ့ပစ္စည်း စသည် နှင့် အောက်သက်ကြေ သိတတ်ရ၊ ဇွန်းထ,ယူပေး ရေထ,ခတ်ပေး ရ တစ်ခါတစ်ခါများ အမေလုပ်သူ မျက်စိနောက်နောက် အောင့် သက်သက် ဖြစ်ရလောက်အောင်အထိ မာန်မင်းက အလျှော့ပေး သည်။

www.burmeseclassic.com



ဒီကောင်မလေးကျတော့ မိုးမှ မဟုတ်ဘဲ။ နဂိုက
တည်းက အောက်သက်ကြေတတ်ခဲ့ရတဲ့ ကလေးမဆိုတော့ မာန်မင်း
နဖူးမှာ ချွေးစတို့တာ ဘယ်သူမှမမြင်ခင် သူ့အရင်ခြင်ကာ တစ်ရှူး
ဖြုတ်ပြီးသား အသင့်ဖြစ်နေပြီ။ အင်း ... ဘာတွေများ ဖြစ်လာဦး
မှာလဲလို့ သက်ပြင်းရှည်မျှောချလိုက်မိပါသည်။

✧ ❤ ✧





၁၁

"မေမေ"

အပေါ်ထပ်လှေကားမှ ခပ်သွက်သွက် ပြေးဆင်းလာ
မာန်မင်းဟာ ပထမဆုံး မိုးရဲ့အခန်းရှိရာဆီ အရင်သွားကာ
ခန်းတံခါးကို တဒေါက်ဒေါက်ခေါက်ကာ 'မိုး ... မိုး'နှင့်ခေါ်
သည်။ ခေါ်မရတော့ အခန်းတံခါးလက်ကိုင်ဘုကို လှည့်၍
ကြည့်လိုက်ကာ အခန်းထဲ ဘယ်သူမှမတွေ့တဲ့အခါ ပြန်ထွက်
ပြီး အမေကိုခေါ်သည်။

ထမင်းစားပွဲမှာ ထိုင်နေကြတဲ့ ဦးကျော်မင်းနှင့်
သက်သက်ဆွေက တစ်ဦးမျက်နှာတစ်ဦးကြည့်မိပါသည်။ သူတို့
ကြည့်မှာ အဓိပ္ပာယ်များစွာ။ ဒီဇာတ်လမ်းတစ်ပုဒ်ကို ဘယ်နည်း
ယ်ပုံ အဆုံးသတ်မလဲဆိုတာ တစ်ယောက်နဲ့တစ်ယောက် မျက်
ချင်း တိုင်ပင်မေးခွန်းထုတ်တဲ့ အကြည့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



“မေမေ”

“သား … လာလေ၊ ဘရိတ်ဖတ်စ် စားရအောင်”

“မိုး ဘယ်သွားလဲ မေမေ၊ အခန်းထဲမှာ မရှိပါလား”

“သြော် … မိုး ဆရာဝန်က ဖောလိုးအပ်ပ် ပြန်ချိန်း သွားရတယ် သားရဲ့”

“ဟင်”

မာန်မင်း မျက်နှာက ပျက်သွားရကာ …

“ဖောလိုးအပ်ပ် သွားပြတာ မိုးက ဘယ်သူနဲ့ သွားတာ ဘာဖြစ်လို့ သားကို မခေါ်တာလဲ မနေ့ကလည်းမပြော သားနဲ့တူတူသွားမှာပေါ့၊ သား လိုက်ပြပေးရမှာပေါ့ ဘယ်သူနဲ့ သွားတာလဲ မေမေ”

မိဘကိုပင် အပြစ်တင်ချင်ရိပ် ငွေ့ငွေ့စွန်း မာန်မင်း ပုံသဏ္ဌာန်ကြောင့် ဦးကျော်မင်းက …

“သူ့အမေနဲ့သွားတာ သား”

သူ့အမေနှင့်ဆို၍ မာန်မင်းက နည်းနည်း အကြောပြေလျော့သွားကာ …

“သူ့အမေနဲ့သွားလည်း သားလိုက်သွားရမှာပဲ မဟုတ် မေမေ၊ သားက သူ့ယောကျ်ားပဲ၊ သားမှာ တာဝန်ရှိ လေ၊ သားလည်းအားနေသေးတာပဲ၊ အလုပ်မှပြန်မဝင် တာ၊ သား လိုက်ပြရမှာပေါ့”





“သားပြောတာလည်း မှန်တယ်၊ ဒါပေမဲ့ သားကို အလုပ် ပြန်မဝင်ခိုင်းသေးတာကိုကလည်း စိတ်ရောလူရော နားနား နေနေ နေသင့်သေးတယ်ဆိုပြီး အိမ်မှာပဲနေခိုင်းသေးတာ လေ”

“သား နေကောင်းနေပါပြီ မေမေ”

“မှန်တယ်၊ နေမကောင်းဘူးလို့ ပြောလို့မရဘူး၊ ဒါပေမဲ့ သား သဘောပေါက်ဖို့က သားတို့ရဲ့ အက်စစ်ဒဲန့်ထဲက သားသိတာထက် ပြင်းထန်ခဲ့တယ်၊ သားတို့မှာ ကိုယ်ရော စိတ်ပါ ဝေဒနာတွေ ဒဏ်ရာတွေရခဲ့တယ်၊ သားကိုဆိုရင် ရှင်းရှင်းပြောရရင် ဆရာဝန်ကြီးက မင်းအခြေအနေဟာ ဒီတိုင်းဆက်သွားရင် ရူးသွားနိုင်တယ်၊ ရူးရုံနဲ့လည်းမပြီး ဘူး၊ အစားမဝင်ရင် သေတောင်သေသွားနိုင်တယ်လို့ကိုပြော တာ …

မင်းရဲ့ခြေထောက်တို့ ခေါင်းတို့က ထိခိုက်ဒဏ်ရာ ဟာ ကုသပြီးတော့ ပျောက်ကင်းတာကြာပြီ၊ မင်း မကြာခင် အထိ လူမမာကြီးလုံးလုံး ဖြစ်နေခဲ့တာဟာ ထိခိုက်ဒဏ်ရာ ကြောင့်သက်သက်မှ မဟုတ်ဘဲ၊ အခု သားက မင်းကိုယ်မင်း နေကောင်းတယ် ကျန်းမာတယ်လို့ ဆိုပေမယ့် လေးနက် ဖိစီးတဲ့ ဘာတာဝန်မှ မင်းကို ယူခွင့်မပြုသေးဘူး…

www.burmeseclassic.com



ပုံမှန်စားတယ် သောက်တယ်၊ သွားနိုင်လာနိုင်တယ်၊ ဒါပေမဲ့ မင်းကို ကားမောင်းခွင့်လည်း ဆရာဝန်ကြီးက မပေးသေးဘူး၊ အလုပ်တာဝန်လည်း ထမ်းဆောင်ခွင့်မပြု သေးဘူး၊ မင်းကိုယ်မင်း အပြည့်အဝ မကျန်းမာသေးဘူးလို့ ပဲနားလည်ထားလိုက် သား၊ ဒါကို ဦးတင်ထွဋ်တို့ ဒေါ်မေဖြူ တို့လည်း သိတာပဲ၊ မင်း မိုးကို ဆေးရုံလိုက်မပြလို့လည်း သူတို့ အပြစ်မဆိုဘူး ...

ဆေးရုံသွားပြရမယ်ဆိုရင် မင်း ဖွတ်လိုက်မယ်လုပ် မှာပဲ၊ ဒါကြောင့် ပြောမနေတော့တာ၊ သူ့အမေပါလို့ ဖေဖေတို့လည်း မလိုက်တာ၊ မင်း ဘာမှစိတ်မပူနဲ့၊ ပြစရာ ရှိတာပြ၊ လုပ်စရာရှိတာလုပ်ပြီးရင် အချိန်တန်ရင် ပြန်လာ လိမ့်မယ်"

"ဘယ်အချိန်လောက် မိုး ပြန်ရောက်မလဲ မေမေ"

မာန်မင်းက စောဒကမတက်သာဘဲ မေးလိုက်ပါ သည်။

"ညနေမှ ရောက်မယ် သား"

"ညနေ !... ဆေးရုံက ညနေထိ ပြရပါ့မလား မေမေရာ"

"ဟော့ကောင် သိပ်မသည်းစမ်းပါနဲ့ကွာ၊ ဆေးရုံပြပြီးရင် သူ့အမေနဲ့လည်း သူ နည်းနည်းပါးပါးနေဦးမှာပေါ့၊ သူတို့





သားအမိချင်း တွေ့ချင်ဆုံချင် စကားပြောချင် ရှိဦးမှာပေါ့ ကွာ၊ တစ်ရက်တလေ အချိန်ပေးလိုက်ပါ သား"

နောက်အပတ်တွေကျရင်တော့ ဗိုလ်ကို တနင်္ဂနွေနေ့ ယ်လို့ နားရက်မယူဘဲ ကြားရက်ကြားအချိန်တွေထဲကပင် အားရင် အားသလို အချိန်ရရင် ရသလိုယူပြီး အိမ်ပြန်တာ၊ သွားစရာရှိတာ သွားတာမျိုးလုပ်ဖို့ ပြောထားရတော့မှာပင်။ တနင်္ဂနွေနေ့တိုင်းရယ်လို့ ပတီအကျ လုပ်နေရင် နောင်ကို မာန်မင်း ဖွတ်လိုက်ပါမည်လုပ် တကို တားဖို့မလွယ်ပါ။

"ဟုတ်သားပဲ သားရယ်၊ ဖြူလည်းပဲ သူ့သမီးကို အကြာ ကြီး ခွဲထားရတာပါ"

"ဘယ်ခွဲရမှာလဲ မေမေကလည်း၊ သားအိပ်ရာထဲက မထနိုင် လို့ မိုးနဲ့မတွေ့ရတဲ့အချိန်မှာ သူတို့ကတော့ မိုးကို ဆေးရုံ မှာ တွေ့နေကြရမှာပဲ မဟုတ်လား"

"အဲဒီတုန်းက တွေ့ထားတာနဲ့ပဲ သားအမိ အခုထပ်မတွေ့ ရတော့ဘူးလား မာန်မင်းရာ၊ မင်းကလည်းကွာ"

အဖေဖြစ်သူက သည်းလွန်းတယ် ဆိုတဲ့ပုံနှင့် ပြော တာမို့ မာန်မင်းက သိပ်အထွန့်မတက်ရဲတော့။ နံနက်စာကို စိတ် ပေါ်လက်မပါ ခပ်မြန်မြန် စားသောက်လိုက်ပြီး ...

"ဒီတော့ သားလိုက်သွားချင်ရင်လည်း မရဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို အပြင်ပေးမထွက်သေးဘူး၊ ထပ်မတောင်းဆို
သား"

မာန်မင်းက ဖေဖေ့ကို မကျေနပ်ပါ။ အပြင်ထုတ်
လည်း မဆန့်ကျင်ရဲ။ စိတ်ထဲကပဲ ပွစိပွစိလုပ်ကာ ...

"မေမေ ... မိုး အခု ဘာဖုန်းကိုင်ထားလဲ၊ မိုး ဖုန်းနံပါ
သားကိုပေးပါ၊ ဖုန်းပဲလှမ်းဆက်လိုက်တော့မယ်"

"မိုး ဘာဖုန်းမှကိုင်မထားဘူး သား၊ သတင်းလှမ်းမေးလို
ကြ၊ ပြန်ဖြေလိုက်ရနဲ့ မအားလပ်အောင်ကို ဖြစ်နေ
မိုးက ဖုန်းပိတ်ပြီး ဖုန်းကို မကိုင်တော့တာ၊ စိတ်မနာ
လူမနားရနဲ့လေ၊ ဖြေရတာတစ်ယောက်တည်း လှမ်း
ကြတဲ့ သူတွေက တစ်ရာ နှစ်ရာ၊ ဘယ်ခံနိုင်ပါ
မလဲ"

"ဟား ... ဖုန်းလည်းမကိုင်ဘူးဆိုတော့ သားက ..."

"ဟော့ကောင် ... မာန်မင်း"

ဦးကျော်မင်းက နားငြီးစိတ်ရှုပ်လာပြီး ခပ်
ဆတ် ဟန့်လိုက်ကာ ...

"တော်တော့ သား၊ မင်းဟာက ကလေးမုန့်ပူဆာတ
နေတာပဲ၊ အချိန်တန်ပြန်လာမှာပေါ့ကွာ၊ ဘာဒီလော
ဖြစ်စရာလဲ၊ အရေးကြီးကိစ္စလည်း မရှိဘဲနဲ့"





မာန်မင်းသည် စိတ်ထဲမှာ မကျေနပ်နိုင်ပါ။ တစ်မျိုး
ကြီးပဲ ခံစားရသည်။ သူနဲ့ မိုးနဲ့ ဝေးကွာနေသလိုလို၊ ဝေးကွာ
အောင်ပဲ ဝိုင်းလုပ်နေကြသလိုလို ...။

✧ ❤ ✧

"ဂျင့် ဟိုအိမ်ကို ခဏခဏ ဖုန်းမဆက်ပါနဲ့"

ဂျင့်မျက်နှာက ဂျစ်ကန်ကန် ဖြစ်သွားကာ ...

"အိမ်ကိုလည်း မလာရဘူးဆိုတော့ ဖုန်းမှမဆက်ရင် ဘယ်
လိုဆက်သွယ်မှာလဲ"

"ဘယ်လိုမှ မဆက်သွယ်နဲ့ပေါ့၊ တနင်္ဂနွေနေ့မှာ ထွက်လာ
မှာသိသားနဲ့"

ဒီကြားထဲ တစ်ရက် ဂျင့်က ဟိုအိမ်ကို ဖုန်းဆက်လာ
ပြန်တာပင်။ ဖုန်းကို အန်တီဆွေက 'ဖုန်းလာတယ်' လာခေါ်စဉ်က
မာန်မင်း မသိလိုက်ပေမယ့် ဖုန်းပြောမပြီးခင် ဖုန်းမချခင် ရေချိုး
ခန်းက ထွက်လာလေရာ အန်တီဆွေက 'မိုးရဲ့အခေါ် အန်တီချစ်
ဆက်တာ' ဟု ညာလိုက်ရပါသည်။

"နင်က ဘာလဲ ဖုန်းတောင်မဆက်ရဘူး ဆိုတာက ဘာ
သဘောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဟိုမှာ ခုံအဖြစ် နေနေတာ မဟုတ်ဘူးလေ၊ ဂျင့် ပြောပြပြီးပြီလေ၊ အန်တီဆွေက ဖုန်းကိုင်နေပေလို့ ကိုမာန်မင်း ဖုန်းကိုင်လိုက်တာနဲ့တိုးရင် ရှင့်စကားပြော ဆိုပေါက်နဲ့ ပြဿနာတက်ပြီး မသင်္ကာစရာတွေ ဖြစ်ဦးမယ် အလကားနေရင်း လခတစ်သိန်းရတဲ့အလုပ်ကနေ မပြု ပါရစေနဲ့လား၊ ဘာမှလဲ အရေးကြီးတာ မဟုတ်ဘဲနဲ့"

ဂျင်က မဲ့တဲ့တဲ့နှင့် ...

"အေးပါ ... ဟုတ်ပါတယ်၊ ငါ့ကြောင့် အလုပ်ပြုတ်ရတ ဖြစ်နေပါဦးမယ်၊ နင်က အလုပ်ပြုတ်မှာကိုကြောက်နေ ရောဟုတ်ရဲ့လား၊ နင့်ရဲ့အယောင်ဆောင်ခင်ပွန်းသည် နဲ့ မခွဲနိုင်တာများလား"

ဟုတ်တယ်လေ။ ကဲ ... စိတ်ပေါက်တယ်။ အဲသလို စိတ်ရှိတဲ့အတိုင်း ဖြေပစ်လိုက်ရ။ သာတဲ့ဘက်ကို ယိုင်တယ် ပြောပြော၊ ငါးစိမ်းမြင် ကြောင်ကင်ပစ်ပဲ ပြောပြော၊ ငွေကိုမက်လို့ ပြောပြော၊ သစ္စာမဲ့တယ်ပြောပြော ဘာပြောပြော ပြောချင်သ ပြောပါစေ။ ခုံမျက်စိထဲတွင် 'မောင်'သာလျှင် ချွေမင်းသားကလေး တည်း။ မာန်မင်းကို ချစ်မြတ်နိုးမိတော့မှပင် ဂျင့်ကို ချစ်ထ ထင်ခဲ့မိတဲ့စိတ်ဟာ ဖွဲဆန်ကွဲပဲလို့ နားလည်ရသည်။

ဂျင်က အဆင့်အတန်း မရှိလို့၊ ဆင်းရဲလို့၊ ထူ မတတ်လို့၊ ကလေကချေဆန်လို့၊ သူ့ထက်သာတဲ့သူကို ခုန်





ဘယ် ထင်ကြလိမ့်မည်။ ထင်ပါစေ။ ဘယ်လိုထင်ထင်ပါ။ တစ်နေ့ သာအခါ ခုံဟာ 'မောင်'နဲ့အေးက လွှင့်ကိုလွှင့်ရမယ့်သူ။ ဘဝ မှန် အဖြစ်အပျက်မှန်ကိုသိရင် မာန်မင်းက သူ့ကို လှည့်စားရပါ လေးလို့ နာနာကြည်းကြည်း နှင်ထုတ်ပစ်မှာသာ မလွဲဘူး ပေါ့။

နှင်ထုတ်လိုက်လို့ လွှင့်လာခဲ့ရရင်လည်းပဲ ခုံက ဂျင့်ကိုတော့ ဘယ်သောအခါမှ ပြန်ပြီးလက်တွဲတော့မှာမဟုတ်ပါ။ ရင်ထဲ အသည်းထဲ နှလုံးထဲကလည်း စွဲစွဲမက်မက် မချစ်ဘဲနဲ့တော့ ကိုယ့်အထင်မကြီးနိုင်တဲ့ လူတစ်ယောက်ကို လက်မတွဲနိုင်ပါ။ ခုနေ ခါမှာတော့ သူ့ကို လမ်းခွဲစကား မပြောရဲသေးလို့ပါ။ ပြောရင် ပြဿနာရှာမှာ ကြောက်နေသေးလို့ပါ။

"ကဲ ... ပြော၊ ဟိုနေ့က ဘာလို့ ဖုန်းဆက်တာ"

"ဘာဖြစ်လို့ ဒီလောက်တောင် လောနေတာလဲ"

"ဒီနေ့ ခါတိုင်းလို အပြင်မှာ တစ်နေကုန် မနေနိုင်ဘူး ဂျင်၊ ခုံ ခဏပဲ ထွက်လာတာ၊ ခဏနေရင်ပြန်မှာ"

"မင်းက ဒီလိုလား"

"အိမ်မှာ အန်တီဆွေ့ကို ကူလုပ်ပေးစရာ အလုပ်တွေရှိတယ် ဂျင်၊ ထွက်လာတာတောင်မှ ဂျင် ပြဿနာရှာမှာ စိုးလို့ ထွက်လာတာပါ၊ ဂျင်သာ ဒီမှာမရှိရင် ကြိုးတော်ဆီပဲဆိုရင် တော့ ထွက်တောင်လာမနေဖြစ်တော့ဘူး၊ ဂျင် ဖုန်းလည်း



www.burmeseclassic.com

www.burmeseclassic.com



လှမ်းဆက်တယ်၊ အကြောင်းရင်းလည်း မပြောလိုက်ရခ ခဏလေးနဲ့ ဖုန်းချလိုက်ရတယ်မို့လို့ ဂျင့်ကို သက်သ လာတွေ့တာပါ"

ဂျင်က တဲစ်ခဏ ငိုင်ငေးနေရာမှ ...

"ငါ ပိုက်ဆံလိုလို့"

"ဟင် ... ဘာဖြစ်လို့လဲ၊ မဝင့်က မပေးဘူးလား"

"မဝင့်က ခုတလော ငါ့ကို သိပ်ရစ်နေတယ်၊ ငါက ဒ ရောဆေချင်သလောက် ပြန်မရောလို့ပေါ့ဟာ၊ နင့်ဆီသွားမ နင်နဲ့တွေ့မယ်ဆိုလည်း စူပုပ်ပြီး စောင်းမြောင်းသောင်းကျ နေတော့တာပဲ၊ ဒီဆန်းဒေး နင်နဲ့ သွားတွေ့ဦးမယ်ဆိုတ သိလို့ထင်ပါရဲ့ သောကြာနေ့ကတည်းက ပိုက်ဆံမပေးဘ ကပ်နေတယ်ကွာ ... တောက်"

"နင်ကလည်း သူမကြိုက်ရင် လာမတွေ့ရင်လည်း မတွေ့ ဒါမှမဟုတ်ရင်လည်း သူ့ကိုမပြောခဲ့နဲ့ပေါ့ဟာ၊ သွားလည် ပြောသေးတယ်"

"သူ မကြိုက်လို့ ငါက နင့်ကို လာမတွေ့ရတော့ဘူး ဟုတ်လား ၊ နံ"

စုံက ဂျင့်ကို ကရုဏာသက်သွားမိပါသည်။ ဆော ပါပဲ ဂျင်ရယ်။ အရင်ကတည်းက နင်ကတော့ ငါ့အပေါ် ငါ့ တာထက် ပိုရှာတယ်ဆိုတာ သိပြီးသားပါ။





"နင် ခံနေရတိုင်းရပြေလည်အောင်ပြောတာပါ၊ နင်က သူ့ဆီ အလုပ်ဝင်ပြီမဟုတ်လား၊ သူနဲ့ ပြေလည်ရင် သူကကျတယ် မဟုတ်လား၊ ပြေလည်အောင်နေရတော့မှာ မဟုတ်လား ဂျင်ရဲ့၊ နင် တခြားမှာလုပ်တုန်းက သူ့ဆီမှာလောက်မှ အဆင်မပြေဘဲ၊ ပြီးတော့ နင်ကသာ သူ့ကို အကြိုက်ဆောင် ပေါင်းရင် သူက နင့်ပဲ လှူယုံလို မွေးတာလေ"

ဂျင်က စုံ့မျက်နှာကို စိုက်ကြည့်ရင်း ...

"နင်နဲ့ ဟိုလူ့အခြေအနေရော ဘယ်လိုလဲ"

"ဘာကိုလဲ၊ ဒီလိုပဲပေါ့"

"ဒီကောင် နင့်ကို အရမ်းကြွနေလား"

"အရမ်းကြွလား ဆိုတော့ သူက ငါ့ကို သေသွားတဲ့ သူ့ သတို့သမီး ထင်နေတာလေ၊ အဲဒီတော့ အရင်အတိုင်းကြွေ တာပေါ့၊ နင် ဘာမှ ပူမနေနဲ့၊ သူ့အမေက ငါ့ကို ရှေ့က မားမားမတ်မတ် ကာကွယ်ပေးထားတယ်၊ မိုး နှလုံးထိခိုက် ထားတယ်ဆိုပြီး နေမကောင်းသေးတဲ့ပုံစံ ထားထားတယ်"

"ဒါပေမဲ့လည်းဟာ လင်မယားဆိုတဲ့ပတ်သက်မှုက အထိုက် အလျောက်တော့"

"ဘာမှ မရှိပါဘူးဆို၊ သူက အပေါ်ထပ်မှာနေတယ်၊ ငါ့ အခန်းက အောက်ထပ်မှာ၊ နင် စဉ်းစားစမ်းပါ ဂျင်ရ သူ့မိဘတွေကကော ငါ့လို မိန်းကလေးတစ်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဖြစ်သွားမှာမျိုး အဖြစ်ခံပါ့မလားဟယ်၊ သူတို့ကို
နိုးရိမ်တကြီး လုပ်ကြဲပြောဆို ကာဆီးနေတာပါ"

ပြောနေတဲ့ ဖုံ့မျက်နှာအရိပ်အကဲ ကို ဂျင်က မျ
လုံးထောင့်ကပ်ကာ အကဲခတ်နေရင်းက ...

"အဲလိုကာဆီးနေတာ ခွဲခြားနေတာ အဆင့်အတန်းချ
မတူပါလားလို့ နားလည်ရတာကို နင် ဝမ်းနည်းနေ
လား"

"ဘာဆိုင်လို့လဲ"

"သိဘူးလေ၊ နင့်ကို အကဲခတ်ကြည့်တာပါ၊ ဟိုကောင်
သူဌေးသားဆိုတော့ ဘာပဲဖြစ်ဖြစ် အမွှမ်းအမံတွေနဲ့ ရွှေ
သားကတော့ဖြစ်နေမှာပဲ၊ နင် စိတ်ခိုင်ရဲ့လား မိဖုံ၊ တော်
အသည်းကွဲပြီး ပြန်လာရဦးမယ်"

"ဘာမှ မဖြစ်ဘူး၊ ကဲ ... နင် ပိုက်ဆံဘယ်လောက် လို
တာလဲ"

"ငါက ခါတိုင်းလို ဟိုးအရင်လို နင်ဆီက အလွယ်တ
ယူသုံး ချေးသုံးတာ ဖြစ်ပေမယ့် နင့်ဘက်ကျတော့ အ
လိုမဟုတ်ဘဲ ဒီပိုက်ဆံတွေက နင် အသည်းကွဲပြီးမှ ရ
ပိုက်ဆံမျိုးများ ဖြစ်နေမလားဟာ"

"အမယ်လေးဟယ် ... ကဗျာတွေ ရွတ်မနေစမ်းပါနဲ့ ရ
ရာ၊ ဘယ်လောက်လိုလဲ ပြော"





"ရော့ ... အင့် ဆိုပြီး ရွှေမင်းသားဆီ မြန်မြန်ပြေးတော့မလို့
မဟုတ်လား"

"ရစ်မလာနဲ့၊ ငါ ပြောပြီးပြီ အန်တီဆွေ့ကို ကူရမှာတွေရှိ
တယ်၊ ကဲ ... ကဲ ... ပြော"

"နှစ်သောင်းလောက် ရမလား"

ဖုံက ဘာမှပြောမနေတော့။ ပိုက်ဆံအိတ်ကိုဖွင့်လိုက်သည်။ အန်တီဆွေတို့အိမ်ကို စရောက်တဲ့နေ့ဟာ လရဲ့အစ အတိအကျ တစ်ရက်နေ့လည်းမဟုတ်။ လဆန်းတစ်ပတ်ကျော် ရှိနေပြီ။ သုံးပတ်လောက် နေပြီးတော့ လကုန်သွားခဲ့တဲ့အခါ အန်တီဆွေက ပိုက်ဆံတစ်သိန်း ထုတ်ပေးပါသည်။

တစ်လမပြည့်သေးပါဘူးလို့ ဖုံက သတိပေးပေမယ့် 'ရက်အတိအကျ တွက်နေဖို့မလိုပါဘူးကွယ်၊ မှတ်ရလွယ်အောင် လကုန်ရက်ပဲ လခထုတ်ပေးမယ်'လို့ ဆိုတဲ့အတွက် ဖုံက တစ်လမပြည့်တပြည့်မှာ လခရပြီးပြီ။ ဂျင့်ကိုပေးဖို့လည်း မနှမြော။ ဂျင့်ကို ချစ်သူကဲ့သို့ ချစ်မြတ်နိုးစိတ် မရှိတော့ပေမယ့် အပေါင်းအသင်းမိတ်ဆွေတစ်ယောက်လိုတော့ သံယောဇဉ်ရှိသည်။

သူ့မှာရှိရင်လည်း တန်ဖိုးနည်းနည်းပဲ ဖြစ်ပစေ ဖုံ့ဖို့ သတိတရတော့ တစ်ခုခုလေး ဝယ်ပေးတတ်သူသာ။ ဂျင်ဟာ ကလေကချေစရိုက်ဆန်တာကလွဲလို့ ဖုံ့အပေါ် မကောင်းတာ မရှိဘဲ။ သူ့မှာလိုအပ်တာကို ကူညီချင်ပါသည်။ မနက်စောစောက



www.burmeseclassic.com

www.burmeseclassic.com



ကြီးတော်တို့ဆီ စားသောက်ဖွယ်ရာတချို့ ဝင်ပေးတုန်းကလည်း ကြီးတော်က ပြောပြလိုက်ပါသေးသည်။ ဂျင့်အဖေ မကျန်းမာဘူးတဲ့။

ဂျင့်မှာ တစ်ဦးတည်းသော ဖခင်အိုရှိသည်။ အရက်ဒဏ်ကြောင့် ကျန်းမာရေးမကောင်းလှသူဖြစ်ကာ ဂိုဒေါင်ညစောင့်လား ဘာလား လုပ်တယ်ဆိုပေမယ့် ဂျင်က တစ်ဖက်တစ်လမ်းတော့ ထောက်ပံ့ရသေးသည်။ အခု ဒီအဖေ နေမကောင်းဘူးတဲ့။

"ငါ့အဖေ နေမကောင်းဘူး ဖုံ၊ ဒါကြောင့်ပါ၊ ငါ့တခြားသုံးလို့ မဟုတ်ပါဘူး"

"ငါသိပါတယ်၊ ကြီးတော်လည်း ပြောပြတယ်၊ ဦးလေးတော်တော်ကိုမမာနေတာဆို၊ နင် ပိုက်ဆံလိုနေမှာပေါ့၊ လိုသလောက်ယူပါ၊ ငါ့မှာ ပိုက်ဆံအခု ငါးသောင်းပါတယ်၊ အကုန်ယူရင်လည်း ယူထားလိုက်၊ ငါ သုံးစရာမလိုသေးဘူးဂျင်"

ဂျင်က ခေါင်းငိုက်စိုက်ချထားသည်။ သူကချည်းယူနေရတာများ၍ စိတ်မကောင်းလည်း ဖြစ်နေပုံရပါသည်။ ဖုံက ဂျင့်လက်ထဲ ငွေငါးသောင်းကို ထည့်ပေးလိုက်ရင်း ...

"ရော့လေ ဂျင် ... ရော့၊ အားနာမနေနဲ့၊ နင့်အဖေ ကျန်းမာရေးကိစ္စပဲဟာ"

ဂျင်က အနေရခက်ခက် မျက်နှာပူပူဟန်နှင့်ပင် -





"ကျေးဇူးပဲဟာ၊ ငါ လေးသောင်းယူလိုက်မယ်နော်၊ ဟိုတစ်ခါက တစ်သောင်းနဲ့ စုစုပေါင်း ငါးသောင်းပေါ့၊ ငါ ပြန်ဆပ်ပါ့မယ်ဟာ"

"အေးပါ ရပါတယ်၊ ကဲ ... ဒါဖြင့် ငါတို့ သွားကြစို့နော်"

ဂျင်က ဖုံ့ကို ခပ်စိုက်စိုက် ခပ်ငေးငေးကြည့်ကာ ခေါင်းညိတ်လိုက်ပါသည်။ ဘတ်စ်ကားဂိတ်မှာ လမ်းခွဲလိုက်ကာ ဖုံက အိမ်ကို ဘတ်စ်ကားနှင့်ပဲ ပြန်လာခဲ့သည်။ ဝင်ဒါမီယာလမ်းထဲ ခပ်သွက်သွက် အပြေးတပိုင်း ဝင်လာခဲ့ပါသည်။ ပုံမှန်ဆိုရင် ဒီအိမ်က လွှတ်လိုက်တဲ့ကားဟာ ညနေခြောက်နာရီလောက် ကြီးတော်တို့လမ်းထိပ်ကို လာကြိုနေမှာ။ ခုလို အစောကြီး နံနက်စာတောင် စားချိန်မတိုင်မီ ပြန်လာတာကို တွေ့လျှင် 'မောင်' ဝမ်းသာသွားမှာလေ။

အန်တီဆွေတို့က ဘယ်လိုပဲ ကြည့်ပြောထားမှာပဲဖြစ်ဖြစ် မာန်မင်းဟာ သူမနိုးခင် 'မိုး' ထထွက်သွားတဲ့ အတွက် စိတ်တိုအသည်းယားနေမှာ အသေအချာပင်ဖြစ်သည်။ ထင်တဲ့အတိုင်း ဖုံ ခြံထဲလှမ်းဝင်လိုက်တာနှင့် အိမ်ရှေ့ပေါ်တီကိုအောက်မှာရှိနေတဲ့ မာန်မင်းက တအံ့တသြနှင့် ...

"မိုး"

မာန်မင်းရဲ့ တအံ့တသြ အော်ကြီးဟစ်ကျယ် အသံကြောင့် ဒေါ်သက်သက်ဆွေပါ ပြေးထွက်လာသည်။



www.burmeseclassic.com

"သမီး စောလှချည်လား"

"ဟုတ်ကဲ့ အန်တီဆွေ"

လှမ်းအော်ပြောတာကို လှမ်းအော်ဖြေတုန်း တစ်ရှိန်ထိုး ပြေးကပ်လာတဲ့ မာန်မင်းက ဖုံ့ကိုယ်လေးကို ကျစ်ကျစ်ဖက်ထွေးလိုက်ပြီး တစ်ချက်မွှေ့လိုက်ပါသည်။

"ဟဲ့ ... သား ... သား"

"မောင် ... မောင် မလုပ်ပါနဲ့"

"ဘာလို့ မလုပ်ရမှာလဲ"

"မောင်လည်း နေမကောင်းသေးဘူး၊ မိုလည်း နေမကောင်းသေးဘူးလေ"

"မိုး ခေါင်းမူးသွားလား"

"အင်း"

ခေါ်သကီသက်ဆွေပါ မျက်နှာခပ်ပျက်ပျက် ဖုံ့အပေါ်လည်း အားခပ်နာနာနှင့် အနားကပ်လာကာ ...

"အေးလေ ... မိုး မူးသွားပါဦးမယ် သားရယ်၊ လာ သိမ်းလာ၊ အန်တီဆွေ့ကိုလည်းတွဲ"

"သား တွဲထားတယ်လေ မေမေ"

"နှစ်ယောက်ညှပ်တွဲတာပေါ့ဟယ်၊ မိုး ပိုသက်သာတာပေါ့"

"ကျွတ် ... မေမေ့ကိုကြည့်ရတာလေ တစ်မျိုးကိုတစ်မျိုးပဲ မိုးနဲ့ သားနဲ့ကြားမှာ အရမ်းကို ကာဆီးကာဆီး လုပ်တာပဲ"





"လုပ်ရမှာပဲ သား၊ အဲဒါ မိုးကို ဂရုစိုက်တာ"

"သားတစ်ယောက်လုံးလည်း ရှိတာပဲ၊ မေမေက ချွေးမ၊ သားနဲ့က သားမိန်းမပါဗျာ"

"အေးပါ မာန်မင်းရယ်၊ ဖြူကလည်း မေမေ့ကို ဂရုစိုက်ဖို့ မှာထားလို့ပါ၊ ဒီမှာနေနေတုန်းဆိုတော့ မေမေက အမေနေရာက ဂရုစိုက်ဖို့ တာဝန်ရှိတယ်"

အိမ်ထဲဝင်လာလျှင် ဧည့်ခန်းထဲထိုင်မိကြချိန် မာန်မင်းက မိုးကို စေ့စေ့ကြည့်ကာ ...

"မိုး အသားတွေက ပူနေတာပဲ၊ နေပူထဲလျှောက်လာတာကိုး၊ အန်တီဖြူနဲ့သွားတာဆို၊ ဘာဖြစ်လို့ ခြံထဲကို လမ်းလျှောက်ဝင်လာရတာလဲ၊ ဘယ်ကနေ လျှောက်လာတာလဲ မိုးရဲ့"

"လမ်းထိပ်ကပါ မောင်ရဲ့"

"နေမကောင်းသေးဘူးလည်းဆိုတယ် ဘာဖြစ်လို့ လမ်းထိပ်က ဆင်းလျှောက်တာကို အန်တီဖြူက ခွင့်ပြုရတာလဲ"

"မေမေက လမ်းထိပ်မှာ အသိတွေ့နေတာ၊ ကားရပ်ပြီး စကားပြောနေတာ ကြာလာရော၊ အဲဒါနဲ့ မိုးက မောင်မျှော်နေမှာသိလို့ မစောင့်နိုင်လို့ ဆင်းလျှောက်လာတာ၊ ကားပေါ်ထိုင်စောင့်နေရတာလည်း ပျင်းလာပြီ၊ မေမေကတော့ ဟဲ့ ... မသွားနဲ့လို့ ပြောတာပဲ၊ မိုးက ဇွတ်လျှောက်လာတာပါ ...



www.burmeseclassic.com

www.burmeseclassic.com



မောင် အိပ်ရာထ,ရင် မိုးမရှိဘူး အပြင်သွားတယ် ဆိုရင် အန်တီဆွေ့ကို ရန်လုပ်နေမှာသိလို့ အမြန်ဆုံးပြန်လာတာ”

“ဟုတ်ပ ရန်လုပ်ပါတော်၊ ဆေးရုံသွားပြန်ပြရပါတယ်ဆိုတာကို သူလည်း မလိုက်ရလို့တဲ့လေ”

“မောင်ကလည်း မေမေနဲ့ သွားလိုက်တာပါ၊ မောင့်ကိုလည်း ဆရာဝန်က ဟိုသွားဒီလာလုပ်ခိုင်းသေးတာ မဟုတ်ဘူးလေ”

“ပိုတာပါကွာ၊ တစ်ကိုယ်လုံးကောင်းနေတာပဲ၊ ကားပေါ်ထိုင်လိုက်ရတာကိုပဲ မရဘူးရယ်လို့ပဲ၊ ဘာမှန်းကိုမသိဘူး”

“အင်းလေ ... အဲဒါကြောင့် ညနေထိသွားစရာရှိတာလေးတွေ လျှောက်သွားမနေတော့ဘဲ ချက်ချင်းပြန်လာလိုက်တာ၊ သူ ပြဿနာရှာနေမှာကို သမီး သိတယ် အန်တီဆွေရဲ့”

“ကျေးရွာသိပ်တင်တာပဲ သမီးရယ်၊ စောစောပြန်လာပေးတာကိုလေ”

“မေမေကလည်း ချွေးမကို ကြဲဖန်ကျေးဇူးတင်တယ်နော်၊ ဒီမှာမိုး နောက်တစ်ခါကျရင် မောင်လိုက်လို့ရရ မရရ မောင့်ကိုမပြောဘဲနဲ့တော့ မိုး ဘယ်မှ တိတ်တိတ်ထွက်မသွားနဲ့၊ မိုး ဘယ်ကိုသွားမယ်၊ ဘယ်ကိုလာမယ် ဆိုတာတွေ မောင် အားလုံး အရင်ဆုံး သိပါရစေကွ၊ မောင်က မိုး ယောကျ်ားပါ”

“အင်းပါ မောင်ရဲ့”





“ကဲ ... အတော်ပဲ၊ ညည်းမောင်တော်ကို ထမင်းစားပါတော့ ပြောနေတာ မစားဘူးဆိုပြီး အိမ်အပြင်ထွက်စိတ်ကောက်နေတာလေ၊ ထမင်းအတူ စားကြရအောင်လေ၊ ဖေဖေပါ ဒီနေ့ အိမ်မှာရှိနေတယ်၊ မိသားစု စုံသွားတာပေါ့၊ မိုးရေ ညည်းမောင်တော် ခုထိ ရေမချိုးသေးဘူးနော်”

‘ဟော ... ကြည့်စမ်း’ ဆိုတဲ့ မျက်နှာပေးမျိုးလေးနှင့် ဖုံက မာန်မင်းကို ချစ်စနိုးလှမ်းကြည့်လိုက်ပါသည်။ ထိုအကြည့်ကလေးဟာ မာန်မင်းမပြောနှင့် ဒေါ်သက်သက်ဆွေကိုပင် Heart ထိသွားတယ် ပြောရလောက်အောင်ပင်။ ထိုချစ်စဖွယ်ဟန်မူရာကလေးကြောင့် မာန်မင်းက ချက်ချင်းပဲ နေရာမှ ထရပ်လိုက်ကာ ပြုံးစပ်စပ်နှင့် ...

“မိုး အပြင်သွားလို့ ကွေးနေတဲ့စိတ်လေ မေမေရ၊ အခု မိုးပြန်လာပြီပဲ၊ ဆန့်သွားပြီ၊ ရေမြန်မြန်ပြေးချိုးလိုက်မယ်၊ ထမင်းမစားကြသေးဘဲ စောင့်နော်”

“စောင့်နေမှာပေါ့တော်”

ဒေါ်သက်သက်ဆွေက လှေကားပေါ် ပြေးတက်သွားတဲ့ မာန်မင်းကို စိတ်ချမ်းသာလက်ချမ်းသာ လိုက်ကြည့်နေပြီးမှ ...

“ကျေးဇူးတင်ပါတယ် သမီးရယ်၊ အစောကြီးပြန်လာတာပဲ၊ ကြီးတော်တို့အိမ် တစ်အိမ်ပဲရောက်ခဲ့တာလား ဟုတ်လား၊ ကြီးတော်တို့ရော နေကောင်းကြလား”



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ် အန်တီဆွေ၊ လုံးဝ မပြောပဲထွက်သွားလို့ ကိုမာန်မင်း စိတ်ဆိုးနေမယ်ဆိုတာ သိလို့ပါ"

"တကယ်ကို စိတ်ဆိုးနေတာ၊ သူ့အဖေတောင် သူ့ကို ဟောက်တယ်၊ လွန်လွန်းလို့ဆိုပြီးတော့လေ၊ အန်တီ့မှာလည်း တထင့်ထင့်ပဲ၊ ကားတစ်စီးနဲ့များ ဖြူတို့ဆီလိုက် ဟိုလိုက် ဒီလိုက်လုပ်ရင် ဒုက္ခပဲ တွေးနေတာ၊ ညအထိဆိုရင်တော့ သူ ဆောင်းကျန်းမှာသေချာတယ်၊ နောက်ဆို တနင်္ဂနွေရယ် လို့ အတိအကျမဟုတ်ဘဲ သူလစ်ရင် လစ်သလိုပေါ့ သမီးရယ်၊ သမီးလည်း ကိစ္စရှိရင်ရှိသလို တစ်နေကုန်မဟုတ်အဲ တစ်ရက်မှာ ခဏတဖြုတ်လောက်ပဲပေါ့ အဲသလိုထွက်မှ ထင်တယ်"

"ဟုတ်ကဲ့ အန်တီဆွေ၊ သမီးလည်း တနင်္ဂနွေ တစ်နေကုန် ထွက်ဖို့ မဖြစ်တော့ဘူးဆိုတာ နားလည်ထားပါတယ်၊ ကြီးတော်ကိုတောင် နောက်အပတ်တွေ အဆင်ပြေမှလာခဲ့ မယ်လို့ ပြောခဲ့ပါတယ်"

"အေးကွယ်၊ သမီးနားလည်ပေးလို့ ကျေးဇူးသိပ်တင်တာပဲ သမီးကြီးတော်ကို သမီးအဖေရဲ့အစ်မနဲ့တွေ့ကြောင်း ပြော ပြောဖြစ်သေးလား"

"မပြောပြသေးပါဘူး အန်တီဆွေ၊ ခရေစေ့တွင်းကျပြောရင် အချိန်လည်းကြာမှာလေ၊ ပြီးတော့ ဘယ်တော့ပြောပြော





လည်းရပါတယ်၊ အေးအေးဆေးဆေးကျမှပဲ ပြောတော့မယ် လို့၊ ပြောတာနဲ့ မပြောတာလည်း ဘာမှ ထူးခြားတာမှ မဟုတ်တာ အန်တီဆွေရယ်"

ညှို့ခန်းထဲမှာပဲ နှစ်ဦးသား စကားဆိုနေစဉ်တုန်း ပေါ်တီကိုအောက်သို့ ကားတစ်စင်းဝင်လာပါသည်။ ဒေါ်သက်သက် ဆွေက လှည်းကြည့်လိုက်ရင်း ...

"ဝါဝါ လာတာ"

တစ်ဆက်တည်းပင် ဒေါ်သက်သက်ဆွေက ထိုင်ရာ က ထရပ်ကြိုဆိုပြီး ...

"လာ ဝါဝါ၊ ဘယ်ကလှည့်လာလဲ"

"ဒီကိုပါ အန်တီရယ်၊ ကိုမာန် ဘယ်လိုနေလဲလို့၊ ဝါလည်း မရောက်တာကြာပြီလေ၊ သဉ္ဇာကို အဖော်စပ်နေတာ သူက မအားတာနဲ့ပဲ"

"အတော်ပဲ ... ထမင်း တစ်ခါတည်းဝင်စားပါလား သမီး"

"တော်ပါပြီ အန်တီ၊ စားပြီးပါပြီ၊ ဝါ ခဏပဲ၊ ကိုမာန့်ရော"

"ဆင်းလာလိမ့်မယ်၊ ရေချိုးနေလို့လေ"

ဝါဝါက ဆိုဖာပေါ်ထိုင်ပြီး ဒူးချိတ်လိုက်ရင်းက အထွက်ဖို့ပြင်သော ဖုံ့ကို တစ်ချက်မော့ကြည့်ကာ ...

"ခဏနေပါဦး၊ မေးစရာရှိလို့"

ဖုံ့က ပြန်မထိုင်ပေမယ့် ခြေစုံရပ်နေလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုနတောင် တွေ့လိုက်သေးတယ်၊ အအေးဆိုင်မှာ ထ
ထိုင်နေတာ နင့်ရည်းစားလား၊ ဟုတ်လား"

ဖုံက ဝါဝါ့ကို စိတ်ကုန်စွာ စိုက်ကြည့်နေမိသ

"ဟဲ့ ... ပြောလေ၊ နင့်ရည်းစားနဲ့ ချိန်းတွေ့တာ မ
လား"

"ဝါဝါ သမီး၊ ဖုံဟာ သူ့မူလပတ်ဝန်းကျင်မှာ ဘာ
လမ်းဘာအကြောင်းပဲရှိရှိ ကိုယ် စွက်ဖက်ခွင့်ရှိတာမှမ
ဘဲ၊ သူ့အားရက်မှာ သူ ဘာပဲ လုပ်လုပ်ပါ၊ အန်တီ
ပြုပြီး လွှတ်လိုက်တာပါ ဝါဝါ"

"အို ... အန်တီ ဘာမှ မသိဘူးနော်၊ သူက ဟိုကော
ငါးရာတန်အုပ်လိုက်ပေးနေတာ မျက်စိနဲ့ တပ်အပ်မြင်

"ဝါဝါ ..."

ဒေါ်သက်သက်ဆွေက ဟန့်လိုက်သလို ဖုံ့မျက်
ကလည်း နီမြန်းသွားပါသည်။

"နောက်ကြောင်းမသိတဲ့ သူတစ်ယောက်ကို မိုးနဲ့ရုပ်တူ
ဆိုပြီး အန်တီတို့ အိမ်ပေါ်တင်ထားတာ မွေးပွေးခဲ့
ပိုက်သလို အန္တရာယ်တွေကြီးနေတယ်ဆိုတာ ဝါက အ
သိစေချင်တာ၊ သူနဲ့ထိုင်နေတဲ့ကောင်က တကယ့်
ကချေပဲ၊ ကြမ်းပိုးလိုရုပ်မျိုးနဲ့၊ ထမင်းဆိုင်မှာ တစ်
သောင်းလုပ်ခဲ့တဲ့ မိန်းကလေးတစ်ယောက်က ငွေငါး





ထုပ် ဘတ်ခဲနဲ့ထုတ်ပေးနိုင်အောင် ဘယ်ကရလို့လဲ၊ ဒီရောက်
တာလည်း တစ်လမှ မပြည့်သေးဘဲ"

"ဝါဝါ တစ်လမပြည့်သေးပေမယ့် ဟိုတစ်နေ့က လကုန်
ရက်မို့ အန်တီ ဖုံ့ကို လခထုတ်ပေးပြီးပါပြီ"

ဖုံက ခေါင်းလေးကို ဖြည်းဖြည်းယမ်းခါမိရင်း ...

"မဝါဝါ ဘာဖြစ်လို့ ကျွန်မအကြောင်းတွေ လိုက်စုံစမ်း
နေတာလဲ"

"အမယ် ... ခရီးကြုံလမ်းကြုံပါနော်၊ ငါက နင့်အကြောင်း
တွေများ အချိန်ကုန်ခံ စုံစမ်းနေရဦးမယ်"

"ကျွန်မ ထမင်းဆိုင်မှာ လခသုံးသောင်းရတာ အန်တီဆွေ့
ကိုတောင် မပြောပြဖူးပါဘူး၊ မဝါဝါ ထမင်းဆိုင်မှာ သွား
မစုံစမ်းထားရင် ဘယ်ကမှ သိစရာ အကြောင်းမရှိပါဘူး"

ဝါဝါ့မျက်နှာက ရှုံ့မဲ့သွားပြီး ...

"အန်တီဆွေတို့ အိမ်ပေါ်တင်ထားမိတဲ့ မိန်းမတစ်ယောက်
ရဲ့နောက်ကြောင်းကို အန်တီဆွေတို့အတွက် အန္တရာယ်ကင်း
အောင် ငါ စုံစမ်းပေးတာ၊ စကားတွေ လွှဲမနေစမ်းပါနဲ့၊
အဲဒီကောင်က နင့်ရည်းစားလား"

"ဖြေဖို့တာဝန်မရှိပေမယ့် တော်ကြာ လျှို့ဝှက်ထားချင်လို့လို့
ထင်နေဦးမှာစိုးလို့ ပြောပါ့မယ်၊ အရင်က ရည်းစားဟုတ်ခဲ့
တယ်၊ အခုတော့ မဟုတ်တော့ဘူး"

www.burmeseclassic.com



"ဘာလို့ မဟုတ်တော့တာလဲ"

"ဝါဝါ သမီး တော်ပါတော့ကွယ်"

"အန်တီဆွေ သူ ပြန်ပြောနေပုံကို မြင်တယ်နော်၊ ရိုးရိုးကုပ်ကုပ်အချဉ်လေးတော့ မဟုတ်ဘူးဆိုတာ အန်တီဆွေမြင်အောင် အကဲခတ်နိုင်အောင် ပြတာပါ၊ နင့်ကိုယ်နင်မိုးနေရာဝင် မိုးအယောင်ဆောင်ပြီး ကိုမာန့်နားကပ်နေခွင့်ရတဲ့အခွင့်အရေးကို တစ်သက်လုံးရမယ်ထင်လို့လား၊ တစ်သက်လုံးရအောင်ယူဖို့ နင့်ရည်းစားကို ဖြတ်လိုက်တာလားဟုတ်လား"

ဖုံ့နှုတ်ခမ်းလေးများက ဝမ်းနည်းစိတ်ကြောင့်တဆတ်ဆတ် တုန်လာပါသည်။

"ကျွန်မမှာ ကိုမာန်မင်းကို နဂိုပကတိ ကျန်းမာစေချင်တဲ့ဆန္ဒကလွဲရင် တခြား ဘာစိတ်ကူးမှ မရှိပါဘူး၊ ဂျင့်ကိုရည်းစားအဖြစ် မသတ်မှတ်တော့တာက သူ့ကို မချစ်တော့လို့ပါ"

"မချစ်တော့လို့ ! ... မချစ်တော့လို့တဲ့ ဟုတ်လား ! နင်က ဘယ်သူ့ကို ချစ်သွားလို့ ဟိုလူကို မချစ်တော့တာလဲ"

"ဝါဝါ တော်ပါတော့ သမီးရယ်၊ ရေစက်ရှိလို့လာဆုံတွေ့ကြတဲ့သူတွေပါ၊ ခင်မင်ပြေလည်တဲ့စိတ်မွေးကြမှပေါ့ကွယ်"





"အို ... အန်တီဆွေကလည်း၊ ဘာရေစက်မှ မဟုတ်ပါဘူး၊ ရေစက်လို့ခေါ်လို့ မရပါဘူး၊ အချိန်တန်အိမ်ပြန်ရမယ့်သူပဲလေ၊ သူ့ရည်းစားမဟုတ်တော့ဘူးဆိုတာလည်း အလကား၊ အန်တီဆွေကြားအောင် လိမ်နေတာပါ၊ ဟိုကောင်လက်ထဲကို ငါးသောင်းထုပ်ကိုထည့်ပေးနေတာ ငါကိုယ်တိုင်မြင်တာပဲဟာ၊ သူ့ရည်းစားမဟုတ်ဘဲ ဒီလိုငွေပေးရမလား !"

ဖုံ့သည် မခံမရပ်နိုင်ဖြစ်လာကာ လူကိုယ်ခန္ဓာလေးပင် တဆတ်ဆတ် တုန်လာပါသည်။

"မဝါဝါ ကျွန်မဘာသာ ရည်းစားရှိရှိ မရှိရှိ တကယ်ပြတ်ပြတ်မပြတ် ဘယ်သူ့ကိုချစ်ချစ် မဝါဝါနဲ့ ဘာဆိုင်လဲ၊ ဘယ်သူ့ကို ကျွန်မပိုင်တဲ့ပိုက်ဆံပေးပေးပေါ့၊ ဂျင့်အဖေမကျန်းမာလို့ အသည်းအသန်ဖြစ်နေလို့ ငယ်ပေါင်းမိတ်ဆွေသံယောဇဉ်နဲ့ ကျွန်မ ငွေကူညီတယ်၊ ဒါကို ဘာကြောင့်ခုလို မဆီမဆိုင် ဝင်ပြီး ဒေါကြီးမောကြီး ဖြစ်နေတာလဲ သိချင်ပါတယ်၊ ကျွန်မ လုပ်ရပ်တွေက မဝါဝါ အကျိုးစီးပွားကို ထိခိုက်နေတာပါလား"

"ဘာ ... ငါက ဒီအိမ်ရဲ့အကျိုး ကိုမာန့်အကျိုးအတွက် ပြောနေတာ၊ ရည်းစားကို ပိုက်ဆံသောင်းချီ ဖိုနေရတဲ့သူ ငွေလိုနေတဲ့ သူတစ်ယောက်ကို သတိထားနိုင်မှ တန်ကာကျမှာကို ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီဆွေ ပြောပါစေ၊ ရှင်နဲ့ ဘာမှမဆိုင်ဘူး၊ ဒီအိမ်က ပိုက်ဆံတွေ ပစ္စည်းတွေခိုးပြီး တခြားကိုပေးမလားဆိုတာ ပိုင်ရှင်ဖြစ်တဲ့ ကာယကံရှင်ဖြစ်တဲ့ အန်တီဆွေ ပူပါစေ"

"ဟဲ့ ... အန်တီဆွေတို့က လူကြီးတွေမို့ အိမ်ထဲပဲနေပြီး ဘာမှ မသိလိုက်မှာစိုးလို့ ငါက မိတ်ဆွေကောင်းနေရာက နေ ကူညီသတိထားပေးနေတာ၊ ရှင်းရှင်းပြောလိုက်မယ်၊ နင့်ကို မယုံဘူး၊ နင်ဟာ အန်တီဆွေတို့ ထင်တာထက် လည်တယ်ဆိုတာ ငါ သိတယ်"

"ဝါဝါ တော်ပါတော့၊ အန်တီတောင်းပန်ပါတယ် သမီး၊ တော်ပါတော့၊ ဘာမှ ထပ်မပြောပါနဲ့၊ အန်တီ သမီးကို စကားကုန်ပြောပြီးပါပြီ၊ ဖုံ့ကို အန်တီ လက်မလွှတ်နိုင်သေးဘူး၊ ဖုံ့ကြောင့် သား ခုလောက်မြန်မြန် ကျန်းမာလာတာ"

"အန်တီ ဒီစကားတွေ သူ့ရှေ့ပြောလွန်းလို့ သူက သူ သိပ်အရေးပါတယ်၊ မရှိမဖြစ်ဘူးဆိုပြီး စကားပြောတာရှင့် နေတာ၊ ဝါ ဒီအိမ်အတွက် တကယ်စိုးရိမ်လို့ပါ အန်တီ"

"သမီး မာန်မင်းအတွက် တကယ်စိုးရိမ်တယ် စိတ်ပူတယ် ဆိုရင် ဖုံ့ကို အိမ်ကလွှင့်ထွက်မသွားအောင် ဝိုင်းကူညီပါ ကွယ်၊ သားအခြေအနေက အခုကောင်းနေပေမယ့် ခုနေ 'မိုးမေခ' မရှိတော့ဘူး ဆိုတာကြီးကို ပြန်လက်ခံလိုက်ရရင် ချက်ချင်းပြန်ပြီး ပြိုလဲသွားမှာ စိုးရိမ်ရလို့ပါ"



ဝါဝါသည် ဆက်ပြောချင်တာတွေ ရှိနေသေးသော် ည်း မာန်မင်းရဲ့ မိခင်ကို ဒီလောက်ကြီး ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ရဲပါ။ မကျေမချမ်းရှိလှတဲ့ မျက်နှာဟာ ဟန်ဆောင်မရ ာင်ဘဲ မဲ့နေပါသည်။

ဒီမိန်းကလေးရဲ့ ဝန်တိုမစ္ဆရိယကို ဒေါ်သက်သက် ွလည်း ရိပ်စားမိလို့နေပြီ။ ဟိုးအရင်ကတည်းကပင် လူကြီးပီပီ ရိပ်အကဲတွေကို စနိုးစနောင့်လေးတော့ ရိပ်မိသားပင်။ သူငယ် င်းရဲ့ချစ်သူဖြစ်တဲ့ မာန်မင်းအပေါ် ဝါဝါရဲ့ဆက်ဆံပုံဟာ တစ်မျိုး လေးသောသဘောကို ဆောင်နေတယ်လို့ ထင်မိခဲ့သားပါ။

မိုး ဆုံးတဲ့နောက် မာန်မင်း ဆေးရုံမှာ ရှိနေရစဉ်က း‌ရုံကို ခေါက်ရေအများဆုံးရောက်တဲ့သူဟာ ဝါဝါ။ မာန်မင်းရဲ့ ငယ်ချင်းရင်းတွေထက်ပင် ဝါဝါက ပိုရောက်သည်။ ဆေးရုံက င်ဆင်းလာပြီးတော့လည်း အိမ်ကို ချောင်းပေါက်သည်။ သဗ္ဗာ ာ မိုးရဲ့သူငယ်ချင်းလိုသာနေပေမယ့် ဝါဝါက မိုးသူငယ်ချင်းအဖြစ် င်တင်မကဲ မာန်မင်းကို ကိုယ်တိုင်တိုက်ရိုက်ရင်းနှီးဖို့ ကြိုးစားခဲ့ ဖြစ်ပါသည်။

ဖုံ ဘွားခနဲ ပေါ်လာတာကို ခါးခါးသီးသွားမှန်း ဒေါ်သက်သက်ဆွေ ရိပ်မိနေပါပြီ။ သူ့ဘက်ကို ကိုယ်ချင်းစာတွေး ကြည့်ပေးနိုင်ပေမယ့် တခြားဘာများတတ်နိုင်မှာလဲ။ မာန်မင်းက ည်း ဝါဝါ့ကို ဘာမှ စိတ်ဝင်တစားမရှိတာ။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ဝါဝါ၊ မာန်မင်းလည်း ဆင်းလာနေပြီ
တော်ကြစို့နော်"

ဝါဝါက လှေကားပေါ်က ဆင်းလာနေတဲ့ မာန်မင်း ကို လှမ်းကြည့်ရင်း ထိုင်ရာမှ ထရပ်လိုက်ပါသည်။

"ဝါဝါပါလား၊ မိုးကို သတင်းလာမေးတာလား"

"ရှင့်ကိုလည်း လာမေးတာ ကိုမာန်၊ ရှင်လည်း အရမ်းလ
ဆန်းလာပြီပဲ"

"မေခလာနတ်သမီး အချိန်မီပေါ်လာလို့လေ၊ အစကတော
ဟောဒီ မေခလာလေး မရှိတော့ဘူး ထင်တာကိုး"

မာန်မင်းက ဖုံ့ပခုံးကို သိုင်းဖက်လိုက်ရင်းပြောလ ဝါဝါ့မျက်နှာက အကြောဆိုင်တွေ ဟန်မဆောင်နိုင်အောင် တင်း လာပါသည်။

"မိုး ... ဘာဖြစ်လို့လဲ မိုး"

အလိုက်တသင့်မရှိတဲ့ ခန္ဓာကိုယ်လေးကို သတိထား ရာက ဖုံ့မျက်နှာကိုပါ ရိပ်စားမိသွားတဲ့ မာန်မင်းက ဖုံ့ကိုတစ်လှည့် ဝါဝါ့ကိုတစ်လှည့် ကြည့်ရင်း စိတ်ပျက်တဲ့လေသံနှင့် ...

"ခင်ဗျားတို့ သူငယ်ချင်းနှစ်ယောက် တွေ့ရင် ဘာအဖုအထ
မှ မရှိတဲ့နေ့ရယ်လို့ မရှိတော့ဘူးလား ဟုတ်လား၊
ပိုတောင် မတည့်လာသလိုပဲ၊ ကဲ ... တော်ပြီ ... တော်
ထမင်းစားကြရအောင်၊ ဝါဝါရော စားပြီးပြီလား"





"ပြီးပြီ၊ ဝါ ပြန်တော့မယ် ကိုမာန်၊ အန်တီဆွေ ဝါ ပြန်
ပြီနော်၊ ဟဲ့ ... ငါ ပြန်ပြီ"

ဝါဝါက ဖုံ့ကိုပါ ဟန်မပျက်နှုတ်ဆက်ပြန်သွားပါ သည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

“ကဲ … ဖေဖေ … မေမေ။ သား ဒီနေ့ကစ, ရုံးတက်ပြီ၊ သားနဲ့ မိုးနဲ့ ဟိုအိမ်ကို ဘယ်တော့ပြောင်းရမလဲဟင်၊ မိုးကို ဆရာဝန်စီ တစ်ပတ်တစ်ကြိမ် ပြရမယ်ဆိုလည်း စနေ တနင်္ဂနွေ သားကိုယ်တိုင် လိုက်ပြနိုင်တယ်၊ သားတို့ အိမ်ပြောင်းတယ်ဆိုရင် အန်တီဖြူကလည်း ဟိုးအရင်အစီအစဉ်အတိုင်း မိုးအတွက် ရင်ရင်နဲ့ ရှူးရှူး လူနှစ်ယောက် ထည့်ပေးမှာပဲ၊ မိုးမှာ ဘာမှလဲ ထူးခြားပြင်ပန်းစရာ အကြောင်း မရှိပါဘူး”

ဦးကျော်မင်းနှင့် ဒေါ်သက်သက်ဆွေက တစ်ယောက်မျက်နှာတစ်ယောက် မသိမသာ ကြည့်မိကြပြီး နံကတော့ ခေါင်းကို ငုံ့ချထားမိပါသည်။





“ဟား ဟား … သားရယ်၊ မင်းကလည်း တူနှစ်ကိုယ်တိုင်းပြည်ပဲ ထူထောင်ချင်နေတာကိုး၊ ဒီမှာလည်း ဘာများမလွတ်လပ်တာရှိလဲ သား၊ ဘာဖြစ်လို့ ဒီလောက် …”

“အာ … ဖေဖေကလည်း၊ ဘယ်လွတ်လပ်မလဲ၊ လုံးဝမလွတ်လပ်တာ”

“ဦးတင်ထွန်းတို့ မဖြူတို့ကလည်း ဒီမှာပဲ လူကြီးသူမ အစောင့်အရှောက်နဲ့ နေစေချင်ကြသေးတယ်”

“လူကြီးသူမ အစောင့်အရှောက် ဘာလုပ်ဖို့လဲ ဖေဖေရ၊ သားအသက် အစိတ်၊ အခု ကျန်းမာရေးလည်း ခေါင်ခေါင်မြည်၊ ဖေဖေတို့ ဘာတွေပူမှန်းမသိ ပူနေတာ သူတစ်စိမ်းကြားရင် ဟားချင်စရာပဲ”

“ဒီမှာပဲ တစ်လတန်သည် ဆက်နေပါဦးကွာ”

“တစ်လ၊ ကျွတ် … ဖေဖေရော”

မာန်မင်းက စားနေတာရပ်ပြီး စိတ်ပျက်လက်ပျက်သံ,ရယ်လိုက်ပါသည်။ အပြာဖျော့တော့သော ရှပ်လက်ရှည်၊ စတိုင်လ်ဘောင်းဘီအနက်ရောင်နှင့် လူကြီးဆန်ဆန် မာန်မင်းရဲ့ အသွင်အပြင်ကို နံ့က ကြည့်ကောင်းကောင်းနှင့် တမြတ်တနိုး တမေ့တမော ငေးကြည့်နေမိပါသည်။

“တစ်ခုခုပဲ၊ တစ်ခုခုပဲဗျ”

“ဘာတစ်ခုခုလဲ သား”



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး မေမေ၊ ဘာမှန်းမသိတဲ့ အဲဒီတစ်ခုခုကို သား မမြင်ရဘဲ ခံစားနေရတယ်၊ သား လုံးဝသိနေတယ်၊ သေချာတယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး သား လုံးဝသိမထားတဲ့ တခုခု ရှိနေတယ် မဟုတ်လား မေမေ၊ ဘာလျှို့ဝှက်ချက်လဲ၊ ဘာဖြစ်လို့ သားကိုဖုံးထားတာလဲ၊ အဲဒါကို ဖွင့်ပြောပါ ...

သိပါရစေ၊ သိပ်နောက်ကျပြီးမှ မသိပါရစေနဲ့၊ ဘာလဲ မေမေ။ ပြောပါဖေဖေ၊ တစ်အိမ်လုံး လျှို့ဝှက်ထားတာ တစ်ခု ရှိနေမှန်း သား ခံစားနေရတယ်၊ သားလား မိမိုး လား၊ တစ်ယောက်ယောက်မှာ ဘာပြဿနာရှိနေလဲ၊ ဖွင့် ပွင့်လင်းလင်း ပြောပါ ဖေဖေရာ၊ ကြာကြာဆက်အသက် မရှင်နိုင်တော့ဘူး ဆိုတာမျိုး၊ အဲလိုဟာကြီးမျိုး တစ်ခုခုရှိ နေလား၊ တစ်ခုတော့ ရှိတယ်၊ ပြောပါဗျ"

ပေါက်ပေါက်ကွဲကွဲ ဖြစ်လာတဲ့ မာန်မင်းကို ထမင်းစားပွဲက ထ,လာတဲ့ ဦးကျော်မင်းက ပခုံးတစ်ချက်ပုတ်ရင်း ...

"ဟေ့ကောင် ... ဘာမှမရှိဘူး၊ ဘယ်သူမှ မသေနိုင်ဘူး မင်း ပေါက်ကရတွေ တွေးမနေနဲ့၊ လာ သွားမယ်"

"ဒါဆို ဘာလဲ"

"ဘာမှမရှိပါဘူးဆိုကွာ၊ မင်း တော်တော်ဂျီကျပါလား"

"ရှိကိုရှိတယ် ဖေဖေ"





"ဟေ့ကောင်၊ ကုမ္ပဏီသွားစို့၊ တော်တော့"

"ဖေဖေ့ဟာ ဖေဖေ သွားပါ၊ သားကားနဲ့ သား နောက်က ပဲ သတ်သတ်လိုက်ပါ့မယ်၊ ဖေဖေ့ကားပေါ်မှာ ဒရိုင်ဘာနဲ့ မလိုက်ပါဘူးဗျ၊ လူကောင်းပဲဟာ၊ ဟိုးအရင်လိုပဲ ကိုယ့် ဟာကိုယ် သတ်သတ်ရုံးတက်မယ်"

"ပြီးရော ဟေ့ကောင်၊ မြန်မြန်ထွက်၊ ငါတော့ သွားပြီ။ ခု မနက်စော အစည်းအဝေးလုပ်မယ်၊ နောက်မကျစေနဲ့"

ဦးကျော်မင်းက ခပ်ပြတ်ပြတ်ပြောကာ လှည့်ထွက် သွား၍ မာန်မင်းက ဒေါ်သက်သက်ဆွေကို လှမ်းကြည့်လိုက်ပါ သည်။ ဒေါ်သက်သက်ဆွေက မာန်မင်းနှင့် မျက်လုံးချင်းမဆုံဘဲ ရယ်ရင်း မောရင်းက ...

"အဟင်း ဟင်း ... သားက ဘာတွေ အတွေးခေါင်နေပါ လိမ့်၊ ဘာမှမရှိပါဘူး သားရယ်၊ ဘာဆိုဘာမှ မရှိပါဘူး၊ မင်းပဲ ပေါက်တတ်ကရတွေ တွေးတတ်တယ်"

မာန်မင်းက မကျေမနပ်နှင့်ပင် စားပွဲကိုကွေ့၍ ဖုံ ရှိရာ လျှောက်လာခဲ့ပြီး ဘာမပြော ညာမပြောနှင့် ထိုင်နေတဲ့ ဖုံ့ ဖုံ့ပြင်လေးကို ရုပ်ခနဲ ငုံ့နမ်းလိုက်ကာ ...

"ဘာပဲဖြစ်ဖြစ် ကိုယ့်မိန်းမနဖူးတော့ ကိုယ်နမ်းလို့ရတယ် မဟုတ်လား မေမေ၊ မိုး ... မောင် ရုံးကနေ ဖုန်းဆက် မယ်၊ ညနေ စောစောပြန်ခဲ့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်သက်ဆွေလည်း အံ့အားတသင့် ကြော
အမ်းကျန်ခဲ့ကာ ဖုံသည်လည်း နဖူးနှင့် ထမင်းစားပွဲ ထိအော
မိတော့မလို ခေါင်းကြီးငုံ့ပြီး ရှက်သွေးတွေ ရဲဖြာနေတဲ့ မျက်
လေးကို ဖွက်ထားမိပါသည်။ ဒေါ်သက်သက်ဆွေသည် ဘာပြော
လို့ ပြောရမှန်းမသိဘဲ ...

"ကြည့်စမ်း ... ကြည့်စမ်း၊ ဒီကောင်လေးတော့"

ဖုံ့ကိုလည်း တောင်းပဲ တောင်းပန်ရမလား၊ ရယ်
လိုက်ရင် ကောင်းမလား၊ ဘာပြောရကောင်းမလဲ မစဉ်းစားတတ်
ဘဲ ရှေ့က ဆင်းဒဝစ်ချ်ကို ဇွန်းနှင့်ထိုးထိုးပြီး ယောင်ယော
ကန်းကန်း ဖဲ့နေမိသည်မှာ သေးသေးလေးတွေ ပဲ့ကြွေမှုစာကြီး

"ဒီကောင်လေးဟာလေ အရှက်ကို မရှိဘူး"

ဖုံ့မှာတော့ ရင်တွေလှိုက်ဖို တုန်ခါလို့ မပြီးနိုင်အော
ကျန်ရစ်ရပါသည်။

✧ ❤ ✧

တနင်္ဂနွေနေ့မှာ ဖုံ ပေါ်မလာ ပေါ်မလာနှင့်
ထိပ်က စောင့်မျှော်ရတာ စိတ်မရှည်နိုင်လာတဲ့ ဂျင်ဂျာ ကြီးတေ
ထံ သွားမေးကြည့်တဲ့အခါ ...





"နောက်အပတ်တွေ အဆင်ပြေမှ လာခဲ့မယ်လို့ ပြီးခဲ့တဲ့
အပတ်က ပြောသွားတာပဲဟဲ့၊ ခုချိန်ထိ မလာရင် ဒီနေ့
မလာဖြစ်လို့လားမှ မသိတာ"

ဂျင်က ကြီးတော်ထံမှ လိပ်စာတောင်းတော့ ကြီးတော်
ကလည်း သေချာမပြောတတ်။ အသေအချာမသိတဲ့ကြားကပဲ ဖုံ့
ပြောစကားတွေထဲမှာပါတဲ့ လမ်းထိပ်မှာတော့ ဘာဆိုင်ကလေးတွေ
ရှိတယ်။ နည်းနည်းလျှောက်လိုက်ရင် နာမည်ကြီးမုန့်ရှိတယ်
စသဖြင့် မှတ်မိသလောက်ကို ကြီးတော် ပြောပြတဲ့အထဲက မှတ်
ပြီး ဂျင်က ဝင်ဒါမီယာဘက် ထွက်လာပါသည်။

ဝင်ဒါမီယာထဲကို မဝင့် အလုပ်ကိစ္စနှင့် ရောက်ဖူး
သည်။ ဆိုင်ကလေးတွေရှိတဲ့ နေရာလေးတွေလည်း တွေ့ဖူးသည်။
ဂျင်က စိတ်လိုက်မာန်ပါပဲ ထွက်လာခဲ့ပါသည်။ နောက်တစ်ပတ်
မလာဘူးလို့လည်း ပြောမသွား။ ဘာမပြော ညာမပြောနဲ့ ပေါ်မ
လာတာဆိုတော့ အသည်းထဲမှာ ကျိုကျိုဖြစ်သလိုလို မခံချင်သလိုလို
ခုချက်ချင်းတွေ့ရမှလိုလို။

ဝင်ဒါမီယာထဲက ဖုံ့ရှိတဲ့ အိမ်အနားလို့ ထင်ရတဲ့
နေရာကိုရောက်လျှင် ဂျင့်စိတ်ထဲ ဝမ်းနည်းမိသလိုလို ဖြစ်လာပါ
သည်။ ဘေးပတ်ဝန်းကျင်က ခြံကြီးဝင်းကျယ်တွေ ခမ်းနားလှတဲ့
တိုက်ကြီးတွေက သူ့စိတ်ကို အလိုလိုနေရင်း သိမ်ငယ်စေသလိုပင်။
သူတို့ရပ်ကွက်က သူနေတဲ့အိမ်နှင့် နှိုင်းစာကြည့်တော့ နန်းတော်
နဲ့ နွားတင်းကုပ်လို ကွာခြားနေတော့တာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ပုလုခွေမိန်းကလေးတစ်ယောက်ဖြစ်တဲ့ ဖုံဟာ နန်းတော်ကြီးပေါ် စံမြန်းခွင့်ရှိနေရာကနေ နွားတင်းကုပ်ကို ဝမ်းသာအားရတော့ ပြန်ဆင်းလာချင်မယ် မထင်။ မတတ်သာတော့ရင်သာ ဆင်းရင်ဆင်းလာရမှာ မဟုတ်လား။

ဂျင်က ရှေ့နားက ခြံစည်းရိုးမှာပါ ရောင်စုံကာတွန်းတွေ ခြယ်သထားတဲ့ မှုကြိုကျောင်း ဖြစ်ပုံရတဲ့ခြံကို မှန်းဆပြီး လျှင် လမ်းသွယ်လေးတစ်ခုထိပ်မှာ ခြံစည်းရိုးကို တစ်ဖက်ရပ်မှီပြီး ဖွင့်ထားတဲ့ အကြော်ဆိုင်ကုပ်ကုပ်ကလေးမှာ ထိုင်လိုက်ပါသည်။

"ဘူးသီးကြော် ဘယ်လိုရောင်းလဲ"

"တစ်ချောင်းငါးဆယ်"

သူ့ငွေးရပ်ကွက်ထဲဆိုတော့ သူတို့ဆီမှာ တစ်ရာဖိုးလေးချောင်းလောက်ရတဲ့ ဘူးသီးကြော်တောင်မှ တစ်ချောင်းငါးဆယ်တဲ့။

"နှစ်ရာဖိုးပေး"

"တစ်ပွဲသုံးရာ"

"ပြီးရောဗျာ၊ သုံးရာဖိုးပေါ့၊ တစ်ပွဲပေး"

ဘူးသီးကြော်ကို စိမ်ပြေနပြေ ထိုင်စားရင် ရှေ့သောက်ရင်း ငေးမောနေမိကာ ဘယ်ဆီနားရှိတယ် မသိတဲ့ ရှိမယ့် ခြံကြီးအိမ်ကြီးကို စိတ်မှန်းနှင့်သာ တမ်းတနေရသည်





သူတို့အိမ်ရှင်တွေကိုလည်း ကိုယ် တွေ့ဖူးတာမဟုတ်။ ဖုံ ထွက်လာတာနဲ့ ကံကောင်းထောက်မစွာ ကြုံရင်တော့ တွေ့ရမှာပေါ့။

"ဟို အဒေါ်ကြီး"

"ဘာတုန်း"

"ဒီနားမှာလေ၊ ဟိုးတလောက မင်္ဂလာဆောင်မယ့်နေ့ ကားမှောက်သွားတဲ့ သတို့သားရဲ့အိမ်များ သိလားဗျ"

"သိတာပေါ့"

"ဘယ်ခြံလဲ"

ဂျင်က အားတက်သရော မေးလိုက်ပါသည်။ အကြော်သည်က ဂျင့်ရဲ့ သားသားနားနား အရောင်မထွက်လှတဲ့ ပုံစံကို အကဲခတ်ရင်း ...

"မင်းနဲ့ ဘယ်လိုပတ်သက်တုန်း"

"ဟိုလေ ... ကျွန်တော့်ညီမက အဲ ... အဲဒီမှာ အလုပ်လုပ်လို့ပါ"

"ဪ ... ရွှေမြင့်အစ်ကို ထင်တယ်"

"ဟုတ်ကဲ့ ... ဟုတ်ပါတယ်"

"ဟောဟိုက ခြံပဲလေ၊ ခြံတံခါးက ရွှေနဲ့အနက်နဲ့အကျား၊ ခြံစည်းရိုးပြင်မှာ စက္ကူပန်းရဲ့ ပုပုလေးတွေ တန်းစီနေတဲ့ဟာ တွေ့လား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး … အဲဒါပဲ၊ အရင်က သတို့သမီးလေး ဆုံးသွားတယ်ဆိုလား၊ လူတွေပြောကြတာ၊ အင်း… ခုတော့ သတို့သမီးလေးက ဆုံးသွားတာ မဟုတ်ဘူးတဲ့၊ ဆေးရုံပေါ်မှာ မျောနေတာတဲ့၊ ခုတော့ အိမ်ပြန်ရောက်နေပြီ၊ ချောမှချော"

"သြော်"

"ဝင်သွားလေ၊ ဘဲလ်ရှိတာ နှိပ်လိုက်ပေါ့"

"မသွားတော့ပါဘူး၊ ဒီနားက အသိအိမ်လာရင်း ညီမအိမ်ကို သိထားရအောင် အပြင်ကကြည့်တာပါ၊ အိမ်သိရင် တော်ပါပြီ၊ အစ်ကိုတွေ ဘာတွေ လာလည်တယ်ဆိုရင် အိမ်ရှင် ကြိုက်ချင်မှ ကြိုက်မှာဗျ"

"အိမ်ရှင်မကတော့ သဘောတော့ ကောင်းပါတယ်၊ ဖြူးဖြူးဖြူးဖြူးနဲ့"

ဂျင်သည် အိမ်ထိလိုက်သွားဖို့ကျတော့လည်း ခုံမှာ အမှုပတ်မှာ ပြဿနာတက်မှာ မဖြစ်စေလိုပါ။ ဒီနားက ထိုင်နေလို့ကကော ဘာအကြောင်းက ထူးမှာမို့နည်း။ ဘူးသီးကြော်ကို ဓိမ်ဆွဲစားနေပေမယ့် သုံးရာဖိုးက ခဏအကြာမှာကုန်ပြီ။ ဂျင်က မကြည့်မသာနှင့်ပင် ပြန်ဖို့စိတ်ကူးရတော့တာ၊ ပိုက်ဆံလှမ်းရှင်းလိုက်ပါသည်။

"ဟော … ဟို ထွက်လာတဲ့ စုံတွဲပဲလေ၊ အဲဒါ ဟိုတစ်ခါမင်္ဂလာဆောင်ခံပွဲနေ့ ကားမှောက်တဲ့ သတို့သားနဲ့ သတို့သမီးလင်မယားပဲ"





မိန်းမကြီးစကားကြောင့် ဂျင်က လှည့်ကြည့်လိုက်သည်။ ခြံတံခါးပွင့်ဟကာ ထွက်လာတဲ့ ခဲပုပ်ရောင်ဆလွန်းကားကြီးကို ဂျင်က လည်ပင်းလိမ်ကာ လှည့်ကြည့်ရင်း မှန်အလုံပိတ်ကားတွင်းက ခုံ့ကိုမြင်လျှင် ငေးစိုက်သွားရပါသည်။ မျက်စိကိုအားစေတဲ့ မီးခိုးပြာရောင်မှန်ကို ဖြတ်ပြီးမြင်ရတဲ့ ခုံ့ရုပ်သွင်လေး ရှင်းသန့်အထက်တန်းကျနေသည်။

ဟိုဘက်က ကားမောင်းရင်း စကားပြောလာတဲ့သူ သတို့သား ဆိုတဲ့ မာန်မင်း ဆိုတဲ့သူ ဖြစ်မှာပေါ့။ ခုံ့ကိုစိုက်က်လေးကြည့်ပြုံးကာ တစ်စုံတစ်ရာ ပြောဆိုရင်း ကားကိုဘီးလိမ့်ဖြတ်မောင်းသွားသည်။ ခုံကတော့ ဘေးဘီဝဲယာ ပတ်ဝန်းကျင်ကို တစ်ချက်ကလေးတောင် အာရုံမပျံ့နိုင်ဘဲ ထိုသကောင့်သားရဲ့က်နှာကိုသာ မျက်တောင်မခတ် ပြန်လည်ပြုံးစိုက်ကြည့်ရင်းသွားတာ။

သူ ဖြတ်သွားတဲ့ကားရဲ့နံဘေး နီးနီးလေးမှာ ဂျင်စ်ယောက် သူ့ကိုလှမ်းပြီး ငေးမောကြည့်နေတာကိုတောင် ခုံသိတော့ပါလား။ ဂျင့်ရင်ထဲမှာ ဒေါသဖြစ်သလိုလို ခံပြင်းသလိုလိ မ်းနည်းနာကျင်ပြီး ကျန်ရစ်ပါသည်။

တကယ်တော့ ခုံဟာ လွန်ခဲ့တဲ့နှစ်လက ထမင်းဆိုင် ခုံဆိုတဲ့ ကောင်မလေးနှင့် ဘာမှမဆိုင်အောင် ကွာခြားသွားပြီ။ ဆံပင်၊ အသားအရေတွေကအစ ပြုပြင်ကာ နေရောင်မခ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အရိပ်တစ်ခုအောက်မှာ ငြိမ်းငြိမ်းကလေး နေနေရတဲ့ ဖုံးအသွ
အပြင်က အရမ်းကို ကွာခြားမြင့်တက်သွားပါပြီ။

"ဟဲ့ ... ကလေး၊ ဒီမှာ နှစ်ရာအမ်းတာ ယူဦးလေ"

လှည့်ထွက်လိုက်တဲ့ ဂျင့်ကို ဘူးသီးကြော်သည်
က လှမ်းပြောလိုက်မှပင် ဂျင်က ပြန်လှည့်ပြီး အမ်းငွေယူလို
ရပါသည်။

ဟိုးလမ်းမကြီးဘက် ပြန်လျှောက်ထွက်လာတဲ့
က အဖြူရောင် ဆူပါဆလွန်းကားလေးတစ်စီးနဲ့ဘေးက အ
တမဲ့ ဖြတ်လျှောက်လာပါသည်။

"ဟိတ် ... ဒီမှာ"

ကားထဲက ခေါ်သံကြောင့် လှည့်ကြည့်လိုက်
ခပ်လှလှမိန်းမတစ်ယောက်ကိုမြင်၍ တအံ့တသြ ဖြစ်နေ
သူမက မချိုမချဉ်ပြုံး၍ ...

"ဘယ်လိုလဲ၊ အတော်ခံစားလိုက်ရလား"

ဂျင်က မျက်မှောင်ကုတ်ကာ သူ့ကိုကြည့်ရင်း
ဘဲ ဆက်လျှောက်လာသည်။ ဘယ်ကမိန်းမလဲ၊ ဘာတွေလာ
နေတာလဲ၊ တွေးနေတုန်းတွင် ထိုကားက စက်နှိုးပြီး ဘေးမှ
ပါလာပါသည်။

"ရင်နာနေတယ် မဟုတ်လား၊ ရှင့်ရည်းစားက တော်
လွန်တာပဲနော်"





"ခင်ဗျား ဘယ်သူလဲ၊ ဘာတွေ လိုက်ပြောနေတာလဲ"

"ကျွန်မက အဲဒီအိမ်ရဲ့မိတ်ဆွေပါ၊ ရှင့်ရဲ့ဖုံ ခြေလှမ်းကျဲ
သမျှတွေကို ဘေးက အမြင်မတော်တဲ့သူပဲ"

ဝါဝါက မူကြိုကို တူမကလေး လာပို့တာ။ မူကြို
ပြင်မှာ ကားရပ်ပြီး တူမလေးကိုဝင်ပို့ပြီး ပြန်အလာ အကြော်
ိုင်မှာ ဂျင့်ကိုတွေ့လိုက်ရ၍ ကားပေါ်ပြန်တက်သော်လည်း
က်မသွားသေးဘဲ အခြေအနေ စောင့်ကြည့်နေတာပင်။ မာန်မင်း
 ဖုံရဲ့ကား ထွက်သွားတာလည်း မြင်လိုက်ပါသည်။

"ရှင် ဘာဖြစ်လို့ ရှင့်ရည်းစားကို ဒီလိုအလုပ်မျိုးလုပ်ဖို့
သဘောတူရတာလဲ၊ ဓာတ်တွေ ရှုပ်ကုန်မယ်ဆိုတာ နား
မလည်ဘူးလား"

"နားလည်တယ်၊ ဒါပေမဲ့ ဒါ သူ့ အလုပ်တစ်ခုလုပ်တာပဲ
လေ"

"ဒါ ရိုးရိုးအလုပ်မှ မဟုတ်တာ၊ လူတစ်ယောက်ရဲ့မိန်းမ
ဟန်ဆောင်နေရတာနော်၊ ရှင် သဘောပေါက်ရဲ့လား"

"ဒါ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ"

"လိုအပ်ချက်အရ ခဏလူစားထိုးလိုက်ရတာကို သိရဲ့သား
နဲ့ ရှင့်ရည်းစားက လိုအပ်တာထက်ကိုပိုပြီး မူယာမာယာ
တွေပိုလွန်း အသည်းတွေပိုလွန်းလို့ ပတ်ဝန်းကျင်ကနေ
မျက်စိစပါးမွေး စူးနေကြတဲ့အထဲမှာ ကျွန်မလည်း တစ်
ယောက်ပါတာ"



www.burmeseclassic.com

www.burmeseclassic.com



ဂျင်က ဟက်ခနဲ ရယ်သွမ်းသွေးရင်း ...

"အလုပ်မရှိ အလုပ်ရှာ၊ အားအားယားယားဗျာ၊ သူ

ကိစ္စဝင်ပြီး မျက်စိစူးနေကြတဲ့ လူတွေလည်း ရှိသကိုး"

"ရှင်က ဘာလဲ၊ ရှင်ငွေရနေရင်ပြီးရော ချစ်သူကိုရော

စားရ စားရလား"

"ဘာဗျ"

"ခုကော ... ဘာလဲ၊ ငွေလာတောင်းတာလား"

"ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ၊ ခင်ဗျား ကိုယ့်လမ်းကိုယ်သွား

ရင် ကောင်းမယ်၊ ဘာတွေလာပြောနေတာလဲ"

"ပြီးခဲ့တဲ့အပတ်က ရှင့်ကို သူ ပိုက်ဆံငါးသောင်းပေး

မြင်တယ်လေ၊ ကုန်သွားပြီလား၊ ငွေထပ်လိုလို့လား

ရှင့်အဖေ နေမကောင်းလို့ ပေးတာပါလို့ ဖုံက ပြောတ

ဟုတ်တယ်မှလား"

ဂျင်က ဝါဝါ့ကို မျက်မှောင်ကုတ်ပြီး စူးစူးခါး

ကြည့်နေပါသည်။

"အခု ငွေထပ်လိုလို့လား၊ ဘာအတွက်လာတာလဲ၊

ထဲထိ ရှင်ဘာလို့ ဝင်မသွားတာလဲ၊ သတ္တိမရှိဘူးလား"

"ဒါတွေ ခင်ဗျားနဲ့ လုံးဝမဆိုင်ဘူးထင်တယ်၊ ခင်

ဘာကိစ္စ ဖုံ့ရဲ့ကိုယ်ရေးကိုယ်တာတွေကို ဝင်စိတ်ဝင်

နေရတာလဲ"





"အကြောင်းရှိလို့ပေါ့၊ ဒီမှာ ... ရှင် ငွေလိုနေရင်လည်း ကျွန်မ ပေးနိုင်ပါတယ်"

"ဘာကိစ္စ ခင်ဗျားက ကျုပ်ကို ငွေပေးချင်နေရတာလဲ"

"ငွေယူပြီး ရှင့်ရည်းစားကို မြန်မြန်အလုပ်ထုတ်သွားစေချင်တာ၊ သူရှိတာ ရှုပ်လွန်းလို့"

"ဖုံ့ကို ကျွန်တော်က အလုပ်ထွက်စေချင်တိုင်း ထွက်အောင်ထုတ်လို့ ရတာမှ မဟုတ်တာ"

"ရပါတယ်၊ ရှင် မာန်မင်းရှေ့သွားပြီး ရှင့်ကိုယ်ရှင် ဖုံ့ရည်းစားလို့ မိတ်ဆက်လိုက်ရုံပဲလေ၊ တခြား ဘာမှကြီးကြီးကျယ်ကျယ် လုပ်နေဖို့ မလိုပါဘူး၊ သူ့ဟာသူ ထွက်လာရလိမ့်မယ်"

"ခင်ဗျား ဖုံ့ကို ဘာတွေအကောက်ကြံချင်နေတာလဲ"

"ဘာမှမကြံချင်ဘူး၊ သူ့ကို အကောက်တွေ ဘာတွေ ကြံနေရအောင်လည်း သူ့ဆီမှာ ကျွန်မလိုချင်တာ ဘာမှရှိတာမဟုတ်ဘူး၊ ဒီအိမ်မှာ မမြင်ချင်တာ တစ်ခုပဲ"

"အင်းလေ ... အဲဒါ ဘာအကြောင်းရှိလို့လဲ၊ ခင်ဗျားဟာ ခင်ဗျား မျက်စိထဲ စပါးမွေးမကလို့ စပါးပင်ကြီးစူးစူး ကျုပ်က ဘာကိစ္စ ခင်ဗျားကို ကူညီရမှာလဲ"

"အကူညီတောင်းနေတာ မဟုတ်ဘူး၊ ရှင့်ကို ကူညီနေတာ၊ တစ် ငွေပေးမယ်၊ နှစ် ရှင် ဒီလိုမှ ဖုံ့ကို ပြန်ခေါ်မထုတ်



www.burmeseclassic.com

www.burmeseclassic.com



ရှင် ရှင့်ရည်းစားကို ရှင်ပြန်ရစရာ အကြောင်းမရှိတော့ဘူး၊ ရှင် သူ့ကို မဆုံးရှုံးခင် ပြန်ရနိုင်အောင်လုပ်ဖို့ သတိပေးနေတာ၊ ဒါ ရှင့်ကို ကူညီနေတာ၊ ငွေကြိုက်သလောက်တောင်း”

ဂျင်က ခပ်မဲ့မဲ့နှင့် တဟက်ဟက်ရယ်ရင်းက ပါးကို လက်ချောင်းများနှင့်ကုတ်ပြန်ကာ ...

“နေရင်း ထိုင်ရင်း ကျုပ်ကို လာကူညီနေရအောင် ခင်ဗျားက နတ်သမီး သိကြားသမီးလည်း မဟုတ်။ ဒီကိစ္စမှာ ခင့်ဗျား ဘာရမှာလဲဆိုတာ သိရရင်တော့ ...”

“ကျွန်မ မျှော်လင့်တာ မာန်မင်းပဲ၊ ရှင်းတယ်နော်”

✧❤✧





## ၁၃

“အန်တီ သံဈေးကို ဈေးဝယ်သွားမလို့ သမီးပျင်းရင်လိုက်ခဲ့ပါလား၊ တစ်နေ့ တစ်နေ့ သမီး အိမ်မှာပဲ ပျင်းနေမှာစိုးလို့၊ ဒါမှမဟုတ် ကြီးတော်အိမ်တွေ ဘာတွေ သွားချင်ရင်လည်း အန်တီ ပို့ပေးခဲ့မယ်”

“ကြီးတော်အိမ်တော့ မသွားတော့ပါဘူး အန်တီ၊ ဒီအချိန်ဆို အိမ်မှာ ဦးသိုက် တစ်ယောက်လောက်ပဲရှိတာ၊ အန်တီနဲ့ပဲ ဈေးကိုလိုက်ခဲ့မယ်”

“သမီး ပျင်းမှာစိုးလို့ ခေါ်တာနော်၊ အန်တီက တစ်ဆိုင်ဆိုင်မှာဝယ်ရင် အများကြီးဆိုတော့ ဆိုင်က ကားဆီပို့ပေးပါတယ်၊ ကူဖို့ သယ်ဖို့ မလိုပါဘူး”

“ဟုတ်ကဲ့ ... ဖုံ လိုက်ချင်လို့ပါ အန်တီ၊ ဖုံလည်း ငါး ကျည်းခြောက်နည်းနည်း ဝယ်ချင်တယ်၊ အန်တီတို့ဆိုရော

www.burmeseclassic.com



အန်တီဖြူ့ကိုရော ငါးကျည်းခြောက်ဘာလချောင်လေး ကြော်ကျွေးချင်လို့ပါ”

“အမယ်လေး ... ပြောရုံနဲ့တောင် သွားရေကျချင်လာပြီ”

ဖုံ့ထံကို နေ့လယ်နေ့ခင်းဘက်တွေ အန်တီဖြူ အလည်ရောက်လာတတ်ပါသည်။ သူ့ခမျာ ဖုံ့ကိုလည်း တွေ့ချင် ရှာကာ ဖုံ့ထံက ဘာမှ ဖုံသဲသဲကွဲကွဲ မမှတ်မိလှတဲ့ မောင်ဖြစ်သူ အကြောင်းကိုလည်း ကြားချင်လှသည်။ ပြောစရာများများစားစား မရှိ၍ ဒါချည်းပဲ ထပ်ခါထပ်ခါ ဖြစ်နေလည်း ဒါကိုပဲ အပြန်ပြန် အလှန်လှန် နားထောင်ကျေနပ်နေတတ်ပါသည်။

ဖုံ့ကို ငေးငေး ရှူးရှူးစိုက်စိုက် မေ့မေ့မောမောကြည့် ကာ ဖုံ ဘာပြောပြော နားထောင်ကျေနပ်နေတတ်တဲ့ အန်တီဖြူ ရဲ့ အထီးကျန်ဆန်နေတဲ့ ခံစားမှုကိုလည်း ဖုံနားလည်သည်။ သူ့ ရင်ထဲ ဘယ်လိုရှိရှိ မိဘမရှိတော့တဲ့ ဖုံ့အဖို့တော့ အဒေါ်ရင်းရ လို့ သိရတဲ့ သူ့အပေါ် သံယောဇဉ်ဖြစ်မိပါသည်။

ထို့ကြောင့် ဖုံက တစ်ပတ် တစ်ကြိမ်လောက် မုန့်ဟင်းခါးဖြစ်ဖြစ်၊ ကြာဆံချက်နဲ့ ရောက်သီးသုပ်လေးဖြစ်ဖြ ပလာတာနဲ့ ကြက်သားဟင်းဖြစ်ဖြစ်၊ လူကြီးတွေနဲ့လည်း တ နိုင်မယ် ထင်တာလေးတွေကို ဖုံ ကိုယ်တိုင် ဒေါ်ပုနဲ့ဈေးကိုလို ပြီး ကိုယ့်ပိုက်ဆံလေးနဲ့ ဝယ်ခြမ်းချက်ပြုတ်ကာ အန်ကယ်





နဲ့ အန်တီဆွေ့ကိုလည်းကောင်း၊ အန်ကယ်ဦးတင်ထွဋ်နဲ့ အန်တီဖြူ့ ထံလည်းကောင်း တခုတ်တရ ပို့လွှတ်ကျွေးပါသည်။

အန်တီဖြူက ဖုံ့ကို ပြီးခဲ့တဲ့အပတ်ထဲ အိမ်လာတုန်းက နီလာမှာ စိန်ပတ်ထားတဲ့ ရှေးပုံလက်စွပ်တစ်ကွင်း ပေးပါသည်။

“ဒီလို ဘဲဥပုံကွင်းထားတာကို အင်္ဂလန်က ဝေလမင်းသမီး ဒိုင်ယာနာဝတ်တော့ ဒါ လေဒီဒိုင်ယာနာလက်စွပ်လို့ ခေတ်စားသေးတယ်၊ ဒိုင်ယာနာ မဝတ်ခင်ကတည်းက အန်တီတို့ မိဘတွေက အန်တီတို့မောင်နှမကို ဆင်တူလုပ် ပေးထားတာ သမီးရဲ့၊ အန်တီကတော့ ဝတ်တာပေါ့၊ မောင်လေးကတော့ လက်စွပ်ကကြီးတော့ ဇာတ်မင်းသား လိုလို အခြောက်လိုလိုနဲ့ မဝတ်ပါရစေနဲ့လို့ ငွတ်ငြင်းတာ နဲ့ သိမ်းထားရတာ ...

သူ ခပ်ငယ်ငယ် ဆယ့်သုံးလေးနှစ်သားက လုပ်ပေး တာ ဆိုတော့ ယောကျ်ားကွင်းကြီးလောက် မကြီးဘူး၊ မှန်းစမ်း ... သမီးနဲ့အတော်ပဲ၊ ဝတ်ထားတော့၊ ဒါ သမီး အဖေရဲ့လက်စွပ်လို့ စိတ်ထဲမှာထား”

ဖုံ ဘယ်လိုငြင်းပါသော်လည်း တန်ဖိုးမနည်းလှသည့် ထိုလက်စွပ်ကြီးကို ငြင်းမရ ဆန်မရ လက်ခံဝတ်လိုက်ရပါသည်။ စကားပြောကြတဲ့အထဲမှာ အန်တီဖြူ ကြိုက်တတ်တာလေးတွေ မတော်တဆ ပါလာရင် ဖုံက မှတ်ထားပါသည်။ သူလည်း ဒီ



www.burmeseclassic.com

www.burmeseclassic.com



ငါးကျည်းခြောက်သားကို လက်တစ်ဆစ်လောက်ဖဲ့ပြီး ကြက်သွန်၊ ရှူရှူမွှမွှတို့နှင့်ကြော်တဲ့ ငါးကျည်းခြောက် ဘာလချောင်ကြော်ကို အန်တီဖြူ ကြိုက်တယ်ဆို၍ ဓုံ ကြော်ချင်တာပါ။

သံဈေးရောက်၍ ငါးကျည်းခြောက်ဆိုင် သွားဝယ်လျှင် ဒေါ်သက်သက်ဆွေက အတင်းပဲ သူ့ဘာသာဝယ်မည်ပြင်းသည်။

"ခွင့်ပြုပါ အန်တီဆွေရယ်၊ ဓုံ ... ဓုံရတဲ့ ပိုက်ဆံထဲကပဲ အန်တီဆွေ့ကိုရော အန်တီဖြူ့ကိုရော ကျွေးချင်လို့ပါ၊ တကယ်တော့ ဒီပိုက်ဆံဟာလည်း အန်တီဆွေပေးတဲ့လခ၊ ဓုံ့ချွေးနဲ့စာပဲပေါ့၊ ဓုံ့ချွေးနဲ့စာနဲ့ ကျွေးချင်တာပါ၊ အန်တီဆွေ ကျွေးတဲ့ စားကောင်းသောက်ဖွယ်တွေက ဓုံ နေ့တိုင်းစားနေရတာပါ"

"ကဲ ... ဒီတော့လည်း ကောင်းပါပြီရှင်၊ သမီးပိုက်ဆံပဲ ပေးပေတော့၊ ဟို ကွန်ဒိုကြီးခြောက်ထပ်မှာ မာန်မင်းတို့ ရုံးခန်းဆိုတာ သိတယ် မဟုတ်လား သမီး"

"ဟင့်အင်း ... မသိဘူး အန်တီ၊ ဟုတ်လား၊ မမိုးမေခ က သိပြီးသားဖြစ်မှာဆိုတော့ သမီးက သူ့ရုံးခန်း ဘယ်မှာလဲ မေးရင် မသက်သာစရာဖြစ်မှာစိုးလို့ မမေးကြည့်ဘူး၊ သူက လည်း သမီး သိပြီးသားလို့ထင်တော့ ရုံးကအကြောင်းတစ်ခု တလေ ပြောရင်လည်း ရုံးခန်းက ဘယ်မှာဆိုတာ မပြောဘူး"





"ခြောက်ထပ်၊ အခန်းနံပါတ်(—)ပဲ၊ သမီး တက်ရင်ခဏ တက်လည်ပါလား၊ အန်တီက ဟိုရွှေဆိုင်အပေါ်ထပ်က အန်တီ့သူငယ်ချင်းဆီ ခဏဝင်လည်မလို့၊ သမီးမသိတဲ့အိမ် ဆိုတော့ ပျင်းမှာစိုးလို့"

"ဟုတ်ကဲ့ အန်တီ၊ သမီး မောင့်ရုံး ... ဟို ကိုမာန်မင်း ရုံးခန်းကို ခဏတက်မယ်နော်"

"တက် ... တက်၊ သူ အံ့သြပြီး ဝမ်းသာသွားမှာ"

အန်တီဆွေက လမ်းကူးကာ "......"ရွှေဆိုင်အပေါ်က သူ့သူငယ်ချင်းအခန်းသွားတဲ့ အချိန်မှာ ဓုံက ဝမ်းသာအားရနှင့် ကွန်ဒိုပေါ်တက်ဖို့ ဓာတ်လှေကားရှိရာဆီ လှမ်းလာခဲ့ပါသည်။ ဓာတ်လှေကားရှိတဲ့နေရာကို မေးမြန်းပြီး ဓာတ်လှေကားရှေ့ရောက်လာခဲ့လျှင် ...

"ဟင် ... ဂျင်၊ နင် ဘာလုပ်နေတာလဲ"

မမျှော်လင့်ဘဲ တွေ့လိုက်ရတဲ့ ဂျင်ဟာ ဓာတ်လှေကား ရှေ့နား ရစ်သီသီ ကုပ်ချောင်းချောင်း ရှိရာမှ ဓုံ့ကိုမြင်လျှင် အကြီးအကျယ် မျက်နှာပျက်ပြီး ထွက်ပြေးဖို့ကြံသည်။

"ဂျင် ... ဂျင်"

ဓုံက အပြင်ဘက် ပြန်ထွက်ပြေးလိုက်လာခဲ့ကာ ဂျင့်ကို လူကြားထဲ မရမက ဖမ်းဆွဲထားရင်း ...

"ဂျင် ... ဂျင်၊ နင် ဒါဘယ်ကိုလာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... နင်က ဘယ်ကရောက်လာတာလဲ၊ ငါ့ဟာငါ ငါ့ကိစ္စနဲ့ ဘယ်လာလာပေါ့"

ဇုံ့ကို ရင်ဆိုင်မကြည့်ရဲတဲ့ ဂျင့်မျက်လုံးများနှင့် မျက်နှာလွှဲဖယ်ဖယ်ကို ဇုံ့က ခပ်တင်းတင်း စိုက်ကြည့် အကဲခတ်ကာ စိတ်ထဲ လှုပ်ရှားဝမ်းနည်းမှုကြောင့် မျက်ရည်လည်လာခဲ့ရင်း ...

"နင် ကိုမာန်မင်းကို တွေ့ဖို့လာတာ မဟုတ်လား"

"ဟား ... ဘယ်ကသာ"

"ဒါဖြင့် ဘယ်လာတာလဲ၊ ငါ့ကို အမှန်အတိုင်းပြော၊ နင် လိမ်နေရင် ငါသိတယ်နော်၊ ဒီမှာ ဂျင်၊ နင်လိုအပ်တာ ငါ ကူညီနေရက်သားနဲ့ဟာ၊ နင် ထွေထပ်လိုရင်လည်း ငါ့ရှိသမျှ ကူညီဦးမှာပါ၊ နင် ကိုမာန်မင်းဆီ ဘာရည်ရွယ်ချက်နဲ့ လာတာလဲ၊ ပြော ... ပြော ... ငါ့ကိုမညာနဲ့"

ဇုံ့ရဲ့အသံအတုန်တုန် မျက်ရည်အပြည့်ပြည့်နှင့် မချိတရိပြောဟန်က ဂျင့်ရင်ထဲကို စူးခနဲ ခိုက်မိထိရှသွားပါသည်။ ရုတ်တရက် ချက်ချင်း အတွင်းမှာပင် သူ လုပ်မိတဲ့ လုပ်ရပ်အပေါ် ရှက်ရွံ့စိတ်ထိခိုက်ကာ ခေါင်းကြီးကို ငုံ့ချလိုက်ပါသည်။

"ဂျင်"

"... ... ..."





"ဂျင် ... နင် ... ဟုတ်တယ် မဟုတ်လား၊ ဟုတ်တယ် မဟုတ်လား"

"... ... ..."

"ဂျင် ... နင် ... နင် လုပ်ရက်လိုက်တာဟာ"

"ဇုံ ... ဆောရီးဟာ၊ ဟုတ်တယ်၊ ငါ ဝန်ခံတယ်၊ ငါသူ့ဆီ ဖုန်းဆက်ချိန်းထားတယ်၊ သူ ခတ်လေှကားအောက်ဆီ ဆင်းလာမယ်လို့ ပြောတယ်"

"ဟင် ... နင် ဘယ်လိုပြောပြီး ချိန်းတာလဲ"

"မိုးမေခနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက်တစ်ခု ပြောပြစရာ ရှိတယ်လို့"

ဇုံ့မျက်နှာဟာ သွေးဆုတ်ပြီး ဖြူရော်သွားပါသည်။ ဂျင်သည် ဇုံ့ကို တအားသနားပြီး နောင်တရသွားကာ ...

"လာ ... ငါတို့ ဝေးဝေးတစ်နေရာလစ်မှ၊ သူ ဆင်းလာပြီး ဟိုဟိုဒီဒီကြည့်ရင် တွေ့သွားမှာ"

နှစ်ယောက်သား ခပ်လှမ်းလှမ်းကို ခပ်သုတ်သုတ် ပြီးရှောင်လာကြကာ ဇုံက လမ်းဘေးက ပီစီအိုဖုန်း တစ်နေရာ တွေ့သည်တွင် ရုတ်တရက်ရပ်ပြီး အန်တီဆွေ့ ဟန်းဒ်ဖုန်းဆီ ခေါ်လိုက်ပါသည်။

"အန်တီဆွေ သမီး သူငယ်ချင်းတစ်ယောက်နဲ့ တွေ့တာနဲ့ သူနဲ့ ခဏလိုက်သွားပြီး စကားစမြည် ပြောချင်လို့ပါ၊

www.burmeseclassic.com



အိမ်ကို ကားနဲ့ပြန်မလိုက်တော့ဘူး အန်တီ၊ သိပ်မကြာ
ဘူး၊ သမီးဘာသာ ပြန်လာပါမယ်၊ ကိုမာန်မင်းဆီလည်း
မတက်ဖြစ်တော့ဘူး အန်တီဆွေ”

အန်တီဆွေက ထူးထူးထွေထွေ မမေးဘဲ ခွင့်ပြု
သည်။ ဂျင်နှင့် ခပ်ဝေးဝေး ရောက်တဲ့အထိ လျှောက်လာခဲ့ပြီး
လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ ထိုင်ဖြစ်ကြပါသည်။ နုံသည်
စိတ်ပျက်လက်ပျက်နှင့် ဂျင့်ကိုတောင် မှန်းနေမိကာ ဘာစကား
မပြောနိုင်ဘဲ ငိုင်ထိုင်နေပါသည်။ ဂျင်သည်လည်း သူ့အပြစ်နှ
သူ နုံ့ကို မျက်နှာပူစွာ မျက်နှာအောက်ချ ငြိမ်သက်နေသည်။

“ငါက မိုးမေခ မဟုတ်ဘူးလို့ နင် သွားပြောမယ်ဆ
ဟုတ်လား”

အတန်ကြာမှ နုံ့ထံက စကားတစ်ခွန်း နာနာကျ
ကျင် ထွက်လာပါသည်။

“နင်က ငါ့ရည်းစားဆိုတာ သွားပြောမှာပါ”

“အဲဒါ ဘာထူးလဲ၊ ငါဟာ နုံ ဖြစ်နေလို့သာ နင့်ရည်း
ဖြစ်နေတာပေါ့၊ မိုးမေခ အစစ်ဆိုရင် ဘယ်နည်းနဲ့
ရည်းစား ဖြစ်နေမလဲ၊ ငါဟာ မိုးမေခ အစစ်မဟုတ်
လို့ သွားပြောတာနဲ့ အတူတူပဲလေ၊ ဘာထူးမှာလဲ”

“နင် ... နင်က အဲသလိုပြောမှာ ကြောက်နေတယ် မဟု
လား၊ နင် မိုးမေခအစစ် ဖြစ်ချင်နေတာ မဟုတ်လာ





ဂျင့်ထံကလည်း နာနာကျင်ကျင် စကားများ တိုး
ထွက်လာသည်။ နုံက ဂျင့်ကို ဒေါသတကြီးကြည့်ရင်း ...

“ငါ ဘယ်တော့မှ မိုးမေခ မဖြစ်နိုင်ဘူးဆိုတာ ငါနားလည်
တယ် ဂျင်၊ ဒါပေမဲ့ ပြောလက်စနဲ့ နင့်ကို ငါ တစ်ခုဝန်ခံ
ပါရစေ”

“ဘာလဲ”

“ငါ နင့်ကို မချစ်တော့ဘူး”

“ဘာ”

“အဲဒါ ဘာနဲ့မှ မဆိုင်ဘူး၊ မချစ်တာဟာ မချစ်တာပဲ၊
ဂျင် ... နင် နားလည်ပေးနိုင်ရင် ကောင်းမယ်ဟာ၊ နင့်ကို
ငါ မချစ်တော့ဘူးဆိုတာဟာ အခိုက်အတန့်လေး အခြေ
မြင့်နေတဲ့ ငါ့ဘဝအပေါ် ငါယစ်မူးပြီး ဘဝင်မြင့်ပြီး နင့်
ကို သစ္စာမဲ့လိုက်တာ မဟုတ်ပါဘူး၊ အချစ်စစ်တစ်ခုကို
ငါ ကြုံဖူးသွားခဲ့တာ၊ နင်ကတော့ ကြီးကျယ်တယ်လို့ထင်
မယ်၊ ဂျင်ရယ် ... ငါ တစ်နေ့ ကိုယ့်နေရာကိုယ် ပြန်ရမှာ
ငါ သိပါတယ်၊ ငါမှ မိုးမေခ မဟုတ်ဘဲ ...

သူ သိသွားရင် ဘယ်လောက်နာကြည်းမလဲ၊ ငါ့ကို
မောင်းထုတ်ပစ်လိုက်မှာကို ငါသိပေမယ့် ငါ သူ့ကိုအချစ်
စစ်နဲ့ ချစ်မိသွားတာပါ၊ သူ ချမ်းသာလို့လည်း မဟုတ်ရ
ပါဘူး၊ နင် ဆင်းရဲလို့လည်း မဟုတ်ရပါဘူး၊ ဒါပေမဲ့နင့်

www.burmeseclassic.com



အပေါ် ငါ သူငယ်ချင်းအရင်းစိတ် ဘော်ဒါစိတ် နက်နက် ရှိုင်းရှိုင်း ရှိပါသေးတယ်၊ နင့်ကို ငါ သံယောဇဉ်ပြတ်တာ မဟုတ်ဘူး ဂျင်၊ ချစ်သူလို မချစ်နိုင်ခဲ့ဘူးဆိုတာ သိသွား တာ ...

ချစ်တယ်ဆိုတာ ဘယ်လိုမျိုးလဲဆိုတာ ငါခံစား တာပါ၊ ငါ ဘယ်သူလဲဆိုတာ တစ်နေ့နေ့ သူသိမှာပါ၊ ဖုံး ထားလို့မှ မရဘဲ၊ အခု မသိစေချင်သေးတာက ငါ သူနဲ့ မခွဲနိုင်လို့ မဟုတ်ပါဘူး၊ လိုအပ်ရင် ငါ အသည်းကွဲဖို့လည်း အဆင်သင့်ပါ၊ အခု မသိစေချင်သေးတာက သူ့အတွက်ပါ"

ဂျင့် မျက်နှာက ရဲရဲနီကာ မျက်ရည်ပင် ရစ်လဲ့နေ သည်။

"ဘာသူ့အတွက်လဲ၊ ဘာဖြစ်လို့ သူ့အတွက်ပဲ ကြည့်ရ တာလဲ"

"သူ့ကိုချစ်တာကိုး၊ ခုနေ သူ သိသွားရင် သူ ငါ့ကိုမုန်းတီး စွာ နာကြည်းမှာ ဒေါသဖြစ်မှာတွေထက် မိုးမေခ တာက မရှိတော့ပါလားဆိုတဲ့ နာကျင်မှုက သူ့ကို ဒဏ်ရာပြန်ပေး လိမ့်မယ်၊ ဒီဝေဒနာကို မနည်းနာလန်ထူအောင် ကယ်ထ ကြတာ၊ နောက်တစ်ကြိမ် သူ လဲပြိုသွားရင် နာလန်ပြန် ထူဖို့ မလွယ်သေးဘူး၊ လူကောင်းပကတိလို ဖြစ်နေပေမယ့် နာလန်ထ,ကာစပါ၊ သူ့ဒဏ်ရာ ခုမှကျက်ကာစပါ၊ အသား





လန်အောင် ထပ်ဖွဲ့မပစ်ပါရစေနဲ့ဦး၊ သူ့ကို ငဲ့ညှာလို့ မသိ စေချင်သေးတာပါ ဂျင်ရယ်"

ဂျင်က စားပွဲကို ဒုန်းခနဲထုကာ ...

"နင် ဘာဖြစ်လို့ သူ့ကို ဒီလောက်တောင် ချစ်နေရတာလဲ၊ နှစ်လလေးပဲ ရှိသေးတာ၊ နင်နဲ့ ငါက သိကျွမ်းလာတာ နှစ်ပေါင်းများစွာ၊ ရည်းစားဖြစ်ခဲ့တာ နှစ်ချီခဲ့ပါပြီဟ၊ ငါ့ ကိုကျတော့ နင် နည်းနည်းတောင် မငဲ့နိုင်ဘူး"

"နင့်ကို တောင်းပန်ပါတယ်၊ ငါ လွန်ပါတယ်၊ ဒါပေမဲ့ မချစ်တာကို သိသိကြီးနဲ့ ချစ်ပါတယ်လို့ လိမ်လည်ဟန် ဆောင်ချစ်လို့ မရဘူး ဂျင်၊ မသိခင်တုန်းက ချစ်တယ်လို့ ထင်ခဲ့မိတာကို ငါ ချော်လဲရောထိုင် ဆက်လုပ်မနေနိုင်ဘူး၊ ငါနဲ့သူ နီးစပ်ဖို့အကြောင်းမရှိပါဘူး ဂျင်၊ ဒါပေမဲ့ ငါ့အိမ် ငါပြန်လာမယ့် အချိန်မှာ နင့်ဆီတော့ ငါ ပြန်မလာတော့ ဘူး၊ ငါ့ကို ခွင့်လွှတ်ပါ"

ဂျင်က နွမ်းလျကြေကွဲနေတဲ့ ဖုံ့မျက်နှာကို ငေးငေး ကြီး စိုက်ကြည့်နေပါသည်။ သူ မာန်မင်းဆီ ရောက်လာကာ အောက်ကနေ ဖုန်းဆက်ချိန်းမိတဲ့အထိ မိုက်ရူးရဲ မျက်စိမှိတ် လုပ်ချဖြစ်ခဲ့ပုံကို ပြန်တွေးကာ ရှက်မိသည်။ နောင်တရမိသည်။ သို့ပေမဲ့ ဒါဟာ ငွေရလိုမှုတစ်ခုတည်းကြောင့် မဟုတ်ဘဲ ဖုံ့အပေါ် သဝန်ကြောင်မှု မနာလိုမှု ဆုံးရှုံးမခံနိုင်မှုတွေလည်း ပါဝင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂျင်"

"… … …"

"နင် ကိုမာန်မင်း ကုမ္ပဏီရုံးကို ဘယ်လိုလုပ်သိလဲ"

"ဒီလိုပဲ သိတယ်"

"ငါတောင် ခုနလေးတင်မှ အန်တီဆွေ ပြောလို့သိတာ။ ကြီးတော်တို့လည်း သိဖို့ဝေလာဝေး၊ ကုမ္ပဏီနာမည်တောင် အတိအကျ မသိသေးဘူး၊ နင် ဘယ်ကသိတာလဲ၊ ဒီလိုပဲ ဆိုတာ ဘာလဲ၊ ဘယ်သူပြောပြလဲ"

"… … …"

"ပြီးတော့ နင် အောက်ကနေ ဖုန်းဆက်ချိန်းပြီး ခေါ်လိုက်တယ်ဆို၊ ကိုမာန်မင်း ဖုန်းနံပါတ်ကိုရော နင် ဘယ်လိုလုပ်ပြီးသိလဲ"

ဂျင်က နှုတ်ခမ်းကိုက်ပြီး ထုံပေပေ လုပ်နေသည်။

"နင် အခု သူ့ဆီလာတာ နင့်စိတ်နဲ့ နင့်ကိုယ် လာတာ ဖြစ်ကိုမဖြစ်နိုင်ဘူး၊ နင့်နောက်မှာ နင့်ကိုမြှောက်ပေးတဲ့သူ ရှိကိုရှိတယ်၊ အဲဒါ ဘယ်သူလဲ"

"မရှိပါဘူးဟာ"

"ရှိတယ်၊ ဂျင် … နင် ငါ့ကိုညာလို့ မရဘူးနော်၊ ညာနေရင် နင့်ရုပ်က ပိရိတာမဟုတ်ဘူး၊ မလုံမလဲနဲ့ သိပ်သိသာတယ်၊ နင့်ကို မြှောက်ပေးတာ ဘယ်သူလဲ၊ ပြော"





"ဘယ်သူမှ မဟုတ်ဘူး"

ဇုံက နှုတ်ခမ်းကလေးကို မဲ့လိုက်ရင်း …

"နင့်ကို မချစ်တော့ဘူးလို့ ပြောပေမယ့် ဒီနေ့ထိ နင်ဟာ ငါ့ရဲ့အရင်းနှီး အခင်မင်ဆုံး ယောက်ျားလေး သူငယ်ချင်းပဲ၊ နင့်အပေါ် ငါ ဘယ်တော့မှ သစ္စာဖောက်တဲ့လုပ်ရပ် လုပ်မှာမဟုတ်ဘူး ဂျင်၊ နင်ကတော့ ငါ့ကိုချစ်တယ်သာ ဆိုတယ်၊ ငါ့ကို သစ္စာ ဖောက်တယ်၊ ငါ့နောက်ကျောကို သူစိမ်းနဲ့ပေါင်းပြီး ဓားနဲ့ထိုးဖို့ ကြံစည်တယ်"

"ဇုံ"

"တော်ပြီ ဂျင်၊ နင် ငါ့အပေါ် ဒီလောက်သစ္စာမဲ့နိုင်ရင် နင် လုပ်ချင်တာလုပ်တော့၊ နင့်မှာ ငါ့ထက် သစ္စာစောင့်သိရမယ့်သူ ရှိနေမှတော့ နင် ကြိုက်တာသာလုပ်ပါ၊ ငါ မတားဘူး၊ ငါ သွားမယ်၊ နင်နဲ့လည်း ဒီနေ့နောက်ဆုံး ဆက်ဆံခြင်းပဲ"

"ဇုံ နေပါဦးဟ"

ထ,ထွက်လိုက်တဲ့ ဇုံ့လက်ကို ဂျင်က လှမ်းဆွဲလိုက်၍ ဇုံက ရုန်းလိုက်ပါသည်။

"ဇုံ … ငါ့ကို မဝါဝါဆိုတဲ့ မိန်းမက ခိုင်းတာပါ၊ နင်နဲ့ ငါ ရည်းစားတွေပါဆိုတာ တစ်ခွန်းတည်း သွားပြောရင်နဲ့ ငါ့ကို ငွေသုံးသိန်းပေးမယ်လို့ ပြောတယ်၊ ဒီစကားက



www.burmeseclassic.com

www.burmeseclassic.com



အလိမ်အညာ လီဆယ်စကားလည်း မဟုတ်ဘူးဆိုပြီး ငါ ကိုယ်တိုင်လည်း နှင့်ကို ဟိုကောင်နဲ့ သဝန်တိုလို့ ပြောဖို့ ကြံစည်ခဲ့တာပါ"

ခုံက သက်ပြင်းကြီးကြီးတစ်ချက် မှုတ်ထုတ်လိုက်မိပါသည်။

✧ ❤ ✧





၁၄

"ကိုမာန့်နာမည်နဲ့ စာလာလို့ပါ"

စားပွဲပေါ်သို့ စာအိတ်ကို ခါးညွှတ်တင်က ထားရစ်ခဲ့ပြီး ကျော်ကျော် ဆိုတဲ့ ကွန်ပျူတာဝန်ထမ်းလေးက ချက်ချင်း လှည့်ထွက်ဖို့ပြင်လျှင် ...

"ဟေ့ကောင် ... နေဦး"

"ဟုတ်ကဲ့"

"မင်း ခေါင်းကြီးက ဘာဖြစ်လို့ ငုံ့ထားတာလဲ၊ မင်းတို့ ဘာဖြစ်နေတာလဲ၊ ဟိုးအရင်ကလို ငါ့ကို ပက်ပက်ပက် ပက် တရင်းတနှီး မဆက်ဆံဘဲ ကြောက်သလိုလို ရှိန် သလိုလို ဘာစကားမှ မပြောရဲ မဆိုရဲဖြစ်နေတာ ဘာဖြစ် လို့လဲ၊ ငါ ကြည့်နေတယ်၊ တစ်ရုံးလုံးပဲ၊ ကိုအောင်ထွန်း ထွန်းတို့ဆိုရင် လက်ဖက်ရည်သောက်ဖို့ ခေါ်တာတောင် မလိုက်ရဲကြဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ကိုမာန်၊ ဘာမှမဟုတ်ပါဘူး"

"ဟောဒီကောင်၊ ငါ့ကို ကြည့်ဖြေစမ်းပါ၊ ဘာဖြစ်နေတာလဲ၊ ဘာမှမဟုတ်တာ တကယ်ဆိုရင် မင်း အခု ကိုအောင်ထွန်း ထွန်းရယ်၊ ကိုစည်သူရယ်၊ ကိုဝင်းကိုရယ် ခေါ်ပြီး မင်းပါ ပြန်ဝင်ခဲ့၊ ငါ့ရုံးခန်းထဲ လာထိုင်နေကြ၊ စကားတွေပြော ကြမယ်၊ သွားခေါ်"

"ဟို ... ကိုမာန်"

"ဘာလဲ"

"အန်ကယ်က မှာ ... မှာထားလို့ပါ"

"ဘာမှာထားလဲ"

"ကိုမာန်နဲ့ ရုံးလုပ်ငန်းပိုင်းကလွဲရင် တခြားစကားအပိုတွေ လုံးဝမပြောရဘူးတဲ့"

"ဘာ ... ဘာဖြစ်လို့ ငါနဲ့စကားမပြောရမှာလဲ"

"ကိုမာန် နေမကောင်းသေးဘူးတဲ့၊ ဘာစိတ်အနှောင့်အယှက်မှ ဖြစ်လို့မရဘူးတဲ့၊ ဘာအပိုစကားတစ်ခွန်းမှ မပြောရဘူးတဲ့၊ အဲဒါကြောင့်ပါ ကိုမာန်၊ အန်ကယ်ဆူမှာ စိုးလို့ပါ"

မာန်မင်း၏ မျက်မှောင်ကုတ်ကာ ဖေဖေ လုပ်ပုံကို နားမလည်နိုင်အောင် ဖြစ်နေပါသည်။ နားမလည်ပေမယ့်လည်း ဖေဖေ ထုတ်ဆင့်ထားတဲ့ အမိန့်တစ်ခုကို ဆန့်ကျင်ကြဖို့လည်း သူက ဝင်မဖျက်ချင်ဘာမို့ ...



"ဒါဖြင့်လည်း ပြီးရောကွာ၊ သွားတော့"

ကျော်ကျော်က ဦးလေးညွှတ်ကာ ညွှတ်ကာ ထွက်သွားပါသည်။ ကုမ္ပဏီရုံးကို မာန်မင်း နာမည်နှင့် ရောက်လာသည့် ဆိုတဲ့စာကို မာန်မင်းက ဇဝေဇဝါနှင့် ဖောက်လိုက်ပါသည်။ ကုမ္ပဏီအမည်နှင့်သာ စာလာတတ်ကာ ပုဂ္ဂလိကစာဆိုတာ ဘယ်တုန်းကမှ လာလေ့မရှိတာ။ စာအိတ်ကိုဖွင့်လိုက်လျှင် ဓာတ်ပုံတစ်ပုံနှင့် ကတ်ပြားဖြူလေးတစ်ခုက လျှောခနဲ ထွက်ကျလာပါသည်။

"ဟင် ... မိုး"

ဓာတ်ပုံထဲတွင် မိုးက ရုပ်လေး သနားကမားနှင့် လှုပုံက စုတ်ပေပေ ကလေကချေကောင် တစ်ကောင်နှင့် မျက်နှာချင်းဆိုင် ရပ်နေသည်။ ဂျင်းဘောင်းဘီ တီရှပ်နက်နှင့် ကလေကချေကောင်က မျက်နှာရှစ်ကန်ကန် ရှုံ့မဲ့မဲ့ရှိနေကာ ဒီကောင့်လက်ကို မိုးက ဆွဲကိုင်ထားတာ။ မိုးရဲ့ရုပ်က သူ့ရှေ့မှောက်မှာ ရှိတတ်တဲ့ နူးနူးညံ့ညံ့ရုပ်လေးပျောက်ကာ ခပ်စွာစွာရုပ် ပေါက်နေသည်။ တစ်စုံတစ်ခု ပြောနေသလို မါးစပ်ကလည်း ပွင့်ဟလျက်သား။

နေရာအကွက်အကွင်းက သူတို့ရုံးရှိတဲ့ ကွန်ဒိုမှာပါလား။ ကွန်ဒိုရှေ့ဘက်နားက ကားတွေကျပ်ညပ်အောင် ပါကင်ထိုးတဲ့နေရာကြားထဲမှာ။ မီးစက်ကြီးနံဘေးရှိတဲ့ သူတို့ရုံးခန်းကို တက်တဲ့ ဓာတ်လှေကား တံခါးပေါက် အနီးအနားပဲ။

www.burmeseclassic.com

www.burmeseclassic.com



မိုး ဘယ်တုန်းက လာတာလဲ။ ဟိုကောင်က ဘယ်သူလဲ။ ဘယ်ကမှန်းမသိတဲ့ကောင် တစ်ကောင်ကို မိုးက ဘာကိစ္စ တရင်းတနှီး ကိုယ်ထိလက်ရောက် ဖမ်းဆွဲထားရတာလဲ။ ဘာတွေလဲ။ ဘယ်သူက ရိုက်ထားတာလဲ။

မာန်မင်းက ကတ်ပြားလေးကို ကောက်ကြည့်လိုက်သည်။

"ဒေါ်ဒေါ်နှ ထမင်းဆိုင်
(... ...)ရပ်ကွက်၊ (... ...)လမ်းထောင့်၊
မြောက်ဥက္ကလာပမြို့နယ်"
တွင် စုံစမ်းရန်။

မာန်မင်းက မျက်မှောင်ကုတ်ကာ လိပ်စာကိုတစ်လှည့်။ ဓာတ်ပုံကိုတစ်လှည့် ကြည့်နေမိသည်။ စုံစမ်းရန်တဲ့။ ဘာကိုစုံစမ်းရမှာလဲ။ ဒီဓာတ်ပုံနှင့် ပတ်သက်၍ စုံစမ်းရမယ်ဆိုတဲ့ သဘောပေါ့။

ဟိုတစ်နေ့ကလည်း နေ့လယ်ခင်းတစ်ခုမှာ မာန်မင်းထံ ဖုန်းလာသည်။

"ကိုမာန်မင်းလား၊ ခင်ဗျားကို မိုးမေခနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက်တစ်ခု ပြောပြစရာရှိတယ်၊ စိတ်ဝင်စားတယ်ဆိုရင် ဆင်းခဲ့ပါ၊ အောက်ကစောင့်နေတယ်"





ဘာပြောမှာလဲ၊ ဘာလဲ၊ ညာလဲ မေးပေမယ့်ဘာမှ မပြောပါ။ ဆင်းလာဖို့ပဲ တွင်တွင်ပြောနေတာမို့ လာခဲ့မယ်လို့ လက်ခံလိုက်ပါသည်။ ဆယ်မိနစ်အတွင်း သူ အောက်ကိုဆင်းသွားလိုက်တော့ အောက်မှာ ဘယ်သူမှမရှိ။ ဓာတ်လှေကားစောင့် လုံခြုံရေးကိုလည်း သူ့နာမည်တွေ ဖုန်းတွေ မေးမြန်းတဲ့သူ ရှိသလားဆိုတော့ မရှိပါဘူးတဲ့။

ဇဝေဇဝါ ဖြစ်ရသော်လည်း နောက်တာလား ဘာလား တွေးမိပါသည်။ မိုးမေခနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက်က ဘယ်လိုလုပ်ပြီး ရှိနေလို့လဲ။ ဘာလျှို့ဝှက်ချက်လဲ။ လျှို့ဝှက်သဲဖို ဆန်ဆန် လျှို့ဝှက်ချက်မျိုး မိုးမှာ ဘာကြောင့်ရှိရမှာလဲ။ တွေးလို့မရနိုင်တာမို့ သူက တစ်ယောက်ယောက် နောက်ပြောင်တယ်လို့ သဘောထားလိုက်သည်။ ခုတော့ အကောင်တစ်ကောင်နဲ့ဓာတ်ပုံ။ ထမင်းဆိုင် လိပ်စာတစ်ခု။

ဘာတွေလဲကွာ။ မာန်မင်းက မျက်မှောင်ကုတ်ကုတ်နှင့် စဉ်းစားခန်း ဝင်နေမိပါသည်။ ဘာအလုပ်ကိစ္စမှလဲ ခေါင်းထဲမရောက်တော့။ တွေးလိုက်တဲ့အခါ မိုးထံမှာ ဘာရယ်လို့ အတိအလင်း ပြောမပြတတ်တဲ့ အပြောင်းအလဲတစ်ခု ရှိနေတယ်လို့ ချက်ချင်းပဲ သူ့ခေါင်းထဲ ဝင်လာပါသည်။

ဒါကို မိုးကို ပြန်တွေ့တွေ့ချင်းမှာပဲ သူ့အာရုံခံစားခဲ့ရသည်။ မိုးတော့ မိုးပဲ။ ဒါပေမဲ့ တစ်မျိုးပဲ ဆိုတာသက်



www.burmeseclassic.com

www.burmeseclassic.com



သူ ပိုမပြောတတ်။ မေမေ့အပြောအရတော့ မိုးဟာ တစ်ကိုယ်လုံးမှာ ထိခိုက်ဒဏ်ရာတွေ အများအပြား ရခဲ့ကာ နေရာအတော်များများ ချုပ်ရိုးတွေ ခွဲစိတ်ခံထားရသည်တဲ့။ ဖြစ်နိုင်သည်။ ကားမှောက်စဉ်က သူ သတိမလစ်တလစ်မှာ မိုးကို လှမ်းမြင်လိုက်ရတဲ့ ပုံသဏ္ဌာန်ဟာ တကယ်ကို ပိုးစိုးပက်စက်။

ဒါကြောင့်လည်း မိုးသေသည်လို့ပဲ သူ ထင်တာ။ မျက်နှာ၊ လည်ချောင်း၊ ကိုယ်ခန္ဓာ နေရာအတော်များများ မိုး ခွဲစိတ်ခဲ့ရသည်လို့ မေမေ ပြောသည်။ ဘာပဲပြောပြော မိုးဆီမှာ ထူးခြားဆန်းကျယ်တဲ့ အာရုံတစ်မျိုး သူ ခံစားရင်ဖို့ရတာကတော့ ထူးဆန်းသည်။

တစ်ခါတစ်ရံမှာ မိုးကို သူ ဖက်လိုက်မိတဲ့အခါ မိုးလက်ဖဝါးကို ဆုပ်ညှစ်မိတဲ့အခါတွေမှာ ထိုဆန်းကြယ်သောအာရုံကို ရမှုးတာပါ။

ဒါကို အထူးတလည် အကျယ်ချဲ့ မစဉ်းစားဖြစ်ခဲ့ပေမယ့် ခုလို ဘာမှန်းမသိတဲ့ ပဟေဠိကို နေရာနှစ်နေရာမှာ ကြုံကြိုက်ရတဲ့အခါမှာတော့ ထူးခြားမှုကို ဖျတ်ခနဲ ချက်ချင်းတွေးမိတော့တာပင်။ မာန်မင်းက ဓာတ်ပုံနှင့် လိပ်စာကို ကွန်မျူတာ ရိုက်ထားတဲ့ ကတ်ပြားလေးတို့ကို စာအိတ်ထဲ ပြန်ထည့်၊ စာအိတ်ကိုယူကာ ချက်ချင်းပင် စိတ်မြန်မြန်နှင့် ရုံးခန်းမှ ထွက်လာခဲ့ပါသည်။





ဒါဟာ ဘာဆိုတာ စုံစမ်းကြည့်လိုက်မှ သိမှာပေါ့။ ဓာတ်ပုံကလည်း မိုးပုံအစစ်ပဲဟာ။ ဒါတိုပေးပို့တဲ့သူဟာ ဘာရည်ရွယ်ချက်နှင့် မိုးကို မိုးမသိအောင် ဓာတ်ပုံလိုက်ရိုက်သလဲ။

မာန်မင်းသည် ရှုပ်ထွေးသော အတွေးတွေနှင့် မြောက်ဥက္ကလာဘက်သို့ ရောက်လာပါသည်။ သူ မကျွမ်းကျင်သော အရပ်ဖြစ်၍ ကားကိုရပ်ကာ ရပ်ကွက်အမည် လမ်းအမည်တို့ မေးရသည်။ သူတောင် မကျွမ်းကျင်တဲ့ အရပ်တစ်ခုမှာ မိုးအကြောင်း သွားစုံစမ်းရမည်ဆိုတော့ မိုးက ထိုရပ်ကွက်နှင့် ဘာများပတ်သက်နေသလဲ။

ဒီလိုနှင့်ပဲ မေးရင်း စမ်းရင်း မာန်မင်းသည် လိပ်စာထဲက(... ...)ရပ်ကွက်၊ (... ...)လမ်းထောင့်ဆိုတဲ့ နေရာကို တိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါသည်။ အဖြူပေါ် အနီရောင်စာလုံးရိုးရိုးနှင့် ဒေါ်ဒေါ်နု ထမင်းဆိုင်ဆိုတဲ့ ဆိုင်းဘုတ်ကိုတွေ့ပါပြီ။ သန့်သန့်ပြန့်ပြန့် ရှိပေမယ့် သားသားနားနားတော့ မဟုတ်သော သာမန်ရပ်ကွက်ထဲက ထမင်းဆိုင်ကလေးတစ်ဆိုင်မျှသာပင်။

အိမ်ရဲ့ရှေ့ ခြံဝိုင်းရဲ့ရှေ့မျက်နှာစာမှာ အမိုးကြီးထုတ်ထားပြီး ပလတ်စတစ်ခုံစားပွဲတွေ ခင်းကျင်းထားတဲ့ ဆိုင်မျိုးပင်။ သူလာတဲ့အချိန်က ထမင်းစားချိန်ပဲမို့ လူတွေလည်း ခပ်များများ ရှိနေသည်။ မာန်မင်းက ထမင်းဆိုင်ထဲ လှမ်းဝင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး ... လာပါ ... ကြွပါ၊ ဒီစားပွဲ အားပါတယ် ဘာသုံးဆောင်မလဲရှင့်"

ဒီထမင်းဆိုင်မျိုးဟာ သူတို့ မိုးတို့နှင့် မအပ်စပ်လှ တဲ့ ဆိုင်မျိုးပင်။ သူ့မှာလည်း စားချင်စိတ်ကို မရှိလှ၍ ...

"ထမင်းတော့ မစားတော့ဘူး၊ တစ်ခုလောက် စုံစမ်းချင် လို့ ရမလား"

"ဟုတ်ကဲ့၊ ထိုင်ပါ အစ်ကိုကြီး"

မာန်မင်းက ဝင်ထိုင်လိုက်ပါသည်။

"ထမင်းချိုင့် ဆွဲဖို့လား အစ်ကိုကြီး၊ ဒါမှမဟုတ် ဆွမ်းတော် အော်ဒါလား"

"အင်း ... အဲဒါတွေလည်း မဟုတ်ဘူးကွ၊ တခြားကိစ္စ တစ်ခု စုံစမ်းချင်တာပါ"

"ဟုတ်ကဲ့ ... ဒါဆို ဘာလဲမသိဘူး"

မာန်မင်းက စာအိတ်ထဲက ဓာတ်ပုံကိုဆွဲထုတ်လိုက် ကာ ...

"မင်းတို့များ ဒီမိန်းကလေးကို သိလားလို့"

နွယ်အေးက မာန်မင်း ပြတဲ့ ဓာတ်ပုံကို ခါးလေး ကိုင်းကာ ကြည့်လိုက်ရင်း ...

"ဟင် ... အစ်မဖုံပဲ"

"ဘယ်သူ"





"အစ်မဖုံလေ"

"အစ်မဖုံ !! ဒါ မိုးမေ ဆိုတဲ့ မိန်းကလေးပါ"

"ဟင် ... အစ်မဖုံ ဓာတ်ပုံကြီးကိုများ၊ အစ်ကိုကြီးကလည်း၊ ဒီဆိုင်က ဘယ်သူ့မေးမေး၊ မနှင်း ... မနှင်း ... လာပါဦး၊ ဒီဓာတ်ပုံလာကြည့်"

"ဟောတော့ ... မဖုံ ဓာတ်ပုံပါလား"

တစ်ယောက်ပြီးတစ်ယောက် ညီညီညွတ်ညွတ် တစ်သံတည်းဖြေနေတော့ရာ မာန်မင်း ဦးနှောက်ခြောက်ရတော့သည်။

"ဟဲ့ ... ဟိုကောင်မလေးတွေ ဘာလုပ်နေတာတုန်း"

"ဒေါ်ဒေါ်နုရေ၊ အစ်မဖုံ ဓာတ်ပုံကို သိလားလို့ လာမေးနေလို့"

ဒေါ်ဒေါ်နုပါ ကောင်တာစားပွဲက ဆင်းလာကာ စိတ်ဝင်တစားနှင့် ဓာတ်ပုံကို ဝင်ကြည့်ရင်း ...

"ဟဲ့ ... မိဖုံပဲ"

"အဲဒါ ဒီအစ်ကိုကြီးက မဟုတ်ဘူးတဲ့"

"အဒေါ် ... ဒါ မိုးမေ မဟုတ်ဘူးလား"

"မိဖုံလေ"

"မိဖုံ ဆိုတာ ဘယ်သူလဲ"

"မိဖုံ ဆိုတာ အရင်က ကျုပ်ဆိုင်က မိန်းကလေးပေါ့ ... သိပ်တော်တာ၊ သူ ရှိတုန်းက ရောင်းအားက ဒီလိုဘယ်



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်မလဲ၊ ဒီအချိန်မျိုး ဒီလိုစားပွဲလွတ်ကျန်တာ မဟုတ်ဘူး၊ ခုတော့ ဒီကောင်မတွေက မိဇုံလို အသုံးမကျလို့ ဒီလိုစားပွဲတွေ လွတ်နေတာ"

"သူက ဒီဆိုင်က အလုပ်သမား !! "

"ဟုတ်ပါတော်"

"အဒေါ်ကြီး သေချာကြည့်ပါဦး၊ ဒီပုံထဲက ဒီလောက်ချောတဲ့ လှတဲ့ အဆင့်အတန်းမြင့်တဲ့ ကောင်မလေးက ဒီထမင်းဆိုင်က အလုပ်သမား ဖြစ်နိုင်ပါ့မလား"

"ဒီမှာတုန်းကတော့ ရိုးကုပ်ကုပ်ပေါ့တော်၊ ဒီကထွက်သွားကတည်းက မမှတ်မိနိုင်အောင်ကို အပျံစား ဖြစ်သွားတာပဲ၊ သူဌေးသမီးပုံကို ပေါက်သွားတာ"

"သူက ဘယ်ကိုထွက်သွားတာလဲ"

"သူက သူဌေးမတစ်ယောက်ဆီမှာ အလုပ်လုပ်မယ်ဆိုပြီး ထွက်သွားတာ၊ ခုထိ အဲဒီမှာပဲ လုပ်နေမှာပေါ့။ ဒီနားတင် သူ့ကြီးတော်အိမ်လည်း ရှိတာပဲ၊ မယုံရင် သွားမေးလို့ရတယ် ငါ့တူလေး၊ ကိုယ့်ရပ်ကွက်ထဲကလူ၊ ကိုယ့်ဆိုင်ကလူ၊ လူမှားမလား၊ ဟောဒီကောင်က အဆစ်ပါသေး"

"သူက ဘယ်သူလဲ"

"သူက ဂျင် ဆိုတာ၊ မိဇုံ ရည်းစားပေါ့"

"ဗျာ ... ဘယ်သူ ! "





"မိဇုံရဲ့ရည်းစား၊ နှစ်ယောက်လုံးပုံ ပါနေမှတော့ မိဇုံအစစ်ပေါ့၊ ငါ့တူပြောတဲ့ မိုး ဆိုတဲ့ဟာဆိုရင် ဒီကောင်ဂျင်နဲ့ ဘာတွဲနေစရာလိုတုန်း၊ မိဇုံမို့ပေါ့၊ မယုံ သူ့ရည်းစားမေးပေါ့၊ ဟဲ့ ... နွယ်အေး၊ မောင်သန်း လက်ဖက်ရည်ဆိုင်မှာ ဂျင်များ ရှိနေလား သွားကြည့်ပေးလိုက်စမ်း၊ ရှိရင် ခေါ်ခဲ့၊ ဒီမှာ ဧည့်သည်ရောက်နေတယ်လို့"

မာန်မင်း ဘာမှမပြောနိုင်မီ သူတို့အစီအစဉ်နှင့်သူတို့ ခိုင်းတဲ့သူကခိုင်း ပြေးတဲ့သူကပြေး။ ချက်ချင်းလိုပင် နွယ်အေးဆိုတဲ့ ကောင်မလေး ပြန်ပြေးလာကာ ...

"ရှိတယ် ဒေါ်ဒေါ်နွဲ့၊ ခေါ်ခဲ့ပြီ၊ လာနေတယ်"

"ဒါနဲ့ မောင်ရင်က မိဇုံနဲ့ ဘာကိစ္စရှိလို့လဲ"

မာန်မင်းသည် ဘာစကားမှ မဆိုနိုင်အောင် ရင်ထဲမှာ ဆို့ပိတ်ကျပ်သိပ်နေပြီ။ တစ်ယောက်တလေရဲ့စကားမဟုတ်။ ရှိသမျှ လူအားလုံးရဲ့ တညီတညွတ်စကား။ သူ ရပ်တည်နေတဲ့ ကမ္ဘာမြေကြီးက မူမမှန်စွာ လည်ပတ်တုန်ဟည်းလာသလို ဘာမှ ဉာဏ်မီအောင် မစဉ်းစားနိုင်ဘဲ ပြာနှမ်းနှမ်း မှုံမိုက်မိုက်ဖြစ်နေပြီ။

ဘာတွေဖြစ်ကုန်တာလဲ။ မိုးက ဘာကြောင့် ဇုံဆိုတဲ့ မိန်းကလေးနဲ့ တူနေတာလဲ။ သူ့ဘေးမှာရှိနေခဲ့တာက ဇုံလား မိုးလား။ ဟင့်အင်း ... မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ဘူး။ မာန်မင်းသည် ဦးနှောက်ထဲ လေးခဲကျပ်တောက်ကာ ချွေးတွေလည်း ထွက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... လာပြီ၊ ဟဲ့ ... ဂျင် ဒီကိုလာ"

ဂျင်သည် ဒေါ်ဒေါ်နုရော ကောင်မလေး နှစ်ယောက် သုံးယောက်ပါ အနားကပ်အုံနေတဲ့ ဧည့်သည်ကို လှမ်းမမြင်သာဘဲ ဇဝေဇဝါနှင့် အနားလျှောက်လာကာ ...

"ဘာတုန်း ဒေါ်ဒေါ်နု"

"မိဖုံ ဧည့်သည်"

ကြားထဲကလူတွေ ဘေးရှဲပေးလိုက်၍ မာန်မင်းနှင့် ဂျင် မျက်နှာချင်းဆိုင် ဖြစ်သွားရပါသည်။ မာန်မင်းက ဂျင့်ကို ရှုံးရှုံးရဲရဲ စိုက်ကြည့်နေသော်လည်း ဂျင်က မာန်မင်းကို မြင်သည်နှင့် အလန့်တကြား မှုပျက်ကာ ...

"ဟာ"

ဆတ်ခနဲ လစ်ထွက်ဖို့ကြံတဲ့ ဂျင့်ကို ဒေါ်ဒေါ်နုက ဘုမသိ ဘမသိ ဆွဲထားရင်း ...

"ဟဲ့ ... လာ၊ ဒီမှာ လာထိုင်၊ ဒီမှာ မိဖုံကို မေးနေတာ"

"အာ ... ကျွန်တော်နဲ့မှ မသိတာ"

"နင်နဲ့ မသိလည်းပဲ ဘာဖြစ်လဲ၊ သူ မေးတာ ဖြေလိုက်ပါဦးဟဲ့"

ဒေါ်ဒေါ်နု လက်ဆွဲထား၍ ဂျင့်မှာ ရုန်းမရ ပြေးမရ။ ဖုံနှင့် ကားပေါ်အတူပါသွားတာ မြင်ဖူးကတည်းက ထူးခြားရှင်းသန့်တဲ့ ဒီလူ့ရုပ်ကို ခေါင်းထဲက မှတ်ဉာဏ်ထဲက မမေ့ပါ





ဒါဟာ မာန်မင်း။ ဖုံက ချစ်မိပါတယ်လို့ ဝန်ခံတဲ့ အမျိုးကောင်းသား။ သင်းကို မုန်းသည်။ ဒါပေမဲ့ ဂျင်သည် ဖုံ့ကိုသနားပါသည်။

မာန်မင်းကတော့ ဓာတ်ပုံထဲကလူနှင့် အပြင်ကလူကို တစ်လှည့်စီ တစ်လှည့်စီ တဖျပ်ဖျပ် ယှဉ်ကြည့်ကာ အံ့အားတသင့်ကြီး ဖြစ်နေသည်။ ဒီလူပဲလေ။ အစစ်ပဲ။ ရုပ်လေးက သနားကမားပေမယ့် သူ့ပုံပန်းဟာ အဆင့်မမြင့်။ လမ်းပေါ်က ကောင် တစ်ကောင်ပုံစံပဲ ပေါက်နေသည်။ မျက်နှာထားကလည်း ဂျစ်ကန်ကန်နဲ့။

ဒီလိုကောင်ကိုများ မိုးက လက်ဆွဲထားပြီး ဘာစကားပြောနေတာလဲ။ ဘာတွေ သွားပတ်သက်ထားတာလဲ။

"လွှတ်လေဗျာ ဒေါ်ဒေါ်နု၊ ဒီလူကဖြင့် ဘာမှလဲ မမေးဘဲနဲ့"

"ဟိုမှာဟဲ့ ... သူ့လက်ထဲမှာ ဓာတ်ပုံလေး၊ နင်နဲ့ မိဖုံပုံပါတယ်၊ အဲဒါ မိဖုံပါဆိုတာကို သူက ငြင်းနေတာ၊ ပြောပြလိုက်ဦး"

မာန်မင်းက ဓာတ်ပုံကို ဂျင့်ဘက် လှည့်ပြလိုက်ပါသည်။

"ဒါ ခင်ဗျားပုံလား"

ဂျင်သည် "ဟာ"ခနဲ ပါးစပ်ဟသွားရသည်။ ကြည့်စမ်း။ ဒါ မာန်မင်း ရုံးအောက်ကို သူ ရောက်သွားတဲ့နေ့က ရိုက်ထားတဲ့ပုံပဲ။ သူ လစ်ပြေးမယ်ကြံလို့ ဖုံ လိုက်ဆွဲတုန်း ရိုက်ယူ



www.burmeseclassic.com

www.burmeseclassic.com



ထားတာ။ ဘယ်သူရိုက်တာလဲ။ ဘယ်သူရှိမလဲ။ ဟိုမိန်းမပဲပေါ့။ အဲဒီနေ့က ချိန်းဆိုဆက်သွယ်ပြီး ဂျင့်ကို မာန်မင်းရဲ့ရုံးလိပ်စာ ဖုန်းနံပါတ်တို့ သူပေးသည်။

ဂျင်သွားတဲ့အခါ သူပါ နောက်ယောင်ခံလိုက်ပါလာ တာပေါ့။ ဒီဓာတ်ပုံကို လိုက်ခိုးရိုက်မယ့်သူ လောကမှာ ဒီမိန်းမ အပြင် တခြားမရှိနိုင်ပါဘူး။ ဂျင်နှင့် မာန်မင်း ဆုံတွေ့တဲ့ အချ အနေကို သူ တစ်နေရာက စောင့်ကြည့်ဖို့ ပါလာပုံရကာ မျှော် လင့်ဘဲ နံ့ပါ ရောက်လာတော့ ကြုံကြိုက်တုန်း တွဲလျက်ပုံ ရိုက် ယူထားလိုက်တာနေမှာ။

ပြီးတော့ မာန်မင်းထံ ပို့လွှတ်လိုက်သည်။ အတော် အကျင့်ယုတ်တဲ့မိန်းမ။ အဲဒီနေ့က မာန်မင်းနှင့် မတွေ့ဖြစ်တော့ ဘဲ နံ့နှင့် လမ်းခွဲပြန်လာပြီးတဲ့နောက် ဂျင်က မဝါဝါထံ သူပေး ထားတဲ့ ဖုန်းနံပါတ်နှင့် လှမ်းဆက်လိုက်ပါသည်။

"ကျွန်တော် ကိုမာန်မင်းနဲ့ မတွေ့ဖြစ်ခဲ့ဘူး၊ ကျွန်တော် ဒီကိစ္စထဲ ဝင်မပါချင်တော့ဘူးဗျာ၊ ခင်ဗျားပေးမယ့် ပိုက်ဆံကို လည်း မယူတော့ဘူးဗျာ၊ ကျွန်တော် ကိုမာန်မင်းကို အဲဒီ စကား မပြောတော့ဘူး"

ဒီတုန်းက သူက ...

"ပြီးတာပဲလေ"တဲ့။ အသာတကြည်ပဲ အငြင်းအခုံ မရှိ အလွယ်တကူ ပြီးပြတ်သွားတာကို ဂျင့်မှာတောင် ရင်ထဲ





သွားခဲ့ရသေးသည်။ ဒီဓာတ်ပုံရသွားတော့ သူက အသာတကြည် နေလိုက်တာပေါ့။

"တောက်"

"ခင်ဗျားပုံ ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် သူက ဘယ်သူလဲ"

ဂျင်က မထိလေးစားနှင့် ...

"သူကဘယ်သူလဲ ခင်ဗျား သိရမှာပေါ့"

"ခင်ဗျားကို မေးနေတာပါ၊ ဒီကလူတွေက သူ့ပုံကိုကြည့် ပြီး 'နံ့'လို့ ပြောနေတယ်"

"နံ့ ...၊ ဘာနံ့လဲ၊ အပူပိုင်းနံ့လား"

"ခင်ဗျား ကောင်းကောင်းဖြေပေးပါ ကိုဂျင်၊ ဒီကိစ္စက ကျွန်တော့်အတွက် အသက်မက အရေးကြီးနေလို့ပါ"

ဂျင်က ဖြူဆုတ်ဆုတ် ဖြစ်နေတဲ့ မာန်မင်းမျက်နှာကို သက်ပြင်းတစ်ချက်နှင့် ကြည့်လိုက်ရင်း ...

"ခင်ဗျား ရူးနေလား ကိုမာန်မင်း၊ ဒါ ခင်ဗျားမိန်းမ မမိုးမေခ မဟုတ်ဘူးလား၊ ဘာဖြစ်လို့ ကျုပ်ကိုလာမေးနေ ရတာလဲ"

"ဟင်"

"ဟဲ့ ... ဂျင်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကြီးတို့က အသာနေစမ်းပါဗျာ၊ ကိုယ့်အလုပ် ကိုယ်သွားလုပ်ကြစမ်းပါ၊ ဒီနား ဝိုင်းအုံပြီး ရှုပ်လိုက်တာ"

"ခင်ဗျား ... ခင်ဗျား ပြောလိုက်တာ ဒါ မိုးမေခ ဟုတ် လား"

"ဟုတ်တယ်လေ၊ ခင်ဗျားက မသိဘူး၊ ဖြစ်နိုင်ပါ့မလား"

"ဒါ ... မိုး အစစ်ပေါ့"

"အစစ်ပေါ့"

"ဒါဖြင့် မိုးနဲ့ ခင်ဗျားက ဘယ်လိုလုပ် သိတာလဲ၊ ဘာ လိုပတ်သက်မှုရှိလဲ"

ဂျင်က ခေါင်းကို တဂျစ်ဂျစ်ကုတ်ရင်း ...

"ဟိုလေဗျာ၊ ဟိုအရင်က ခင်ဗျားတို့တောင် မယူခင် ကျွန်တော်က သူတို့အိမ်မှာ ဟိုသင်း ... အလုပ်လုပ် တယ်"

"ဘာအလုပ်လဲ၊ ကျွန်တော်လည်း မသိပါလား"

"ခင်ဗျား ဘယ်သိမလဲ၊ ခင်ဗျားနဲ့ ကျွန်တော်မှ မဆုံ တာ၊ ကျွန်တော်က နှစ်ပတ်တစ်ကြိမ်လောက် မြက်လာ တာ၊ ဒါတောင် နှစ်လလောက်ပါပဲ"

ဒေါ်ဒေါ်နု၊ နွယ်အေး၊ မိနှင်း၊ မခင်စန်းတို့ အား ဂျင့်ကို တအံ့တသြနှင့် ပါးစပ်အဟောင်းသားဟကာ စိုက်ကြ နေကြသည်မှာ တခြားစားပွဲတွေကိုပင် ဂရုမစိုက်နိုင်တော့ပေ





"မိုးတို့အိမ်မှာ မြက်ရိတ်ဖူးတယ်"

"ဟုတ်တယ်"

ဂျင်က ခပ်တည်တည် ခေါင်းညိတ်ရင်း အဲဒီအိမ် မှာ မြက်မရှိရင် ပြဿနာပဲလို့ တွေးမိသည်။ အို၀ေ ... သူ့ရွှေ အိမ်ပဲ။ မြက်ခင်း ရှိမှာပါ။

"ကဲ ... ထားပါတော့၊ ဒီပုံထဲမှာ ခင်ဗျားလက်ကို မိုးက ဘာဖြစ်လို့ ဆွဲထားတာလဲ"

"အဲဒီနေ့က မမိုးမေခကို သံဈေးနားမှာ ဘွားခနဲ သွား တွေ့လို့ ကျွန်တော်က လှည့်ပြေးတာ၊ အဲဒါကြောင့် အစ်မ က လှမ်းဆွဲတာ"

"ခင်ဗျားက ဘာဖြစ်လို့ လှည့်ပြေးတာလဲ၊ ပြေးတော့ရော သူက ဘာကြောင့် လှမ်းဆွဲထားရတာလဲ၊ ခင်ဗျား ပေါက်က ရတွေ ညာပြောမယ် မကြံနဲ့နော်"

"မကြံဘူးဗျာ၊ ကျုပ်က အဲဒီအိမ်မှာ မြက်ရိတ်တုန်းက လေးခါလောက်လည်း ရိတ်ပြီးရော အဖေနေမကောင်းဘူး ပြောပြီး သူတို့ဆီက ပိုက်ဆံတစ်သောင်းခွဲလောက် ကြို ထုတ်ပေးဖို့ ချေးတယ်၊ သူတို့ကလည်း ချေးပေးလိုက်တယ်၊ ကျုပ်ကလည်း နောက်နေ့ကစပြီး အဲဒီအိမ်ကို လုံး၀မရောက် တော့ဘူး၊ ခုထိပဲ"



www.burmeseclassic.com

www.burmeseclassic.com



မာန်မင်းက ဂျင့်ကို သဲသဲယယမကင်း စိုက်ကြည့်နေရင်း ...

"ဒီတော့ ခင်ဗျားကို မြင်တာနဲ့ မိုးက ဖမ်းဆွဲပြီး ဗိုက်ခံဆပ်ဖို့ တောင်းတယ်ပေါ့၊ အဲသလိုလား"

"ဒါပေါ့ဗျ"

"ဟဲ့ ... ဂျင်"

"ဟာ ... အဲဒီ ဒေါ်နုကြီးတစ်ယောက် ဘယ်လိုများဖြစ်နေတာလဲ၊ ကိုယ်နဲ့လည်း မဆိုင်ဘဲနဲ့ ခပ်ဝေးဝေး နေစမ်းပါဗျ၊ ကျွတ်"

"ဟဲ့ ... နင့်ဟာနင် အဲဒီ မိုးဘယ်သူ ... မိုးမေခ ဟုတ်လား၊ သူနဲ့ သိချင်သိ မသိချင်နေ၊ မြက်ရိတ်ချင်ရိတ်၊ ပေါက်တူးပေါက်ရင်ပေါက်၊ ဒီပုံထဲက ဟာကတော့ ဖုံမှ ဖုံပဲ မဟုတ်လား"

"ဟောဗျာ ... ဒီ ဒေါ်နုကြီးနဲ့တော့ ခက်နေပါပြီ၊ မဟုတ်ဘူးဆို မဟုတ်ဘူးပေါ့ဗျာ၊ ဘာလို့ လက်ပေါက်ကပ်နေလဲ၊ ခင်ဗျားတို့ ဖုံက ဒီပုံထဲက သူဌေးသမီး ဖြစ်နိုင်ပါ့မလား၊ ပြဿနာတော့ တက်တော့မှာပဲ၊ မိဖုံက မိဖုံ၊ သူဌေးသမီး က သူဌေးသမီး၊ တခြားစီ"

"ဒါဖြင့် ခင်ဗျားပြောတဲ့ မိဖုံ၊ အခုဘယ်မှာလဲ"

"သူဌေးအိမ် တစ်အိမ်မှာ အလုပ်သွားလုပ်တယ်"





"ဟုတ်တယ်၊ ဒါတော့ ဟုတ်တယ်"

ဒေါ်နုက ဝင်ထောက်ခံ၍ ဂျင်က ဒေါ်နုကို ဘုကြည့်ကြည့်လိုက်ပါသည်။

"ဒီတော့ ဘာပဲဖြစ်ဖြစ်ဗျာ ဒီအဒေါ်တို့ ပြောပုံအရဆိုရင် အဲဒီ မိဖုံ ဆိုတာဟာ ကျွန်တော့်မိန်းမ မိုးမေခနဲ့ ရုပ်ချင်း ချွတ်စွပ်တူနေတဲ့ သဘောပေါ့"

"အာ ... နည်းနည်းပါးပါး ဆင်တယ်ဆိုရုံပေါ့၊ ခင်ဗျားကလည်း၊ ချွတ်စွပ်တော့ တူနိုင်ပါ့မလား၊ သူတို့ပြောတိုင်း ယုံမနေပါနဲ့ဗျာ"

"ခုန ဒီအဒေါ်ကြီးပြောတာ ခင်ဗျားက မိဖုံရဲ့ ရည်းစားတဲ့"

"ကျွတ်"

"ဒါဆိုရင် ခင်ဗျားက အဲဒီ မိဖုံနဲ့ရော မိုးမေခနဲ့ရော နှစ်ယောက်စလုံးကိုသိတဲ့ တစ်ဦးတည်းသောသူ ဖြစ်နေတယ်။ ဒီတော့ ခင်ဗျား ကျွန်တော်နဲ့ လိုက်ခဲ့ပါ"

"အာ ... ဘယ်ကိုလဲ၊ ဘာကိစ္စလဲ၊ ဘာလို့လိုက်ရမှာလဲ၊ ကျွန်တော် မအားဘူး"

"မရဘူး၊ ခင်ဗျား အခုလိုက်ခဲ့ပါ၊ ခင်ဗျား မလိုက်ခဲ့ရင် ဒီပြဿနာက ကြီးထွားသွားလိမ့်မယ်၊ လုံးဝမငြင်းနဲ့ လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



မာန်မင်းက အံကြိတ်သံနှင့်ပြောပြီး ဂျင့်ကို လက်မောင်းတစ်ဖက်မှ ဆုပ်ကိုင်၍ ဆွဲခေါ်သွားပါသည်။ အရပ်ခြောက်ပေနီးနီးနှင့် ထွားထွားကျိုင်းကျိုင်း မာန်မင်းရဲ့လက်ထဲမှာ ငါးပေခုနစ်လက်မ ရှစ်လက်မ အရပ်လောက်နှင့် ပိန်ရှုံလိန်ချုံ လူ့ဗလံ ဂျင်တစ်ယောက် မရုန်းနိုင်ဘဲ တရွတ်ဆွဲ ပါသွားရပါသည်။

မာန်မင်းက ဂျင့်ကို သူ့နံဘေးခုံမှာ ထိုင်စေပြီး ကားကို စက်နှိုးမောင်းထွက်လာခဲ့ပါသည်။ စိတ်လှုပ်ရှားနေတာ သိသာလွန်းတဲ့ မာန်မင်းကို အကဲခတ်ရင်း ဂျင်လည်း ရင်တထိတ်ထိတ်ပင်။ မာန်မင်းက ဖုန်းထုတ်ကာ အိမ်ကိုဆက်လိုက်သည်။

"အေး ... ချွေမြင့်လား၊ နှင့် မမမိုး ရှိလား၊ ဖုန်းပေးလိုက်"

"... ... ..."

"မိုးလား၊ မောင် အခု အိမ်ပြန်လာနေတယ်၊ ကိစ္စလေး တစ်ခုရှိလို့ ခြံတံခါးဝမှာ မိုး ထွက်စောင့်နေပါ၊ မဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး၊ ကိစ္စရှိလို့၊ ဒါပဲနော်"

မာန်မင်းက ဖုန်းကိုပိတ်ကာ ကားကို တရိပ်ရိပ် အရှိန်မြှင့်လိုက်ပါသည်။

✧❤✧





၁၅

ဖုံသည် မာန်မင်းရဲ့ ကားတစ်ဖက်က ဆင်းလာတဲ့ ဂျင့်ကိုမြင်လျှင် အံ့အားသင့်ခြင်းနှင့် ဒေါသဖြစ်ခြင်း တစ်ဆက်တည်း ပြည့်အန်လျှံထွက်မတတ် တုန်လှုပ်သွားရသည်။ ဂျင်က သူ့ကို ရှုံ့မဲ့သော မျက်နှာနှင့် အသနားခံသလို ကြည့်နေပါသည်။ တကယ်တော့ ဖုံ့ကို အထင်မလွဲပါနဲ့လို့ ဂျင်က ပြောချင်နေတာ၊ မာန်မင်းရှေ့မို့ မပြောသာ။

"မိုး ... မင်း သူ့ကိုသိလား"

"ရှင်"

ဖုံသည် ခန္ဓာကိုယ်လေးပင် တုန်သွားရသည်။

"သိတယ်လေ ... မမိုး၊ ကျွန်တော်က မမိုးတို့အိမ်မှာ ..."

"ခင်ဗျား ပါးစပ် တစ်ဆိတ် ပိတ်ထားပေးပါ၊ ဘာမှမပြောပါနဲ့၊ သူ ဖြေတာ ကျွန်တော် ကြားချင်တာ၊ ကဲ ... မိုး၊ ဖြေပါဦး"



www.burmeseclassic.com

www.burmeseclassic.com



နုံက ဂျင့်ကို အကဲခတ်သည်။ ဂျင့်ထံက "မမိုး"ဆိုတဲ့ ခေါ်သံကြောင့် ဂျင်ဟာ မာန်မင်း ထံမှာ နုံ ဆိုတာကို သိစေမထားဘူးလို့ နုံ နားလည်ရသည်။

"သိ ... သိတယ်လေ"

"ဘယ်သူလဲ သူက"

"သူက ... ဟို ... မိုးတို့အိမ်က အလုပ်သမား"

ဂျင့်ရဲ့စကားစ,အရ ဒီလိုပဲ ဖြစ်ဖို့ရှိတယ် မဟုတ်လား။ ဂျင်လိုပုံစံမျိုး လူတစ်ယောက်ဟာ ဦးတင်ထွဋ် ခေါ်မေဖြူတို့အိမ်မှာ အလုပ်သမားပဲ ဖြစ်နိုင်ချေရှိတာပေါ့။

"ဘာအလုပ်သမားလဲ"

"ဒီလိုပဲ ... တို ... တောက်တိုမယ်ရ ... ဟို ..."

"နောက်ဆုံးကျတော့ မြိတ်ရိတ်တာလေ၊ အရေးမကြီးတာကို ခင်ဗျား ဘာလို့ဆက်မေးနေတာလဲ ကိုမာန်မင်း"

"ခင်ဗျားကို ကျွန်တော် ဝင်မပြောပါနဲ့လို့ ပြောတယ်မဟုတ်လား"

"ပိုက်ဆံကြိုယူပြီး ပြန်မဆပ်လို့ မမိုးက ကျွန်တော့်ကိုတွေ့တော့ အတင်းဖမ်းဆွဲထားတာ၊ ဒါပဲ"

"ခင်ဗျား တော်မလား မတော်ဘူးလား"

နုံသည် ဂျင် ပြောသမျှကို လိုက်မီအောင် မနည်းကြီး နားစွင့်နေရပါသည်။ နားလည်အောင် မနည်းဖော်ယူနေရပါ



သည်။ မာန်မင်း တစ်စုံတစ်ရာ သိသွားလို့ (သို့မဟုတ်) ရိပ်မိလို့ ပေါ်ပေါက်လာတဲ့ ပြဿနာကို ဂျင်က ရှင်းနေတာ။ ဒီလိုတော့ နားလည်သည်။ မာန်မင်းနဲ့ ဂျင် ဘယ်မှာများ သွားတွေ့လာတာပါလိမ့်။

"မမိုး ... မမိုးနဲ့ ကျွန်တော် သံဈေးနားမှာ စကားရပ်ပြောတဲ့ပုံကို တစ်ယောက်ယောက်က ဓာတ်ပုံ ခိုးရိုက်ထားတယ်"

"ဘာ"

"ကျွန်တော့်ကို မမိုးက ပိုက်ဆံပြန်ဆပ်ဖို့ အတင်းဖမ်းဆွဲပြောနေတုန်း"

မာန်မင်းက နှုတ်ခမ်းကို ထင်းတင်းစေ့ ခေါင်းကို တညိတ်ညိတ်ပြုကာ ဂျင်ကိုတစ်လှည့် မိုးမေခလား နုံဆိုလားမသိတဲ့ မိန်းကလေးကိုတစ်လှည့် အကဲခတ်ပါသည်။ ဂျင်ဟာ ဘာတွေဖြစ်နေတယ် ဆိုတာကို မိုးသိအောင် ရှေ့ကခင်းပြီး ပြောပြနေတာပဲ။ စကားမမှားအောင် မလွဲအောင် လုပ်နေတာ သိသိသာသာကြီး။

တစ်ခုခု ပေါ်သွားမှာ မျက်ကလဲဆန်ပျာ စိုးရိမ်နေတဲ့ ဂျင့်ပုံစံနှင့် အလန့်တကြားဖြစ်နေတဲ့ မိုးရဲ့ပုံစံ။ သူတို့နှစ်ဦးဟာ သူဌေးသမီးနဲ့ မြက်ရိတ်သမားအဖြစ် မဟုတ်ဘဲ ရင်းနှီးမှုရှိကို ရှိခဲ့တာ။ အမှန်တိုင်းဆို မာန်မာနကြီးမားတဲ့ မိုးမေခသို့ မိန်းက

www.burmeseclassic.com

www.burmeseclassic.com



လေးဟာ သူ့ခြံက မြက်ရိုင်းသမားကို အဖက်လုပ်ပြီး စကားတောင် ပြောမှာမဟုတ်။

"မောင် ... အခု မောင် ဘာဖြစ်နေတာလဲ၊ သူ့ကို ဘယ်မှာတွေ့လာတာလဲ"

မာန်မင်းသည် အသည်းနှလုံးတွေ ပြုတ်ကြွေကျမလို စိတ်လှုပ်ရှား ထိခိုက်ခြင်းနှင့် မိုးကို စိုက်ကြည့်နေရင်း ...

"ဒေါ်ဒေါ်နု ထမင်းဆိုင်က ခေါ်လာတာ"

"ရှင်"

ဖုံ့မျက်နှာ ကွက်ခနဲ ပျက်သွားကာ ကြိုရာမရ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရပါသည်။ သူ သိကုန်ပြီပဲ။ ဖုံ တစ်ယောက်တည်း ဒီကိစ္စကို ရင်ဆိုင်ဖြေရှင်းဖို့ မစွမ်း၍ ခြံထဲပြန်ဝင်ဖို့ ပြင်လိုက်သည်။

အန်တီဆွေနှင့်အတူ ဖြေရှင်းမှ ဖြစ်မှာလေ။

မာန်မင်းက ဖုံ့လက်ကို ဖမ်းဆွဲရင်း ...

"ဘယ်လဲ မိုး"

"ဟို ... ဟို ... အိမ်ထဲဝင်တော့မယ်လေ"

"ထွက်ပြေးတာလား"

"မပြေးပါဘူး၊ မိုးက ဘာဖြစ်လို့ ထွက်ပြေးရမှာလဲ မောင်ရဲ့"

မာန်မင်းက မိုးလက်ကို မလွှတ်ဘဲ ...





"ကဲ ... ကိုဂျင်၊ ခင်ဗျားက နှစ်ယောက်စလုံးကို သိတယ်လို့ ဆိုထားတဲ့သူ၊ ပြောစမ်းပါဗျာ၊ ဒါ မိုးမေခလား မိစုံလား"

ဖုံသည် အသက်ရှူရပ်သွားသလို ရင်ထဲမွန်းပြီး အောင့်သွားရပါသည်။

"အဲဒါ မိုးမေခ ပေါ့ဗျ"

"ဒါ မိုးမေခ ဟုတ်လား"

"ဟုတ်တယ်"

"ကျုပ် မိန်းမပေါ့"

"အင်းပေါ့"

"သေချာတယ်နော်"

"ကျွတ် ... ခင်ဗျားကလည်းဗျာ"

"ဒါဖြင့် ပြီးတာပဲ၊ ကျုပ်မိန်းမ ကျုပ် ဘာလုပ်လုပ်၊ ဒီအိမ်မှာ အဖေအမေကအစ ကိုယ့်မိန်းမကို ဒိန်းမလို ဆက်ဆံခွင့်မရှိအောင် ဟိုဟာကန့်ကွက် ဒီပဟာပိတ်ပင်နဲ့၊ လာခဲ့ ... မိုး၊ အခုကစပြီး ဟိုအိမ်ကို ပြောင်းမယ်၊ လုံးဝ ဒီမှာမနေတော့ဘူး"

မာန်မင်းက ဖုံ့ကို ကားပေါ်တွန်းထည့်လိုက်ပါသည်။

"မောင် ... မောင်"

"ဘာမှမပြောနဲ့ မိုး"



www.burmeseclassic.com

www.burmeseclassic.com



"မောင် ဟိုအိမ်သွားရင်လည်း ကိုယ့်ပစ္စည်းလေး အဝတ်အစားလေးတော့ ..."

"အဲဒါတွေ မပူနဲ့၊ အားလုံး နောက်မှ၊ မင်းနဲ့ငါ ဟိုအိမ်မှာ အတူတူနေဖြစ်ဖို့ အဓိကပဲ"

"မောင် ... ဒါပေမဲ့ ... ဟို ..."

"ဘာမှ မပြောနဲ့တော့"

မာန်မင်းက ကားထဲဝင် သော့တွေချကာ ကားကို စက်နှိုးလိုက်၍ ဖုံသည် မျက်လုံးကလေးရွှာလည်ကာ ဂျင့်ထံ လှည့်ကြည့်လိုက်မိသည်။ ဂျင်က ကားမှန်ကို စိုးရိမ်တကြီးလက်နှင့် လာခေါက်သေးသည်။ မာန်မင်းက ဖုံနှင့် ဂျင့်ကို လှည့်ကြည့်ရင်း ...

"မင်းနဲ့ ဒီကောင် တခြား ဘာပတ်သက်လဲ"

"ဟင့် ... ဟင့်အင်း၊ မ ... မပတ်သက်ပါဘူး မောင်ရယ်"

"ဒါဖြင့် ပြီးတာပဲ၊ မင်းက ငါချစ်တဲ့ မိုးမေခပေါ့"

ဖုံက မျက်လုံးလေး မှေးမှိတ် ခေါင်းညိတ်ရင်း ...

"မောင့်ကို သိပ်ချစ်တဲ့ မိုးပါ မောင်ရယ်"

✧ ❤ ✧



"မောင် ... ချမ်းသာပေးပါ၊ ကျွန်မကို ချမ်းသာပေးပါ"

"မင်း ဘာတွေပြောနေတာလဲ မိုး၊ ဘာကိုချမ်းသာပေးရမှာလဲ"

မာန်မင်း ဖက်တွေးထားတဲ့ လက်ထဲမှ အတင်းရုန်းကန်ထွက်နေတဲ့ ဖုံမှာ ခွန်အားချင်းကမမျှ၍ သူ့လက်အားသန်သန်များမှ မလွတ်နိုင်ဘဲ သူ့ရင်ခွင်ထဲ ပြားပြားညှပ်ညှပ် ကပ်နေရတော့သည်။ ဒီလိုဆိုတော့ ဖုံ ကြောက်သည်။ မာန်မင်းမှာ သံသယတွေ ဒေါသတွေ အယုံကြည် ကင်းမဲ့ခြင်းတွေ၊ တဇွတ်ထိုး ရမ်းကားပစ်လိုခြင်းတွေနှင့် သူ့ရင်ထဲရော ဦးနှောက်ထဲပါ ဆူပွက်ရှုပ်ထွေးနေပြီ။

ဖုံ့ကို မိုးမေခရယ်လို့ အတိအကျ သူ မယုံကြည်တော့ပါ။ မိုးမေခလိုလို မိဖုံဆိုတဲ့ သူ မသိတဲ့ မိန်းကလေးလိုလို၊ ဘာကိုယုံကြည်ရမယ် မသိဘဲ ဒေါသတွေ ဖြစ်နေတာ။ လက်သည်တရားခံဟာ မဝါဝါပဲ။ သူပဲနေမှာ။ ကားပေါ်မှာ ပါလာရင်း မာန်မင်းပြလို့ ဓာတ်ပုံကို မြင်ရပြီးပါပြီ။ ဂျင်နဲ့ ဖုံ့ကို တကူးတက လိုက်ချောင်းပြီး ဓာတ်ပုံရိုက်မယ့်သူဟာ မဝါဝါ တစ်ယောက်သာ ရှိတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



အန်တီဆွေ့ကို မုတိုင်ပင်ရသေးဘဲနဲ့ "ကျွန်မ ... နဲ့ပါ" ရယ်လို့လည်း မပြောရဲ။ မိုးမေခ မဟုတ်ပါဘူးဆိုတဲ့ ဝန်ခံမှုဟာ ဖုံ့ကို ထိခိုက်နိုင်တာထက် သူ့ကို ထိခိုက်နိုင်တာက ပိုတာမဟုတ်လား။

အက်ဖ်အမ်မ်အိုင် အိမ်သော့က သူ့ကားထဲမှာ အသင့်ရှိနေတာ။ သော့ခတ်ထားတဲ့အိမ်ကို သော့ဖွင့်ဝင်လာပြီးတဲ့နောက် ပထမတော့ သူက ဖုံ့ကို လတ်ပိုက်ရပ်ကြည့်နေသည်။ ဖုံ့သည် အင်မတန် ချစ်စရာကောင်းအောင် ပြင်ဆင်ထားတဲ့ အိမ်ကလေးကို ရင်ထိတ်ထိတ်နှင့် လှည့်ပတ်ကြည့်ရင်း မာန်မင်းကိုလည်း ရင်မဆိုင်ရဲဘဲ မျက်နှာလွှဲထားပါသည်။

အတော်ကြီးကြာမှ မာန်မင်းက ဖုံ့လက်ကိုဆွဲကာ ဆိုဖာပေါ် ထိုင်စေလိုက်သည်။ အဲဒီ နှစ်ယောက်ထိုင်ဆိုဖာပေါ် သူပါ ဖုံ့နှင့်အတူ ပူးကပ်ထိုင်လိုက်ကာ ဖုံ့ကိုဖက်ထားလိုက်တာမို့ ဖုံ့က အလန့်တကြားနှင့် ညာတာပါတော့ ရုန်းထွက်ထ,ကာ နံရံပေါ်က ပန်းချီကားလေးတွေကို လိုက်ကြည့်နေလိုက်ပါသည်။

"မိုး ... ဒီကို လာထိုင်"

"မိုး ပန်းချီကားတွေ ကြည့်ဦးမယ်၊ ဒီပုံလေးက ချစ်စရာလေး၊ ကလေးဆွဲထားတာလေး ကျနေတာပဲနော်"

ဖုံ့က စကားလျှောက်လိုးလွှဲ ပြောနေတာပင်။ ဖုံ့ပြလိုက်တဲ့ ပန်းချီကားလေးက စာခြောက်ရပ်လို လက်ကားယားခြေကားယား တစ်ကြောင်းဆွဲ ဆွဲထားတဲ့ ကောင်လေးတစ်ယောက်





နဲ့ ကောင်မလေးတစ်ယောက်ပုံ၊ နောက်ဘက်မှာ အဝါရောင်နေကြာပွင့်လို ပန်းပွင့်လေးတွေ ကျိုးတိုးကျဲတဲ။

လေးငါးတန်းအရွယ် ကလေးတစ်ယောက် ဆွဲထားတဲ့ လက်ရာမျိုးဖြစ်တဲ့ ပန်းချီကားလေးကို သစ်သားဘောင်အနက်လေးနှင့်ကွပ်ကာ ထမင်းစားခန်းဘက်အဝင် နံရံမှာချိတ်ဆွဲထားတာ ဖြစ်ပါသည်။

မာန်မင်းသည် ဖုံ့ကို စူးစူးရဲရဲ ကြည့်နေရာမှ ...

"မင်း ကြိုက်လား၊ အဲဒီပုံ"

"အင်း ... ချစ်စရာလေး မောင်ရဲ့"

ဖုံ့သည် လန့်နေတဲ့ကြားက အသံမတုန်အောင် ထိန်းပြောနေရပါသည်။

"ပုံအောက်မှာ ဆိုင်းထိုးထားတယ်လေ၊ ပန်းချီဆရာမ နာမည် ဖတ်ကြည့်ပါလား"

ဖုံ့က ဖတ်ကြည့်ရင်း ...

"ဟင် ... ဆိုင်းက ရှုပ်နေတယ်၊ နာမည်ဖတ်မရပါဘူး မောင်ရယ်"

"ဘယ်သူဆွဲလဲ မသိရဘူးပေါ့"

"ဟင့်အင်း"

မာန်မင်းက ထိုင်ရာမှထကာ ဖုံ့ရှိရာ လျှောက်လာပါသည်။ အနားရောက်လျှင် ဖုံ့ကို ဖျတ်ခနဲ ကျပ်တည်းစွာ သိုင်းဖက်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မင်း ဆွဲထားတာလေ မိုး၊ မင်း ဘာဖြစ်လို့ မသိရတာလဲ၊ အောက်ကဆိုင်းက မင်း ထိုးထားတာ၊ မင်း လက်မှတ်လေ"

ဇုံ ပါးစပ်လေး ဟသွားရသည်။

"လူလိမ်မ"

ဇုံသည် အရမ်းလန့်သွားပြီး တင်းမာအေးစက်နေတဲ့ မာန်မင်း မျက်နှာကို မော့ကြည့်ကာ ရန်းကန်ထွက်ရင်း ...

"မောင် ချမ်းသာပေးပါ၊ ကျွန်မကို ချမ်းသာပေးပါ"

"မင်း ဘာတွေပြောနေတာလဲ၊ ဘာကို ချမ်းသာပေးရမှာလဲ"

"မိုး ... မိုး ...၊ ကျွန်မ ... ကျွန်မ အိမ်ပြန်ပါရစေ"

"ဘယ်အိမ်လဲ၊ ဒါ ငါတို့အိမ်လေ၊ ဒီမှာပဲ နေတော့မှာ"

"မိုး ... မိုးကိုလွှတ်ပါ မောင်ရယ်"

"ဘာဖြစ်လို့ လွှတ်ရမှာလဲ၊ မင်းက မိုးဆို၊ မိုးဆိုရင် ငါ့မိန်းမလေ၊ ငါ့မိန်းမ ငါဖက်ထားတာ ဘာဖြစ်လဲ၊ ဖက်ချင်တာ မကလို့ ဘာလုပ်လုပ်"

မာန်မင်းက ပြောရင်း ကတုန်ကယင် လှိုက်လှဲလာသည်။ သူ နားလည်နေပြီပဲ။ ဒီမိန်းကလေးဟာ ဘယ်လိုမှ မိုး မဖြစ်နိုင်ဘူးဆိုတာ။ သူ့ရင်တွေ နာကျင်ကာ ပေါက်ကွဲမတတ် ဖြစ်နေပြီ။ အရင်ကတည်းကတော့ ကွဲလွဲမှုလို့ ထင်နိုင်တာလေးတွေ ရှိနေ သိနေပေမယ့် စိတ်က ယုံကြည်ထားတာရယ်၊ ယုံကြည်ချင် စိတ်ကလည်းပဲ ပြင်းထန်လွန်းတာရယ်တို့ကြောင့် သတိမပြုမိတာ





ခုတော့ ... သတိပြုမိစရာတွေ အများကြီး ထွက်လာသည်။ သူကလေး ... သူ့ရင်ခွင်ထဲက မိန်းကလေးဟာ မိုး မဟုတ်ဘူးတဲ့။ မိုးမဟုတ်တဲ့ မိန်းကလေးတစ်ယောက်။ သူ့မှာတော့ မသိရဘဲ ချစ်လိုက်ရတာ။ အရင်ကထက် ပိုနူးညံ့ ပိုသိမ်မွေ့ ပိုလိမ္မာလာကာ သူ့အပေါ်လည်း ပိုပြီး အလိုလိုက်အောက်သက် ကြေလာတဲ့ မိုးလေးကို ချစ်လိုက်ရတာဆိုတာ။ မိုး ခများလေး နေမကောင်းသေးဘူးဆိုပြီး လက်ဖျားလေးနဲ့တောင်မှ မထိရက် မတို့ရက်။ နဖူးလေး နမ်းမိတာတောင် ကြမ်းကြမ်းလေးဖိပြီး မနမ်းရက်။

မင်း ... မင်းက မိုး မဟုတ်ဘူးတဲ့ကိုး။

"မင်း ... မင်း ... ငါ့ကို လိမ်နေတာပေါ့။ မိုးမဟုတ်ဘဲနဲ့ မိုးဆိုပြီး ငါ့ကိုအရူးလုပ်တာပေါ့လေ။ တောက် ... ထမင်းဆိုင်က မိဇုံတဲ့ ဟုတ်လား၊ မင်းကများ မိုးတဲ့လား၊ မိုးတဲ့လား၊ မင်းနဲ့ မိုးနဲ့ ဘာဆိုင်လဲ၊ မင်း ဘာဖြစ်လို့ ငါ့ကို လိမ်ညာရဲရတာလဲ"

"ဟို ... ကျွန် ... ကျွန်မကို အန်တီဆွေက လ ... လခ ပေးပြီးတော့ ..."

"ဩော် ... မင်းက ငွေယူပြီး မိုး အယောင်ဆောင်တာ၊ ငွေရပြီးရောပေါ့၊ ဟုတ်လား၊ အခု ပြောစမ်း၊ မင်းက မိုးမေခလား"

www.burmeseclassic.com



"မဟုတ်ဘူး ... မဟုတ်ပါဘူး၊ ကျွန်မ မိုးမဟုတ်ဘူး၊ လွှတ်ပါ၊ လွှတ်ပါ ကိုမာန်မင်းရယ်"

အတင်းရုန်းကန်တဲ့ မိန်းကလေးကို ချုပ်ဖက်ပြီး ပွေ့ချီပစ်လိုက်တဲ့အတွက် ဖုံက ထွန့်ထွန့်လူး ငိုရှုံ့ရှာသည်။

"မလွှတ်ဘူး၊ မင်းက မိုးဆို၊ မိုးမေခ ဆို"

"လွှတ် ... လွှတ်ပါ၊ ကျွန်မကိုလွှတ်ပါ၊ မိုး မဟုတ်ပါဘူး၊ မဟုတ်ဘူး"

"သွား ... မာန်မင်း"

အိမ်ရှေ့က ကျယ်လွင့်သော အော်သံတစ်ခုကြောင့် မာန်မင်းက တုံ့သွားကာ အတင်းချုပ်ပွေ့ထားတဲ့ လက်တွေလည်း ရုတ်တရက် အားလျော့သွားပါသည်။ ဖုံက အခွင့်ကောင်းယူကာ ချီပွေ့ထားတဲ့ လက်ပေါ်မှ ဖျတ်ခနဲ ခုန်ဆင်းလိုက်ပြီး ကြမ်းပေါ်က လူးလဲထ,ကာ အိမ်ရှေ့တံခါးဆီ ဝရုန်းသုန်းကား ပြေးထွက်ခဲ့သည်။

"သမီး ... ဖုံ"

"အန်တီဆွေ"

အန်တီဆွေ့နောက်မှာ ဂျင်း၊ ဂျင် အိမ်ထဲဝင်ပြော ပေးပြီး ချက်ချင်း ထ,လိုက်လာကြတာ ဖြစ်မှာပင်။ ဖုံသည် တုန် ခါနေသောရင်ကိုဖိကာ အသက်ကို ပြင်းပြင်းရှိုက်ရှိုက် ရှူလျက် မျက်ရည်တချို့ စီးကျလာရပါသည်။

✧ ❤ ✧



၁၆

ကားရပ်လိုက်တဲ့အခါ ထိုနေရာနှင့်တည့်တည့်က အိမ်ကလေးကို မာန်မင်းက ငေးကြည့်လိုက်သည်။ သံဆန်ကာကွက်နဲ့ သစ်သားအိမ်အိုဟောင်းဟောင်းလေး။ ဩော် ... ဟိုကောင်မလေးခမျာ ဒီအိမ်လေးမှာ နေထိုင်ကြီးပြင်းခဲ့သူလေးကိုး။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

"ကျွန်မကို မမှတ်မိဘူးထင်တယ် အစ်မကြီး၊ ကျွန်မ ဒေါ်သက်သက်ဆွေပါ၊ ဖုံ့ကို ကျွန်မဆီ အလုပ်လုပ်ဖို့လာခေါ်တုန်းက တစ်ခါရောက်ဖူးပါတယ်"

"ဩော် ...၊ သိပြီ၊ သိပါပြီ၊ အိမ်ပေါ်ကြွပါ"

"သွား ... လာလေ"

နောက်ဆုံးထဲမှာ ပါလာတဲ့ မာန်မင်းက ကားပေါ်က ဆင်းလိုက်ရင်း ဖုံ့ကြီးတော် ဆိုသူနောက်မှ အိမ်ပေါ်လှမ်း

www.burmeseclassic.com

www.burmeseclassic.com



တက်လိုက်ပါသည်။ ဒေါ်သက်သက်ဆွေက လက်ထဲက မုန့်ပုံး နှင့် သစ်သီးတချို့ပါတဲ့ ကြွပ်ကြွပ်အိတ်ကိုချရင်း ...

"ကလေးတွေ စားရအောင်လို့ပါ"

"ဒုက္ခရှာလို့ ညီမရယ်၊ မလိုပါဘူး"

မာန်မင်းသည် အိမ်ပေါ်မှာ ထိုင်မိသည်နှင့် အိမ်ထဲ လှမ်းကြည့်ကာ ...

"နံ့ ရှိပါလား ကြီးကြီး"

အကြောင်းစုံကို ခုချိန်ထိ လုံးစေ့ပတ်စေ့ မသိဘဲ ကြီးတော်ဟာ မာန်မင်းက မေးလိုက်၍ အံ့အားလည်းသင့်ကာ ...

"မရှိဘူးကွယ့်"

"သမီး နံ့ ဘယ်သွားလဲ အစ်မကြီး"

"နံ့ ဒီမှာမနေတော့ဘူး ညီမရဲ့"

"ရှင် ... ဘယ်မှာ နေတာလဲ၊ ဘယ်ကို ထွက်သွားတာလဲ"

ကြီးတော်က ဘာသံမှ ထွက်မလာပေမယ့် အကြီးအကျယ် ပျက်သွားတဲ့ မာန်မင်း မျက်နှာကို အကဲခတ်နိုင်ပါသည်။ နံ့တစ်ယောက် သူ အလုပ်လုပ်တယ်ဆိုတဲ့အိမ်မှာ ဘာကိစ္စတွေ ဖြစ်ပျက်ခဲ့သလဲ ကြီးတော်မသိ။ အလုပ်အပိုးနှင့် အိမ်ပြန်ရောက်လာတဲ့နောက် တငိုငို တကြွေးကြွေးနှင့် အိပ်ရာထဲ မှိုင်တွေခဲ့တာ တစ်ပတ်လောက်ပင်။





လူငယ်ဆိုတော့ နှလုံးသားရေးရာကိစ္စနှင့် ကြုံကြိုက်ခဲ့ရရော့လားလို့ ခုမှ တွေးသိရပြီ။ ကျင်နဲ့လည်း ပြတ်သွားပြီဆိုတာကို။

အခုပါလာတဲ့ သူ့ချေးသားရဲ့မျက်နှာကလည်း သိပ်ပျက်နေတာကို။

နံ့အဒေါ်ရင်းဆိုသူ ကိုယ်တိုင် အိမ်တိုင်ရာရောက်လာပြီး နံ့ကို အပြီးတိုင် မွေးစားခွင့်ပြုဖို့ တောင်းဆိုတဲ့အခါ ကြီးတော်အဖို့ တူမလေးအတွက် ဝမ်းသာအားရ မျက်ရည်ပင်ကျရသေးတာ။ ကမ္ဘာကြီးက ကျဉ်းလှတဲ့အတွက် အဒေါ်ရင်းနှင့် ပြန်ဆုံစည်းဖြစ်တဲ့ အချိန်မှာ အဒေါ်ရင်းက သူ့သမီးကွယ်လွန်တာ လေးလကျော်လောက် ရှိသေးတာတဲ့လေ။ သို့ပေမဲ့ ထူးခြားတာက ...

"တကယ်လို့များ နံ့ အလုပ်လုပ်ခဲ့တဲ့အိမ်က လူတစ်ယောက်ယောက်က နံ့ ဘယ်မှာရှိလဲလို့ လာမေးခဲ့ရင် လုံးဝမပြောပါနဲ့ ကြီးတော်၊ နှုတ်လုံထားပါနော်"

နံ့ ထွက်သွားခဲ့ပြီး နှစ်ပတ် သုံးပတ် တစ်လနီးပါးကြာတဲ့အထိ သူ့အလုပ်ရှင်အိမ်က လိုက်လာတာ လာမေးတာ မရှိတော့ လာတော့မယ်လည်း မထင်တာ။ ဒီကြားထဲမှာ နံ့ဆီ စာပတ်တစ်ခါလောက် စားကောင်းသောက်ဖွယ်လေးတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတတ်ရှာပါသည်။ လာတိုင်း နှမ်းညှိုးနေတဲ့ မျက်နှာကလေးဟာ စိတ်နှင့် လူနှင့် မကပ်၊ တငေးငေး တမှိုင်မှိုင်ရှိနေခဲ့ပြီး ...

"ဖိုးကိုများ တစ်ယောက်ယောက် လာမေးသေးလား ကြီးတော်"

ဟိုက လာမမေးဘဲ မပြောနဲ့လို့ ပိတ်ထားတဲ့သူကပဲ ပြန်မေးနေတာ။ ဂျင်နဲ့လမ်းခွဲလိုက်တာကိုတော့ ကြီးတော်က အနှစ်ခြိုက်ဆုံးပေ။ နဂိုအခြေအနေနဲ့တောင်မှ ဂျင့်ကို သူ့တူမနဲ့ မတူမတန်ဘူး ထင်တာ။ ခုလို အနေအထားမှာတော့ ဘယ်လိုမှ မအပ်စပ်တော့ဘူးဆိုတာ ဂျင်လည်း နားလည်သဘောပေါက်စွာ နှလုံးသွင်းနိုင်ပုံပါပေ။

ဂျင့်အဖေလည်း လွန်ခဲ့တဲ့ နှစ်ပတ်ကျော်က ကွယ်လွန်ခဲ့တာမို့ ဒီရပ်ကွက်ထဲကို မနေတော့တာ။ သူ့သူဌေးမရဲ့ နယ်ဆင်းရတဲ့ အလုပ်တွေပဲ တာဝန်ယူ လုပ်နေတော့တယ်လို့ သိရသည်။ ခုတော့ ဖိုး မပြောစေချင်သော်လည်း အမျှော်ကြီးတော့ မျှော်တဲ့သူတွေ ရောက်လာပြီ။

"ကျွန်မတို့လည်း ဒီသားက အရမ်းနေမကောင်းဖြစ်လိုက်တော့ ရက်တရက် ဖိုးဆီ ရောက်မလာနိုင်ခဲ့ပါဘူး၊ လိုက်ခဲ့ပါဦးလို့ခေါ်ဖို့လည်း အားနာလို့ပါ၊ အခု သားနာလန်ထ





မှပဲ နည်းနည်းထူထောင်မှပဲ လာရလို့ပါ၊ ဖိုးလေး ဘယ်ကို သွားတာလဲ အစ်မကြီး"

"ဘယ်လိုပြောရမလဲ မသိဘူး၊ မျက်နှာတော့ ပူပါရဲ့ ညီမရယ်၊ ဖိုးကလေ ညီမတို့အိမ်ကများ တစ်ယောက်ယောက် လိုက်လာပြီး မေးရင် သူ ဘယ်မှာရှိတယ်ဆိုတာ မပြောပါနဲ့လို့ အသေအချာ ပိတ်သွားလို့ပါ"

မာန်မင်းက ခေါင်းငိုက်စိုက် ကျသွားရပါသည်။ သူ့ရင်ထဲ နာနာကြည်းကြည်း သည်းသည်းခိုက်ခိုက်နှင့် မိုး မရှိတော့ဘူးလို့ လက်မခံနိုင်တဲ့ ပေါက်ကွဲမှုကို မိဖုံ အပေါ် သူပုံချ ပေါက်ကွဲခဲ့မိပါသည်။ ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံခဲ့မိပါသည်။ သူ မှားခဲ့ပါသည်။

တကယ်တော့ ဒီမိန်းကလေးဟာ သူ နေကောင်းလာဖို့ ကျန်းမာလာဖို့ အိမ်တိုင်ရာရောက် လာကူညီပေးခဲ့တဲ့ သူလေးပဲမို့လား။ မေမေကိုယ်တိုင် အကူအညီ သွားတောင်းခဲ့လို့ သူ့ခများ လာကူညီရှာတာ။ လခယူထားကတော့ မပြည့်စုံရှာသူကလေးမို့ အလုပ်တစ်ခုလို သဘောထားပြီး စားဝတ်နေရေးအတွက် ယူသင့်တာပဲ မဟုတ်လား။

ဒီလိုမိန်းကလေးကို သူ ရင့်ရင့်သီးသီး ပြောဆိုမိခဲ့သည်။ ကိုယ့်ကို အာမခံ မတော်လှန်နိုင်တဲ့ သူလေးကို သူ နှိုင်းချ



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ သူ တစ်ခုခုလုပ်မှာ ကြောက်လွန်း၍ ရှန်းရှင်းကန်ရှင်း လက်အုပ်လေးချီနေတဲ့ သူကလေးခမျာ မျက်လုံးဝိုင်းကြီး ကလယ် ကလယ်နှင့် မျက်ရည်တွေလည်းကျလို့။

"သူ့ခမျာ သားကို သိပ်ချစ်ရှာပုံရတယ်ကွယ်၊ သားစား ချင်တာလေးဆို အောက်မှာ ကိုယ်တိုင်ချက်ပြုတ်နေရှာတာ ဝမ်းသာအားရနဲ့၊ တကယ့် ချွေးမလောင်း မိုးထက်ကို သားအပေါ် အောက်သက်ကြေကြေ ပြုစုယုယနိုင်တဲ့သူလေး ပါ၊ အဲဒီနေ့ကများ သားကိုကြောက်နေရှာလိုက်တာ ဆတ် ဆတ်ကို တုန်ပြီးတော့"

မေမေ့စကားနောက်မှာ သူ တရေးရေး စဥ်းစားမိ သတိရမိသမျှက ဟိုးတုန်းက မိုးထက် အနှံ့တာခံရှာတဲ့ "ဒုတိယ မိုး"ရဲ့ ပုံစံလေးကိုပင်။ ဩော် ... သူလေးဟာ အန်တီဖြူရဲ့တူမ ရင်းလေးလည်း ဖြစ်နေရှာပြန်သတဲ့။ ခုနေခါမှာ "မင်းကို ကိုယ်လို အပ်ပါတယ် မိခုံရယ်"လို့ သူသိပ်ပြောချင်လှပြီ ဖြစ်ပေမယ့် ဟို အရင်ကတော့ မြေနိမ့်ရာမို့ ပစ်ပစ်ခါခါ လုံစိုက်ရက်တယ်၊ ခုနေ ခါတော့ မြင့်မားလာတဲ့သူမို့ စိတ်ကူးထဲ ပြန်ထည့်တာလို့ မိခုံ မထင်နိုင်ဘူးလား။

ဒီတစ်ချို အနားမှာ သူ့မျက်နှာလည်း မမြင်ရဘဲ မနည်း နှာလန်ထူထအောင် ကြိုးစားအားမွေးခဲ့တာဟာ ဒီမျက်နှာ





လေးကို ပြန်မြင်လိုဇောနဲ့ပါ။ နေကောင်းမှပဲ ကိုယ်တိုင်သွားတောင်း ပန်ရင်း တောင်းယမ်းယူပါရစေလို့လည်း မေမေနှင့် ဖေဖေ့ကို ခွင့်ပန်ထားပြီးပြီ။ ကိုယ် ပြောမယ့်စကားကို မင်း ယုံပါ့မလား။ မိုးကို သိပ်ချစ်ခဲ့တဲ့ ကိုယ်ဟာ ခုချိန်မှာတော့ မင်းကို မရှိမဖြစ် လိုအပ်နေမိပြီဆိုတာ။ အစားထိုးတယ်လို့ ပြောချင်သူရှိလည်း ပြောပါစေ။ မင်း မရှိဘဲ ကိုယ် မနေပါရစေနဲ့ မိခုံရယ်။

◇ ❤ ◇

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com



"ဖြူရယ် ... ဖြူ့ဆီမှာ မာန်မင်းက မျက်နှာပူပူ အားနာနာနဲ့ပဲ သူကိုယ်တိုင် ခွင့်တောင်းအရေးဆိုပါရစေဆိုလို့၊ မျက်နှာ ခပ်ပူပူနဲ့ပဲ ရှေ့မျက်နှာ နောက်ထားပြီး ရောက်လာရတာပါ၊ ဖုံကြီးတော်ကိုတော့ ဖွင့်ပြောခွင့်တောင်းခဲ့ပါပြီ၊ ခုလောလောဆယ် ဖုံ့ကို ရှာမတွေ့သေးပေမယ့် ဖြူ့ဆီက ခွင့်ပြုချက် အရင်တောင်းပြီးမှ မာန်မင်းက ရှေ့တိုးချင်တာပါ၊ ဒီခွင့်ပြုချက်ကိုလည်း မရမက တောင်းဆိုမယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ဒီတစ်ခါ ဖုံ့ကို ပြန်တွေ့ပြီး ပြန်ရပြီးမှ ပြဿနာတစ်ခုခု ပေါ်လာတာမျိုး မဖြစ်စေချင်လို့ပါ ...

ဒါကြောင့် ဖြူ့ဆီကို အရင်လာရတာပါ"

ဒေါ်မေဖြူက မာန်မင်းကို လှည့်ကြည့်လိုက်ပါသည်။

"ဖုံက မမျှော်လင့်ဘဲ အန်တီ့တူမတော့ လာတော်စပ်နေတယ် သားရယ်၊ ဒါပေမဲ့ သား သိထားဖို့ကတော့ ဖုံဆိုတာ ရုပ်ကွက်လေးတစ်ခုရဲ့ ထမင်းဆိုင်မှာ အလုပ်လုပ်





တဲ့ ဆယ်တန်းမအောင်တဲ့ သာမန်ကလေးမလေး တစ်ယောက်နော် သား၊ မိုးလေး နေရာမှာ အစားထိုးတယ်ဆိုတဲ့ အနေနဲ့တော့ အန်တီ မကြည်ဖြူ မရှိပါဘူး၊ အန်တီ နားလည်ပါတယ်၊ လက်တွေ့ကျကျ သဘောပေါက်ရမှာပေါ့၊ မိုးလေးမှ မရှိတော့ဘဲ မဟုတ်လား၊ အန်တီ့ကို မျက်နှာပူဖို့ မလိုဘူး သား ...

နောင်တစ်ချိန်မှာ ပြီးခဲ့တဲ့ ဖုံ့ရဲ့ဘဝ ဖုံ့ရဲ့ဇာတ်ကြောင်းတွေအပေါ် လက်ညှိုးညွှန်တာမျိုး မရှိစေချင်ဘူး၊ တကယ် ချစ်နိုင်မှပဲ သား ရှေ့တိုးပါ"

မာန်မင်းက ခေါင်းကိုမော့လိုက်ကာ ...

"အန်တီဖြူ ... မိုးကို သိပ်ချစ်ခဲ့သလို ဖုံ့ကိုလည်း ကျွန်တော် သိပ်ချစ်ခဲ့မိပါပြီ၊ သူ မရှိဘဲ ကျွန်တော် နေလို့မရတော့ပါဘူး၊ သူ့ကို တကယ်လိုအပ်ပါတယ်၊ ကျွန်တော် သူ့ကို မြတ်မြတ်နိုးနိုး တောင်းရမ်းမှာပါ"

"အေး ... ဝမ်းသာပါတယ် သားရယ်"

အန်တီဖြူက ခေါင်းတညိတ်ညိတ်နှင့် ကြည်နူးပြုံးလေးပြုံးကာ ထိုင်ရာမှ ထရပ်လိုက်ပါသည်။ ညှော်ခန်းနှင့် မလှမ်းမကမ်းက အခန်းတံခါးတစ်ခုကို အသာအယာ ဖွင့်လိုက်ကာ ...

"ဖုံ ... သမီး၊ လာ ...၊ မာန်မင်း စကားတွေ သမီးလည်း ကြားပြီမဟုတ်လား၊ လာ ... ထွက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



မာန်မင်းသည် အခန်းတံခါးအကွယ်မှ အညင်အသာ ရှေ့တိုးထွက်လာသော မိန်းကလေးကို အံ့အားတသင့် မတ်တတ်ထ,ရပ် ကြိုလိုက်မိပါသည်။ နှမ်းလျှော်ခွေးမြည့်တဲ့ မျက်နှာလေးနဲ့ သူ့ကို မရဲတရဲ စိုက်ကြည့်နေသူလေး။ ဖုံ ...။ သူ့နှလုံးသားကို သိမ်းပိုက်မင်းမူလိုက်သော အရှင်သခင်ကလေးရယ်ပေါ့။

✧ ❤ ✧

လမင်းမိုမို

BURMESE CLASSIC

www.burmeseclassic.com